www.burmeseclassic.com



# ကလျာ

[ဝိဇ္ဇာသိပ္ပံ]

# ကိုနှင်းရီအချစ် ကိုနှင်းရာမေတ္တာ

(အတွဲသိမ်း)

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၀၁၆၁၀၂၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၂၃၁၀၂၀၉

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ဒုတိယအကြိမ် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ ၁၀၀၀၊ တန်ဖိုး ၁၀၀ကျပ်

ကိန္နရီအချစ်ကိန္နရာမေတ္တာ(၃)/ကလျာ။ –ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၀။
၁၉၃-စာ ၊ ၁၈.၅ x ၁၃.၅ စင်တီ။ (၁)ကိန္နရီအချစ်ကိန္နရာမေတ္တာ(၃)

www.burmeseclassic.com

www.burmeseclassic.com



ဤဝတ္ထုကို ဖတ်မည်ဆိုပါလျှင် ပထမပိုင်းကို ဖတ်ပြီးမှသာ ယခု ဒုတိယပိုင်းကို ဖတ်ရှုပါရန် တောင်းပန်အပ်ပါသည်။

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)



မိတ္ထီလာသားများ ဖြစ်ကြသည့် ညီအစ်ကို သုံးယောက်လုံး ဖခင်၏ ကားဝပ်ရှော့တွင် အလုပ် လုပ်ကြရသည်။

အစ်ကိုကြီးက ကိုအောင်ကိုး၊

နောက်နှစ်ယောက်က အမွှာပူး. . .

မောင်အောင်သွင်နှင့် မောင်အောင်ခင်။

"တော့်သားအငယ်က ခပ်မိုက်မိုက်နော်၊ ထိန်းနိုင်မှတော်ကာကျမှာ"

အမေပြောခဲ့သည့်အတိုင်းပင် မိဘများမရှိချိန်၌ စီခနဲဆိုအောင်ခင်တို့ပါပဲ။ ပထမ. . . ရန်ဖြစ်တတ်သည်က စသည်။ နောက်တော့ ဖဲ၊ အရက်၊ နောက် ငွေလိုလာတော့ လိမ်တတ်ကောက်တတ်သည်။ နောက်ဆုံးတော့ နဂိုကလည်း သတ္တိရှိသဖြင့် ဓားတစ်လက်နှင့်လည်း အောင်ခင်တို့ ဓားပြတိုက်စုံသည့်အဆင့်သို့ ရောက်ခဲ့သည်။

အစ်ကိုကြီးကလည်း ပထမတော့ ထိန်းပါသေးသည်။ နောက်တော့ သူကိုယ်တိုင်လည်း မယားသုံးယောက်လောက်



www.burmeseclassic.com

www.burmeseclassic.com



လူပြီးတော့ မိုက်လာပြန်သည်။ ညီကို ထိန်းဖို့ ဝေးလို့၊ သူကိုယ်တိုင်ဝင် အချုပ်ထဲ ဝင်လိုက် ထွက်လိုက် ဖြစ်နေရာမှ နောက်ဆုံးတွင် ရထားပေါ်မှ လိမ့်ကျသေဆုံးသွားတော့သည်။

သူတို့ ဖခင်ကြီး တည်ထောင်ခဲ့သော ဝပ်ရှော့သည် မိတ္ထီလာ တစ်မြို့လုံးမှာ နာမည်အကြီးဆုံးနှင့် အကောင်းဆုံး ကားပြင်လုပ်ငန်းကြီး ဖြစ်လေသည်။

ရိုးသား ကြိုးစားစွာဖြင့် အလုပ် လုပ်ရှာသူက အမြွာညီအစ်ကိုမှ အကြီး "ကိုအောင်သွင်"

တစ်နေ့တွင် မိတ္ထီလာမြို့အဝင်မှာ ကားပျက်နေ၍ လိုက်ကြည့်ပေးပါဟု လူတစ်ယောက် လာခေါ်သဖြင့် ကိုအောင်သွင် လိုက်သွားခဲ့သည်။ ထိုလူက ဒရိုင်ဘာဖြစ်သော်လည်း ကားအကြောင်း ဘာမှ နားလည်ပုံမရ။ ကားကို မောင်းရုံသာ။ ဘာမှ ဂရုတစိုက်ကြည့်ခြင်း မရှိ။ ကားက အခြေနေဆိုးလေပြီ။

ကိုအောင်သွင်က ကားကိုကြည့်ပြီး ကားရှင်တို့ကို ကြည့်လိုက်သည်။

ရွှေကိုင်း မျက်မှန်နှင့် ပုပု ဝဝ အိအိ အမျိုးသမီးကြီး၊ ကိုယ်ခန္ဓာက သွေးရောဂါကြောင့် အဆီရစ်ပြီး အစ်နေသော်လည်း မျက်နှာကတော့ တော်တော်ချောသည်။ အသက်လေးဆယ်ကျော်ခန့် အရွယ်ပါ။ သူ့ဘေးမှာ သူ့သမီးများဟု မပြောဘဲနှင့် သိနိုင်သော မိန်းကလေးနှစ်ယောက်။

ဖြူဖွေး သွယ်လျသော ကိုယ်လုံးလေးများနှင့် သူ့အမေ၏ မျက်နှာလှလှလေးတို့ ပေါင်းစပ်လိုက်တော့. . .





"နတ်ပြည်မိုးသူဇာ ပျံကျလာသို့" ဆိုသော တင်စားမှုများ မလွန်တော့။ ကိုအောင်သွင် မြင်ဖူးသော လူမိန်းကလေးများထက် သူတို့က ဆယ်ပြန်လှပသည်။

အစ်မ ဖြစ်ပုံရသူက ကိုအောင်သွင်ကို သူတို့နှင့်အတူပါလာသော ဒရိုင်ဘာလို တစ်ဆင့်နိမ့်ပြီး ကြည့်တတ်သော်လည်း. . .

အငယ်မလေး၏ မျက်ဝန်းမှာ လူတန်းစား ခွဲခြားလိုခြင်းဆိုသော မာနရိပ်ကို မမြင်ရ။

သွက်သွက်လက်လက် စိတ်မြန်လက်မြန် ရှိပုံရသည်။ ရုပ်ရည်သာမက စကားပြောပုံလေးကိုက တစ်ခါကြားဖူးလျှင် တစ်သက်လုံး စွဲကျန်နေရစ်မည့် အသံမျိုး။

"ဘယ့်နဲ့လဲ၊ ဘာဖြစ်သွားတာလဲ"

ကားပိုင်ရှင် အမျိုးသမီးကြီးက ကား၏ ရောဂါ စိုးရိမ်စရာ ရှိ မရှိ ဆန္ဒစောစွာ မေးလာ၏။

ကားကြည့်ရင်း သူနှင့်ရွယ်တူ အလှနတ်သမီးလေးနှစ်ပါးတို့ပါ ရောကြည့်ပြီး ဝေဖန်နေမိသော ကိုအောင်သွင်က ကြွေနြေ မျက်နှာနှင့်. . .

"ကားက ကရိုင်းကျိုးသွားတာခင်ဗျ၊ အချိန်တော့ ကြာလိမ့်မယ်"

"ခက်လိုက်တာနော်၊ အညာ ဘုရားဖူး လာတာမှ မန္တလေးတောင် မရောက်သေးဘူး၊ ကားက ပျက်ပြီ၊ ဒါဆိုလည်း လှည့်ပြန်ကြမှပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မာမီကလည်း၊ စစ်ကိုင်းက ကထိန်ပွဲအမီ သွားမလို့ပါဆိုမှ မာမီ့ဟာ မာမီ ပြန်၊ သမီးတို့ မပြန်ဘူး"

"ငါလည်း ပြန်ချင်ပါ့မလားဟဲ့၊ ကားကမှ မောင်းလို့ မရတော့တာ၊ အရေးထဲ ဒက်ဒီကြီးကလည်း မရှိ"

တိုင်းမင်းကြီး "ဦးလှဘော်"နိုင်ငံခြားသို့ သွားခိုက် မင်းကြီးကတော် "ဒေါ်ဒေါ်သုန်" နှင့် သမီးနှစ်ယောက် ဘုရားဖူးသွားကြမည့် အစီအစဉ်မှာ မန္တလေး မရောက်ခင် ကသိကအောင့် ဖြစ်နေကြ၍ ကိုအောင်သွင်က. . .

"ဒီလို အခက်အခဲဖြစ်နေကြရင်လည်း ကျွန်တော့် ဂျစ်ကား ယူသွားပါလားခင်ဗျာ၊ ကျွန်တော် ဒီမှာ ကရိုင်းကို ပြန်ဆက်ပြီး ပြင်ထားနှင့်ပါ့မယ်"

သူ့အိုပယ်(လ်)ကားကြီးကို ထားခဲ့ရမည်ဆိုသဖြင့် ဒေါ်ဒေါ်သုန်က စဉ်းစားပြီးမှ. . .

"အန်တီတို့ ဒရိုင်ဘာလည်း ဝိုင်းပြင်ရအောင် ထားခဲ့မယ်လေ၊ ဒီဂျစ်ကားကို တစ်ယောက် လိုက်မောင်းပေးပေါ့၊ ကျသင့်သလောက်ယူ၊ မကောင်းဘူးလား"

"ကျွန်တော့်ကားက အငှားမလိုက်ပါဘူး ခင်ဗျာ၊ ဒါပေမယ့် နောက်ပိုင်းမှ ကြည့်ရှင်းကြတာပေါ့လေ၊ လောလောဆယ် ကျွန်တော့် ဂျစ်ကားကို စီးလို့ဖြစ်ကြပါ့မလားပဲ စဉ်းစားပါ"

အိညက်နေသော ဆိုဖာနှင့် အိုပယ်(လ်)ကားသစ်ကားကြီးကို စီးလာရာမှ အုန်းဆံကူရှင်နှင့် သူ၏ ဂျစ်ကားစုတ်ကလေးပေါ် ပြောင်းချင်ကြပါ့မလားဟု အရင် မေးရသေးသည်။





လက်ကိုင်အိတ်ကြီး တံတောင်လောက်နှင့် မာန်ဝင့်ဝင့် မင်းကတော်ကြီးနှင့်၊ နုနု ရွရွ လှလှလေး သမီးတော်နှစ်ယောက်တို့သည် ကိုအောင်သွင်၏ စကားကို ကြားရပြီးနောက် အကြီးမက ခပ်အင်အင်၊ အငယ်ကတော့. . .

"ဖြစ်တယ်၊ လှည်းပဲ စီးရ စီးရ၊ ခုလာတဲ့ခရီး အားလုံးရောက်ရင် ပြီးတာပဲ၊ မာမီ. . . လုပ်မနေနဲ့၊ ဒရိုင်ဘာဦးလေးစိုးတို့ ထားခဲ့၊ သမီးတို့ သူ့ဂျစ်ကားနဲ့ပဲ သွားကြမယ်၊ ကဲ. . . သွားမယ်လေ. . . ဘယ်သူမောင်းမှာလဲ"

"ခဏတော့ စောင့်ဦးဗျာ၊ ဒီမှာ စီစဉ်စရာလေးတွေ စီစဉ်ခဲ့ရဦးမယ်၊ ကျွန်တော်ပဲ မောင်းရမှာပါ၊ တောင်တက်လမ်းကျွမ်းတဲ့လူ မရှိဘူး"

ကိုအောင်သွင်၏ အစီအစဉ်. . . ကိုအောင်သွင်၏ စေတနာများဖြင့် သားမိသုံးယောက်နှင့် ခိုင်းဖို့ ကောင်မလေးတစ်ယောက်တို့ ကိုအောင်သွင်၏ ဂျစ်ကားဖြင့် မန္တလေး ဝန်းကျင်၊ စစ်ကိုင်း၊ မုံရွာ၊ သံဗုဒ္ဓေ၊ ကျောက်ကာ၊ ဖိုးဝန်းတောင်၊ ရွှေဘဝတောင်၊ ရွှေစာရံဘုရား၊ ဓာတ်တော်ဂျိုင့်၊ ဘီအီးရေတံခွန်. . . မေမြို့. . . ရက္ခပေဒ ဥယျာဉ် စသော သာယာချမ်းမြေ့ဖွယ် ခရီးပေါင်းစုံကို ရက်ပေါင်းများစွာ ကြာအောင် အတူ ခရီးသွားကြရာမှစ၍. . .

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့လုံးလည်း ကားမောင်း၊ ညကျတော့လည်း ကားပြင်၊ သိပ်ပင်ပန်းမှာပဲနော်"

"ရပါတယ် မသင်းသင်းရယ်၊ ဒါမှ နက်ဖြန် ကားမပျက်မှာ၊ ကားပျက်လို့ ခရီးဖင့်နေရင် မသင်းသင်း အရင်လို စိတ်ညစ်နေမှာစိုးလို့"

အိုပယ်(လ်)ကားကြီး ပျက်စဉ်က ကိစ္စကို ရည်ညွှန်းပြောတော့. . .

"ဟုတ်တယ်. . . အိမ်က ကားကြီး ပျက်တုန်းက စိတ်တိုလိုက်တာ၊ မီးရှေ့တောင် ရှို့ပစ်လိုက်ချင်တယ်"

"ဟာဗျာ"

"သူ့ကားကျတော့ စိတ်မတိုပါဘူး၊ သူ ဂရုစိုက်နေတယ်ဆိုတာ ဒီက သိပါတယ်"

"ဒါဆို ပင်ပန်းရကျိုးနပ်ပါပြီဗျာ"

ဝင်း ကြည် သွားသော ကိုအောင်သွင်၏ ဝမ်းသာမျက်နှာနှင့် ရင်တွင်းမှာ ပြောချင်သော စကားလုံးများက လျှံပြည့်နေ





သော်လည်း လှမ်းကွာလွန်းသော အဆင့်ကြောင့် သင်းသင်း စကားမပြောဘဲ၊ သူမပြောရဲ။

"ရော့. . . သူ စားဖို့"

ပေါ်ဦးစ လိမ္မော်သီးတစ်လုံးကို လာပေးတော့ ရင်အေးချမ်းမြိန်လိုက်တာ။

သူတို့ နားကြသော ကားလမ်းဘေးမှ ပန်းမျိုးစုံလေးများကို ခူးပေးတော့၊ သင်းသင်း၏ခေါင်းမှာ ဝေနေအောင်ပန်၏။

ဤသို့ ကူးဆက် တုံ့လှယ်သော စေတနာ မျက်ဝန်း၊ သံယောဇဉ် အကြည့်လေးများမှတစ်ဆင့်. . . ရင်တွင်းမှ ချစ်ခြင်းမေတ္တာကို မြင်သာနေသော်လည်း ကိုအောင်သွင်မှာ ပိတ်ဆီးကြိတ်မြိုထားရုံမှလွဲ၍ ဘာများ တတ်နိုင်ပါ့မလဲ။

"ဒါ သင်းတို့ရဲ့ အပြန်လမ်းပဲနော်၊ ဒီကနေ့ မန္တလေး ဆင်းသွားပြီးရင် သင်းတို့ မန္တလေးမှာ နေခဲ့ကြတော့မှာ. . ."

"ခရီးစဉ်တွေ သိပြီးပါပြီဗျာ၊ မန္တလေးကနေ မိတ္ထီလာကို ကျွန်တော် ပြန်သွားရမယ်၊ သင်းသင်းတို့ရဲ့ ကားကြီးကို အပြီးခြင်ပြီး ဒရိုင်ဘာ ဦးစိုးမောင်ရဲ့ လက်ထဲကို အပ်လိုက်ပါ့မယ်"

"တစ်လမ်းလုံး ကူညီခဲ့တဲ့ သူ့ကို သင်း သတိရနေမှာပါ"

"ကျွန်တော်ကတော့ တစ်သက်လုံး လွမ်းကျန်ရစ်ခဲ့ရမှာပါဗျာ"

ခံစားမှု တွန်းအားကြောင့် သတ္တိတို့ မွေးဖွားလာသည်။ ဒါပေမယ့်. . . ကိုယ့်ဘဝ ကိုယ်သိသူမို့ ဒီထက်တော့ မပြီး မပြောရဲခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရော့"

"ဘာလဲ. . . ဟင်"

"လိပ်စာ. . . သင်းဆီ စာရေးမှာလား"

"ဟာ. . . သိပ်ရေးချင်တာပေါ့ဗျာ။ ကျွန်တော် စာရေးရင် သင်း စာပြန်ပါနော်. . . ကျွန်တော့်လိပ်စာ ရေးပေးလိုက်မယ်လေ. . ."

"သိပြီးသားပါ"

လမ်းဖွင့် ကြိုဆိုသော အပြုံးလေးကြောင့်. . .

"ဩော်. . . သင်းရယ်၊ ကိုယ့်ဘဝထဲ ဘာလို့ ရောက်လာရတာလဲကွယ်"

"ဘယ်လိုမှ မဖြစ်နိုင်မှန်း သိပေမယ့် ကိုယ့်ရင်မှာ သင်းကို အဘယ်မျှ ချစ်ရပါကြောင်းတွေ နှုတ်က မဖွင့်ဟရဲခဲ့သမျှ စာထဲမှာ ရေးထည့်လိုက်မယ်နော်. . ."

အသံအဖြစ် ထွက်မလာနိုင်သော ကိုအောင်သွင်၏ ရင်တွင်းစကားများပါ

◆ ◆ ◆





"အောင်မယ်လေး. . . ငါတော့ သေသာ သေလိုက်ချင်တော့တာပဲနော်. . . ဓာကင်းကြွသေးရဲ့လား၊ တိုင်းမင်းကြီးသမီးက အောက်တန်းစား ဒရိုင်ဘာနဲ့မှ ကြိုက်သတဲ့ တော်. ."

"ဒရိုင်ဘာ မဟုတ်ပါဘူး၊ အလုပ်ပိုင်ရှင် ကားပိုင်ရှင်ပါ၊ မာမိပဲ သိပ်သဘောကောင်းတဲ့ သူငယ်ဆို"

"ဟဲ့. . . ဒါက ခိုင်းလို့ကောင်းတာကို ပြောတာ၊ သားမက်တော်ဖို့မှ မဟုတ်တာ၊ ဒီအကောင်နဲ့ ကြိုက်နေတာ၊ နောက်မဆုတ်ရင်တော့လား. . . ဟင်း နင့်ကို ငါတို့မိသားစုစာရင်းက ပယ်ဖျက်ပစ်မယ်၊ သတ္တိရှိ ရှေ့တိုးကြည့်"

သင်းသင်းတို့က သတ္တိရှိလိုက်သမှ မြင်းမိုရ်တောင်လည်း တက်ရဲသည်။ ကိုအောင်သွင်နှင့်သာဆိုလျှင် သမုဒ္ဒရာ ကြမ်းပြင်လည်း ဆင်းရဲပါသည်။

သည်သို့ဖြင့် မိဘ ငွေကြေး ဂုဏ်ပကာသန စသည်တို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို စွန့်လွှတ်ဆုံးရှုံးခံလျက် အချစ်ဦး ကိုအောင်သွင်၏ နောက်သို့ လိုက်ဖြစ်ခဲ့သည်။

ကိုအောင်သွင်ကလည်း ခေါင်းပေါ်တင်ထားမတတ် စုံမက် မြတ်နိုးရှာပါသည်။ သာယာသော အိမ်ထောင်သက်တမ်း တစ်နှစ်ကျော်ကာလမှာ. . . မှ ကိုယ်ဝန်ရှိလာခဲ့၏။

"ကလေးရဲ့ ကိုယ်ဝန်ဟာ စိုးရိမ်စရာ အခြေအနေမှာ ရှိနေတယ်၊ ရန်ကုန်က ဒပ်ဖရင်ဆေးရုံမှာ ပါရဂူတွေနဲ့ မွေးသင့်တယ်"

ဆိုသော အကြံပြုချက်ကြောင့် ကိုယ်ဝန် ခုနစ်လကပင် ချစ်ဇနီးလေးကိုခေါ်ပြီး ရန်ကုန်ဆင်းနေခဲ့ကြသည်။

သင်းသင်းသည်မူ သူ့ကိုယ်ဝန် စိုးရိမ်ရကြောင်း မသိရှာ. . .

ကိုအောင်သွင်၏ ညီကိုနှစ်ဝမ်းကွဲတော်စပ်သော မီးရထား ရုံးစာရေး 'ကိုလှဦး'၏ နေအိမ်တွင် လင်မယားနှစ်ဦး လာနေကြသည်။

သင်းသင်းကို အိမ်က ပစ်ထားသလို၊ သင်းသင်းကလည်း အိမ်၏ သတင်းလေးကိုမှ နားမထောင်တော့။ အစ်မဖြစ်သူ နှင်းနှင်းကိုလည်း မဆက်သွယ်ခဲ့။ ခင်ပွန်းသည်ကိုသာ ချစ်ခင် အားကိုးရှာသည်၊ ကိုအောင်သွင်ကလည်း ရွှေနန်းတော်ပေါ်မှ ဆင်းလာသော ရွှေမင်းသမီးလေးကို ရထားသလို ငုံထားမတတ် ချစ်မြတ်နိုးရှာပါသည်။

"ကိုယ်တို့ ရောက်နေတာလည်း တစ်လကျော်သွားပြီ၊ ငွေလည်း လိုလို့ ကိုယ် မန္တလေး ခဏတက်လိုက်ဦးမယ်နော်"

မန္တလေးတွင် ကားရောင်းထားသောငွေ ရစရာရှိနေသည်။ ချစ်ဇနီးကို ပါရဂူနှင့်အပ်ပြီး အထူးသူနာပြုဆရာမ ငှား၍ မွေးဖွားစေမည်။ သူဌေးဇနီးတွေ မွေးဖွားသလို မွေးဖွားစေရမည်၊ ဘယ်လောက်ကုန်ကုန် ငါ့မိန်းမ မျက်နှာမငယ်စေရ တူသော စေတနာများနှင့်အတူ. . .

သူ့မိဘနှင့် အစ်မ ဆွေမျိုးများအားလုံး စုစည်းပြီး ချစ်သည့် အချစ်ထက် မလျော့မနည်းစေရအောင် တစ်ယောက်တည်းကပင် ချစ်ပြမည်ဆိုသောစိတ်ဖြင့် ကိုအောင်သွင်မှာ ချစ်ဇနီး၏ အဝတ်ကအစ လျှော်ပေးခဲ့ရှာသည်။ မသွားမဖြစ်၍ သွားရခါနီးတွင်. . .

"ဂရုစိုက်ပြီး ကြည့်ထားပါနော်၊ ငွေယူပြီးတာနဲ့ ပြန်လာခဲ့ပါ့မယ်"

ဟူ၍ အစ်ကို လင်မယားကို အပ်လျက် ထွက်သွားခဲ့သည်မှာ ကြာခဲ့ပြီ၊ ဘာသတင်းမှ မကြားရတော့. . .

"သင်းနဲ့ ကိုနဲ့ စပြီး တွေ့ရတဲ့နေ့ကလေးကို ဘယ်တော့မှ မမေ့နိုင်အောင် ဒီလက်စွပ်လေးအတွင်းဘက်မှာ ရက်စွဲထွင်းထားတယ်၊ ပြီးတော့. . . 'သင်းနဲ့ကို' ဆိုတဲ့ အမှတ်သား ဖြစ်အောင် T+K လို့ ဒီပေါ်မှာရယ်၊ နောက်တစ်နေရာမှာရယ် ရေးထိုးထားတယ် ချစ်ရဲ့"

"နောက်တစ်နေရာဆိုတာ ကို့ရဲ့ လက်စွပ်ပေါ်မှာ ဒါနဲ့ တူတူ ရေးထိုးထားတာကို ပြောတာ မဟုတ်လား"







www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟုတ်ရမှာလဲ၊ ကို့ရင်ထဲက အသံပေါ်မှာဗျ"

ချစ်ခင်ပွန်းသည်၏ မြတ်နိုးဖွယ်စကားများကို ကြားယောင်ရင်း လက်ရှိအိမ်မှာ မနေချင်တော့၊ ကို့ကိုလည်း လွမ်းလှပြီ။

ကိုလှဦးက သဘောမဆိုးလှသော်လည်း သူ့ဇနီး မမြကြည်က သဘောထားသေးသိမ်လွန်းစွာ စိတ်ယုတ်မာရှိသည်။ သင်းသင်းတို့ လင်မယား၏ ချစ်ခင်ယုယမှုများကို ကြည့်ပြီး အချောက်တိုက် မနာလိုဖြစ်နေခဲ့၏။

ယောက်ျားကလည်း ပြန်မလာ၊ ငွေကလည်း မရှိတော့။ အိမ်ရှင်မကလည်း မကြည်ဖြူ။ စောင်းပြောရုံမက ရေပင် ဆွဲမပေး၍ ကိုယ်ဝန်ကြီးနှင့် လမ်းထဲက ရေဘုံပိုင်မှာ ရေဆွဲရသည့် ကိစ္စနှင့် ပတ်သက်ပြီး ထိုနေ့က မမြကြည်နှင့် သင်းသင်းတို့ စကားများကြသည်။

ဘာမဆို တဇွတ်ထိုး လုပ်တတ်သောစိတ်ဖြင့် သင်းသင်းသည်. . .

ထိုနေ့က ယောက်ျားကိုလည်း စိတ်ဆိုး၊ ဒီအိမ်မှာလည်း မနေချင်၍ ဖြစ်ချင်ရာဖြစ် ဆိုပြီး တစ်ယောက်တည်း ဘာပစ္စည်းမှ မယူဘဲ မန္တလေးမြို့သို့ ရထားစီးလာခဲ့ရာမှ. . .

နေ့စေ့လစေ့ ကိုယ်ဝန်ကို ရထားပေါ်မှာ ဖြစ်သလို မွေးဖွားလိုက်ရပြီးနောက်တွင်. . .

သူချစ်သော ခင်ပွန်းကိုလည်း တွေ့မသွားရရှာ။

သူ့ရင်သွေး သားလေး၏ မျက်နှာကိုမှလည်း ကြည့်မသွား





နိုင်ရှာတော့ပါပဲ၊ ကံအဆိုးဆုံး မိန်းမလှလေး တစ်ယောက်အဖြစ်နှင့် ခရီးဆက်နေသော မီးရထားကြီးပေါ်မှာ ဝေဒနာမချိမဆံ့ဖြင့် အသက်ဆုံးရှုံးသွားခဲ့ရရှာလေပြီ။

ဤအကြောင်းကို တစ်နှစ်ကျော်ကာလ ကြာလေမှ တပည့်စောမောင် ထောင်ဝင်စာလာတွေ့သဖြင့် ကိုအောင်သွင် သိရသည်။

ထိုနေ့က ကိုအောင်သွင်တစ်ယောက် ငိုရှိုက်ပုံမှာ ရင်ပွင့်တွဲထွက်တော့မတတ်ပါ။

ထောင်ထဲသို့ ရောက်လာရသောအကြောင်းများကို ထောင်ထဲမှနေ၍ တွေးကြည့်လိုက်တော့. . . . . . . .

. . . . . . . . .

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြောလို့ မလွတ်ပါဘူးကွာ၊ ကဲ. . . လာ၊ အချုပ်ကားပေါ်တက်"

မန္တလေး ဘူတာရုံသို့ ဆင်းလာသော ကိုအောင်သွင်ကို ရဲနှစ်ယောက်က လှမ်းဆွဲပြီး လက်ထိတ် ခတ်လိုက်လေတော့သည်။

"နေပါဦး၊ ဘာမှုနဲ့ ဖမ်းတာလဲ၊ ကျွန်တော့်ညီနဲ့များ ကျွန်တော့်ကို မှားနေကြပြီလားဗျာ"

"တို့ကို အကြောင်းရိုက်မနေနဲ့၊ ပုလဲငွေရောင်ရပ်ထဲက ဒေါ်မမအိမ်ကို ဓားပြတိုက်သွားတာလေကွာ"

"ဟာဗျာ. . . အဲ့ဒါ ကျွန်တော့်ညီ ဖြစ်လိမ့်မယ်၊ သူ ညကတောင် ကျွန်တော့်ဆီ လာသေးတယ်၊ သူက အောင်ခင်၊ ကျွန်တော်က အောင်သွင်၊ အမြွှာညီအစ်ကိုပါဗျာ"

ရဲတို့ နည်းနည်း ကြောင်သွားကြသည်။





"ကျွန်တော့်မိန်းမ မီးဖွားခါနီး အရေးကြီးလွန်းလို့ ခုရထားနဲ့ ပြန်မှ ဖြစ်မှာပါဗျာ၊ ရထားမမီဘဲ နေပါဦးမယ်၊ ကျွန်တော် သွားပါရစေတော့"

"မင်းက ဘယ်မှာနေတာလဲ"

"မိတ္ထီလာသားပါဗျာ၊ အောင် ဝပ်ရှော့ ဆိုတာ ကျွန်တော့်ဆိုင်ပါ၊ ဘယ်သူ့မဆို မေးကြည့်ပါ၊ ကျွန်တော် လူကောင်းတစ်ယောက်ပါခင်ဗျာ"

"အေး. . . ဒါဆိုလည်း ရဲစခန်းရောက်မှ ရှင်းကြတာပေါ့ကွာ၊ လာ. . . ခုတော့ လိုက်ခဲ့ဦး"

"ဒုက္ခပါပဲဗျာ၊ ကျွန်တော့်မိန်းမ နေ့စေ့လစေ့ကြီးနဲ့ ကျွန်တော့်ကို မျှော်နေရှာရော့မယ်"

ကိုအောင်သွင်မှာ ချစ်ဇနီးသို့ တမ်းတမ်းတတ စကားများ ပြောရင်း စိတ်လှုပ်ရှားခြင်းကြီးစွာနှင့်ပင် အချုပ်ကားပေါ် ပါသွားရရှာလေတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ. . . မင်း ရှိုးသားတဲ့လူတွေကိုသာ ညာလို့ရမယ်၊ တို့လို ရဲစခန်းကိုတော့ ညာလို့မရဘူး အောင်ခင်"

"ခင်ဗျာ"

"မင်းအစ်ကို ကိုအောင်သွင်ဟာ မိတ္ထီလာဝပ်ရှော့မှာ ရှိလျက်၊ အလုပ် လုပ်လျက်ပါတဲ့"

"ဗျာ"

"သူညီ အောင်ခင်ဟာ လူလိမ်လူကောက်တစ်ယောက်မို့ သူ့ဝပ်ရှော့မှာတောင် မထားတော့ဘူးတဲ့၊ အပြစ်ရှိသလိုသာ အပြစ်ပေးလိုက်ကြပါတဲ့ကွ၊ မင်းအစ်ကိုဆီက အကြောင်းပြန်လာတယ်"

"ဟာ. . . ဟာဗျာ၊ မဟုတ်ရပါဘူး၊ သူ သက်သက် ကျွန်တော့်ကို ချောက်ချတာပါ၊ ကျွန်တော့် မှတ်ပုံတင်ကို ကြည့်ကြပါခင်ဗျာ"





လွယ်အိတ်လေးတွင်းမှ မှတ်ပုံတင်ကို ထုတ်ပေးလိုက်သည်။ သူညီ ဘယ်လိုလူလည်ကျကျ သူနှင့်အတူရှိနေသော မှတ်ပုံတင်ကတော့ ညာ၍ရမည်မဟုတ်။

"ဟာ. . . ဟာ. . . အောင်ခင်ရာ၊ တို့ကို အလုပ်ရှုပ်အောင် လုပ်မနေစမ်းပါနဲ့. . . ရော့"

"ခင်ဗျာ"

ရဲအရာရှိ ပြန်ပေးသော မှတ်ပုံတင်၌ ပါသောအမည်က 'မောင်အောင်ခင်'. . .

"သူ. . . သူ. . . ညကလာပြီး မှတ်ပုံတင်ရော ငါ့အဝတ်စားတွေပါ လဲသွားပါရောလား၊ ငါ့လက်စွပ်လေးလည်း မရှိတော့ဘူး၊ ကြည့်စမ်း"

လူရိုးကြီး ကိုအောင်သွင်မှာ ဘာဆိုဘာမှ မတတ်နိုင်ရှာတော့. . .

ချစ်ဇနီးအတွက် ပူပန်စိုးရိမ်ရလွန်းသော စိတ်. . .

"လုပ်ရက်လေခြင်း"

ဟူ၍ ညီဖြစ်သူအပေါ် ဒေါသပြင်းလွန်းသော စိတ်များကြောင့်. . .

ရဲစခန်းမှာပင် ချုံးပွဲချ၍ ငိုရှာပါသတည်း။

အထောက်ထားခိုင်လုံနေ၍ အမှုစစ်ဆေးပြီးသည့်အခါတွင် ထောင်ဒဏ် ခုနစ်နှစ် အပြစ်ရလေတော့သည်။

ကိုအောင်ခင်သည် တကယ့် ကိုအောင်သွင် အဖြစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝပ်ရှော့ကို ဦးစီးလုပ်ကိုင်ပြီး ခပ်တည်တည်နှင့် နေလိုက်သည်။

ရန်ကုန် ကိုလှဦးထံမှ သင်းသင်းရှိစဉ်က အကြောင်းများနှင့် သင်းသင်း မန္တလေးလိုက်သွားသည် ထင်ရကြောင်း၊ သတင်းအစအန မကြားရကြောင်းများ ကြားသိရလေ၊ ကိုအောင်ခင်တို့အကွက်ဝင်နေလေ ဖြစ်၏။

"အောင်သွင့်မိန်းမ ပျောက်နေတာ ဘယ်များ ရောက်သွားပါလိမ့်"

ဟူသော အတွေးဝင်လာပြီး ရန်ကုန်သို့ ဆင်း၍ ကိုအောင်သွင့်ပုံစံနှင့် ခပ်တည်တည် မေးမြန်းသည်။ ပြီးတော့. . . သူက လူလည်တစ်ယောက်မို့ ဤနေ့ ဤရက်မှ ဤခရီးလမ်းတလျှောက် အကြောင်းကို စုံစမ်းလိုက်တော့ မီးရထားပေါ်မှာ မီးဖွားရင်း သေဆုံးပြီဟု သိလိုက်ရသည်။ သူ့အနီးကပ် မစုံစမ်းတော့. . .

"အင်း. . . ခုနစ်နှစ်လုံးလုံး ငါ နှပ်နေရုံပဲ၊ အစ်ကိုအောင်သွင် ထွက်လာမှ ငါလစ်ရမှာ"

"ဟင်း. . . သင်းသင်း သေတာ စောလို့ပေါ့ကွာ၊ မဟုတ်ရင် သူ့ကိုတောင် ငါ အချောင်ရဦးမှာ. . . ဒီလက်စွပ်ကလေးဝတ်ပြရင် သူယုံမှာပေါ့. . . ကလေးကျန်ခဲ့တာတော့ ဇယားရှုပ်တယ်၊ ငါလည်း မမွေးနိုင်ဘူး၊ သူ့ထိုက်နဲ့ သူ့ကံ နေပစေ"

T+K အမှတ်သားပါသော ကိုအောင်သွင်၏ လက်စွပ်ကိုပါ ခိုးလာပြီးဖြစ်၍ ကြည့်လျက် ပီတိဖြစ်နေတော့သည်။

ကိုအောင်သွင်လိုပင် ဤလက်စွပ်ကလေးကို ခပ်တည်





တည် ဝတ်လျက် ဝပ်ရှော့မှာ ဆရာကြီးလုပ်နေတော့သည်။ သောက်လိုက် စားလိုက် သုံးလိုက် ဖြုန်းလိုက်နှင့်. . .

ဤအဖြစ်များကို ပထမဆုံး ရိပ်မိသူက ကိုအောင်သွင်၏ တပည့်ရင်း 'စောမောင်'. . .

စောမောင်သည် ဤလူသည် သူ့ဆရာမဟုတ်၊ သူ့ဆရာ၏ ညီသာဖြစ်ရမည်ဟူသော ယုံကြည်ချက်ဖြင့် မန္တလေးထောင်မှာ ကိုအောင်သွင်ကို သွားတွေ့သည်။ သူ့ဆရာက မျက်ရည်များကျလျက် အဖြစ်မှန်ကို ပြောပြီး သူ့ဇနီးလေးကို ကြည့်ပေးပါရန် မှာလိုက်ရှာသည်။

ရိုးသားလွန်းပြန်တော့. . . အ ၏။

စောမောင်သည် တစ်ခါတည်း ရဲစခန်းသို့ တိုင်ကြားရမည့်အစား ဒေါနှင့်မောနှင့် ပြန်လာပြီး ကိုအောင်ခင့်ကို အရင်ပြောတော့သည်။

"ဒီကောင် သိသွားပြီ၊ မလွယ်တော့ဘူး"

ဆိုသော ကြံ့တင်ကြံစည်စိတ်ဖြင့် စောမောင်ကို မတော်တဆ ထိခိုက်သွားဟန်ဖြင့် လူလစ်ချိန်မှာ သံဘောင်နှင့် အုတ်ဆက်ကို ကိုင်ရိုက်ပစ်ခဲ့သဖြင့် စောမောင် အုတ်ဆက်ကွဲ၍ သေဆုံးသွားရရှာတော့သည်။

ရဲက အသေအချာ စစ်ဆေးသည့်အခါ မတော်တဆမဟုတ် ကြံ့တင်ကြံစည်သော လူသတ်မှုဖြစ်ကြောင်း ထင်ရှားသဖြင့် စုံစမ်းပြီး ကိုအောင်ခင်ကို ဖမ်းဆီးတော့သည်။

ထောင်ထဲမှာနေရင်း ချစ်ဇနီးလေးကို ထာဝရ ဟာမ်းတ



www.burmeseclassic.com

www.burmeseclassic.com



နေရှာသော ကိုအောင်သွင်မှာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ကျခံနေရသူမို့ လမ်းပြင်လုပ်ငန်းမှာ လုပ်ကိုင်ရင်း ငှက်ဖျား မိပြီး. . .

ငှက်ဖျားရောဂါနှင့် ထောင်ကျဘဝမှာပင် ဆုံးရှာသည်။

သူ၏ ချစ်လှစွာသော ဇနီးသည်လေးသည် သူ့ရင်သွေး သားဦးလေးကို မွေးဖွားထားရစ်ခဲ့ပါသည် ဆိုသော အကြောင်း ကိုပင်. . .

ကိုအောင်သွင်တစ်ယောက် သိမသွားရှာပါချေ။

◆ ◆ ◆





သေဆုံးသူ စောမောင်ကိုယ်စား. . .

"သေဒဏ် ကျခံစေ"

ဆိုသော အမိန့်ကို ကြားနာပြီးချိန်၌ ကိုအောင်ခင် တစ်ယောက် ဇက်ကျိုးကျသွားတော့သည်။

သူ့အလည့်ကျတော့ အကြောက်ကြီး ကြောက်ခဲ့ပြီ၊ သူ့အစ်ကို ကိုအောင်သွင်အဖြစ်နှင့်ပင် အပြစ်ပေးခဲ့သော်လည်း သူ ရှင်းပြမနေတော့ပါ။ ရှင်းလျှင် ပိုရှုပ်လာမည်မို့ လည်စင်း ခံရုံသာ ရှိပါတော့သည်။

ကြိုးတိုက်တွင်းမှာ တစ်ယောက်တည်း နေရစဉ် ကာလ တ ချောက်ချားလိုက်ရပုံများ. . . သွေးပျက်ပြီး ရူးသွပ်သွား တော့မတတ်ပါ။

နောက်ဆုံး နိုင်ငံတော်သမ္မတထံ အသနားခံစာတင်ခွင့် ရရှိပြီးနောက်တွင် သေဒဏ်မှ "တစ်သက်တစ်ကျွန်းဒဏ်"သို့ ပြောင်းလဲကျခံစေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုဟူသည် ဘယ်သောအခါမှ ကွယ်ပျောက်ပျက်စီးသွားခြင်းမရှိ။

ဟူသော အသိဖြင့် ထိုက်ထိုက်တန်တန် အပြစ်ဒဏ်ခံပြီး၊ အသက်လည်း ကြီးရင့်ခဲ့ပြီး. . .

လူလည်းကျ၊ စိတ်ဓာတ်လည်းကျ တရားသံဝေဂလည်း ရခဲ့သော ကိုအောင်ခင်မှာ ဆရာတော်ဦးရေဝတ အဖြစ်နှင့် ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာမှာ သက်န်းဝတ်ပြီး နေချိန်၌ သတင်းစာမှ ကြော်ငြာကလေးကို တွေ့ရတော့သည်။

"အင်း. . . ဒါ ငါ့အစ်ကိုရဲ့ အဆက်နွယ်ထဲက ကိုစွပေါ်လို့ပဲ ဖြစ်မယ်၊ ကျန်ရစ်တဲ့ သားလေးဆိုတာလည်း အသက်ရှင်ရက် ရှိသေးသလားမသိ. . ."

"ငါရဲ့ မကောင်းမှုဒုစရိုက်အပေါင်းကို ခုလို သူတော်စင်ဘဝကနေပြီး တတ်နိုင်သလောက် ပြေပျောက်အောင် ဆောင်ရွက်ရတော့မှာပဲလေ"

ဆိုသောစိတ်ဖြင့် မိတ္ထီလာတွင် ပေါင်နှံထားခဲ့သော ဤအမှတ်တံဆိပ်ပါ လက်စွပ်ကလေးကို ခေတ္တမျှ ပြန်လည် ငှားရမ်းပါရန် အကြောင်းစုံပြောပြီး အကူညီတောင်းသည့်အခါ ပိုင်ရှင်က လှူလိုက်ရှာသည်။

သူတို့နှစ်ဦး စတင်ဆုံတွေ့သည့်နေ့ 10-10-59 ခု နေ့စွဲနှင့် သူတို့နှစ်ဦး၏ နာမည်လေး ရေးထိုးထားသော လက်စွပ်ကို ယခု ပြေ့ထံ အပ်နှံပါ၏။





သူတို့နှစ်ဦး ကောင်းရာ သုဂတိသို့ လားကြပါစေရန် သူတော်စင်ဘဝမှ ထာဝရ မေတ္တာပို့ အမျှဝေလျက်ရှိပါကြောင်းများ ပြောကြားပြီး. . .

ညှိုးရော်သော မျက်နှာ၊ ညင်သာသော ခြေလှမ်းများဖြင့် ပြန်လည် ကြွမြန်းသွားတော်မူရှာပါသတည်း။

ပြေသည် ဆရာတော် ပြောခဲ့သော ဇာတ်ကြောင်းများကို စာရေးဆရာတစ်ယောက်မို့ ဇာတ်ကွက်စေ့အောင် ချဲ့ထွင်၍ မှတ်စိထဲတွင် အသေးစိတ် ပြန်လည်ထင်မြင်နေမိပါတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မောင်မောင့်သဘော. . . မောင်မောင်ပဲ ဆုံးဖြတ်လေ၊ သွားချင်တယ်ဆိုရင်တော့ ပြေ လိုက်ပို့ပေးပါ့မယ်"

သူက ငြိမ်သက်စွာ ခေါင်းငုံ့ထားရာမှ ခေါင်းယမ်းသည်။

"နေပါစေတော့၊ ဖခင်ဆိုရင်တော့ သွားတွေ့ချင်ပါတယ်။ ဦးလေးလည်း ဖြစ်၊ ဘုန်းကြီးလည်း ဖြစ်၊ နောက် သူ့ကြောင့် ကျွန်တော့်ရဲ့ဖခင်ရော မိခင်ပါ ဒုက္ခရောက်ခဲ့ရ၊ အသက်ဆုံးရှုံးခဲ့ရလို့ သူ့ကို ကျွန်တော် မတွေ့ချင်တော့ဘူး"

"မောင်မောင် နာကျည်းမယ်ဆိုလည်း နာကျည်းစရာပါပဲ၊ ဒါပေမယ့် သူလည်း နောင်တကြီးစွာ ရပြီး ဘုန်းကြီးဘဝတောင် ရောက်နေပြီပဲကွယ်၊ ခွင့်လွှတ်လိုက်ပါတော့လေ. . ."

"မသဲဖြူရဲ့ မိတ်ဆွေ ဖြစ်လာရလို့ ခွင့်လွှတ်နိုင်ခြင်း ခွန်အားတွေ ကျွန်တော့်ကိုယ်မှာ ရရှိလာပါပြီ"

"ဒါဆို ဒီဘက်ကိုရော"





ဆရာတော်ဘုရား ပေးခဲ့သော လိပ်စာကို သူ ဖတ်ပြီးခဲ့ပြီ၊ ယခု ပြေက အဲဒါလေးကို ညွှန်ပြပြီး မေးလိုက်သည်။

"အငြိမ်းစား တိုင်းမင်းကြီး ဦးလှတော်-ဒေါ်ဒေါ်သုန်" အမှတ်(　)ဝင်ဒါမီယာ။

သူက လေးလံသော သက်ပြင်းကို ချလိုက်ပြီးမှ ခေါင်းယမ်းပြန်သည်။

"ဒီဘက်ကိုလည်း သွားဖို့ မသင့်ပါဘူးလေ၊ ကျွန်တော့် မေမေကိုတောင် သူတို့ စွန့်ပစ်နိုင်ကြသေးတာ၊ မေမေက မွေးခဲ့တဲ့ သူတို့မျိုးဆက်ရဲ့ ထက်ဝက်သာပါရှိတဲ့သွေးကို သူတို့ ဘယ်လက်ခံချင်ကြပါ့မလဲဗျာ၊ နောက်ပြီး မသဲဖြူ တစ်ခု စဉ်းစားမိလား"

"ဘာကိုလဲ မောင်မောင်"

"ကျွန်တော့်ဘဝ ကျွန်တော့် အခြေနေဟာ အင်မတန်မှ နိမ့်ကျနေတာပါ၊ သူတို့ဆီ သွားရင် အမွေလိုချင်လို့ အကူညီတောင်းချင်လို့ ဆိုတဲ့ နှိမ့်ချတဲ့အမြင်နဲ့ပဲ ကျွန်တော့်ကို ကြည့်ကြမှာပါ"

"အင်း. . . ဒါတော့ မောင်မောင့်သဘောလေ"

"မသဲဖြူရယ်. . . အစကမှ ငါ့အမေ ဘယ်သူပါလိမ့်၊ ငါ့အမေ အမျိုးတွေ ရှိဦးမှာပါဆိုတဲ့ မျှော်လင့်ချက်ကလေးနဲ့ ကျွန်တော် အားရှိခဲ့ပါတယ်၊ ခုတော့ဗျာ. . .

သဲမောင်မောင် မျက်ရည်ဝဲတော့၊ ပြေပါ ငိုချင်စိတ် ပေါက်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ ကြိုးစားဆောင်ရွက်ချက်များသည် သဲမောင်မောင် အတွက် အားတက်မှော်လင့်ဖွယ် တစ်စုံတစ်ရာမှ မရရှိနိုင်တော့ ပါလား။

"ကျွန်တော့် စကားတွေကြောင့် မသဲဖြူ စိတ်အနှောင့် အယှက် ဖြစ်သွားလားဟင်"

"ဟာ. . . မဖြစ်ပါဘူး"

"မသဲဖြူ မျက်နှာပျက်သွားလို့"

"အဲဒါ မောင်မောင့်ကို သနားလို့ပါ"

သူ ပြေ့ကို ဖြတ်ခနဲ ကြည့်လာသည်။ သူ့မျက်ဝန်းမှာ မျက်ရည်တွေ အပြည့်၊ ဒါပေမယ့် နှုတ်ခမ်းတွေမှာ အပြုံးရောင် တွေ စွန်းထင်းလို့။ သူ ရှုတ်တရက် ထရပ်လိုက်သည်။

ခံစားမှုလွန် ဝေဒနာရှင် သဲမောင်မောင်သည်. . .

ပြေ့နား တိုးကပ်ပြီး ပြေ့လက်တစ်ဘက်ကို ရုတ်တရက် ဆွဲယူလိုက်၍ ပြေ အံ့အားသင့်နေချိန်မှာ ပြေ ထိုင်နေသည့် ဆိုဖာအောက် ကြမ်းပြင်မှာ ဒူးထောက် ထိုင်ချလိုက်သည်။ ပြေ၏ လက်ခုံလေးကို သူ့မျက်နှာမှာအပ်လျက် ငုံ့ပစ်လိုက် ပြီး. . .

"ကျွန်တော့်ဘဝအတွက် တစ်ဦးတည်းသော အကြင်နာ ရှင်ရယ်"

ပြေ့ လက်ခုံတပြင်လုံးမှာ ပူနွေးသော စီးဆင်းမှုကို ခံစား ရသည်။

"မောင်မောင်ရယ်"





သူ့ပခုံးကို ပြေ ဆုပ်ကိုင်လိုက်သည်။ ပြေ့ရင်မှ အကြင်နာ မိုးရေသည် သူ၏ ပူလောင်နေသော နှလုံးသားပေါ်မှာ ဖြတ်စီး ပါစေသတည်း။

"အပေါ်မှာ ထိုင်လေကွယ်"

"မောင်မောင် ပြောချင်တာတွေ နောက်ဆုံး ပြောခွင့် ပြုပါတော့ မသဲဖြူရယ်"

ကျွန်တော်အစား နာမ်စားကို "မောင်မောင်"ဟု သူ သုံးလာသည်။

"နောက်ဆုံး ပြောခွင့်. . . ဟုတ်လား မောင်မောင်"

"ဟုတ်ပါတယ် မသဲဖြူ၊ မသဲဖြူကိုပါ ဒီနေ့ အပြီး နှုတ်ဆက်ပါရစေတော့"

"အို. . . ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ မောင်မောင်ရယ်"

သူသည် ပြေ၏လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် ထိုက်ပြီး အောက်ခြေမှ ထိုင်လျက်ကပင် မော့ကြည့်လာသည်။ သူ့မျက်နှာပြင်မှာ မခြောက်ရက်စရာ မျက်ရည်စက်များနှင့်. . .

"ပြောချင်တာတွေ ပြောခဲ့ပါရစေ၊ ပြီးရင် မသဲဖြူ ပါးရိုက် သည်း မောင်မောင် ခံမယ် မသဲဖြူရယ်"

"အို. . . မဟုတ်တာကွယ်"

"မောင်မောင်လေ. . . မသဲဖြူကို ချစ်တယ်၊ မသဲဖြူ မောင်မောင့်ကို အသိမှတ်မပြုခင်၊ မသဲဖြူရဲ့ အကြင်နာတွေ မရောင်တည်းက ချစ်ခဲ့၊ စွဲလမ်းခဲ့၊ မြတ်နိုးလေးစားခဲ့ရတာပါဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း သဲရဲ့ မောင်မောင်အဖြစ်နဲ့ တစ်ယောက်တည်း ရှူးပြီး ပေးခဲ့တဲ့ နာမည်ပါ"

ပြေ မျက်နှာလွှဲလိုက်သည်။ သူ ဆုပ်ကိုင်သော လက်ကိုမူ မရုန်းရက်။

"ခုတော့ မသဲဖြူရဲ့ ခင်မင်မှု၊ ကူညီမှုနဲ့၊ အကြင်နာတွေ၊ သနားတယ် ဆိုတာတွေ ကြားရတော့ မသဲဖြူရေ. . .၊ မောင်မောင့်ရင်တွေ ကွဲထွက်တော့မတတ် မသဲဖြူကို သိပ်ချစ်ရပါလားဗျာ၊ မသဲဖြူကို ချစ်တယ်၊ မောင်မောင် ဖသဲဖြူကို သိပ်ချစ်တယ်ဗျာ"

ဘဝတာတလျှောက်လုံး ခိုကိုးရာမဲ့စွာ အားငယ်လာရသူမို့ သူသည် ကလေးငယ်တစ်ယောက်လို ငိုရှိုက်သည်။

"ဒါပေမယ့်. . . မသဲဖြူရယ်"

အံကိုခဲ အားကိုတင်းပြီး သူ မြေ့ကို ပြန်မော့ကြည့်လျက်. . .

ပြေသည်လည်း မငိုမိအောင် ပင်ပန်းကြီးစွာ ထိန်းထားရသည်။

"မွန်မြတ် သန့်စင်လွန်းတဲ့ အကြင်နာ နှလုံးသားဆီကို ချစ်ခြင်းမေတ္တာတရားအားလုံး "ထွန်း" ဆီက ပြန်လည် ရယူနိုင်ပါပြီဆိုသည့် တိုင်အောင်လည်း မောင်မောင် မသဲဖြူဆီက အချစ်ကို မတောင်းခံရက်ပါဘူး အသဲရယ်. . ."

"မောင်မောင်ဆိုတဲ့ လောကရဲ့ အနိမ့်ဆုံး လွှာက လူသားတစ်ယောက်နဲ့ မသဲဖြူလို မိန်းမမြတ်နဲ့ မထိုက်တန်ဘူး ဆိုတာလည်း နားလည်ပြီးသားပါ၊ ဒီမှာ. . . မောင်မောင်ရဲ့ အမြတ်နိုးဆုံး မသဲဖြူ"

"ကွယ်"

"မောင်မောင်လေ သေမတတ် ချစ်ရပါတယ်ဆိုတာတွေကို ခု အပြန်မှာ တစ်ခါတည်း သိမ်းယူသွားပါ့မယ်။ မသဲဖြူဆီကလည်း ဘယ်သောအခါမှ ချစ်ခြင်းမေတ္တာတရားကို မတောင်းခံလိုပါဘူး၊ မပိုင်ဆိုင်ရက်ပါဘူးဆိုတာ မသဲဖြူ ယုံပါနော်"

"မောင်မောင်"

"ခုလို တစ်သက်လုံး ထိုင်ကြည့်နေချင်လောက်အောင် မြတ်နိုးတယ်၊ နောက် သိပ်ချစ်တယ်၊ အို. . . မောင်မောင့်ရင်ထဲမှာ ဒီထက် အဆပေါင်းများစွာပါ မသဲဖြူရယ်. . . မသဲဖြူ"

"ဟင်"

"ပြောနေချင်တာတွေ ဖယ်လိုက်ရင် ပြောခဲ့ချင်တာက တစ်ခွန်းတည်းပါ၊ မသဲဖြူကို မောင်မောင် သိပ်ချစ်တယ်ဗျာ၊ ဟဲ. . . မသဲဖြူ ပေးချင်တဲ့ အပြစ်သာ ပေးပါတော့နော်"

"အို. . ."

"အတင်း ခင်မင်ယူ၊ နောက်. . . အကူညီတွေတောင်း၊ နောက်. . . ခုလို မတန်မရာတဲ့ စကားတွေ ပြောနေတဲ့ကောင်ကို မသဲဖြူရယ်. . . ပါးရိုက်ထုတ်လိုက်စမ်းပါ"

"အို. . . မရိုက်ရက်ပါဘူးကွယ်"







www.burmeseclassic.com

www.burmeseclassic.com



ပြေသည် သူ့လက်ကို ညင်သာစွာ ပြန်ရုန်းယူလိုက်ပြီး သဲမောင်မောင်ကို တည်ငြိမ်အောင် ကြိုးစား၍ ကြည့်လိုက်ရသည်။

"မောင်မောင် သွားတော့မယ်နော်"

ပြေ ဘာပြောရမှန်းကို မသိတော့။ ရင်၌ လှိုက်ခုန်နေသည်။

"ဦးတည်ရာမဲ့တဲ့အရပ်ကို ဘာရည်ရွယ်ချက်မှ မရှိဘဲ ထွက်သွားတော့မယ့် မောင်မောင့်ကို မသဲဖြူ မေ့ပစ်လိုက်ပါတော့နော်"

ပြေ့ကို စူးစူးဝါးဝါး ကြည့်နေသော သူ့ကို ပြေ ပြန်မကြည့်ရဲ။

ပြေ့ရှေ့မှာ အနီးကပ် ရပ်နေရာက သူ ရုတ်တရက်ကြီး ကျောခိုင်းပြီး လှည့်ထွက်သွားတော့သည်။

"ဦးတည်ရာမဲ့တဲ့အရပ်ကို. . ."

သူ့ကျောပြင်ကို ကြည့်ပြီး ကြားလိုက်ရသော သူ့စကားကြောင့်. . .

"မောင်မောင်"

ပြေ လှမ်းခေါ်တော့ သူ တစ်ချက် တန့်သွားပြီး ဆက်လျှောက်သွားတော့သည်။ ခြံထဲသို့ သူ ခြေချချိန်မှာ ပြေသည် ကြီးမားသော သံယောဇဉ်များ၏ ဆွဲငင်အားကြောင့် သူ့နောက်သို့ ထလိုက်ဖြစ်သည်။

"မောင်မောင်. . . ပြေ ခေါ်နေတယ်လေ"





သူက ရပ်ပြီး ခေါင်းငုံ့နေသည်။ နောက်သို့ လှည့်မကြည့်။

သူ ရောက်ရှိနေရာ ပိတောက်ပင်အောက်သို့ ပြေက တရွေ့ရွေ့ လှမ်းသွားပြီး. . .

"အခု သင်တန်းကို ပြန်မှာမဟုတ်လား"

သူ ခေါင်းခါသည်။

"ဒါဖြင့် ဘယ်သွားမှာလဲ"

"မသိဘူး သဲရယ်"

"ဒီလိုမလုပ်နဲ့လေ မောင်မောင်၊ ကိုယ့်ဘဝကို ဘာလို့ ရေစုန်မျှောချမှာလဲ၊ ယောကျ်ားပဲ"

"ခုချိန်ကစပြီး မောင်မောင့်ကို မေ့ပစ်လိုက်ပါတော့ဗျာ"

"မေ့ဆို မေ့လိုက်နိုင်ပါတယ်"

ပြေ၏ တည်ငြိမ် ပြတ်သားသော စကားကြောင့် သူ မျက်ဝန်းနီများနှင့် ပြန်ကြည့်နေ၏။

"ပြေ့ရင်ထဲမှာ ကွဲအက်ခဲ့တဲ့ နှလုံးသားဒဏ်ရာက အနာကျက်ပြီး အသားမာတက်နေတော့ ဒီကိစ္စမျိုးမှာ ခံနိုင်ရည်ရှိနေပါပြီ၊ ဒါပေမယ့် ခုကိစ္စမှာ မောင်မောင်ပဲ ပြောချင်တာ ပြောပြီး ပြန်သွားတယ်၊ ပြေ ဘာမှ မပြောရတော့ဘူးလား၊ မောင်မောင် မတောင်းခံသလို ပြေကလည်း ပြေ့ရင်ထဲက ချစ်ခြင်းမေတ္တာကို မပေးအပ်နိုင်ပါဘူးလေ၊ ဒါပေမယ့် မချစ်တာ မုန်းတာလို့မှ အဓိပ္ပာယ်မရတာပဲ မောင်မောင်ရဲ့"

"မောင်မောင့်ကြောင့် မသဲဖြူ ဒုက္ခရောက်လှပါပြီလေ"

"ပြေမှ ဒါကို ဒုက္ခလို့ မထင်တာ၊ ဒီမှာ မောင်မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"မြေ နှစ်ခွန်းပဲမေးမယ်၊ မြေ့ကို စကားပြောခွင့် ပြုမလား၊ မပြုဘူးလား"

"မပြောချင်ပါနဲ့တော့ဗျာ"

"ဒါဖြင့် ကောင်းပြီ၊ မောင်မောင် သွားနိုင်ပါပြီ"

မြေ ပြန်လှည့်လာတော့ "သဲ" ဆိုသော သူ့ခေါ်သံ သဲ့သဲ့ကို ကြားမိသလိုလိုပါ။ ဒါပေမယ့် မြေ လှည့်မကြည့်တော့။

ရှိစေတော့ကွယ်။

လူတိုင်း လူတိုင်းဟာ ကိုယ့်ဘဝလမ်းပေါ်မှာ ကိုယ် လျှောက်နေကြသူတွေမို့ ဦးတည်ရာလမ်းချင်း မတူပါဘူး လေ. . .

လမ်းဆုံမှာ ခဏကြုံပြီး လမ်းခွဲ ရောက်တော့လည်း ခွဲခွာ နှုတ်ဆက်ကြရုံပေါ့။

ဆက်ပြီး လျှောက်ပေဦးတော့ မောင်မောင်ရေ. . .

◆ ◆ ◆





"မေမေ့ပါးစပ်က တစ်ခုခုပြောလိုက်သလိုပဲ၊ ပြီးတော့ ထည်း ပြုံးလို့"

"ဟင်. . . ဟုတ်လို့လား"

"သိပ် ဟုတ် တာပေါ့၊ ဝတ္ထုထဲက အကြောင်းတွေ တွေးနေလို့ မဟုတ်လား. . . ပြော"

"စာရေးဆရာဆိုတာ စိတ်တူးပြီဆိုရင် အရူးလိုပဲ သမီးရဲ့"

တကယ်လည်း ဝတ္ထုထဲက ချစ်သူနှစ်ဦး ကျီစယ်ခန်း တောလုံးလေးများကို ရွေးရင်း တွေးပြီး ပြုံးသွားမိလေသလား၊ ကိုယ့်ကိုယ်ကိုပင် မသိ။

တစ်ခါတစ်ရံ ကျပြန်တော့လည်း အဆွေးဇာတ်လမ်း ဇာတ်သိမ်းခန်းများ ရေးအပြီးတွင် ကိုယ်တိုင် မျက်ရည်ဝဲ၍ ချုန်ရစ်တတ်၏။

ရင်၌ နာနေသော ဝေဒနာက အချိန်တိုတိုနှင့် မပျောက် ချတ်. . .

ဘာပဲလုပ်လုပ် ဒါပဲ စိတ်က ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့်တော့ ဇာတ်လမ်းအစများ၌ စိတ်အပင်ပန်းဆုံး၊ အလယ်ကျပြန်တော့ နက်နဲခက်ခဲသော အတွေးများနှင့် လုံးလည်လိုက်ပြီး အိပ်မရသော ညပေါင်းများစွာနှင့် ရင်ဆိုင်ရတတ်သည်။

ဇာတ်သိမ်းပိုင်းကျပြန်တော့ ဘယ်လို သိမ်းမည်ဟု စိတ်၌ ဖန်တီးထားပြီးသားမို့ ရေးရသည့်အပိုင်း မခက်ခဲတော့သော်လည်း. . .

စားလည်း မစားချင်၊ အိပ်လည်း မအိပ်ချင်၊ စာပဲ ရေးနေချင်တော့သည်။ နေ့ ည များစွာ စာမှစာ ဖြစ်နေသဖြင့် ဝတ္ထုရှည်၏ ဇာတ်သိမ်းပိုင်းမှာ စာရေးဆရာတို့အတွက် လူအပင်ပန်းရဆုံး အချိန် ဖြစ်တော့သည်။

"မေမေကလည်း ရေးမှ ထရေးလိုက် ပြီးရော၊ အားနေရင် တွေးနေတာပဲ၊ တစ်ခါတလေ အိပ်ရာထဲရောက်ပြီးမှ မီးပြန်ဖွင့်ပြီး ထ-ထရေးလိုက်သေးတယ်၊ မေမေ့ ကြည့်ရတာ မောလိုက်တာ"

"ဩော်. . . သမီးရယ်၊ အဲဒါက ရေးပြီးသား ပြန်တွေးပြီး မကြိုက်လို့ ထပြင်တာ။ စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ် ဆိုတဲ့ အပျိုစင်လေး ရည်းစားဦး ထားသလိုပဲ၊ မေမေတို့ စာရေးဆရာဆိုတာ စာရေးမှ အလုပ်လုပ်နေတာ မဟုတ်ပါဘူး"

"စားနေရင်း၊ သွားနေရင်း၊ အိပ်နေရင်း၊ ထိုင်နေရင်း။ တစ်ခါတစ်ရံ ရုပ်ရှင်ကြည့်နေရင်းလည်း အလုပ် လုပ်နေကြရတယ်ဆိုတာ ကိုယ်တိုင် စာရေးဆရာဖြစ်မှ သိလာရတာ သမီးရဲ့"





ဝတ္ထုတစ်ပုဒ် စပြီဟော့ ဆိုတည်းက ခေါင်းထဲမှာရော၊ ရင်ထဲမှာရော အချိန်ပြည့် တသယ်တပိုးကြီး ရွက်ထားရသလို လေးနေတာ။ လုပ်စရာ ရှိရင်တောင် ဒီဝတ္ထုလေး ပြီးမှ သွားစရာ ရှိရင်လည်း ဒီဝတ္ထုလေးပြီးမှနဲ့ ရင်ခွင်ပိုက် ကလေးငယ် တစ်ယောက်ကို မထားခဲ့ရက်သည့် မိခင်ပမာ သံယောဇဉ်ကြီးရလွန်းသော မသဲဖြူရယ်ပါ။

ဝတ္ထု ပြီးပြန်တော့လည်း အားမရပြန်ဘူး။ လိုနေတယ်လို့ ထင်မိတယ်၊ ထပ်ဖြည့်ချင် ပြင်ချင်သေးတယ်၊ ထုတ်ဝေသူကို ပေးလိုက်ရပြီးတဲ့နောက်မှာလည်း စိတ်က ဒါပဲ စွဲနေတယ်။ ချစ်ခင်လေးစားရပါသော စာဖတ်သူတို့ ကြိုက်နှစ်သက်ကြပါစေ. . . မကြိုက်သော်မှ ခွင့်လွှတ်နိုင်သော အဆင့်မျိုး ရှိပါစေလို့ ဆုတောင်းရတာလည်း အမောပါ။

စာဖတ်သူတို့ထံမှ နှစ်သက်ပါသည်ဆိုသော စာလေးများ ရရှိလာလျှင် ဖြစ်ရသော ပီတိက ဘာနှင့်မှ မနှိုင်းသာ။

မြေမှာ အလုပ်သဘောအရချည်း မဟုတ်မူဘဲ ဝါသနာအရလည်း ချစ်ခင်မြတ်နိုးစွာ စာတွေကို တွေးနေ ရေးနေချင်သူပါ။

မြေ့အနေနှင့် ယခုလို စာပေ၌ မွေ့လျော်နေခြင်းသည် "တြေကွဲမှု ဝေဒနာ" နေရာမှာ ချစ်လှစွာသော ကျေးဇူးရှင် စာဖတ်ပရိသတ်တို့အတွက် "စေတနာ"ကို အစားဝင်ပေးလိုက်ခြင်းဖြင့် နှလုံးသားကို လှည့်စားခွင့်ရသော ခံစားမှုတစ်မျိုး ညီပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့. . .

ပြေ ဒီလို တွေးတတ်အောင်၊ ဆွေးတတ်အောင်၊ ရေးတတ်အောင်၊ ပညာတွေ စတင်ရခဲ့တာ. . . "ထွန်း" ကြောင့်ပါ။

ခံစားမှု ဝေဒနာဦးကို ဖြစ်ထွန်းစေခဲ့သော ငယ်ချစ်ဦးသို့ တမ်းချင်းများမှ. . .

ဆင့်ပွားဆက်နွယ်ပြီး စာရေးသားခြင်း အတတ်ပညာကို ပြေ တတ်မြောက်ခဲ့ခြင်း ဖြစ်ပါ၏။

သြော်. . . ထွန်းသည်ပင်လျှင် "မသဲဖြူ"ဟူသော စာရေးဆရာမတစ်ယောက်၏ ဆရာတစ်ဆူ မည်ပါသတည်း။

◆ ◆ ◆





"မေမေ ညွှဲသည်"

"ဘယ်သူလဲ"

"မသိဘူး၊ မေမေနဲ့ တွေ့ချင်လို့တဲ့"

"အေး. . . ခဏလေး ထိုင်ပါလို့ ပြောထားလိုက်သမီး"

ကော်ဖီနှင့်မုန့်ကို အာဟာရအဖြစ် နှစ်၍ မျိုချနေရသည်။ ဘာမှ စားချင်စိတ်မရှိ။ ထောပတ်ဗူးကို ကြည့်ပင် မကြည့်ချင်။

ညက အိပ်တော့ နှစ်နာရီ၊ အိပ်ခါနီးရေးသည့် မင်းသမီး၏ စွန့်လွှတ်ရသော ဆုံးဖြတ်ခန်းနေရာကို ရေးဖွဲ့ရာ၌ ပျော့နေသဖြင့် မကြိုက်၍ စိတ်ညစ်ညစ်နှင့် ရေးပြီးသားစာရွက်များစွာကို ဆွဲဆုပ်ပစ်လိုက်ရသည်။

ဤနေရာကို အစားထိုးဖို့ စဉ်းစား၍ကို မရနိုင်။ ထပ်ရေး ဆုပ်ခြစ်ပစ်နှင့် အသစ်အစားထိုးရန် ရှာမရတော့၍ အိပ်ရာထဲ ဝင်လိုက်ရသော်လည်း အိပ်၍မရနိုင်တော့။

မိုးလင်းခါနီးမှ ခဏ အိပ်ပျော်သွားခဲ့သည်။ နှစ်မြိုက်စွာ



www.burmeseclassic.com

www.burmeseclassic.com



အိပ်စက်ခြင်းမဟုတ်မှု၍ ခေါင်းတစ်ခုလုံး နောက်ကျိ အုံ့ခဲနေပါ၏။ အိပ်ပျက်တော့ အစားပါ မစားချင်။ ဤဒုက္ခက ဖြစ်နေကျ။

"ဩော်. . . လှိုင်ကော်မှာတုန်းက အိပ်လိုက်လည်း တုန်းခနဲ၊ မနက် အစောကြီးထပြီး အုန်းသီးမပါသည့် ကောက်ညှင်းပေါင်း တစ်ပန်းကန်ကြီးကို စားလို့ပင်မဝ"

ယခု ပြေ့ရှေ့မှာ နက်(စ)ကဖီး၊ နိုင်ငံခြားဖြစ် ဘီစကစ်၊ ပေါင်မုန့် လျှပ်စစ်မီးကင်နှင့် ထောပတ်ဘူး စသည်တို့ကို မစားနိုင်တော့။

ဤဘဝနှစ်ခုအနက် လူ့ဘဝ၌ ဘယ်ဟာက ပို၍ နေပျော်ပါသလဲဟုပင် ပြေ နှိုင်းယှဉ်ချင်လာသည်။

ငယ်ဘဝကို တောင့်တသည် မဟုတ်သော်လည်း ယခုလို တိုက်နဲ့နေ ကားစီးပြီး အလုပ်တွေ သောကတွေ တပွေ့ကြီး ပိုက်လျက် မအိပ်နိုင် မစားနိုင်သော ဘဝကို ပြေ စိတ်ကုန်ချင်သလိုလိုပါ။

ညည်းသည်နှင့် တွေ့ရမည် ဆိုပြန်တော့လည်း ခေါင်းဆုတ်ဖွားကို ဖီးရသေးသည်။ ပခုံးအောက် ဆံပင်တို့ကို ကလစ်နှင့် ညှပ်၊ မျက်နှာကို သနပ်ခါးနှံ့သင်းသော တို့ဖတ်ကလေးသာ ရိုက်ပြီး ထွက်လာတော့. . .

"ဩော်. . . ဆရာတို့ပါလား၊ စောင့်နေရတာတောင် ကြာသွားပြီ ထင်တယ်၊ စောစောလေးကမှ အိပ်ရာက ထလို့ပါ"

ပြေက ပြောရင်း နာရီကို မော့ကြည့်လိုက်တော့ ကိုးနာရီ





ကျော်နေပြီမို့ အားနာသွားသည်။ ပြေ လေးစားရပါသော စာရေးဆရာတစ်ဦးနှင့် ပြေ၏ မဂ္ဂဇင်းတိုက်မှ အယ်ဒီတာအဖွဲ့ဝင် တစ်ယောက်တို့ပါ။

"ဒီနှစ် စာဆိုတော်ပွဲမှာ ဟောပြောဖို့အတွက် ကြိုပြီးသာပြောထားတာပါ၊ ဆရာမ တခြားဘယ်မှာ အစီအစဉ်ရှိသေးလဲ"

"ရန်ကုန်မှာ နှစ်ပွဲပြောဖို့တော့ ပြောထားတာ ရှိပါတယ်၊ နေ့ချင်းများ တိုက်နေမလား"

"မတိုက်နိုင်ဘူး၊ ပြင်းလည်း မပြင်းစေချင်ဘူး၊ ကျွန်တော်တို့လည်း ပါမှာမို့ လိုက်ဖြစ်အောင် လိုက်စေချင်တယ်"

"ဘယ်ကိုပါလဲ ဆရာ"

"ဆရာမ မရေးဖွဲ့ဖူးသေးတဲ့ မြို့လေးပါပဲ၊ လှိုင်ကော်"

"ရှင်"

"လှိုင်ကော်လေ၊ ဆရာမ မရောက်ဖူးသေးဘူး မဟုတ်လား၊ အဲဒီမြို့ နောက်ခံနဲ့ ဝတ္ထု တစ်ခါမှ မရေးသေးဘူးနော်"

ပြေ၏ ဒီဘက်ပိုင်းဘဝကို တောင်ဥက္ကလာမှ စတင်ခဲ့ကြောင်းသာ သိကြသည်။ ထိုဘဝ၏ ရှေ့ပိုင်းက ပျောက်ဆုံးနေခဲ့၏။ ပြေ ဖြတ်သန်းလာခဲ့ရသော သောကလမ်းကို ဘယ်သူမှ စောကြောမနေကြတော့။

"ခဲအိုနဲ့ ဖြစ်နေကြမှာပေါ့"

ဟူသော ပတ်ဝန်းကျင်၏ လှိုင်းဂယက်များကို ယခုအခါ၌ အဘာသာ ကာကွယ်နေခဲ့ပြီ။ ပြေ၏ အောင်မြင်ကျော်ကြားခြင်း



www.burmeseclassic.com

www.burmeseclassic.com



တာတမံခံနေ၍ ဤလှိုင်းတို့ ကျော်လွှားရိုက်ပုတ်နိုင်ခြင်း မရှိတော့ပါ။

ဩော်. . . အင်အားနည်းလေ၊ ပတ်ဝန်းကျင်ရဲ့ ထိုးနှက်မှုကို ခံရလေ၊ အင်အားကြီးလေ ကာဆီးနိုင်လေဆိုသော ဘဝ၏ သင်ခန်းစာများကိုလည်း မြေ နားလည် ကြေညက်ခဲ့ရပါပြီ။

"စဉ်းစားလှချေလား ဆရာမရဲ့၊ သိပေါ့၊ လားရှိုးတောင် တစ်နှစ်က သွားသေးတာပဲ၊ လှိုင်ကော်က သိပ်မဝေးပါဘူး။ အားလုံးလည်း တာဝန်ယူပါတယ်"

"ကျေးဇူးတင်ပါတယ်ဆရာ၊ ဟို. . . သမီးကို ထားရစ်ခဲ့ရမှာ. . ."

"ဆရာမ တူမကလည်း ကြီးလှပါပြီလေ၊ အိမ်မှာလည်း အဖော်တွေရှိနေသားပဲ၊ လိုက်ဖြစ်အောင် လိုက်ခဲ့စမ်းပါ"

ဆောင်းနှင်းဝေကို သမီးလုပ်ထားတာ၊ တကယ်တော့ တူမလေး၊ မသဲဖြူဆိုတာ ငယ်ငယ်လေးနဲ့ အောင်မြင်နေတဲ့ အပျိုစင် စာရေးဆရာမတစ်ယောက်ဟု ရင်းနှီးသူတို့တ ဂုဏ်သတင်းလွှင့်ကြ၏။ တချို့က မြေ့ဘဝ အားကျလှချည်ရဲ့တု ပြောသူက ပြောတတ်ကြသည်။

တကယ်တော့ ဆုံးရှုံးရခြင်း၊ ကြေကွဲခြင်းဆိုသော သောက ပရိဒေဝမီးတို့၏ အလယ်တွင် မြေ၏ အသည်းနှလုံး ဦးနှောက်၊ ကိုယ်ခန္ဓာ စသော ပိုင်ဆိုင်မှုအားလုံး လောင်မြိုက်ပြီးကာမှ ရရှိလာခဲ့သော ရင့်ကျက်မှု၊ အတွေးများမှတစ်ဆင့်. . .





အရေးအသားရှင် ဖြစ်လာရပါသည် ဆိုသည်များကို မည်သူမှ မသိကြ။

"မြေက ဟိုတုန်းက သိပ်ဆင်းရဲတာ"

ဟု တစ်ခါတစ်ရံ အမှန်ကို ပြောမိလျှင်ပင်. . .

"အမယ်လေး. . . မရှိပါနဲ့"

ဟု ငေါ့သလို အပြောခံလာရတတ်၍လည်း မြေ ဘာမှ မပြောဖြစ်တော့။ မြေ သိရှိခံယူထားသလို အသိုင်းအဝိုင်းတို့ မည်သည် လက်ရှိဘဝကိုပင် လက်ခံလျက် ဆက်ဆံတတ်ကြကြောင်း. . .

"ကဲပါ၊ သိပ်လည်း စဉ်းစားမနေပါနဲ့၊ လိုက်သာ လိုက်ခဲ့ပါတော့၊ Convoy ယာဉ်တန်းနဲ့ အဆင်ပြေရင်လည်း မော်ချီးမိုင်း အထိ ပို့ပေးပါ့မယ်တဲ့၊ လာဖိတ်တဲ့ ဒေသခံ စာပေဝါသနာရှင်တွေက ပြောသွားပါတယ်"

"မော်ချီးမိုင်း"

ကယားပြည်နယ်စွန်မှ မြန်မာပြည်၏ နာမည်အကြီးဆုံး သတ္တုသိုက်တစ်ခု။ မြေ မရောက်ဖူးသေး၊ လှိုင်ကော်မှာ ရှိစဉ်ကလည်း ဘယ်ကိုမှ လေ့လာရေးအဖြစ်နှင့် သွားရကောင်းမှန်း မသိခဲ့။

"အင်း. . . လှိုင်ကော်အိမ်ကြီး မီးလောင် ပြာကျခြင်းနဲ့ အတူ ထွန်း ဆိုတဲ့သူရယ်၊ အဖေတို့၊ မမမေတို့ရယ်၊ ငါ့ဘဝ ကောင်းရယ်ဟာလည်း ပြန်ပြီး ရှင်သန်စရာ မရှိအောင် ပြီးခဲ့ငြိမ်းခဲ့ပြီပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရဲ့ နေရာဟောင်းလေးကို ခုလို ဖိတ်ကြားခံ ရည့်သည်ဘဝနဲ့ ငါ တစ်ခေါက်လောက်တော့ သွားကြည့်ချင်ပါသေးတယ်"

ယင်းအတွေးကြောင့်. . .

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မ လိုက်ခဲ့ပါ့မယ်"

ဟူသော ကတိကို ပြေ ပေးလိုက်မိတော့သည်။

ပြေ ထင်မှတ်ထားသလို လှိုင်ကော်မြေ၌ အစစ အရာရာ ချုပ်ငြိမ်းပြီးဆုံးခြင်း မရှိသေးကြောင်းကို ပြေသာ ကြိုသိခဲ့ပါလျှင် ဤကတိကို လုံးဝ ပေးဖြစ်မည်မဟုတ်ပါ။

◆ ◆ ◆





အစ်ကိုမြင့်အေး၏ ဘေးတွင် ယဉ်ထိုင်နေသော လူကြီးတို မြင်လိုက်ရသည်နှင့်ပင် ပြေ့စိတ်၌ ထင့်သွားသည်။

"အစ်ကိုမြင့်အေး ထောင်ကထွက်တဲ့နေ့က တားနားလာပြီး "ပြေဆိုတာ သူလား"လို့ မေးတဲ့ အဘိုးကြီးပဲ"

အပြင်က ပြန်လာခဲ့သော ပြေသည် သူတို့ကို တစ်ချက်မျှကြည့်ပြီး အတွင်း ဝင်ခဲ့၏။ ဝါသနာပါရာ အနုပညာကို ညပိုင်း၌သာ ပြေ ရေးသားနိုင်တော့သည်။ နေ့ခင်းဆို မဂ္ဂဇင်းတိုက်သွားရ၊ လူမှုရေးကိစ္စတွေ သွားရ၊ အိမ်အတွက် သား ငါး အသီးအရွက်မှ အစ ဆီ၊ ဆား၊ နို့ဆီ၊ သကြားအထိ ဝယ်ပေးရသေးသည်။ ကြီးကြီးမြက အိမ်၌ လုပ်တတ်သော်လည်း ဈေးမဝယ်တတ်။

"ပြေ. . . ခဏ"

အစ်ကို မြင့်အေး ခေါ်သံကြောင့် ဈေးတောင်းကို စားပွဲပေါ်တင်ပြီး သူတို့ရှိရာသို့ လာထိုင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ အစ်ကိုမြင့်အေးနဲ့ ထောင်ထဲမှာသိခဲ့တဲ့ ဦးလေး အောင်ပဲ၊ နာမည်က ဦးအောင်ထွန်းတဲ့"

"ဟုတ်ကဲ့"

"ကဲ. . . ဦးလေးအောင် ပြောချင်တာပြောလေ"

မြေ့ကို အာရုံစူးစိုက်လွန်းစွာ ကြည့်နေသော ထောင်ထွက်ကြီးကို မြေ စိတ်ညစ်ညူးစွာ ကြည့်လိုက်မိသည်။

"ထောင်ထွက်ကြီးဆိုပြီး လန့်မသွားပါနဲ့ကွာ၊ မင်းကို နှောင့်ယှက်မလို့ လာတာ မဟုတ်ပါဘူး၊ ဆွေးနွေးဖို့ပါ"

"ရှင်"

"ဦးလေး ပြောချင်တာလေးတွေ ခဏလောက် ပြောပါရစေ"

"ဘာအကြောင်းပါလဲရှင်"

"ဦးလေးဟာ တခြားလူ မဟုတ်ပါဘူးကွယ်"

မြေသည် အစ်ကိုမြင့်အေးသို့ ဒေါသပါသော အကြည့်ဖြင့် မကြည့်စဖူး ကြည့်လိုက်မိသည်။ မြေ မသိသော ဒီလူကြီး၏ ပြဿနာကို တကယ်ဆို သူမှတစ်ဆင့်သာ မြေ သိစေသင့်သည်။ ခုလို တိုက်ရိုက်ကြီး ခေါ်လာဖို့ မကောင်း။

"ဦးလေး စကားကို ငါ့တူမ ဆုံးအောင်တော့ နားထောင်ပါ"

"ကဲ. . . ပြောမှာသာ ပြောပါလေ"

"ဦးလေးဟာ တခြားလူ မဟုတ်ပါဘူး၊ ဝင်းထွန်းရဲ့ ဖခင်ပါပဲ"





"ဘယ်သူ"

"ဝင်းထွန်းလေ. . . မောင်မောင်မြတ် မွေးစားသွားတဲ့ အထွန်းရဲ့ ဖခင်"

"အစ်ကိုမြင့်အေး"

မြေ့ လေသံက မာ၍ ကျယ်လောင်၏။

"ဘာကိစ္စ မြေ့ဆီကို ခေါ်လာရတာလဲဟင်"

"အဲဒီကိစ္စကို ဦးလေး ပြောချင်လို့ လာခဲ့ရတာပေါ့ကွယ်၊ ဦးလေးရဲ့သားဟာ. . ."

"ဒီမှာရှင်"

မြေ့ နှလုံးသားသည် ဆတ်ဆတ်ခုန်လာ၏။

"ဦးလေးရဲ့ သားအကြောင်းကို ဘာကိစ္စ ကျွန်မဆီ သာပြောဖို့လိုလဲ၊ ပင်းတယက ဒေဝီဆီ သွားပြောပေါ့ရှင့်"

"ဒေဝီက တကကျွာထားပါ၊ အခု ဝင်းထွန်းဟာ. . ."

"ဘာလဲ၊ သူ သေသွားပြီလား"

"အို. . . မဟုတ်တာ"

"ဩော်. . . ပတ်သက်ခဲ့ဖူးသူမို့ သေလို့ အကြောင်း သာကြားတာဆိုရင်တော့ ငွေကူမလို့ပါ"

မြေ၏ ရှိုင်းစိုင်း ရင့်သီးသော စကားသံများကြောင့် ကိုမြင့်အေးပင် အံ့ဩမဆုံးနိုင်တော့။

"ခုတော့. . . သူမိန်းမနဲ့သူ ပင်းတယမှာ ဆရာဝန်ကြီး ဖြစ်နေတယ်၊ အဲဒါ ကျွန်မနဲ့ ဘာဆိုင်လို့လဲ၊ ဘာဆိုင်လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဆီလာပြီး ပြောနေရတာလဲ၊ ဘာလို့ ကျွန်မသိကွာကို ချချင်ရတာလဲရှင့်. . .”

ဒေါ်သတရားသည်လည်း လူသားတို့ကို ရဲရင့်စေ၊ မောက်မာစေသည် ပါလား။

“ဟုတ်တယ်၊ ကျွန်မနဲ့ ဦးလေးသားနဲ့ ချစ်ခဲ့ကြဖူးတယ်၊ သူက ကျွန်မကို ပစ်ပြီး ဒေဝီကို ယူသွားတယ်။ ဒါဟာ ပြီးပြီပဲ. . . ဆုံးနေပြီပဲ၊ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ဦးလေး ကျွန်မဆီကို ရောက်မလာထိုက်ဘူး. . .”

“ပြေကလည်းကွယ်”

“အစ်ကိုမြင့်အေး”

“ဟော. . .”

“ဒီအကြောင်းနဲ့ပတ်သက်ရင် ပြေ ဘယ်လောက် ထိခိုက်ရတယ်ဆိုတာ အစ်ကိုမြင့်အေး သိရက်နဲ့၊ အို. . . ပြေ ဘာမှ မပြောချင်ဘူး၊ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး၊ ပြေ့ကို ဘာမှ လာမဆွေးနွေးကြနဲ့”

ပြေ အော်ပစ်လိုက်သည်။ မထင်မှတ်ပါဘဲနှင့် မထိန်းသိမ်းမိ၍ မျက်ရည်တို့က ပိုးပိုးပေါက်ပေါက် ကျလာ၏။

“အစ်ကိုမြင့်အေးက တဆင့်ဆိုရင် ပြေ ပိုစိတ်ဆိုးမှာစိုးလို့ ကာယကံရှင်ကို ခေါ်လာမိတာပါ။ အစ်ကိုမြင့်အေးကို ခွင့်လွှတ်ပါ ပြေ. . .”

ကိုမြင့်အေး တကယ့်ကို စိတ်မကောင်းလွန်းသော မျက်နှာနှင့် နေရာမှ ထပြီး. . .





“ကဲ. . . မြင်တဲ့အတိုင်းပဲ၊ သူ့ကို ဘာမှမပြောပါနဲ့တော့ ဦးလေး. . . လာပါဗျာ၊ ပြန်ကြပါစို့”

အံ့ဩလွန်းသော မျက်နှာနှင့် ပြေ့ကို ကြည့်နေသော အဘိုးကြီးမှာ ကိုမြင့်အေး ဆွဲခေါ်ရာသို့ ပါသွားတော့သည်။

ပြေသည် မျက်နှာပေါ်မှ မျက်ရည်စက်များကိုပင် ဒေါသအကြီးနှင့် သုတ်ပစ်လိုက်သည်။

“ထွန်းနဲ့ ပတ်သက်လေတိုင်း ဒီမျက်ရည်တ ဘာဖြစ်လို့ ထွက်ရတာလဲ၊ ဘာဖြစ်လို့ ခံစားရဆဲလဲ၊ မိပြေရယ်. . . နင့်အသည်းက မာပဲ မမာနိုင်တော့ဘူးလား”

အလကားနေရင်း ကိုယ့်ကိုယ်ကို ဒေါသထွက်နေမိသည်။ အလုပ်ကလည်း မောလာ၊ အဆာကလည်း လွန်နေဆဲမှာ မျက်ရည်ကျစရာ ပြဿနာကြောင့် ပြေ ခေါင်းကိုက်ပြီ၊ မျက်စိကို ဘာဝရ အားပြုရသူမို့ ခေါင်းကိုက်ပြီဆိုလျှင် လှုပ်ရှားချင်စိတ်၊ လှုပ်ရှားနိုင်စိတ်များ မရှိတော့။

“ဒီလူကြီး ဘာလာလုပ်ပါလိမ့်”

ဟူ၍လည်း သူစကား နားမထောင်မိတာ မှားသလားဟု တွေးမိသည်။

“အို. . . ဘာသိစရာလိုလဲ”

ဟုလည်း. . . ဥပေက္ခာကို ပြန်လည် နှလုံးသွင်းမိ၏။

ထိုနေ့က ပြေ အိပ်ရာမှ မထနိုင်တော့၊ ထမင်းလည်း အားဖြစ်. . .

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"ယသဲဖြူနှင့် ခရီးသွားဝတ္ထုများ"

ဆိုသော ခေါင်းစဉ်အောက်မှ စာတမ်းကို ပြေ ကြေညက်အောင် ထပ်ဖတ်၍ ထပ်ပြင်နေသည်။

ခါတိုင်းဆိုလျှင်တော့ ခေါင်းစဉ်ရွေးပြီး တွေးသည့်အတိုင်းလည်း ပြောဖြစ်ချင်မှ ပြောဖြစ်သည်။ စင်ပေါ်ရောက်တော့လည်း စကားဦးတည့်ရာ၊ ပရိသတ်တို့ စိတ်ဝင်စားနေသည်ဟု ထင်ရာအကြောင်းကို ဦးတည်၍ ကြုံသလို ပြေ ပြောပြောသွားနိုင်စွမ်းရှိပါသည်။

ယခုတော့. . .

ခရီးသွားမှတ်တမ်းပါ ဝတ္ထုများအကြောင်းကို တင်ပြဟောပြောမည်ဟူသော ရည်ရွယ်ချက်ကြောင့် ရောက်ခဲ့ဖူးသော မြန်မာ့ပင်လယ်ကမ်းရိုးတန်း ခရီးနှင့် မြန်မာပြည် မြောက်ပိုင်းအခြေခံဝတ္ထု သုံးပုဒ် အကြောင်းကို ဦးတည်ဟောပြောမည်ဟု ရည်ရွယ်၍ ထိုနယ်မြေတို့၏ ပဟုသုတရစရာ အသေးစိတ်







အချက်အလက်များကို ပြန်လည်မှတ်သားနေရသည်။ ခရီးသွား၍ ရေးသော စာများ၏ ရည်ရွယ်ချက်ကိုလည်း လေးစားစွာ တင်ပြပါမည်။

ပြေ၏ အသည်းနှလုံးတို့ ကြွေရာမြေ တောင်ပေါ်မြို့ ဖိုင်ကော်၏ စင်မြင့်ပေါ်မှနေ၍ ပင်လယ်ပြင် အကြောင်းများ တင်ပြလျှင် ပရိသတ်တို့ စိတ်ဝင်စားတန်ကောင်းပါရဲ့။

"အစ်မပြေ. . . ဖုန်း"

တယ်လီဖုန်း။ မြည်သံတော့ ကြားလိုက်သား၊ လာပါများတော့လည်း နားမစွင့်အား၊ အသိန်းလာခေါ်မှ ပြေ၏ ခရီးဆောင် သေတ္တာထဲသို့ စာရွက်ထပ်ကို ထည့်ပြီး တယ်လီဖုန်းကို ကောက်ကိုင်၍. . .

"အမိန့်ရှိပါရှင်. . . ပြေပါ"

"ဆရာပါ၊ သက်ဦးလွင်ပါ"

"ရှင်. . ."

"တစ်ခါက ဆရာ့ဆီ လာကြတယ်လေ၊ ဒေါက်တာ သက်ဦးလွင်ပါ၊ မှတ်မိလား"

"သြော်. . . ဟုတ်ကဲ့ပါဆရာ၊ မှတ်မိပါတယ်"

"မသဲဖြူနဲ့ ဆရာ ဆွေးနွေးချင်လို့ နက်ဖြန် ဘယ်အချိန် အောက်များ အားမလဲ"

ပြေ တအံ့တဩ ဖြစ်သွားရပါ၏။ သူ့တွင် သဲမောင်မောင် အကြောင်းမှလွဲ၍ တခြားအကြောင်း မရှိနိုင်။

"အကြောင်းထူး ရှိပါသလား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်. . . ရှိလို့ပေါ့"

"ဟို. . . မောင်မောင်. . . ဪ. . . ကိုကြည်သန့်စင်နဲ့ ပတ်သက်ပါသလား ဆရာ"

"ဟုတ်တယ်ကွယ့်"

"သူနဲ့ကျွန်မနဲ့ လုံးဝ အဆက်သွယ်မရှိတော့ပါဘူးဆရာ"

"ဘာပဲဖြစ်ဖြစ် ဆရာ ခဏတွေ့ချင်တယ်၊ ဆရာလာခဲ့ရမလား၊ ဆရာ့ဆီ လာနိုင်မလား၊ နက်ဖြန်ကို. . ."

မြေ ခဏ ကြောင်သွားပြီးမှ. . .

"ဟော. . . ဒါဆို ဝမ်းနည်းပါတယ်ဆရာ၊ နက်ဖြန် ကျွန်မ ခရီးထွက်တော့မလို့"

"ဘယ်အချိန်လဲ"

"မနက်စောစောပဲ သွားရမှာ၊ ကိစ္စရှိရင် ခုပဲ ပြောလို့ မဖြစ်ဘူးလား ဆရာ"

"ဆရာ မသဲဖြူနဲ့ အေးအေးဆေးဆေး တွေ့ချင်လို့ပါ၊ ဒါဆိုလည်း သွားလေ၊ ပြန်လာတော့မှ ဆုံကြတာပေါ့"

"ဟုတ်ကဲ့ဆရာ"

"ဘယ်ကိုသွားမှာလဲ၊ ဟောပြောပွဲလား"

"ဟုတ်ပါတယ်ဆရာ၊ လှိုင်ကော်ကိုပါ"

"ဘယ်ကို"

"လှိုင်ကော်ကိုပါ"

"ဪ. . ."

"ဒါပေမယ့် ကျွန်မ သူနဲ့တော့ တွေ့ဖြစ်တော့မယ် မထင်ဘူး၊ ကြည်သန့်စင်နဲ့ပတ်သက်လို့ ကျွန်မရဲ့ကူညီမှု ပြီးဆုံးသွားခဲ့ပါပြီ ဆရာ"

"ကောင်းပြီ မသဲဖြူ၊ ဒါဆို ပြန်ရောက်ရောက်ချင်း ဆရာ့ဆီ ဖုန်းကွန်တက်(က်) လုပ်ပါနော်"

"ဟုတ်ကဲ့ဆရာ၊ ဆက်ပါမယ်"

"ဒါပဲနော်၊ ဂွတ်ဒ်နိုက်(တ်)"

တယ်လီဖုန်းလက်ကိုင်ကို သူ့အိမ်ပေါ် တင်လိုက်ပြီး မြေငြိမ်သက်စွာ တွေးနေမိသည်။

ဤမျှအလုပ်များလွန်းသော ဆရာဝန်ကြီးသည် သေးငယ်သော အမှုကိစ္စအတွက်ဖြင့် ဖုန်းဆက်အားမည်မထင်။

"မောင်မောင် ဘာဖြစ်လို့ပါလိမ့်"

စိုးရိမ်စိတ်သည် လေလို လျင်သော အဟုန်ဖြင့် ရင်၌ ခိုဝင်လာ၏။

ဘဝပျောက်ကို နှစ်ယောက်အတူ ရှာဖွေရာမှ တွေ့ရှိလာရသော ဘဝသည်လည်း ကြေကွဲဆုံးရှုံးခြင်းများဖြင့် နိဂုံးချုပ်ပြီးသားအဖြစ်နှင့် သူ တွေ့ရှိရရှာသည်။

အရာရာ၌ အင်အားမဲ့လွန်းစွာ အားငယ်ရှာနေသော မောင်မောင်ဆိုသည့် မြေ၏ဘဝထဲသို့ ရောက်ရှိလာသူ တစ်ယောက်ကို မြေ၏ ဥပေက္ခာ ပြုထားမှုသည် ရက်စက်လွန်းရာများ ကျနေလေသလား. . .

"အို. . . သူပဲ နောက်ဆုံးပါလို့ ပြောသွားတာ၊ ငါဘယ်လို လုပ်ပြီး ဆက်သွယ်လို့ သင့်လျော်ပါ့မလဲလေ"







www.burmeseclassic.com

www.burmeseclassic.com



ချောမော လှပသော သူ့ရုပ်သွင်ကို ပြန်လည် မြင်တွေ့ရသည့် နောက်ဆုံးနေ့တ သူ၏ ခံစားမှုများ၊ လှုပ်ရှားမှုများ၊ စကားလုံးလေးများ၊ မျက်ရည်စများကို ပြေ ပြန်လည် ခံစားထိတွေ့ရသည်သို့ ရှိမိ၏။

"ဩော်. . . မောင်မောင်ဆိုတာ၊ ငါ ငယ်ငယ်တုန်းကလိုပဲ သိပ်ပြီးအစွဲလမ်းကြီးတတ်တဲ့၊ ချစ်တတ်တဲ့၊ သူတစ်ယောက်ပါလားကွယ်"

"သူ ပြောသွားတဲ့အတိုင်း တကယ်ပဲ ဝေးလွင့်ရာကိုထွက်သွားပြီလား"

"ဘာပဲဖြစ်ဖြစ် အသက်ရှင်လျက် ရှိပါစေ"

"ရောက်လေရာမှာ အဆင်ပြေပါစေ၊ ချမ်းမြေ့ပါစေကွယ်. . ."

အတိုင်းမသိ စေတနာများဖြင့် မေတ္တာပို့ဝေပြီး. . .

မနက် စောစောစီးစီး ခရီးထွက်ရမှာ ဖြစ်ပါလျက်နှင့်ထိုညက ညဉ့်နက်သည့်တိုင် ပြေသည် သဲမောင်မောင်၏စာဟောင်းလေးများကို ပြန်လည်ဖတ်ရှုရင်း သူ့အတွက် စိုးရိမ်ခြင်းဝေဒနာတို့ ဖြစ်ထွန်း၏။

◆ ◆ ◆



မြန်မာပြည်၏ တိုင်းနှင့်ပြည်နယ် ၁၄ ခုအနက် အငယ်ဆုံးဖြစ်သော "ကယားပြည်နယ်"မှာ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ် (သံတောင်)တို့နှင့် ထိစပ်လျက်ရှိပြီး မြန်မာပြည်၏ အရှေ့ဘက်စွန်းတွင် တပ်လျက်တည်ရှိကာ ထိုင်းနိုင်ငံနှင့် ရေမြေချင်း ထိစပ်လျက်ရှိပါ၏။

ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၉၅၀ မြင့်လေသည်။

လွိုင်ကော်၊ ဒီမောဆိုး၊ ဖရူးဆိုး၊ ဖာဆောင်း၊ ရှားတောနှင့် မယ်ဆည်နန်ဟူ၍ ၆ မြို့နယ်ဖြင့် ဖွဲ့စည်းထားသော ပြည်နယ်တစ်ခု ဖြစ်ပါ၏။

၄၅၃၀ စတုရန်းမိုင်ခန့်မျှသာ ကျယ်၍ မြန်မာနိုင်ငံအကျယ်အဝန်း၏ ၁ ဒသမ ၇၄ ရာခိုင်နှုန်းသာ ရှိလေသည်။

လူဦးရေ ၁၄၉၄၀၀ ကျော် နေထိုင်လျက်ရှိပါ၏။

ကယား၊ ကယန်း၊ ကယော၊ ကငန်၊ ဂေခို၊ ဂေဘား၊ မိုနို၊ ဆင်းတလဲ၊ ပအိုဝ်၊ အင်းသား၊ ရှမ်းနှင့် မြန်မာတို့ စုပေါင်းနေထိုင်ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည်နယ်အနှံ့ ကျောင်းပေါင်း ၂၀၈ ကျောင်း၊ ဆရာ ဆရာမတ ၉၁၄ ဦး။

တက္ကသိုလ်ကောလိပ် စသော ကျောင်းများ မရှိသေးပါ။

ပြည်နယ်ဆေးရုံကြီး အပါအဝင် ဆေးရုံပေါင်း ၇ ခု၊ တိုက်နယ်ဆေးရုံက ၈ ခု၊ ကျေးလက် ကျန်းမာရေး ဌာနက ၁၅ ခု။

ကယားပြည်နယ်နေ့ကို နှစ်စဉ် ဇန်နဝါရီလ ၁၅ ရက်နေ့မှာ ကျင်းပသည်။

ပြေသည် သူ၏ မှတ်စုငယ်လေးအတွင်းမှ မှတ်သားထားသည်များကို တစုတစည်းတည်း ဖြစ်အောင် စာအုပ်ကြီးမှာ ရေးချလိုက်သည်။

"ကယားပြည်နယ်နှင့် ပတ်သက်သော အချက်အလက်များ"

တို အချိန်ကြာမြင့်စွာ ရှာဖွေခဲ့ရသည်။ နှစ်စဉ်ထုတ် ပြည်နယ်မဂ္ဂဇင်းများ၊ ကယားဟု မခေါ်မီ "ကရင်နီ"ဟု ခေါ်တွင်စဉ်က ရေးသားပြုစုထားသော ရှေးဦးကျမ်းများကို ကိုးကားညှိနှိုင်းရပါ၏။

သမိုင်းဝင်စာတမ်းများနှင့် ကယားပြည်နယ် ပထမတွဲ၊ ဒုတိယတွဲ။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ထုတ်ဝေသော တိုင်းရင်းသား ရိုးရာ၊ ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများနှင့်၊





ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု (ကယားပြည်နယ်)၊ အထိမ်းအမှတ်တံဆိပ်နှင့် အလံ စသည်တို့၏ နောက်ခံသမိုင်းကြောင်းများ၊

ပြည်နယ် အစီရင်ခံစာမှအစ မြန်မာ-အင်္ဂလိပ် ဘာသာနှင့် ထုတ်ဝေခဲ့သော ကယားပြည်နယ်နှင့် ပတ်သက်သည့် အချက်လက်များစွာကို အသေးစိတ် အချိန်ကြာမြင့်စွာ လေ့လာ ဖတ်ရှုရပါ၏။

အင်္ဂလိပ်စာမကျွမ်းသော ပြေအတွက် ဘာသာပြန်စာအုပ်များနှင့် ဒေသခံတို့၏ ဆောင်းပါးများ၊ ပညာရှင်တို့၏ ရေးသားချက်များကို လက်လှမ်းမီရာ ငှားရမ်းရသည်။ တချို့လည်း ဝယ်၊ တကယ်တမ်း အားအကိုးရဆုံးကတော့ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ပါပင်။

"မေမေ ပြည်နယ်တွေအကြောင်း ရေးတော့မယ်ဆိုရင် စာအုပ်တွေက တရပ်စာလောက်ရှိတယ်၊ ဟိုကျမ်းကြည့်၊ ဒီကျမ်းညှိနဲ့ စိတ်ပျက်စရာကြီး"

သမီး ဆောင်းနှင်းဝေ၏ ဝေဖန်သံပါ။

"ဟုတ်တယ်၊ သမီးက စိတ်ပျက်ရုံ၊ မေမေဆို ရှုချင်ရော၊ ကျမ်းအချင်းချင်းမှာပဲ အကွဲအလွဲတွေ၊ ခုနှစ်သက္ကရာဇ် ကွာဟမှုတွေ၊ ယူဆချက်ချင်း တိမ်းစောင်းသွားတာ တွေ့တွေ့နေရလို့ အဖြစ်နိုင်ဆုံး၊ အနီးစပ်ဆုံးတွေကို တွက်ဆပြီး မေမေ့စာအုပ်မှာ ရေးရတာ"

"သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြင်တဲ့အတိုင်း. . . ဝတ္ထုအုပ်ငါးဆယ်၊ တစ်ရာစာလောက် ဖတ်ပြီး ရေးတော့လည်း လေးငါးမျက်နှာလောက်ပါ"

"မေမေ"

"ဘာလဲ သမီး"

"မေမေရေးတဲ့ အဲဒီ ဗဟုသုတ လေးငါးမျက်နှာဟာလေ မေမေကသာ တပင်တပန်း ထုတ်နုတ်ပြီး ကြီးကြီးကျယ်ကျယ် လုပ်နေတာ၊ သမီးရဲ့ သူငယ်ချင်းတွေဆို ဘယ်သူမှ ဖတ်ကြတာ မဟုတ်ဘူး၊ ကျော်ဖတ်ပစ်လိုက်ကြတာ"

မြေ ပြုံးမိပါ၏။

"သိပါတယ် သမီးရယ်၊ မေမေတို့ ငယ်ငယ်ကလည်း ဒါတွေပါလာရင် စိတ်ညစ်သွားတာပဲ၊ မင်းသားလေး ဘယ်လိုဖြစ်မှာလဲ၊ မင်းသမီးလေးနဲ့ ညားမှာလားဆိုပြီး ဒါပဲ အာရုံရောက်နေတာ"

"ဒါနဲ့ ဘာလို့ ကိုယ်ချင်းမစာဘဲ ရေးနေရတာလဲ မေမေရဲ့"

"ဩော်. . . သမီး ဆောင်းနှင်းဝေ အသက်ငယ်တော့လည်း အတွေးနုရှာတယ်"

ဆောင်းနှင်းဝေက ထပ်ဆင့် မကျေနပ်ခြင်းများဖြင့် မြေ့ကို ကြည့်နေသည်။

"စာဖတ်သူဆိုတာ တရွယ်တည်း တစိတ်ထားတည်း ဘယ်မှာ ရှိပါမလဲ၊ ရှစ်တန်း သင်ခန်းစာ၊ ဆယ်တန်း သင်ခန်းစာ၊ တက္ကသိုလ် သင်ခန်းစာရယ်ဆိုပြီး အရွယ်ပိုင်းခြားလို့ ရပေမယ့်





မေမေတို့လို ခံစားမှုရသစာပေကျတော့ အရွယ်မရွေး ဖတ်ကြတာလေ"

"မေမေ့ဟာတွေကို အရွယ်တိုင်း ပျင်းမှာပဲ'

"ပျင်းကြမှာပါလေဆိုပြီး မေမေ့အနေနဲ့ ကြိုးစား အားဆုတ်မှု လျှော့လို့ မဖြစ်ဘူး သမီး၊ မေမေတို့ အရွယ်မျိုး၊ စာပေကို အာဟာရလို မှီဝဲလာချင်လာတဲ့ အရွယ်မျိုးကျတော့ ဇာတ်လမ်းအသားပေးပြီး ဖတ်ချင်တာထက် လွန်ကဲလာပြီ"

"စာရေးသူရဲ့ အတွေးအခေါ်ကို အဓိကထား ဖတ်တယ်၊ ပြီးတော့. . . သူဘာပြောချင်တာလဲ၊ သူရဲ့ တင်ပြမှုအတိုင်း အတာဟာ ဘယ်အထိ ရည်မှန်းထားသလဲ၊ နောက်ပြီး သူ့စာမှာ ဘယ်ဟာတွေ မှတ်သားစရာပါလဲဆိုပြီး အဆီအနှစ်တွေကို ရွေးချယ်ရှာဖွေတော့တာပဲ သမီးရေ"

"မေမေတို့ စာဖတ်နည်းတလည်း စိတ်မောစရာကြီး"

"ကဲ. . . ထားပါတော့လေ၊ မေမေ့အနေနဲ့တော့ ရေးတဲ့ တွေ့တိုင်းကို အားရလှတယ် မရှိပါဘူး၊ ဟိုတစ်နေရာလိုနေပြီ၊ ဒီနေရာတော့ ဇာတ်မျောကြီးဆိုပြီး အားတိုမရနိုင်ဘူး၊ ကောင်း ရေးချင်လွန်းတဲ့ စေတနာတွေက များလွန်းတော့ ရေးနိုင်အားက လိုက်မမီဘူး၊ အဲ့ဒီအခါမှာ မှတ်သားဖွယ်လေးတွေ၊ နယ်မြေသစ်ရဲ့ ဗဟုသုတလေးတွေ၊ ကြားဖူးပြီး မသိကြသေးတဲ့ အကြောင်းအရာလေးတွေကို မေမေ့ရဲ့စာမှာ အားဖြည့်ထားတာပါ သမီးရယ်၊ ကျော်ဖတ်သွားလည်း မေမေ ကျေနပ်ပါတယ်"

"စိတ်ချ. . . သမီးတို့ကတော့ ကျော်ဖတ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေရဲ့စာတို ဖတ်ဖို့ ငှားခပေးရ၊ အချိန်ကုန်ခံရပြီးတော့ တတွက်တလေးမှ ကျေနပ်စရာမပါရင် ဖတ်ရသူအတွက် အများကြီး ဆုံးရှုံးရရှာပါလိမ့်မယ်၊ မေမေ အားနာတယ်၊ လူငယ်တွေကို သနားတယ်။ "ဒါကြောင့် တစ်ထောင့် တစ်နေရာလေးကပဲဖြစ်ဖြစ်. . . ကျေနပ် နှစ်သိမ့်မှုလေးများ ရကြပါစေဆိုပြီး ဝတ္ထုတစ်ပုဒ်တိုင်းကို ကြိုးစားအားထုတ်ခြင်းများစွာနဲ့ မေမေ ရေးရေးနေတာပါ သမီး"

"ဒါကြောင့် မိတ်ဆွေတစ်ယောက်က ပြောတာ၊ မသဲဖြူ ရှုံးလိမ့်မယ်တဲ့"

"ရှုံးသွားပါစေတွယ်၊ ကိုယ်မြတ်နိုးတဲ့ စာပေတွေကို ရေးရင်း ရှုံးရင်လည်း မေမေ ကျေနပ်စွာ ခံယူပါ့မယ်၊ ရှုံးတာလည်း တစ်မျိုးကောင်းတာပဲ၊ တစ်သက်လုံး ခံစားရတဲ့ သောကတွေကို ဘာမှ မသိနိုင်တော့ဘူးပေါ့"

"မေမေက ပြောလိုက်ရင် ဒီလိုပဲ၊ ဘာသောကတွေ ဒီလောက်ခံစားနေရလို့လဲလို့ သမီးမေးတာလည်း မပြောဘူး"

"သမီး သိသင့်တဲ့ကိစ္စမှ မဟုတ်တာ၊ ကဲ. . . ကဲ၊ မေမေ စာအုပ်စာတမ်းတွေရှာပြီး မှတ်စုထုတ်လိုက်ဦးမယ်၊ သမီး သွားတော့"

ဆောင်းနှင်းဝေ ထွက်သွားတော့ စာရေးစားပွဲမှာရော၊ မှန်တင်ခုံပေါ်မှာရော၊ ခုတင်ပေါ်ပါမကျန် ပြန့်ကြဲဖွင့်လှစ် ညှိနှိုင်းနေဆဲ စာအုပ်စာတမ်းများဆီသို့ ပြန်လည် အာရုံစိုက်ရပြန်သည်။





ဒေသတစ်ခု၏ အကြောင်းရာကို ကိုယ်တိုင်မရောက်ဘဲ။ သွားရဘဲ မသဲဖြူ ဘယ်သောအခါမှ မရေးပါဟု ခံယူထားချက် အတိုင်း သွားရုံနှင့်လည်း မပြီးသေး။

တစ်ခါတစ်ရံ ဒေသခံတို့ ပြောကြားသည့် အကြောင်းရာများသည်ပင်လျှင် မတိမကျ ရှိနေတတ်သည်၊ တစ်ခါတလေတော့လည်း အင်မတန်မှ အဖိုးတန်သော အကြောင်းရာ အချက်အလက်များကို ဒေသခံ လူကြီးပိုင်းများထံမှ ရရှိတတ်ပါ၏။

ဒေသတစ်ခုသို့ မသွားရောက်မီနှင့် ပြန်လာပြီးသည့်အခါများတွင် တင်ပြစရာများကို ခုလို ညှိနှိုင်းလေ့လာကာ မှတ်သားစရာများကို ထုတ်နုတ်ရပါ၏။

ပြေတို့လို လူငယ်ပိုင်း လက်ခံသော အချစ်ဝတ္ထုရေးဆရာတို့အတွက် ဇာတ်လမ်းကို ပိုမို၍ အားထားရပါသဖြင့် ဖြစ်ရပ်မှန် ဗဟုသုတများ နည်းနည်းလေး ထည့်နိုင်ဖို့ များများကြီး ဖတ်ရခြင်းသာ ဖြစ်ပါ၏။

ယခုလည်း. . .

ကယားပြည်မှာ နေခဲ့ပါလျက် မလေ့လာခဲ့၊ မသိရှိခဲ့သော အကြောင်းရာများကို ပြေ၏ မှတ်စု အနှစ်ချုပ်အဖြစ် ထုတ်နုတ်ခြင်း၊ ဒေသကျွမ်းသူများကို မေးမြန်းခြင်းပြုရာမှ. . .

လွိုင်ကော်မြို့ ဖြစ်လာပုံ. . .

ကန္တာရဝတီဟု ခေါ်တွင်ပုံများကို ပြေ သိသမျှ မှတ်ရပါပြီ၊

ကန္တာရဝတီသမိုင်း၏ မှတ်တမ်းများမှာ ခုနှစ် သက္ကရာဇ်



www.burmeseclassic.com

www.burmeseclassic.com



အတိအကျ မတွေ့ရသော်လည်း ခရစ်သက္ကရာဇ် ၁၇၅၂ မှ ၁၈၈၅ ခုနှစ်အတွင်း မြန်မာနိုင်ငံကို စိုးစံသော ကုန်းဘောင်မင်းဆက်များ တန်ခိုးအာဏာရှိချိန်လောက်နှင့် ကိုက်ညီပေလိမ့်မည်ဟု မှတ်တမ်းများကို သုံးသပ်ပြီး ပြေ ယူဆသည်။

ရှေးအခါက ဘော်လခဲမြို့နယ် (ယခု ဖရူးဆိုးမြို့နယ်နှင့် ဖာဆောင်းမြို့နယ်ကြား)သည် စည်ကားခဲ့ပြီး ကရင်နီမင်းဆက်များ အုပ်စိုးခဲ့ပါ၏။

(ယခု ကယားကို ယခင်က ကရင်နီဟု ခေါ်ကြပါ၏)

ကရင်နီမင်း ငါးဆက်မြောက် "ဘိုးလုဖြူ" လက်ထက်တွင် မြန်မာမင်းမျိုးနွယ်မှ မင်းသားတစ်ပါးဖြစ်သော "မောင်မောင်ဘုန်း" ဆိုသူသည် ဤဒေသတဝိုက်သို့ လာရောက် နေထိုင်ခဲ့ရာမှ. . .

နောက်လိုက် နောက်ပါ အခြွေရံများ တစ်နေ့တခြားများပြားလာသဖြင့် ဘိုးလုဖြူက. . .

"တစ်ပြည်ထဲတွင် မင်းနှစ်ပါး မင်းမူရန် မသင့်" ဟု ဆိုကာ. . .

ပွန်ချောင်း၏ အရှေ့နယ်တစ်ခွင်ကို အုပ်ချုပ်ရန် ခွဲဝေပေးလိုက်လေသည်။

မောင်မောင်ဘုန်းက "ဖဖော်ကြီး"ဘွဲ့ခံကာ စောလုံမြို့မှာ ယော်နန်းစိုက်ထူ စိုးစံခဲ့လေသည်။

ဤ မောင်မောင်ဘုန်း စိုးစံရသော နယ်မြေတဝိုက်တွင် ယခု လွိုင်ကော်လည်း ပါရှိလေမည်။ သူနယ်ပယ်ကို "ကန္တာရဝတီ" ဟု အမည်ပေးခဲ့လေသည်။





လွိုင်ကော် မြို့ဦးတွင် ရွှေချထားသော တိုင်ကြီးထိပ်မှာ "ကန္တာရဝတီမြို့" ဆိုသော စာတမ်းကို ယခုတိုင် တွေ့မြင်နိုင် ကြပါ၏။

ကန္တာရဝတီ ဖြစ်ပေါ်လာပြီး လွိုင်ကော် ဖြစ်ပေါ်လာပုံ အကြောင်း အကျဉ်းကို ပြေ မှတ်သားရပြန်သည်။

နှစ်နှင့် နေ့သာ မှတ်တမ်းများ၌ တွေ့၏။ လနှင့် ရက်ကို ဘယ်နေရာမှာမှ ရှာမရပါ။

မြန်မာသက္ကရာဇ် ၁၂၀၀-ပြည့် သောကြာနေ့တွင် "ဦးသိရိ" ဆိုသောသူက မြို့အင်္ဂါနှင့်အညီ မြို့ တည်ခဲ့လေသည်။

မြို့အင်္ဂါနှင့်အညီ ဆိုသည့်အတိုင်း မြို့ထောင့်များမှာ ဆီအိုးမြှုပ်ခြင်း၊ သချိုင်းနေရာရွေးခြင်း စသော မှတ်တမ်းများကို ထည့်လျှင် ပြေ့ စာဖတ်သူတို့ အိပ်ငိုက်ကြမည်စိုး၍ ပြေပဲ မှတ်သားသည်။ စာထဲတော့ ထည့်မရေးတော့ပါ။

ကယား-ကရင်နီတို့၏ အသံထွက်များအရ "သိရိ"ကို "ဆိရိ"ဟု ခေါ်ပြီး "ဒေါ"သည် မြို့ရွာဟု အဓိပ္ပာယ်ရပါ၏။ သူတို့အခေါ်က ဆိရိဒေါ. . . ဦးသိရိ၏မြို့ဟု အဓိပ္ပာယ်ရပါသတည်း။

လွိုင်ကော် ဖြစ်ပေါ်လာပုံကတော့ ယခင်အခေါ် "လွယ်ကော်" သည်. . .

ဘီလူးချောင်း အနောက်ဘက်ကမ်း အနီးမှာ ယခု ရွှေတောင်ဟု ခေါ်နေကြသော တောင်ကလေးတစ်တောင်ဆီကြား တည်ရှိနေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသီးခြားတောင်ကို ရှမ်းဘာသာအရ “လွယ်ခေါ်” ဟု ခေါ်ရာမှ မြန်မာအသံထွက်နှင့် “လွယ်ကော်”၊ ယခုတော့ “လွိုင်ကော်” ပါတည်း။

ဦးသီရိ တည်ခဲ့သောမြို့ကို မြန်မာ့သက္ကရာဇ် ၁၂၆၅ ခုနှစ်ခန့်က ကန္တာရဝတီ စော်ဘွားကြီး “စောလပီ” လက်ထက် လွယ်ကော်အမတ်ကြီး “ဦးနီ” က ဒုတိယအကြိမ် ပြင်ဆင်မွမ်းမံလေသည်။

ဤအကြောင်းများကို ဦးသီရိ၏မြေး အမတ်ကြီး ဦးနီ၏ သားမက် မဟာသရေစည်သူ ဦးစိန်(ကရင်နီ)ကိုယ်တိုင် ရေးပြုစုထားသော ကျမ်းများကို ပြေ ဖတ်ရှုလေ့လာခွင့်ရရာမှ သိထားရခြင်းဖြစ်ပါ၏။

ဦးနီပိုင် လယ်ယာခြံမြေများကို ဈေးကြီးအဖြစ် အသုံးပြုစေခဲ့သည်။

ဦးသီရိလက်ထက်က ဆောက်လုပ်ရန် စီမံထားခဲ့သော ရွှေကျောင်းကြီးကိုလည်း ဟိုခေတ်က ငွေ ငါးသိန်း အကုန်ခံကာ ရွှေသားစစ်စစ်များ အသုံးပြုလျက်၊ မန္တလေးမြို့မှ မင်းသုံးလက်သမားများကို ခေါ်၍ ဆောက်စေခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၇၂ ခုနှစ် ကန္တာရဝတီ စော်ဘွား “စောခွန်လီ” လက်ထက်မှာ တတိယအကြိမ် ပြုပြင်ခဲ့လေသည်။

ဤသို့ အဆင့်ဆင့် ပြုစုပျိုးထောင်ခဲ့သော လွိုင်ကော်မြို့မှာ. . .

ခရစ်နှစ် ၁၉၄၅-ခု၊ မတ်လ ၂၅ ရက်နေ့တွင် အင်္ဂလိပ်နှင့်





အမေရိကန်တပ်များက လေယာဉ်နှင့် ဓာတ်ဆီဖျန်းပြီး မီးလောင်ဗုံးကြဲ၍ တစ်မြို့လုံး မီးဟုန်းဟုန်းတောက်လောင်ကာ ပြာကျခဲ့ရပါတော့သည်။

တစ်ဖန် ပြန်လည်တည်ဆောက်ပြီးစ ကာလ ၁၉၅၀-ခု ဇန်နဝါရီလ ၁၂ ရက်နေ့မှာ သောင်းကျန်းသူတို့ တစ်မြို့လုံး မီးရှို့ခဲ့ကြပြန်သည်။

ဤသို့ ဒုတိယကမ္ဘာစစ်နှင့် ပြည်တွင်းမငြိမ်သက်မှုများကြောင့် ပြာပုံဖြစ်ခဲ့ရသော မြို့လွိုင်ကော်လေးမှာ. . .

ယခုအခါတွင် တိုးတက် လှပခြင်းများစွာဖြင့် အေးငြိမ်းစွာ စည်ကားနေပြီဖြစ်ပါ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ကန္တာရဝတီသို့ ရောက်ရှိနေပြီဖြစ်သော ပြေမှာ. . . လာခါနီး ကာလဆီမှ ဆောင်းနှင်းဝေနှင့် ဆွေးနွေးခဲ့ရပုံများကို ပြန်လည်ကြားယောင်ပြီး မှတ်စုတိုများကို ပြန်လည်ဖတ်ရှုနေမိဆဲ. . .

"အဆင်သင့်ဖြစ်ရင် သွားကြရအောင်တဲ့ ပြေ"

"ကန္တာရဝတီ တည်းခိုခန်း"တွင်းသို့ ပြန်ဝင်လာသော မတင်အေး၏ စကားကြောင့် အဆင်သင့် ဖြစ်နေသော ပြေက ယုံမွေးစွယ်တာကို ထပ်ဝတ်၊ စလင်းဘက်ကို လွယ်ပြီး ထွက်ခဲ့ရတော့သည်။

ပြေသည် စာပေဟောပြောပွဲအတွက် ဒေသခံ စာပေဝါသနာရှင်တို့၏ ဖိတ်ကြားခြင်းခံရသော အထူးဧည့်သည်တော်အဖြစ် ရောက်ရှိနေခြင်းဖြစ်ပါ၏။

ပြေနှင့်အတူ ဆရာဦးအောင်မြတ်နှင့် ဆရာဝင်းတို့ကလည်း ဟောပြောကြပါမည်။ ဤဆရာနှစ်ဦးလုံးကို ပြေက လေးစားကြည်ညိုသည်။ သူတို့ကလည်း အမျိုးသမီးစာရေးဆရာမငယ်တစ်ယောက် သူတို့နှင့်အတူ ပါရှိလာ၍ အထူး





စရှုစိုက်ကြပါ၏။

"ငါးရက်တစ်ဈေးနဲ့ တိုက်ဆိုင်တော့ အဆင်ပြေလိုက်တာဗျာ"

"ဒီမောဆိုးဈေးနေ့ဟာ ငါးရက်တစ်ဈေး မဟုတ်ပါဘူးဆရာ၊ ဗုဒ္ဓဟူးနဲ့ စနေနေ့တိုင်း ရှိပါတယ်"

"ဈေးနေ့ဆိုတော့ ရှမ်းပြည်ထုံးစံအတိုင်း ငါးရက်တစ်ခါမှတ်နေတာ၊ သူက အဆန်းပါလား"

"မသဲဖြူက ဝတ္ထု ပြန်ရေးမယ့်သူဆိုတော့ အသေချာသေးလာနော်"

"ဟုတ်တဲ့ပါ ဆရာ"

"ကဲ. . . သွားကြစို့"

ပြေတို့အတွက် စီစဉ်ပေးထားသော ကားပေါ်သို့ တက်ပြီး မြို့င်ကော်မှ ၁၂ မိုင်ဝေးသော. . .

"ဒီမောဆိုးဈေးနေ့"

သို့ ခရီးဦးအဖြစ်နှင့် ပြေတို့ စတင်ထွက်ခွာခဲ့ကြပါ၏။

""ကန္တာရဝတီ၏ နှင်းဝေ နံနက်ဦး"" ကို ပြေ ကောင်းစွာကြည့်ရဲ့. . .

အတိတ်ဟောင်း၏ အကြောင်းများသည် နှင်းပွင့်မှုန်များအောက်မှာ ရှိနေသည်သို့ပါ။

"အို. . . ပြေ မကြားချင်၊ မသိချင်၊ မကြည့်ချင်၊ မတွေးချင်တော့ပါဘူးကွယ်"

"မောဆောင်းလောက် နှင်းတွေထပ်သိပ်မနေလို့ ကန္တာရ



www.burmeseclassic.com

www.burmeseclassic.com



ဝတီ ဆောင်းက ပိုပြီး လှနေသလိုပဲနော်”

“ဟုတ်တယ်ဆရာ၊ ကျွန်တော်တို့ကို ဖိတ်ကြားတဲ့ အတွက် ကျေးဇူးတင်ပါတယ်၊ မသဲဖြူအတွက်လည်း နယ်မြေ သစ် အခြေခံဝတ္ထုတစ်ပုဒ် ဖြစ်လာနိုင်တာပေါ့”

ပြေ၏ အပြုံးသည် ဆောင်းနှင်းပွင့်လို အေးစက်နေပါ၏။

တစ်ချိန်က ပြေ၏ သိမ်ငယ်လွန်းခဲ့ရသော ဘဝသည် ပျောက်ဆုံးလျက်ရှိချေ၏။

ပြေသည် ငယ်ဘဝအကြောင်းကိုလည်း မပြောမိ၊ လက်ရှိ အခြေအနေ၌လည်း မွေ့လျော်ခြင်းမရှိလှ၍ ကိုယ့်ဘဝကို ဘာတစ်ခုမျှ တင်ပြမနေတော့ပါ။

ရှမ်းရွာနှင့် ပအိုဝ်ရွာများကို ဖြတ်သန်းပြီး ၆ မိုင် ဝေးကွာ သည့် နေရာမှာ စံပြကျေးရွာရှိပါ၏။ ပဒေါင်လူမျိုးများ အနေများ သည်၊ နွားမွေးခြင်း၊ နွားနို့ပို့ခြင်းများ လုပ်ကိုင်သော ဂေါရွာ ရွာများကိုလည်း တွေ့ရသည်။

“ဒေါ်ဘူးဝံရယ်ရွာ” ပြီးတော့. . . ‘ငွေတောင်’ပါ။

ငွေတောင်သည် ရှေးအခါက. . . ဒွေးမယ်နော်၏ တိုင်းပြည် ကိန္နရီ ကိန္နရာတို့ ပျော်စရာ ကန်ခုနစ်ဆင့်ရှိသည့် နေရာမှာ ငွေတောင်ပြည်ဖြစ်သည်။ ထိုငွေတောင်ပြည်မှာ ထား ကယားတို့၌ဌာနေ ကန္တာရဝတီ ဖြစ်ချေသည်။

ဤငွေတောင်ပြည်တွင် နေထိုင်ခဲ့ကြသော ကိန္နရီ ကိန္နရာ မောင်နှံတို့လို အချစ်မျိုးကို စံတင်လျက် မေတ္တာတွဲ ဝတ္ထုတစ်ပုဒ် ကို ရေးဖွဲ့ဦးမည်ဟု ပြေ စိတ်ကူးပေါ်လာ၍ ကိန္နရီ ကိန္နရာ





ဒွေးမယ်နော်၊ သုစန္ဒ၊ ငွေတောင်ပြည် စသည်များကို အသေး စိတ် ရှာဖွေစုဆောင်းကာ ဖတ်မှတ် လေ့လာရပါဦးမည်။

“လိုဘာခူသို့ ၁၈ မိုင်”ဟု ညွှန်ပြထားသော စာတမ်းလေး တွေ့ရ၍ လက်လေးလုံးခန့် မှတ်စုငယ်လေးကို ထုတ်ပြီး အသင့် ညှပ်ထားသော ဘောလ်ပဲန်နှင့် မှတ်ရပါ၏။

တပ်မတော်သားများသည် ကာကွယ်ရန် သေနတ်အသင့် ရှိရသည်သို့၊ သမားတော်တို့သည် ဆေးကုနိုင်ရန် နားကျပ် အသင့် ရှိရသည်သို့. . .

ပြေသည်လည်း အသစ်တွေ့ ဗဟုသုတလေးများကို ရေးမှတ်ရန် စလင်းဘက်၏ ဘေးအိတ်မှ မှတ်စုငယ်နှင့် ဘောလ်ပဲန်ကို အသင့်ထားရပါ၏။

သို့မှသာ ကိုယ်တိုင်ရောက်ရှိ ထိတွေ့ခဲ့ရသော နေရာကို မှတ်မိနိုင်ပါမည်။

တစ်နေရာတည်း မဟုတ်မူဘဲ တခြားတစ်နေရာကို ဆက်လက်လေ့လာရသည့်အခါ အားလုံး ရောထွေးကုန်တတ် သည်၊ မမှတ်၍ မရ။

“ကဲ. . . ငွေတောင်ဆည်မှာ ခဏရပ်ကြရအောင်၊ ခုလို အချိန် ဓာတ်ပုံရိုက်ရင် သိပ်လှတယ်”

ပြေသည် သူ၏ ခရီးဆောင်ကင်မရာလေးကို ထုတ် ယူလိုက်သည်။ (Auto Focus) အော်တိုဖိုးကပ်(စ)မို့ ပြေလိုလို ကင်မရာ ပညာမကျွမ်းသောသူအတွက်လည်း အလိုအလျောက်



www.burmeseclassic.com

www.burmeseclassic.com



ချိန်ပြီးသား ပုံကောင်းများကို ရိုက်နိုင်ပါ၏။

"ဘယ့်နဲ့လဲ မသဲဖြူရဲ့၊ ကန် ရှုခင်းနောက်ခံနဲ့ ဆရာတို့လည်း အမှတ်တရရိုက်ပေးပါဦး"

"ဟုတ်ကဲ့ ဆရာ၊ ဒါလေးပေါ်အောင် ရိုက်ပြီးရင် ရိုက်ပေးပါ့မယ်"

"ဟင်. . . ထောင်ထားတဲ့ ဆိုင်းဘုတ်ကြီးကို ဘာလို့ဓာတ်ပုံရိုက်နေတာလဲ"

"ဟိုမှာလေ ဆရာ၊ စာတွေဖတ်ကြည့်ပါ"

ငွေတောင်ဆည်။

လုပ်ငန်းဆိုင်ရာ အခြေခံအချက်အလက်များ။

ဇလဗေဒ။

၁-ရေဆင်းဧရိယာ ၂၂ ဒသမ ၁၅ စတုရန်းမိုင်။

၂-တစ်နှစ် ပျမ်းမျှ ရေဝင်. . .

တမံအလျား၊ တမံအောက်ခြေအကျယ်၊ ရေလှောင်ကန်ကန်ရေပြည့်တွင် ရေ အနက် ၃၀ ပေ၊ အဲဒါတွေကို ချလိုက်မှတ်နေရင် အချိန်မရတော့ဘူးလေ ဆရာ၊ ပြီးတော့ တစ်ဆင့်ကူးယူရတာမို့ တိကျချင်မှ တိကျမယ်။ ဒါကြောင့် ဆိုင်းဘုတ်ကြီးတစ်ခုလုံးကို ဓာတ်ပုံတစ်ကွက် ရိုက်ယူပြီး ရန်ကုန်ရောက်မှ ဆေးလိုက်ကူးလိုက်မယ်လေ၊ ဒါမှ ငွေတောင်ဆည်အကြောင်း ရေးတဲ့အခါ အခု မြင်နေရသလို ပြန်မြင်ရအောင်လို့ပါ"

"တော်တယ် မသဲဖြူ၊ မမှားနိုင်တော့ဘူးပေါ့၊ အထ





အကျ ရတာပေါ့"

"ပြေဟာ ပညာတတ်တစ်ယောက် မဟုတ်ဘူးဆိုတာ ဆရာတို့အသိပါ။ ဒါကြောင့် ကိုယ်မသိတဲ့အကြောင်းရာတွေကို ရေးသားတဲ့အခါ မှားသွားမှာ သိပ်ကြောက်ပါတယ်၊ မသိရရင်၊ မတိကျရင် လုံးဝ မရေးရဲပါဘူး"

"မှန်တာပေါ့၊ ကိုယ့်စာမှာ ပေါ့ပေါ့ဆဆရေးလိုက်လို့ မှားသွားရင် ဖတ်သူတွေက အထင်တကြီးနဲ့ အမှန်ပဲထင်ပြီး မှတ်ထားမိရင် စာရေးဆရာမှာ သိပ်အပြစ်ကြီးတာပေါ့"

"ဟုတ်ကဲ့ဆရာ၊ အကြောင်းစုံ ဗဟုသုတတွေလည်း ပါချင်၊ ကိုယ်ကလည်း ပညာမတတ်တော့ ခုလိုကိုယ်တိုင် လေ့လာစာအုပ်များစွာနဲ့ ညှိနှိုင်းပြီးမှ ရေးပါတယ်၊ ဒါတောင် အသေးအမွှား အမှားလေးတွေ ပါကောင်း ပါမယ်ထင်ပါရဲ့၊ ငဲ့ညှာစွာ ခွင့်လွှတ်ပေးကြပါလို့ တောင်းပန်ရပါတယ်"

"ကိုယ့်စာကြောင့် အဆိပ်သင့် မသွားဖို့ပဲ အရေးကြီးတာပါ။ ဟိုမှာကြည့်၊ ဆရာက ဒီတမံရဲ့ ပင်လယ်ရေ မျက်နှာပြင် အမြင့်ဟာ ၂၉၀၀ ပေလို့ ဆရာ စိတ်က မှတ်နေတာ၊ မေ့ချင် မေ့သွားနိုင်တယ်လေ"

"ပြေ ဓာတ်ပုံကူးပြီးရင် ဆရာ့ဆီ လာပို့ပါ့မယ်ဆရာ"

"ပို့ရမှာပဲ. . . ဆရာတို့ကို ရိုက်ပေးထားတာတွေလည်း အများကြီးလေ"

"ဟုတ်ကဲ့. . . စိတ်ချပါ ဆရာ"

"ကဲ. . . သွားကြစို့၊ ဈေးနေ့ ရှုခင်းကြည့်ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ငွေတောင်ဆည်သည် ရေပြင်အကျယ်(ဗျမ်းမျှ) ၂၂၅၀ ပေသာ ရှိပါ၍ မြန်မာပြည်မှ မြောက်နဝင်းဆည်လို၊ ကြက်မောက်တောင်ဆည်လို တခြားသော ဆည်ကြီးများနှင့်စာလျှင်များစွာ သေးငယ်သော်လည်း ဤနီးနားဝန်းကျင်မှ သီးနှံစိုက်ခင်းများကိုမူ ရေဝလင်အောင် သောက်သုံးခွင့် ရရှိစေနိုင်ပါ၏။

မိုးပြဲ ရေကာတာမှလည်း ဧကပေါင်း နှစ်သောင်းကျော် တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်အောင် ရေရရှိလေသည်။

မိုးပြဲသည် ဆည်မဟုတ်၊ ရေကာတာသာ ဖြစ်ပါ၏။ လွိုင်ကော်အနီးမှာပင် ရှိပြီး မိုးပြဲရွာမှ ရေကာတာအရောက် သုံးမိုင် သွားရပါ၏။ ငွေတောင်ဆည် သွားသည့်လမ်းနှင့်သီးခြား ဖြစ်ပါ၏။

မိုးပြဲ ရေကာတာကြီးကို ၁၉၆၈ ခုနှစ်မှ စတင်တည်ဆောက်ခဲ့သဖြင့် ၁၉၇၁ ခု၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် အောင်မြင်စွာ ပြီးစီးပါ၏။

မိုးပြဲရေကာတာ ရောက်ခဲ့စဉ်ကလည်း ကျောက်စာတိုင်လို ခိုင်မာစွာ စိုက်ထူထားသော စာတမ်းများကို ပြေ ဓာတ်ပုံ ရိုက်ယူ ကူးဆွဲပြီးခဲ့ပါပြီ။

လုပ်သားပြည်သူများအတွက် ဖြစ်ထွန်းမည့် အကျိုးကျေးဇူးများ၊

ဆိုသော် စာတမ်းအောက်တွင် လောပိတ ဓာတ်အား





စက်ရုံတွင် (၂၈) မဂ္ဂဝပ် ရှိသော စက် ၅ လုံးကို တစ်နှစ်ပတ်လုံး သည်စေနိုင်ခြင်း။

လွိုင်ကော်မှ အင်းလေးအထိ ရေစူး ၄ ပေရှိ ရေယာဉ်များ သွားလာစေနိုင်ခြင်း။

မိုးပြဲနှင့် လွိုင်ကော်ကြား ဘီလူးချောင်း၏ တဘက်တစ်ချက်ရှိ လယ်မြေများတွင် နှစ်စဉ် ကြုံတွေ့လျက်ရှိသော ရေမြုပ်ခြင်းဘေးမှ ကင်းဝေးစေနိုင်ခြင်း။

ရေလှောင်ကန်အတွင်း ငါးများကို မွေးမြူစေနိုင်ခြင်း။

စသော အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း စာတမ်း ရိုက်ထူထားပါ၏။

မိုးပြဲရေကာတာမှ ရေများ ထိန်းသိမ်းခြင်း၊ ရေများ ထွက်ပေးနိုင်ခြင်းများကြောင့် သဘာဝ၏ ဖျက်ဆီးမှုများကို လူသားတို့၏ အားမာန်ဖြင့် ဟန့်တား ရပ်တန့်စေနိုင်ကြောင်း သိသာတော့ သတ်သေပါပင်။

ဆက်လက်၍ ရေးထိုးထားသော စာတမ်းများတွင်. . .

ရေကာတာနှင့် ပတ်သက်၍ အရေးပါသော ဝိသေသများ၊ ဥပမာ. . . ရေမျက်နှာပြင် အကျယ်အဝန်း ၇၆ စတုရန်းမိုင်၊ ရေကျော်တံခါး ၄ ပေါက်၊ ပင်လယ်ရေ မျက်နှာပြင် အထက် ၂၈၇၇ ပေ ရှိကြောင်းများ စုံစုံလင်လင် ရေးထိုးထားသော စာတမ်းကို ရိုက်ကူးထားသော ဓာတ်ပုံများကြောင့် မြေပြင် စာပေထဲတွင် မမှားမယွင်းအောင် အတိကျ ရေးသားနိုင်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရရှိပါလေမည်။

တည်ဆောက်သူ အင်ဂျင်နီယာများ၏ အမည်များတို လည်း တသီးတသန့် ရေးထိုးထားသည်မှာ ၂၉ ယောက် ရှိပါ၏

ကာလ ဉာဏ လုပ်သားပေါင်း ၂၆၅၆ ဦး ဖြစ်ကြောင် လည်း ဖော်ပြထားပေသည်။

ညနေ သုံးနာရီ ရေတံခါးဖွင့်အမီ ကြည့်ရန်ဟု ဆိုကာ မနေ့ညနေက ရောက်ခဲ့သော အကြောင်းရာများကို ငွေတောင် ဆည်သို့လာရင်း ပြေ တွေးနေမိခြင်းပါ။

ခရမ်းချဉ်သီးများ တင်ပြီး အင်းလေးမှ လှိုင်ကော် အရောက် စုန်ဆင်းလာသော ခရမ်းချဉ်သီး လှေတစ်စင်းသည် ရေကာတာမှတစ်ဆင့် ဝင်လာနေပုံကို ပြေတို့ ကြည့်ခဲ့ကြရသည်

မှူလချောင်းက ဆယ့်ငါးပေနက်ပြီးသားကို ၂၇ ပေအထ ညီအောင် ရေတံခါးတွေကို ဟိုက်ဒရောလစ်ပါဝါနှင့် ဖွင့်ပြ ရေများ ထုတ်လွှတ်ပေးပါ၏။

ရေတံခါးဖွင့်၍ နိမ့်နေသောရေ မြင့်လာအောင် စီးဆင် စေပြီး ညီမှ လှေလေးက တံခါးသုံးဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့် ဝင်၍ လှိုင်ကော်အထိ သွားရပါ၏။

ရေကာတာကြီး၏ စွမ်းအင်နှင့် လည်ပတ်လှုပ်ရှားမှုမျာ ကို အင်ဂျင်နီယာ သဘောတရား ဘာမှ မသိသော ပြေသည် အသေးစိတ်ကိုဖြင့် နားမလည်ခဲ့၊ ရေလမ်းကြောင်း မညီသည်တို ညီပြီး သွားရလာရသည်ဟုလောက်သာ သဘောပေါက်ပါ၏။

မိုးဗြဲရေပြင်တပြန့်ကြီး၏နောက်မှာ တောင်တန်းကြီး ရှိပေ





သည်၊ ထိုတောင်တန်းကြီးနောက်မှာ ဖယ်ခုံမြို့နှင့် ဖယ်ခုံ အင်းကြီး ရှိပါ၏၊ ရေလမ်းမှိုသာ တြန့်ကြာနေခြင်းပါ။ ခရီးကဖြင့် ဝေးလှ။

ရေကာတာ၏ ရှေ့တည့်တည့်မှာ အလုပ်သမားများ နေသော "ထင်းရှူးမြိုင်ရွာ"ခေါ် "ရေလယ်ကျွန်း"ကို အေးချမ်း ငြိမ်သက်စွာ လှမ်းမြင်နေရသည်။

ဤကယားပြည်နယ်သည်. . .

သဘာဝအရ ပေးအပ်ထားသော ရေမြေ တောတောင် များတို ပိုင်ဆိုင်ရုံသာမက နိုင်ငံတော်အစိုးရအနေဖြင့် တည် ဆောက်ပေးထားသော ငွေတောင်ဆည်နှင့် မိုးဗြဲ ရေကာတာ၏ ဆတ်ဝဲ-လက်ယာ တူးမြောင်း စီမံကိန်းများကြောင့် သီးနှံစိုက်ပျိုး ာ တိုးသောင်းကျော်အထိ တိုးတက်လာခဲ့ပါ၏။

စတုရန်းမိုင် ၄၅၃၀ ခန့်သာ ကျယ်ဝန်းသော ကယား ပြည်နယ်၏ ထက်ဝက်ကျော် ဒေသများမှာလည်း. . .

စိမ့်စမ်းများ၊ တောင်တန်းများနှင့် သစ်တောများသာ ွှမ်းနေခဲ့လေသည်။

ထို့ကြောင့် သစ်ထုတ်ရေးမှလည်း ၄၅၉ စတုရန်းမိုင်ထိ ခဲ့ပြီး သစ်တောကြိုးဝိုင်း သတ်မှတ်ရန် အဆိုပြုထားပြီး ပါ၏။

မြန်မာ့ရတနာ တစ်ခုဖြစ်သော ကျွန်းသစ် ၉၂၅ ဧကနှင့် ်မာ ၅၅၀ ဧကကိုလည်း စနစ်တကျ စိုက်ပျိုးထားပြီး ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိတောက်နှင့် ထင်းရှူးများလည်း ထွက်ရှိလေသည်။ ပိတောက်တန်ချိန် ၁၅၀၀ မှ ၂၀၀၀ ခန့်အထိ ထုတ်လုပ်နိုင်ခဲ့ပါ၏။

ကိုလိုနီခေတ်ကပင် သစ်တောဝန် မစ္စတာအိပ်ချ် ဂျက္ကဆင်(Mr. H. Jackson) က. . .

"နှစ်စဉ် တစ်နှစ်လျှင် သစ်လုံးရေပေါင်းများစွာ ခုတ်ယူစေကာမူ သစ်တောကြီး အနည်းငယ်မျှ ဆုတ်ယုတ်နစ်နာဖွယ် ရာ မရှိ"

ဟု အထက်မြန်မာပြည် စစ်တမ်း(Upper Burma Gazetteer and The Shan State)တွင် ကယားပြည်(ကရင်နီ) ကျွန်းသစ်များအကြောင်းကို ဖွဲ့ဆိုရေးသားခဲ့ဖူးပါ၏။

"ပြေ ဘာတွေ ကြည့်နေတာလဲ"

"ရှင်. . . မတင်အေး"

"လမ်းဘေးက တောတောင် ရှုခင်းတွေက လှလိုက်တာ အရင်လိုပဲ ကြည့်ဦး မှတ်ဦးလေ"

"ဪ. . . ဟုတ်ပါရဲ့"

ပြေမှာ ကန္တာရဝတီသို့ မလာမီကပင် ဆုဆောင်းမှတ်သားထားသော အကြောင်းရာများနှင့် ရောက်ပြီးခဲ့သော မိုးဖြူရေကာတာ မှတ်စုများ၊ ဓာတ်ပုံများကို ပြန်သိမ်းပြီး ဘေးပတ်လည်ကို တျိုးကန်းတောင်းမှောက် ကြည့်ရပြန်သည်။

ပြီးတော့ မှတ်စုငယ်ကို ထုတ်ရပြန်ပါ၏။

ဪ. . . သည်လမ်းမျိုးကို သည်လို လာခွင့်ရသော





သည်း ""အသန်းပြေအိုး"" နှင့် ""လေ့လာရေးအိုး"" က ကွာခြားလှ ပါဘိ။

သာမောဖွယ် သဘာဝနှင့် ထိတွေ့ခွင့်ရသော်လည်း လေ့လာရေးမို့ အပန်းဖြေခရီးလို အပန်းမပြေနိုင်ပါလားကွယ်။

ရှမ်းပြည်နယ်၏ ဈေးနေ့ကြီးများလို မစည်ကားလှသော်သည်း အမြင်ဆန်းသော. . .

"ဒီမောဆိုး ဈေးနေ့ရှုခင်း"

ကို ပြေ ငေးမောပြီးနောက် မှတ်တမ်းတင်ဓာတ်ပုံ ရပါ၏။

ရွှေတောင် ငွေတောင်ဆိုသော တောင်ငယ်များ ဝန်းရံနေသည့် မြေညီကွင်းပေါ်မှာ ခင်းကျင်းထားသော ဈေးဆိုင်များ၏ ဈေးဘေးပတ်လည်တွင် တောင်ယာထွက် သီးနှံမျိုးစုံကို နွားလှည်းများနှင့် လာရောင်းကြသည့် ဈေးသည်များနှင့် ချည်ဝိုင်းနေပါ၏။

နွားလှည်းချင်း မနီးမဝေး ညီညီ ရပ်ထားပါသဖြင့် ဈေးငယ်လေးကို လှည်းများဖြင့် ပတ်ဝိုင်းထားသလို ရှိပါ၏။ ပြင်းလှည်းများကိုလည်း တွေ့ရသည်။

အမြင်ဆန်းသည်က "ပဒေါင် အမျိုးသမီး" ဈေးသည်နှင့် ဈေးဝယ်များပါ။

တတ်နိုင် တတ်နိုင်သလို ငွေကွင်းများကို လည်ပင်း၌ အဆင့်ဆင့် စွပ်ထားကြသဖြင့် လည်ပင်းကြီးများရှည်ပြီး မျက်နှာခွဲရသော ပဒေါင်အမျိုးသမီးများကို တွေ့ရပါ၏။

ဈေးပေါ်လှသော ငှက်ပျောသီးများကို ပြေ ဝယ်ရင်း ထက်သန်းလုံးခန့် ငွေကွင်းပေါင်း ၂၁ ကွင်းတိတိ စွပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ပဒေါင်အမျိုးသမီးကို ခွင့်တောင်းပြီး ဓာတ်ပုံရိုက်ခဲ့သည်။

သူတို့ ယဉ်ကျေးမှုအရ တစ်မျိုးဆန်းသစ်လှပပါသော်လည်း ပြောသည့် ထိုအမျိုးသမီးကို ကြည့်ပြီး လည်ပင်းအစ်ချင်သလိုလို၊ ဇက်ကြောတွေ တက်လာသလိုလို ခံစားနေရသည်။

ပြည်ထောင်စုပွဲနှင့် ရိုးရာပွဲများတွင် တွေ့ရသော အယဉ်ဆုံး အဝတ်အစားနှင့် ကယားအမျိုးသမီးလှလှလေးများ ဝတ်ဆင်သည့်အတိုင်းပင်။

ကျေးလက်ဒေသနေ ကယားအမျိုးသမီးတို့၏ ဝတ်ဆင်ပုံတူလှပါသော်လည်း. .

အနီရောင်မဟုတ်၊ အားလုံး အမည်းချည်းပါ၊ လက်ပြတ်နှင့် စောင်တိုလေး စည်းခြုံထားပြီး ဒူးပေါ်-ဂျပ်ခုတ်လုံချည်ဝတ်ဆင်၏။ ဒူးပတ်လည်တွင် အမည်းကွင်းပေါင်းများစွာ အထပ်လိုက် စွပ်ထားသည်။ အထက်အောက် ခြုံထည်အားလုံး အမည်းရောင်သာဖြစ်ပါ၏။ နား၊ လည်ပင်းနှင့် လက်တို့တွင် ရောင်စုံပုတီးအလုံးများ အများအပြားမှာ ဆွဲထားပါ၏။ သွားတို့ မည်းနက်နေအောင် ရှောက်သီးစိပ်ကို အကြာကြီးကိုက်ပြီး သစ်ခေါက်ရည်တစ်မျိုး ငုံပြီး ဆိုးလေ့ရှိကြသော "ကယောလူမျိုး" များကိုလည်း ထိုဈေးနေ့တွင် တွေ့ရပါ၏။

"ကဲ. . . ထမင်းချဉ် စားကြရအောင်"

လိုက်ပို့သော စေတနာရှင် "ဆင့်"၏ ဖိတ်ခေါ်သံကြောင့် အသင့်ဖြစ်နေသော ဆိုင်တွင် ဝင်ထိုင်ရပါ၏။





ရှမ်းထမင်းချဉ်ပါပင်။ ဆီချက်နိုင်နိုင်၊ ငရုတ်သီး စပ်စပ်၊ ငရုပ်စိမ်းတလွေးကြီးနှင့် ကြက်သွန်ဖြူ တို့စားရသော ထမင်းချဉ်ကို အရသာနှင့် ပြေတို့ အားပါးတရ စားဖြစ်ကြသည်။

ချမ်းသော ရာသီတွင် ကယားပြည်၏ လက်ဖက်ခြောက်မွှေးမွှေးနှင့် ရေနွေးကြမ်းကို အဝသောက်ဖြစ်သည်။

ထိုဈေးနေ့လေးအကြောင်းကို ပြော၍ ဝတ္ထုတစ်ပုဒ်ပုဒ်မှာ မှတ်တမ်းတင် ရေးသားရပါလေဦးမည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ချိုကယ်ရှာ ..

လှိုင်ကော်မြို့မှ ထွက်ပြီးနောက် ပွန်ချောင်းသို့ ၁၉ မိုင်ဆိုသော လမ်းခွဲမှတ်တိုင်မှ ၃ မိုင်မျှ ဆက်သွားရသော ရွာ. . .

ဒီမောဆိုး ဈေးနေ့မှအပြန် ကားကို အသုံးမပြုတော့ပါဘဲ မြင်းလှည်းလေးနှင့် လာခဲ့ကြသည်။

တံခွန်တိုင်များ စိုက်ထူထားဆဲပါ။ ဤနေရာတွင် နွေရာသီအဆုံး၊ မိုးရာသီအစ ကာလများ၌ ဖိုတိုင် မတိုင်ဟု သတ်မှတ်ထားသည့် ပေနှစ်ဆယ် သုံးဆယ်ခန့် သစ်သားတိုင်ကြီးများ စိုက်ထူထားကြပါ၏။ တိုင်ထိပ်တွင် ဖိုတိုင်အဖြစ်လည်းကောင်း မတိုင်အဖြစ်လည်းကောင်း ဆင်ယင်၍. . .

မိုးကို စောင့်ရှောက်သောနတ်၊ မိုးရေကို ပေးသော နတ်အား ပူဇော်ပသ၍ လယ်ယာသီးနှံများ ကောင်းစွာ ဖြစ်ထွန်းပါစေသတည်းဟူသော ဆန္ဒမွန်များဖြင့် နှစ်စဉ် ကျင်းပလေ့ရှိသော ကယားရိုးရာပွဲတော်. . .

""ကူထိုးဘိုး""

ဤသို့ ရိုးရာနတ်ကို ပူဇော်ပသရင်း အဘိုးအဘွား နတ်တို့အားလည်း ရည်စူးပူဇော်ခြင်းများဖြင့် ကောင်းမြတ်သော အစဉ်





သာကို ထိန်းသိမ်းခြင်း ဖြစ်ပါ၏။

မိမိတို့ လူမျိုးစုအလိုက်၊ ဒေသအလိုက်၊ လွတ်လပ် အေးချမ်းစွာဖြင့် ပျော်ရွှင်စွာ ကခုန်စားသောက်ခြင်း တစ်မျိုး ရာ၊ ပါဝင်ကြသော တိုင်းရင်းသားတိုင်း ပျော်ရွှင် မြူးမြေ့ခြင်းကို ရရှိနိုင်ကြပါသည်။

ဤကူထိုးဘိုး ပွဲတော်အတွက် တံခွန်တိုင်များကို ရွာသား များက နတ်ပေဒင်အရ တောတွင်းမှ သွားခုတ်ခြင်း၊ ရွာသို့ ယ်ယူလာခြင်း. . .

နတ်ဟော်၊ ကူထိုးဘိုး ဗျာစယ်ခေါ် တံခွန်တိုင်ပွဲ အကြီး ကဲ၊ ကြက်ရိုးထိုး၍ ပေဒင်တွက်ပုံ၊ ကြက်ဥဖြင့် ပေဒင်တွက်ပုံ၊ ပသရန် သားငါးများ ချက်ပြုတ်ခြင်း၊ စုပေါင်းစားသောက် ခုန် တီးမှုတ်ကြခြင်း။

စသော အကြောင်းရာ အသေးစိတ်ကို ပြောသည်. . .

ရေးပွဲဝင်ခါနီး ကျောင်းသူတစ်ယောက် စာကြေညက်စွာ က်ထားသည်သို့ အလွတ်ရနေ သိနေပါ၏။

ဝတ္ထုထဲကျလျှင်ဖြင့် ဤကူထိုးပွဲတော်တွင် ကရင်း၊ ခုန်ရင်း ကြသော ကယားအမျိုးသားချင်းဖြစ်စေ၊ မြန်မာနှင့် သားဖြစ်စေ၊ လူငယ်တို့၏ ချစ်လမ်းစများကို လှပစွာ ရေးဖွဲ့ း ကူထိုးဘိုး ပွဲတော်အကြောင်းကို တသီးတသန့် ခန့်ခန့် ညား တင်ပြပါမည်ဟု စိတ်မှ တွေးထားလိုက်သည်။

အကြီးကျယ်ဆုံး ဤယဉ်ကျေးမှု ပွဲတော်အကြောင်းကို င်းပါးများစွာတွင် တွေ့ရှိရပါသည်။ ပြေ လက်ရင်းပြုမိ



www.burmeseclassic.com

www.burmeseclassic.com



သည်က ရှေးဟောင်း သုတေသန ဌာန၊ တိုင်းရင်းသား ယဉ်ကျေးမှုစာစဉ်(၅)မှ ဦးမင်းနိုင်၊ ပြုစုသည့် ကယားတို့ရိုးရာ ကူထိုးဘိုးဆိုသော ကျမ်းငယ်တစ်စောင် ဖြစ်ပါ၏။ လေ့လာခွင့် ရရှိနိုင်အောင် စေ့စုံစွာ တင်ပြထားသဖြင့် လေးစားစွာ ကျေးဇူး တင်မိပါသည်။

"ကျတ်ဂူဆိုတာ ဒီနယ်တဝိုက်မှာပဲနော်"

ဆရာမြတ်က လိုက်ပို့သော ဦးခိုးရယ်ကို အမေး စသည်။

"ဟုတ်ကဲ့. . . ဒီ ချိုကယ်ကနေသွားရင် ပထမ ရသေ့ဂူ ရောက်ပါတယ်၊ ပြီးရင် ကျတ်ဂူပါ၊ ဆယ့်နှစ်မိုင်လောက် ဝေးမယ်"

"သွားလို့မရဘူးလား"

"မသင့်ဘူး၊ သိချင်တာ ကျွန်တော် ပြောပြပါ့မယ်၊ ကျွန်တော် ရောက်ဖူးတယ်"

"ဟုတ်လား၊ ဒါဆို လုပ်စမ်းပါဦးဗျာ၊ ကြားဖူးသူတိုင်း တအံ့တသြ စိတ်ဝင်စားနေကြရတဲ့ ကိစ္စမို့ပါ"

"ဟုတ်ကဲ့. . . ဂူကြီးဟာ သိပ် ရှည်ပါတယ်၊ အထဲမှာ မည်းမှောင်နေလို့ မီးအမျိုးမျိုးနဲ့ သွားကြပေမယ့် အဆုံးထိ မရောက်နိုင်ကြပါဘူး၊ ဒီဂူကြီးဟာ ဘယ်နေရာမှာဆုံးမှန်း ဘယ်သူမှ အခုထိ မသိကြပါဘူး"

"ကျတ် ဆိုတာ သရဲငယ်လေးလို့ ကျွန်တော်တို့ သိမှတ် နေကြပါတယ်၊ အဲဒီဂူမှာ ခေါင်းတွေ ထားတယ်ဆို"

"ဟုတ်ကဲ့. . . ခေါင်းလို့ ပြောရမှာလည်း ခပ်ခက်ခက်





ပါပဲ၊ အရှည် ၂ ပေ ကနေ ဆယ်ပေကျော်လောက် ရှိတဲ့ သစ်သားကြီးတွေကို ခပ်ရှည်ရှည် လုပ်ထားလို့ ခေါင်းပုံသဏ္ဍာန် ဖြစ်နေတာပါ"

"ဆွေးမြေ့နေတဲ့ အလောင်းတွေ ဘာတွေ မတွေ့ရဘူး လား"

"လွန်ခဲ့တဲ့ အနှစ်သုံးဆယ်က လူတွေကတော့ အထဲမှာ လူရိုးပုံသဏ္ဍာန် ခပ်သေးသေးတွေ တွေ့ရဖူးတယ်တဲ့၊ ကျွန်တော် တို့ လက်ထက်မှာတော့ အရိုးတွေ မတွေ့ရတော့ဘူး၊ ကျောက်ဂူ အတွင်းက ကျောက်သားအဆင့်ဆင့် အထပ်ထပ်တွေမှာ အဲဒီ ခေါင်းပုံစံတွေ ရှိနေတာတော့ အခုထိပါပဲ၊ ဂူထဲကလည်း အေးစိမ့် မည်းမှောင်နေသော ကျတ်ရယ်လို့ တကယ်ရှိသလား မရှိသလား၊ ကျွန်တော် မဝေဖန်တတ်ဘူး၊ ကဲ. . . ရွာထဲ သွားကြရအောင်"

ကြားဖူးသူတို့ကိုပင်လျှင် လန့်ကြောက်စေခဲ့သော ကျတ်ဂူ အကြောင်းကို ပြေတို့ သည်မျှနှင့်သာ တင်းတိမ်လိုက်ရပါ၏။

"တစ်ရွာလုံးလည်း တိတ်လို့ပါလား"

ပဲ ပြောင်း စပါး စသည်များ လှန်းနိုင်ရန် စင်အရှည်ကြီး များ ထိုးထားသည့် ကယားတို့၏ အိမ်ကြီးငယ်များကို ကြည့်ရင်း မေးမိသည်။

"တောင်ယာ အားလုံး သွားနေကြတာ"

ရွာ၏ ရိုးသား အေးငြိမ်းသော ပြယုဂ်ပါ။

"သြော်. . . စိတ်ချမ်းသာစရာ ကောင်းလိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



တဲတဲခါးတွေ ဒီလိုပဲ ပိတ်သွားကြတာပဲနော်”

“ဒီနယ်မြေက ကလေးတွေဟာ လယ်ယာစပါးသိမ်းချိန် စိုက်ချိန် ပျိုးချိန်တွေမှာ ကျောင်းမလာနိုင်ကြပါဘူး၊ ဒါကြော ကျောင်းစစ် စာမေးပွဲတွေကို လယ်ယာသီးနှံလုပ်ငန်း နားချိ မျိုးမှာ စစ်ပေးရပါတယ်၊ ဒါမှ ကလေးတွေအတွက်လည်း ပညာ ရေး မလစ်ဟင်းစေမှာပါ၊ ဒါကြောင့် ပြည်မနဲ့ စာသင်ချိန် ကျောင်းပိတ်ချိန်ချင်း ကွာဟနေတတ်ပါတယ်”

“သြော်... လယ်ယာကို အဓိကထားကြတဲ့ တိုင်းရင်း သား ကယားမျိုးနွယ်စုတွေအတွက် မိုးလေဝသ မှန်ပါစေ၊ သီး အထွက် တိုးပါစေ၊ သာယာငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ကြ စေသားကွယ်”

◆ ◆ ◆





“ကဲ... ဒီကျောက်ပြား စက်ရုံကို ဝင်လေ့လာပြီးရင် တော့ လေ့လာရေးကိစ္စ ခဏနားကြပါစို့”

စက်ရုံဝတွင် စောင့်ရင်း ဆရာဦးအောင်မြတ်က ပြုံးရွှင်စွာ ဖြင့်...

“သူဆန်စား ရဲမှုတဲ့ မသဲဖြူရေ ဒီနေ့ည ဟောပြောပွဲ အတွက်လည်း အားလုံး လက်ခံ နှစ်သက်မယ့် စကားမျိုးတွေ ရွေးချယ်တင်ပြကြစို့”

“ဟုတ်ကဲ့ပါ ဆရာ... စင်ပေါ်က အငြိမ့်သမလေး ပြောသလို ရွှေပွဲလာ ပရိသတ်အတွက် ရင်နှစ်ခြမ်း ဖြန်းခနဲ ကွဲပါစေဆိုတာမျိုးပေါ့”

ပြေ၏ အာရုံတွင်းသို့ ဟောပြောရန် စာကြမ်းထုတ်ပြီး သား၊ မှတ်စုငယ်ရေးပြီးသား၊ အကြောင်းရာကိုပင် ထပ်ဆင့် တွေးလာစေသည်။

“မသဲဖြူနှင့် ခရီးသွားဝတ္ထုများ...”

ခေါင်းစဉ် အောက်မှ အကြောင်းရာများကို ယနေ့ည တိုးစားပမ်းစား တင်ပြ ဟောပြောရင်းဖြင့် ဖိတ်ကြားသူများ၊



www.burmeseclassic.com

www.burmeseclassic.com



နားဆင်ကြသူများ ကျေနပ်နိုင်ကြပါစေဟု ဆန္ဒစောနေဆဲ. . .

"ဒါက အီတလီ ကျောက်ပြားပါ"

အဖြူရောင် နို့နှစ်ရောင်တွင် အကွက်အပြောက် မျိုးစုံနှင့် ချောမွတ် အေးစိမ့်နေသော ကျောက်ပြားငယ်တစ်ခုကို ကိုင်ကြည့်မိသည်။

၁၉၆၂-၆၃ ခုက အီတလီ ပါရဂူငါးဦး အကူညီဖြင့် ဖွင့်သော လှိုင်ကော် ကျောက်ပြားစက်ရုံပါ။

လောပိတနားတဝိုက်တွင် သဘာဝအလျောက် ဖြစ်တည်နေသော ကျောက်တောင်ကြီးမှ ကျောက်များကို ခွဲဖြတ်ယူပြီး ဤကျောက်ပြားစက်ရုံမှ. . .

ကျောက်စားပွဲ၊ ကျောက်ပန်းအိုး ကျောက်ပြာခံခွက် ဘီလီယတ်ခုံ၊ ကြမ်းခင်း ကျောက်ပြား စသည်များကို ထုတ်လုပ်ပေးနေပါ၏။

ကယားပြည်နယ်သည် ငယ်ပင် ငယ်လှသော်လည်း သယံဇာတ ကြွယ်ဝလှချေသည်။

ကျောက်တောင်ပင်လျှင် သုံးမရသော ကျောက်မျိုးမဟုတ်၊ လှပ၍ လူသုံးတုန်ပစ္စည်းအဖြစ် ထုတ်လုပ်နိုင်သော မာဘယ်လ် ကျောက်အမျိုးစား ဖြစ်တည်ထွက်ရှိနေပေသည်။

လှပလှသော လှိုင်ကော်လေဆိပ်။

မင်းတုန်းမင်းကြီးက စောလဖော၊ မင်းအား ချီးမြှင့်သော မော်ကွန်းတိုင်ဖြစ်သည်။ "ကန္တရဝတီမြို့ဝ်" ဆိုသော စာတမ်းထိုးထားသည့် ရွှေတိုင်ကြီးနှင့်. . .





ဖားစည်များ ဝိုင်းဝန်းထားသည့် လွတ်လပ်ရေးကျောက်တိုင်ကြီးကို ကြည့်ရှုပြီး ပြန်ခဲ့ကြတော့သည်။

ပြေတို့ လေ့လာရေးခရီးများမှ အပြန်တွင် ဈေးရှေ့ရှိ ကန္တာရဝတီ တည်းခိုခန်းသို့ ပြန်လာခဲ့ကြသော်လည်း အိပ်ရာခေါ်၌ အိပ်ပျော်အောင် မနားနိုင်ပါ။ လေ့လာခဲ့သည်များ မေ့သွားမှာစိုး၍ ထိုင်ရင်း လှဲရင်းက မှတ်သားလာခဲ့သော မှတ်စုငယ်မှတစ်ဆင့် ပြေ၏ ဒိုင်ယာရီအကြီးမှာ အသေးစိတ် မှတ်တမ်းတင်ရသည်။ ရန်ကုန်ရောက်လျှင် ပြန်လည် ညှိနှိုင်းရန်အတွက် ရှာဖွေရမည့် စာပေအမျိုးအစားများကိုပါ မင်းနီနှင့် တစ်ခါတည်း တေးမှတ်ထားရပါသည်။

ဒေသခံတို့ ပြောကြားသော လေယူ လေသိမ်း အခေါ်အဝေါ်များ၊ အစားအသောက်များကအစ မျက်စိကိုဖွင့်၊ နားတို့စွင့်ပြီး လေ့လာမှတ်သားခြင်းများ ပြီးဆုံးတော့. . .

ယနေ့ည အကောင်းဆုံး ဟောပြောနိုင်ရန်အတွက် အကြံ့ညက်ပါစေရန် ပြင်ဆင်ရပါတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ပြေတို့၏ အစီစဉ်မှာ မပါသော နောက်ထပ် ဟောပြော[illegible] သစ် တစ်ခုအတွက် ပြေသည်. . .

"ကိန္နရီချောင်းခြားအကြောင်း"များကို ဤ ငွေတောင် ပြည်အား အခြေခံလျက် သမိုင်းကြောင်း သုတေသန ရှုထောင့် တင်ပြမည်ဟု ကြံရွယ်ထားပါ၏။

"ကိန္နရီ-ကိန္နရာ"

ကိန္နရီသည် အမ၊ ကိန္နရာသည် အဖို ဖြစ်ပါ၏။

ငယ်စဉ်က အားကျခဲ့ရသော သူတို့နှစ်ဦး၏ ဂန္ထ[illegible] အချစ်သစ္စာ၊

ထွန်းကို ကိန္နရာဖို၊

ပြေက ကိန္နရီမလေးအဖြစ်နှင့် အနှစ် ခုနစ်ရာ မငိုသာ သော်လည်း နှစ်ပေါင်းခုနစ်ဆယ် ငိုရစမ်းပါစေ. . .

ကိန္နရီမလေး ငိုရသော နှစ်ပေါင်း ခုနစ်ရာက အထီးကျ[illegible]





အဖြစ်မျိုးမှ မဟုတ်ပါဘဲ တစ်ညကွဲသော မောင်တော်ကို ပြန်လည်ပိုင်ဆိုင်ခွင့် ရရှိပြီးသည့်နောက်တွင် ကိန္နရာမောင်တော်နှင့် လည်ချင်းယှက်တင် ငိုပွဲဆင်ရသောအဖြစ်ပါ။

သူတို့သက်တမ်းက အနှစ်တစ်ထောင် ရှည်ပါသတဲ့။

ပြေတို့ လူ့သက်တမ်းက အနှစ်တစ်ရာပဲ ထားပါဦး. . .

ကိန္နရီမလေး အနှစ်ခုနစ်ရာ ငိုပါလျှင် ပြေက နှစ်ပေါင်း ခုနစ်ဆယ်မျှ ထွန်း ရင်ခွင်မှာ မျက်နှာအပ်ပြီး ငိုပြလိုက်ပါမည်ဟု ထွန်းကို မေ့မေ့မူးမူး ချစ်ခဲ့ရဖူးသော ငယ်စဉ်ဘဝက ရူးခဲ့ရပုံများကို တွေးရင်း. . .

ဩော်. . . ခုတော့လည်း တစ်ညတာ ဝေးကွာရခြင်း မဟုတ်ပါဘဲ တစ်သက်တာ ခွဲခွာရခြင်းပါလား ထွန်းရယ်။

ရင်သို့ ပြန်လည်ဝင်ရောက်လာသော ကြေကွဲမှု ဝေဒနာတောင်းများကို တွန်းဖယ်ရင်း ပြေသည် လက်လှမ်းမီရာ အုမ်းများနှင့် ဖတ်ရှုလေ့လာပြီးခဲ့သော ပျို့နှင့် ရကန်းများကို ပြန်လည်သုံးသပ်နေရပါ၏။

"ကိန္နရီမောင်နှံ" "စန္ဒကိန္နရီနှင့် ဗြဟ္မဒတ်မင်း" "ဖွေးမယ်နော်နှင့် ငွေတောင်ပြည်" "ကိန္နရီ ညီမ ခုနစ်ဖော်မှ အထွေးဆုံးလေး ကျော့ကွင်းမိပုံ" စသည်များအပြင်. . .

"သုဓနုမင်းသားနှင့် မနောဟရီ" (မူကွဲ) သုဓနု နှင့် မနောဟရာ. . . စသည်တို့မှာ ကိန္နရီမလေးနှင့် လူမင်းသားတို့၏ ချစ်မေတ္တာဖွဲ့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းသည်တို့မှာ အဆင့်ဆင့် ဖြစ်တည်နေသော ရေကန်များနှင့် ငွေတောင်ပြည် တည်ရှိရာအရပ်၌ စတင်ခဲ့လေသည်ဟု ကယားတို့ ဆိုစမှတ်ပြုကြပါ၏။

၎င်းကန္တာရဝတီ ငွေတောင်ပြည်၌ ကိန္နရာ ကိန္နရီတို့ နေထိုင်ကြသော မင်းနေပြည် ဖြစ်ခဲ့ဖူးသည်။

မြင်းမျက်နှာနှင့်ဆင်သော သဏ္ဌာန်ရှိပြီး လူတို့၏ ခြေလက်အင်္ဂါနှင့် ဆင်သည်။ လှပရှုချင်ဖွယ် အဆင်းရှိသည်။ ညက်ညောသော အသားရည်ရှိသည်။ လက်နှစ်ဘက်တွင် အတောင်များရှိ၍ တောင်းကင်မှ ပျံသန်းနိုင်ကြသည်ဟု ဆိုပါ၏။

၎င်းကိန္နရီ ကိန္နရာတို့ ပျော်စံခဲ့ရာ၊ အုပ်ချုပ် စိုးမိုးခဲ့ရာ ငွေတောင်ပြည်မှ အဆင်ဆင့် ဆင်းသက် ပေါက်ပွားလာသူများသည် ကယားလူမျိုးများ ဖြစ်သည်ဟု ကယားအမျိုးသားတို့ ယုံကြည်ကြပါ၏။ ထို့ကြောင့် ကယားအလံတော်၌ ကိန္နရာရုပ်ကို အထိမ်းအမှတ် ထားရှိသည်။

ဟလက'မည်သော မုဆိုး၏ကျော့ကွင်းတွင် မိနေသော ကိန္နရီမလေး 'မနောဟရီ' ကို မုဆိုးက 'သုဓနုမင်းသား'အား ဆက်၏။

သုဓနုက ချစ်ခင်စုံမက် မြတ်နိုးလွန်းစွာဖြင့် မိမိနိုင်ငံ တိုင်းပြည်သို့ ခေါ်ဆောင်ပြီး တင့်တယ်စွာ လက်ထပ်၍ မိဖုရား မြှောက်၏။ နန်းတွင်းမှ ပရောဟိတ် ပုဏ္ဏား၏ ကောက်ကျစ်မှုကြောင့် သုဓနုကို စစ်ထွက်စေပြီး ကိန္နရီမ၏ သွေးဖြင့် ယဇ်





ပူဇော်ရမည်ဟု နိမိတ်ဖတ်၏။ ၎င်းတွင် သုဓနု၏ မယ်တော်က ချွေးမအား သနားသဖြင့် ငွေတောင်ပြည်သို့ ပျံနိုင်သော အစွမ်းရှိသည့် မနောဟရီ၏ မကိုဋ်ကို ပြန်ပေးလိုက်သဖြင့် မနောဟရီမည်သော 'ဒွေးမယ်နော်' ငွေတောင်ပြည် ပြန်လေသည်။

ဇနီးပျောက် သုဓနုမင်းသား၏ ကြေကွဲခန်းက ရင်နင့်ရော။ တောင်စဉ်ခုနစ်သွယ်၊ တောအထပ်ထပ် ချောက်ကမ်းများ အတန်တန်ကို ကျော်ဖြတ်ပြီး သူ့ဇနီးရှိရာသို့ လိုက်လာခဲ့ရာမှ ငွေတောင်ပြည်သို့ ရောက်ခဲ့သည်။ ခရီးက ခုနစ်နှစ်မျှ ကြာလေသည်ဟု ဆိုပါ၏။ နောက်ဆုံးတွင် ဇနီးသည် ကိန္နရီမလေးနှင့် တွေ့ဆုံပြီး ပျော်ရွှင်စွာပေါင်းရသော ဇာတ်သိမ်းနှင့် နိဂုံးချုပ်၏။

ဤသုဓနုဇာတ်တွင် လူယောက်ျားတစ်ယောက်၏ မေတ္တာနှင့် အချစ်ကြောင့် ရရှိခဲ့သော အားမာန်ကိုပြ၏။

စန္ဒကိန္နရီကတော့ သိပြီးဖြစ်သည့်အတိုင်း ကိန္နရီ ကိန္နရာ စုံနှံမှ ကိန္နရီမကို လိုချင်၍ ဗြဟ္မဒတ်မင်းသည် သူ့လင် ကိန္နရာကို လေးနှင့်ပစ်ခွင်းကာ ကိန္နရီမကို တောင်ညာစံ ထားမည်ဟု ပြောကြားပြီး သိမ်းပိုက်ရန် ကြံစည်အားထုတ်၏။

ချစ်လင်မှလွဲ၍ မည်သည့်စည်းစိမ်မှမလိုပါ၊ သူ့ကို သတ်ပစ်ခဲ့ပါဟု ပြောဆိုငိုယိုနေ၍ သိကြားမင်းဆင်းလာကာ ကိန္နရာဖိုကို အသက်သွင်းပေးလိုက်၍ နှစ်ဦးသား ပျော်ရွှင်စွာ ပေါင်းဖက်ရသော ဇာတ်လမ်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤဇာတ်လမ်းမှာ မိန်းမသားတို့၏ ကြီးမားသော သစ္စာတရားကို ပြဆို၏။

ကိန္နရီ ကိန္နရာ မောင်နှံကျတော့ မိုးသက်လေပြင်း ကျသော ညဥ့် တစ်ညတာ ကွဲကွာသွားရပြီး ပြန်တွေ့ရသည့်တိုင် နှစ်ပေါင်း ခုနစ်ရာ ငိုကြသည်ဟူသော ဂန္ထဝင်အချစ်ဖြင့် ဇာတ်သိမ်း၏။

ဤဇာတ်လမ်းတွင်ဖြင့် အတုမဲ့ သံယောဇဉ် နှောင်ဖွဲ့မှုကို ပြဆို၏။

ကယားမြေ ငွေတောင်ပြည်တွင် ဖြစ်ပျက်ခဲ့ကြပေသည် ဟု ဆိုစမှတ်ပြုကြသော အကြောင်းများကို "တွင်းသင်းမင်းကြီး" က ၁၁၅၄ ခုနှစ်တွင် "ဘလ္လာတိယပျို့" အဖြစ်နှင့် လည်းကောင်း၊

"ဝန်ကြီးပဒေသရာဇာ" က "သူဇာပျို့" အဖြစ်နှင့် လည်းကောင်း၊

"ရွှေတောင် နန္ဒသူ" က "ငွေတောင်ရကန်" အဖြစ်နှင့် လည်းကောင်း ရေးသားစပ်ဆိုထားသည့် စာများမှ တချို့ စာကိုယ်တို့သည် ပြေတို့ဖွဲ့ဆိုနေသော ချစ်ခြင်းမေတ္တာမျိုးထက် သာလွန်၍ အတုယူထိုက်ပါ၏။

သက်ချင်းဝေငှ၊ ချစ်မဝနှင့်
လွမ်းစရှက်တွေ၊ ဝေးသည့်ခိုက်ကို၊
တိမ်တိုက်ကသာ၊ ခြိမ့်ခြိမ့်ပါအောင်၊
ဘယ်ညာပတ်ခြုံ၊ မှိုင်းကာအုံလျက်၊
ဆော်လုံမှီးညို၊ အငြိုးသို၍၊
မလိုတမာ၊ ရွာလိုပါလည်း၊
ရွှေလှောင်ယိုးယား၊ သခင်သားနှင့်၊
နှစ်ပါးစုံမှ၊ ရွာပါဘိ။

သန္တာတမျှ၊ ရွှေလက်လှနှင့်၊
ယှဉ်ယဖျော်ပြည့်၊ စမ်းပါလှည့်လော့၊
မှာကြည့်မှာမျှော်၊ ခေါ်လည်းမကြား၊
သွားလည်းမသာ၊ မြစ်သီဒါသည်၊
ဖိလာတန့်တီး၊ ကန့်လန့်ဆီးခဲ့။

ဟူ၍ တွင်းသင်းမင်းကြီး၏ ဘလ္လာတိယပျို့တွင် ကိန္နရီ မောင်နှံတို့၏ မေတ္တာဖွဲ့ကို ဖွဲ့ဆိုသည်။

ပြေမှာ. . . "မြစ်သီဒါသည်၊ ဖိလာတန့်တီး၊ ကန့်လန့်ဆီးခဲ့"

ဆိုသော နေရာကို ထွန်းနှင့်သူ၏ အကြားမှ ဘယ်လိုမှ မသွားနိုင်သော ပညာနှင့် ဂုဏ်ပကာသနဆိုသော မြစ်ကြီး ကန့်လန့်ဆီးခဲ့သည်ဟု ပြန်လည်တွေးမိစရာ ဖြစ်လာသည်။

ဤသုမန မနောဟရီနှင့် ကိန္နရီ ကိန္နရာတို့၏ ဇာတ် ကြောင်းများမှာ မြန်မာပြည်တွင်သာ တင်စားဖွဲ့နွဲ့နေကြသည် မဟုတ်သေး။

အရှေ့တောင်အာရှ နိုင်ငံများ၌လည်း သူ့ဒေသကို အခြေခံ၍ သူတို့ရိုးရာစရိုက်နှင့် နီးစပ်အောင် ပုံဖော်မှု အမျိုးမျိုး ဖြင့် ရေးဖွဲ့တင်ဆက် ကပြ သီဆိုခဲ့ကြသည်ဟု သိရပေသည်။







www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘောဒီးယား၊ ထိုင်း(ယိုးဒယား)၊ လောနိုင်ငံ၊ အိန္ဒိယ
တရုတ်၊ တိဗက်၊ နီပေါ၊ မလေးရှား စသော အာရှနိုင်ငံအသီးသီး
၌လည်း "ဗုဒ္ဓဘာရှိမှသည်" သမိုင်းဝင်ဇာတ်ကြီးတစ်ခုအဖြစ်နှင့်
ပုံစံအမျိုးမျိုး အသက်သွင်းကာ ရေးဖွဲ့နေကြသည်ဟု အထောက်
အထားများအရ သိရှိရပါ၏။

ရာမဇာတ်တော်ကဲ့သို့ပင် အရှေ့တောင်အာရှတခွင်မှာ
မြတ်နိုးစွာ လက်ခံကြသော ဇာတ်လမ်းတစ်ခုပါပင်။

ဘုရားရှင်ကိုယ်တော်တိုင် "မလ္လိကာ" မိဖုရားကြီး
အကြောင်းပြုပြီး "ဘလ္လာတိယ"ဇာတ်တော်ကို ဟောပြောခဲ့သည်
ကိန္နရီ ကိန္နရာ တစ်ည ခြားရုံနှင့် နှစ်ပေါင်း ခုနစ်ရာ ငိုခဲ့ကြသည်
အကြောင်း အတိတ်ဆောင်လေသည်ဟု ဖတ်ဖူးမှတ်ဖူးခဲ့
သည်။

မည်သို့ဆိုစေ...

ကိန္နရီ ကိန္နရာတို့၏ ဂန္ဓဝင်တွင်သော အချစ်၊ သစ္စာ
သံယောဇဉ်၊ စုံမက်မြတ်နိုးမှု၊ မခွဲခွာနိုင်ခြင်း စသော အကြောင်း
များကို ပြေ တင်ပြပါမည်။

ကယား အမျိုးသား သမိုင်း၏ မူလအစ ဖြစ်ပြီး ကယား
ယဉ်ကျေးမှု၏ အဓိကရ ဇာတ်လမ်းကြီးတစ်ပုဒ်ဖြစ်၍ ဤမြေ
ဤအခြေခံအကြောင်းရာကို တင်ပြဟောပြောလျှင် ပရိသတ်
စိတ်ဝင်စားကြပါလိမ့်မည်ဟု ပြေ မျှော်လင့်ပါ၏။

ဩော်... ကိန္နရီမောင်နှံတို့လို ခိုင်မြဲ တည်တံ့သည့်
အချစ်သစ္စာမျိုး ဖြစ်ချင်လွန်း၍...





ထွန်းနှင့် ပြေတို့နှစ်ဦးအတွက်...
ကိန္နရီအချစ် ကိန္နရာမေတ္တာ
ဟု တင်စားဖွဲ့ဆိုခဲ့ဖူးပါသော်လည်း...

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



မွှေ့လျော်ဖွယ် ခံစားမှုများကို ပေးစွမ်းနိုင်သော ဆောင်းဦး နှင်းဝေ နံနက်ကို ပြန်လည်မြင်တွေ့ရသည်။

'ခွဲခွာရခြင်း အဆိပ်ရည်'ကို သောက်သုံးရသည့်နေ့မှစ၍ နှလုံးသည်းပွတ်သည် ကွဲကြေသေဆုံးခဲ့ပါသော်လည်း. . .

အချိန်ကာလ ဆိုသော သမားတော်၏ ကုစားမှုကြောင့် ခန္ဓာသည်မှု ပြန်လည်ရှင်သန်လှုပ်ရှားနိုင်ခဲ့ပါ၏။

ငွေ့ဝေလာသောနှင်းပွင့်မှုန်လေးများသည် တမ်းတဖွယ် အတိတ်ဆီမှ ငယ်ချစ်ဦး၏ အကြောင်းများကို ဆောင်ကြဉ်းသယ်ယူလာခဲ့ကြပြန်ပါသည်။

ပြေ နေခဲ့ရသော တဲလေးလည်းမရှိတော့. . .

အိမ်ကြီးလည်း မီးလောင်သွားခဲ့ပြီ။

ဖြတ်သန်းလာခဲ့သော နှစ်များစွာအတွင်း အရာအား
ပြောင်းလဲခဲ့ချေပြီ။

ပြေသူညီပင်လျှင် မည်သူကမှ မသိကြသော အည
အဝတ်လျှော်သည်မလေး ဘဝမှသည်. . .





အထူးဖိတ်ကြားခံရသော ဧည့်သည်တော်တစ်ယောက်
နေနှင့် ပြန်လည်ရောက်ရှိလာခဲ့ရသည်။

လွိုင်ကော်မြို့၏ စာဆိုတော်ပွဲ စင်မြင့်ပေါ်မှနေ၍ စာပေ
သနာရှင် စာချစ်သူများကို ဟောပြောနေရသော နိုင်ငံကျော်
ရေးဆရာမတစ်ယောက်အဖြစ်နှင့် အသွင်ပြောင်းကာ ဘဝ
ခဲ့ချေပြီ။

ပြေသည် အရင်လို ညိုညိုပိန်ပိန်လေးမဟုတ်တော့၊ ကိုယ်
ပြည့်တင်းလာ၍ စိုဝင်းသောအသားအရည်နှင့် ရင့်ကျက်
သာ အလှရှင်လေးတစ်ဦးလည်း ဖြစ်ခဲ့ပြီ။

ဩော်. . . လူသားတွေနဲ့ လူသားတွေ ဖန်တီးကြတဲ့
ဆောက်အအုံတွေ၊ အခြေနေတွေ၊ အဆင့်အတန်းတွေဟာ
လိုက်မြင့်လိုက် ပျက်စီးလိုက် ဖြစ်ထွန်းလိုက်နဲ့ မတည်မမြဲ
ကြပေမယ့်. . .

ထာဝရ တည်မြဲနေတဲ့အရာ၊ ထာဝရ သစ္စာရှိစွာ ခရီး
တ်နေရှာတဲ့ "ဘီလူးချောင်း"ကတော့ အရင်အတိုင်းပဲ
အေးခြင်းများစွာကို ဝေမျှရင်း စီးဆင်းမြဲပါလားကွယ်။

ပြေသည် တစ်ယောက်တည်း ဘီလူးချောင်းဘေးမှ
တ်လာရင်း "နေရာဟောင်း" လေးများကို တမ်းတစွာ
ည့်နေမိသည်။

ငွေ့ဝေနေသော နှင်းမှုန်လေးများသည် ဘီလူးချောင်း
ချောင်တစ်ခုလုံးကို မှိုင်းမှုန်ဝေသီနေစေသည်။

ပြေ၏မျက်နှာနှင့် မျက်ဝန်းတို့သည်လည်း အတိတ်



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းကြောင့် မှိုင်းညို့ရီဝေလျက်ပါ။

လေးရာကျော်တန် ယုန်မွေးစွယ်တာ အပြာနုလေးကို ဝတ်ပြီး တစ်ရာကျော်တန် ဖိနပ်ကို စီးထားသောခြေဖြင့် နှင်းချည် တို့နှင့် နစ်နေသော ရွက်ခြောက်ကြွေများပေါ်မှ ဖြတ်နင်းလျှောက် ပြေ တရွေ့ရွေ့ လှမ်းတက်လာခဲ့သည်။

တောင်ကုန်းငယ်ပေါ် မြယာပင်ကြီးအောက်ဆီသို့. . .

ဩော်. . . ဒီသစ်ပင်ကြီးဟာလည်း ရွက်ဟောင်းတွေကို ခြွေချလိုက်၊ ရွက်သစ်နုတွေကို ဝေစေလိုက်နဲ့ ဒီအတိုင်းပဲ ရှိနေ ဆဲပါလား။

ပြေ့ဘဝ၏ အရေးအကြီးဆုံးသော တစ်ခုတည်းသော မှတ်တိုင်ကြီးအဖြစ်နှင့် မြယာပင်ကြီးမှာ ထီးထီးမားမား ရှိနေ ဆဲပါ။

ပင်စည်ကိုကိုင်ပြီး အပေးကို မော့ကြည့်လိုက်တော့ နှင်း မှုန်မွှားလေးတို့သည် ပြေ့ပါးပြင်မှာ ကပ်ငြိခိုတွယ်လာကြသည်။

တင်းကျပ်လာသော ရင်ဝေဒနာကြောင့် ပြေ သက်ပြင်းချ မိသည်။

အချစ်၏ ကြီးမားလွန်းသော ထုထည်များကို ပြခဲ့သော နေရာ. . .

အချစ်ဦး၏ ရင်ခွင်သာမှာ အကြည်နူးဆုံး အပြုံးတွေ အတိုင်းမသိ ယစ်မူးခဲ့ရတဲ့နေရာ. . .

အချစ်ဆုံး၏ ပိုင်စိုးမှုဆန္ဒများကို အငြင်းမဲ့ လိုက်လျော ရသည့်နေရာ. . .





နောက်ဆုံး. . .

ပြေ့မျက်ရည်များစွာ စီးမျောခဲ့ရတဲ့နေရာ. . .

ပြေ၏ နှလုံးသည်းပွတ်တို့ တစ်စစီ တစ်စစီ ကြွေပျက် ခြွေကြွခဲ့ရတဲ့နေရာ. . .

"ကို. . . ကွယ်"

ပြေ့မျက်ဝန်းဆီမှာ မျက်ရည်စက်တို့သည် နှင်းစိုမြေ ပေါ်သို့ ကြွေကျသွားပြီးကာမှ ပြေ ပြန်၍ ထိန်းလိုက်နိုင်သည်။

မျက်ရည်တို့ ထပ်မကျဖြစ်တော့။ ခံစားမှုကို ထိန်းနိုင် သည့် ရင့်ကျက်ခြင်းကို ပိုင်ဆိုင်နိုင်ပြီဖြစ်သော်လည်း ဤနေရာ လေးမှ ပြေ မပြန်ချင်သေး။

ကိုမိုနိုလုံချည် အဖြူခံမှာ အပြာရင့်ပွင့် အသစ်နှင့်ပင် ဖြစ်သည် နှင်းစိုမြေပေါ်မှာ ထိုင်ချလိုက်တော့သည်။

ဘယ်သူမှ မမြတ်နိုးကြသော အပြစ်မဲ့ မြက်ပွင့်လေး တစ်ပွင့်ကို နုတ်ခူးလိုက်ပြီး ရိုးတံစိမ်းလေးမှ ကိုင်လျက် အမိပ္ပာယ် မဲ့စွာ ဝှေ့လှည့်နေမိသည်။

ဝေးဝေးဆီမှ ဘီလူးချောင်း ရေစီးသံသည် အတိတ်၏ အမ်းတဖွယ် တေးဟောင်းများကို ပြေ့အား ပြန်လည် သီဆို ပြနေသည်သို့ပါ။

မြက်ပွင့်ရိုးတံလေးကို ပါးစပ်မှာ ကိုက်ထားရင်း ပြေသည် အင်အားမဲ့စွာ ပင်စည်ကိုမှီလျက် ရှိနေဆဲ. . .

လှုပ်ခတ်သံ တစ်ခုကြောင့် ပြေ မော့ကြည့်လိုက်တော့ "မှုန်း၏ပုံရိပ်"။



www.burmeseclassic.com

www.burmeseclassic.com



ပြေ နာကျည်းစွာ ပြုံးမိသည်။

"သြော်. . . ငါနဲ့ကွယ်၊ ဒီလောက် ရက်စက်သွားသူရဲ့ အသွင်သဏ္ဌာန်ကို ပြန်ပြီးမြင်နေမိသေးတယ်နော်"

အတွေးထဲမှာ ထွန်း၏ပုံရိပ်ကို လွှဲဖယ်ပစ်လိုက်ရသည်။ စောစောက ပုံစံအတိုင်း ပြေ ပြန်နေပြီး ခဏကြာမှ. . .

"ပြေ"

ကြားရပြန်ပြီ၊ ထွန်း၏အသံ၊ အတွေး အမြင် အကြား အာရုံများမှ ထွန်းကို ဖျောက်ပစ်နိုင်ရန် အားထုတ်နေဆဲ. . .

"ပြေရယ်"

"ပြေ ဒီနေရာကို တကယ်ပဲလာတယ်နော်"

ပြေ လန့်ဖျပ်သွားသည်။ ပြန်လည်မော့ကြည့်လိုက်တော့ တကယ်ပဲ "ထွန်း"

ထွန်း၏အသံမျိုး၊ ထွန်း၏ ရုပ်လွှာမျိုး၊ ဒါပေမယ့် ထွန်းမဟုတ်. . .

"အို. . . ရှင်. . . ရှင်ဘယ်သူလဲဟင်"

"ပြေရယ်"

ပြေ့အတွေးထဲမှာ ပေါ်နေခြင်းမဟုတ်၊ ပြေ့ရှေ့မှ လူစိမ်းတစ်ယောက်ကို ပြေ အလန့်တကြား ကြည့်ပြီး မတ်တတ်ရပ်လိုက်ရသည်။

လူဆင်းရဲတစ်ယောက်. . .

ဟောင်းနွမ်းနေသော အပေါ်စား စွယ်တာ၊ အရောင်လွင့်နေသော လုံချည်ဟောင်း၊ ရာဘာဖိနပ်စုတ် တရံတို





တော်ဆင်လျက် မွဲခြောက်သော အသားအရည်၊ ပိန်ချုံးနေသော ကိုယ်ခန္ဓာနှင့် လူ၏မျက်နှာကို အသေအချာ ကြည့်လိုက်တော့. . .

"ဟင်. . . ထွန်း"

သူက ခေါင်းညိတ်ပြီး လွယ်ထားသည့် လွယ်အိတ်အလေးကို ရင်ခွင်မှာ ပွေ့လိုက်သည်။

"ပြေ့ကို ထွန်း မတွေ့ရပါဘူး ပြေရယ်၊ တွေ့လည်း တွေ့ထိုက်တော့ပါဘူး၊ ဒါပေမယ့် ဒီနေရာဟောင်းလေးမှာတော့ ထွန်း အမြဲစောင့်နေမိတယ်"

ပြေသည် 'အံ့သြလွန်း ရောဂါ'ကြောင့် သူများ ရူးသွပ်စွာ တွေးထင်မြင်နေလေသလား၊ အမှန်ပဲ ထွန်းမှ ဟုတ်ရဲ့လား ဟူသော အသိဝင်စိတ်နှင့် အသေအချာ ပြန်ကြည့်ရသည်။

"ထွန်းမှ. . . ထွန်းပါ"

ဒါပေမယ့် မည်းပိန် စုတ်ပြတ်နေသော ဘဝနှင့် ထွန်းမို့. . .

"ပင်းတယ ဆေးရုံမှာ မဟုတ်လား"

"ဘယ်သူလဲ"

"ရှင်လေ. . . ဒေါက်တာနေမင်းထွန်း ဆိုပြီး သတင်းစာ တွေ့ပါတယ်"

"အ. . . ဟား. . . ဟား"

ခြောက်တပ် အက်ကွဲစွာ သူ ရယ်၏။

"ဒေါက်တာ နေမင်းထွန်း တဲ့၊ အဟား. . . ထွန်း



www.burmeseclassic.com

www.burmeseclassic.com



တမ်းတခဲ့ရတဲ့ အဲဒီ နေမင်းကြီးက ထွန်းဘဝကို လောင်ကျွမ်းစေခဲ့ပါပြီ ပြေ. . .၊ တခါတလေ ထမင်း နပ်မှန်အောင် မစားရတဲ့နေ့တွေ အများကြီးပါ. . ."

"အို. . . ထွန်း. . . ထွန်း ဘာမှမပြောချင်တော့ဘူး ပြေပဲ ပြန်နှင့်ပါကွယ်၊ ထွန်း ကြည့်နေပါရစေ"

ထွန်းပါးစပ်မှ မြန်မာစကားများ ပြောနေပါလျှက်နှင့် ပြေ ဘာမှ နားမလည်၍. . .

"နေစမ်းပါဦး၊ ရှင်. . . ဆရာဝန် မဖြစ်ဘူးလား"

"မဖြစ်ခဲ့ပါဘူး ပြေရယ်"

"ဩော်. . . မိန်းမသားတစ်ယောက်ရဲ့ အသည်းနှလုံး ကိုယ်ခန္ဓာနဲ့ ဘဝကိုပါ လဲယူသွားတာတောင် ဆရာဝန် မဖြစ်ဘူးတဲ့လားရှင်"

ထွန်းသည် ပြေ့ကို ဆွေးမြေ့တမ်းတစွာ ကြည့်ပြီး မျက်ရည်တို့ စီးကျလာသည်။ နှုတ်ကမူ ဘာမှမပြော. . .

"မငိုပါနဲ့လေ. . . တစ်ချိန်တုန်းက ကိုယ့်ခြေသလုံးတို့ ဖက်ပြီး ကိုယ့်ခြေရင်းမှာ ပုံလဲကျသွားခဲ့တဲ့ မိန်းကလေး တစ်ယောက်ကို လှည့်မကြည့်ဘဲ စွန့်ပစ်ရဲခဲ့တဲ့ သူရဲကောင်းကြီး တစ်ယောက်ပဲရှင်. . ."

"ဒီထက် ပက်စက်တဲ့ စကားလုံးမျိုးနဲ့ ပြောသင့်ပါတယ် ပြေရယ်. . ."

"နေစမ်းပါဦး. . . ထွန်း ဘာဖြစ်လို့ ဆရာဝန် မဖြစ်ရတာလဲ"





"မဖြစ်ချင်လို့ပါ"

"ဘယ်လို"

"ထွန်းအကြောင်း ဘာမှ မပြောရစေပါနဲ့တော့လားကွယ်. . ."

"ဒေဝီရော"

"ရှိပါတယ်"

"ကလေး ရလား"

"ရပါတယ်"

"ထွန်း ဒီမှာရှိနေမှန်းသိရင် ဒီကိုမလာပါဘူး၊ ပင်းတယမြို့မှာရှိတယ်ပဲထင်နေတာ"

"ထွန်း ဒီမှာလည်း မရှိပါဘူး၊ ဒီမှာလည်း မနေပါဘူး၊ ပြေဒီကိုလာမယ်ဆိုလို့ ထွန်းလမ်းစရိတ်ရှာပြီး လိုက်လာခဲ့တာပါ၊ ဒါပေမယ့် ပြေ့ကို တွေ့ဖို့မဟုတ်ပါဘူး၊ ကြည့်ဖို့ပါ"

ပြေ ထွန်းကို ကြည့်လိုက်တော့ သူ ခေါင်းငုံ့ပစ်လိုက်သည်။ ပွေရှုပ်နေသော ဆံပင်တို့သည် နဖူးပြင်၌ ကျဲဝဲနေ၏။

သူ့အကြောင်းကို မကြားလိုပါ၊ မသိလိုပါ ဆိုသော ပြေသည် တကယ်ရင်ဆိုင်ရတော့လည်း လှည့်ထွက်မသွားဖြစ်. . .

ပြေ့ရင်မှ ယခု ခံစားမှုကို စာရေးကျွမ်းသော ပြေသည်ပင်လျှင် စာဖွဲ့ပြတတ်မည်မဟုတ်။

အံ့သြခြင်းလား၊ စက်ဆုပ်ခြင်းလား၊ ဒေါသလား၊ ကရုဏာလား၊ ရက်စက်နိုင်ခြင်းလား၊ ဥပေက္ခာမပြုနိုင်ခြင်းလား၊



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ၌ အားလုံး ရောယှက် ရှုပ်ထွေးနေသည်။

ထွန်း. . . ဘာဖြစ်လို့ ဒီလိုဘဝ ရောက်နေရတာလဲ ဆိုသော အချက် တစ်ခုကိုဖြင့် ပြေ သိချင်လှသည်။

"လှိုင်ကော်မှာ မနေဘူးဆိုရင် ဘယ်မှာနေကြလဲ"

"အင်းစိန် ဖော့ကန်မှာပါ"

"ထွန်း. . . ဘာလုပ်နေလဲ"

သူ ခေါင်းခါသည်။

"ဒါဆို ဒေဝီလည်း ဆင်းရဲနေမှာပေါ့၊ ဒေဝီရော ထွန်းနဲ့ အတူရှိရဲ့လား"

"ရှိပါတယ်"

"နေပါဦး၊ ဘယ်မှာနေတယ်"

"ဖော့ကန်မှာ. . . အဖေနဲ့"

"ဪ. . . ဟုတ်ပြီ"

အစ်ကိုမြင့်အေးနှင့် အတူပါလာသော ထောင်ထွက်ကြီး ဦးအောင်ထွန်းသည် ထွန်း၏ အဖေတဲ့. . .

"ညက ပြေ့ ဟောပြောပွဲကို ထွန်း ရှေ့ဆုံးက လာပြီး နားထောင်နေပါတယ်"

"ဪ. . . ဪ. . . ကျေးဇူးတင်ပါတယ်၊ ဒီမှာ ထွန်း"

"ပြေ"

"ငါ့မိန်းမထဘီ လျှော်ပေးခဲ့ရတဲ့ ကောင်မတ ကြီးကြီး ကျယ်ကျယ် စင်မြင့်ပေါ် တက်လို့ဆိုပြီး ကန်ချမပစ်ချင်ဘူးလား





ဆင်"

"ပြေရယ်"

"ဆင်းရဲတဲ့အပြစ်ကြောင့် စွန့်ပစ်ခံခဲ့ရတဲ့ ပြေဟာ ဘဝ ပြောင်းသွားပြီဆိုတာ ထွန်း မြင်တယ်နော်"

သူ ခေါင်းညိတ်၏။

"ပြေ့ ဘဝ၊ ပြေ့ ရုပ်ရည်၊ ပြေ့ အခြေအနေတွေ ပြောင်း ထဲနေတာကို မြင်ပြီး ထွန်းတို့ မနာလိုဝန်တိုခြင်းတွေ ဖြစ်ချင် နေကြမယ်"

"ပြောပါ ပြေ၊ ပြောပါ"

"ဒါပေမယ့် ကျေနပ်ကြပါရှင်၊ ထွန်း ခြေခဲ့တဲ့ ပြေ့ရင်ထဲ နှလုံးသည်းပွတ်ဟာတော့၊ ဘယ်သောအခါမှ ရှင်သန်နိုင်ခြင်း တဲ့ ကြေကွဲခြင်းတွေနဲ့အတူ ခုလည်း ပြေ့ရင်ထဲမှာ ရှိနေဆဲ ဲ ထွန်းရယ်"

နိုးထလာသော ဝေဒနာဟောင်း၏ ဒဏ်ကြောင့် ပြေ့ တွေ တုန်လာသည်။

"အနိုင်စီးရတဲ့ လူသားတစ်ယောက်ဟာ ကြောက်လှ ည်ရဲ့ ဆိုတဲ့ ကိုယ့်ခြေအောက်က "သားကောင်ကို" အမျိုးမျိုး နဲ့ နှိပ်စက်တတ်ကြတဲ့အထဲမှာ ထွန်းရဲ့ နှိပ်စက်နည်းက အရက်စက်ဆုံးပါပဲ"

ပြေ့မျက်ဝန်းတွင် မျက်ရည်တို့ ပြည့်အိုင်လာသော်လည်း ဖြစ်အောင် ပြေက ထိန်း၏။

ထွန်းကမူ စီးကျဆဲ မျက်ရည်တို့နှင့်အတူ ပြေ့ကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး. . .

"ထွန်းနဲ့ ပြန်တွေ့ရလို့ မြေ ပြန်ခံစားနေရပါပြီကွယ်၊ မြေ ပြန်ပါတော့နော်"

"ရှင် နှင်စရာမလိုဘူး၊ ဒါ လူသားတိုင်း ပိုင်ဆိုင်ခွင့်ရှိတဲ့ မြေကြီးပေါ်မှာ ကျွန်မရပ်နေတာ"

လူသားတို့ ဖြစ်ထွန်းအပ်သော ခံစားမှု အမျိုးပေါင်း များစွာ မြေ့ရင်မှာ တစ်ချိန်တည်း ဖြစ်ထွန်းနေ၏။

"တစ်ချိန်တုန်းက 'ကိုကိုထွန်းရေ' ဆိုပြီး ရှင့်ကို မွေ့ ဝယ်သွားနိုင်တဲ့ ဒေဝီရဲ့ ခေါ်သံကြောင့် ကျွန်မ ထွက်ပြေး ခဲ့ရတာ"

"ကြိုက်သလိုပြောပါ မြေ၊ မြေသာ သတ္တိရှိမယ်ဆိုရင် သိပ် ကောင်းမှာပဲ"

"အခု ကျွန်မက ဘယ်သူ့ကို ကြောက်နေရလို့လဲ၊ ဘယ်သူ့ ကိုမှ မကြောက်တော့ဘူး ကိုဝင်းထွန်းရေ. . . သိရဲ့လား"

"ထွန်း. . . ပြောချင်တာက မြေသာ သတ္တိရှိရင် ထွန်းကို တစ်ခါတည်း သတ်ပစ်ခဲ့စေချင်တယ်"

"ဘာ"

"မြေ့ဘဝကို ထွန်း သတ်ခဲ့တယ်၊ ထွန်းအသက်ကို မြေ သတ်ပါ"

"တကယ် သေချင်ရင် ဒေဝီ့ကို သတ်ခိုင်းပေါ့ရှင့်၊ တရား လာမရှာပါနဲ့၊ ဒီလောက် နှိပ်စက်ရတာ အားမရသေးဘဲ ထောင်ထဲ ဝင်စေချင်သေးလို့လားဟင်"





"ထွန်း. . . မြေ့ကို ဘာမှမပြောလိုတော့ပါဘူး မြေရယ်၊ ဒါပေမယ့် ဒီနေရာက ထွန်း မပြန်ချင်သေးဘူး"

သူသည် မြေ့ကို သေသေချာချာကြည့်ပြီးမှ ဖြည်းဖြည်း ချင်း ကျောခိုင်းလှည့်လိုက်သည်။ ပြီးတော့ မြယာပင်မြစ်ပေါ် မှာ ထိုင်လျက် ဒူးနှစ်ဘက်ပေါ်တွင် ယှက်တင်ထားသော သတ်ပေါ်သို့ မျက်နှာကို မှောက်ချလိုက်သည်။

ထွန်း ငိုနေလေပြီ။

ဒါပေမယ့် ကျိတ်ခဲထားပုံရ၏။ ရှိုက်သံ၊ ငိုကြွေးသံတို့ သံ့ဝ မကြားရ။

မြေသည် ထိုင်မလိုလုပ်ပြီးမှ ပြန်ရပ်လိုက်သည်၊ နာကျည်း ခွယ် စကားတွေနဲ့ ဆက်လက် ချေပနေရကောင်းမလား။

"ဘာဖြစ်လို့ ငိုနေတာလဲ၊ ထွန်းဘဝ ဘာတွေ ဖြစ်ခဲ့သလဲ"

စသည်ဖြင့် မေးကြည့်ရကောင်းမလား။

ဥပေက္ခာ လက်နက်နှင့်ပင် ပစ်သတ်ခဲ့ပြီး ထွက်သွားရ ကောင်းမလား။

အို. . . မြေ ဘာလုပ်ရမှန်းကို မသိတော့။

သံယောဇဉ်ကြိုးသည် အိုဟောင်းဆွေးမြေ့နေပြီ ဖြစ် သော်လည်း ပြတ်တောက်သွားခြင်း မရှိသေးပါလား။

ထွန်းဘေးမှာ သွယ်ကျနေသော လွယ်အိတ်အဟောင်း ပေါ်မှာ သူ တက္ကသိုလ်သွားခါနီး ချစ်သူအတွက် မြေ အနွေး ထည် အသစ်ကလေးကို ရောင်းပြီး ဝယ်ပေးခဲ့ဖူးသော HTUN အချည်ထည့်၍ ယက်လုပ်စေခဲ့သော လွယ်အိတ်လေး. . .



www.burmeseclassic.com

www.burmeseclassic.com



အနွေးထည်မရှိ၍ ကန္တာရဝတီ ဆောင်းဒဏ်ကို လှိမ့်ခံရင်း "ထွန်းအတွက်ပဲလေ"ဟု ကျေနပ်စွာ ဖြေခဲ့ဖူးသော ပြေ. . .

"ယခုချိန်ထိ ဒီလွယ်အိတ်သည် ထွန်းနှင့်အတူ ရှိနေဆဲဆိုပါလျှင်. . ."

ပြေ ဆက်မတွေးချင်တော့။ ဒေဝီ၏ ခင်ပွန်းဆိုသော အသိဖြင့် ထွန်းသည် ပြေ့ကိုလည်း သတိရမနေစေချင်တော့ပါ။

မမျှော်လင့်သော အသွင်သဏ္ဌာန်နှင့် မြင်တွေ့နေရသော ထွန်း ဘာဖြစ်နေလဲ ဆိုသည်များကို သိလိုသောဆန္ဒက ပြင်းဖြလာ၍. . .

"ဒီမှာ. . . ထွန်း"

"ဟင်"

"ထွန်း ဘာလို့ ဆရာဝန် မဖြစ်ရတာလဲ၊ အခု ဘာဖြစ်နေလဲ၊ ဒေဝီနဲ့ ဒေါ်ထိပ်ထားစုတို့ရော. . . ဆိုတာတွေ ပြေ့ကို ပြောပြစမ်းပါ"

သူသည် ငုံ့ထားသည့်ခေါင်း ထောင်မတ်လာသော်လည်း နောက်ဘက်မှ ပြေ့ကို လှည့်မကြည့်ပဲ. . .

"ထွန်း ဘာမှ မပြောပါရစေနဲ့ ပြေ"

ခံစားမှုမျိုးစုံအနက်မှ ဒေါသသည် ထိပ်ဆုံးမှ တက်လာပြီး. . .

"ဒါဖြင့်လည်း ပြီးရော"

သူလည်း လှည့်မကြည့်၊ ပြေလည်း နေရာမှာ ရပ်နေ





ဆဲ. . .

နှစ်ဦးသား၏ နှလုံးခုန်သံသည် တလုံးအနှံ့ ပျံ့မည်ထင်ရ၏။

စုတ်ပြတ်နေသော ထွန်းကို ငုံ့ကြည့်ပြီး ရင်နာရသလို. . . စိတ်ကလည်း နာဆဲပင်။

"ထွန်း"

"ပြေ"

"မေးတာမှ မပြောရင်လည်း ဘာလို့ ထိုင်နေသေးလဲ"

"ဒီမှာ ထွန်း လာပြီးထိုင်နေကျပါ"

"ဒါပေမယ့် အခု ပြေ ရောက်လာပြီလေ၊ ထွန်း စွန့်ပစ်ခန့်ထုတ်ခဲ့တဲ့ မိန်းမတ အနားမှာရှိနေပြီပဲ၊ ဘာလို့ ထိုင်နေတော့မလဲ"

"ထွန်း ဘာလုပ်ရမှာလဲ ပြေရယ်"

"ကျွန်မနားမှာ ရှင် မနေပါနဲ့"

အင်အားမဲ့သူတစ်ယောက် မတန်တဆ ဝန်ကို ထမ်းရသလို သူ လေးကန်စွာ ထသည်။

ပြီးတော့ လှည့်ပြီး ပြေ့ကို တည့်တည့် ကြာမြင့်စွာ ကြည့်သည်။ မျက်ရည်စွန်းနေသော မျက်ဝန်းများမှတစ်ဆင့် ထွန်း စကားတွေ များစွာပြောနေကြောင်း ပြေ သိပါသည်။ ညိုးငယ်လွန်းသော သူ့မျက်နှာသည် အနိမ့်ချဆုံးသော တောင်းပန်ခြင်းမျိုးဖြင့် တောင်းပန်နေဟန်လည်း ရှိပါ၏။

သို့သော်လည်း ထွန်းနှုတ်က စကားတစ်ခွန်းမှ မပြော



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘဲ ပြေ့ကို ကျောခိုင်းလျက်. . .

တောင်ကုန်းမြင့်၏ အောက်ခြေဆီသို့ ဖြည်းဖြည်းချင်း လှမ်းဆင်းသွားရှာတော့သည်။

ဘီလူးချောင်းစီးသံသည် ငိုညည်းသံလို ပြေ့ နားမှာ ချောက်ချားစွာ ကြားလာရသည်။

•

"ပြေ ပြန်ပါတော့နော်"

"ရှင် နှင်စရာမလိုပါဘူး၊ ဒါ လူသား
တိုင်း ပိုင်ဆိုင်ခွင့်ရှိတဲ့ မြေကြီးပေါ်မှာ
ကျွန်မ ရပ်နေတာ"

"ထွန်း ဘာလုပ်ရမှာလဲ ပြေရယ်"
"ကျွန်မနားမှာ ရှင် မနေပါနဲ့"

ပြောခဲ့သော စကားများသည် တောင်နံရံများဆီမှ ပဲ့တင်သံနှင့် ပြန်လာသလို ကြားနေရသည်။

ထွန်း၏ သိမ်မွေ့ နှိမ့်ချလွန်းသော တိုးညင်းသံသာနှင့် ဆန့်ကျင်ဘက်. . .

မောက်မာရင့်သီးသော ပြေ၏ တုံ့ပြန်မှုများ. . .

ပြေ၏စကားကို ဘာတစ်ခွန်းမှ စောဒက မတက်ရှာဘဲ ချက်ချင်း ထွက်ခွာသွားရှာသော ထွန်း။

တကယ်တော့ သူ အရင်ရောက်နေနှင့်တာပါ။





"ထွန်း. . . ထွန်းရေ"

အို. . . ပြေ ဘာတွေပြောလိုက်မိသလဲ၊ ဘယ်လိုအမူရာတွေနဲ့ ဆက်ဆံလိုက်မိသလဲ။

မထင်မှတ်တဲ့နေရာမှာ မယုံရဲစရာ ပုံစံနဲ့ ရုတ်တရက်ကြီး တွေ့လိုက်ရတော့ ပြေလည်း ဘာတွေလုပ်မိ၊ ဘာတွေပြောလိုက်မှန်း မသိတော့ပါဘူးကွယ်. . .

ဩော်. . . တစ်ချိန်က ရင်ထဲ ခွဲထည့်ထားချင်လောက်အောင် ချစ်ခဲ့ရတဲ့ မြတ်နိုးလွန်းခဲ့ရတဲ့ သူတစ်ယောက်ပါ။

သူလည်းလေ. . .

တောင်တွဲစေတီမှာ တို့များ ငယ်ငယ်က ဆုတွေ ဆောင်းဖူးခဲ့သလို 'ပြေ့ကို ထာဝရ ချစ်နေပါရစေ' ဆိုတဲ့ ဆုအတိုင်း ငါ့ကို သူချစ်နေဆဲများလား. . .

"ငါ ပေးဖူးတဲ့ လွယ်အိတ်ကလေးကို လွယ်လို့"

"အို. . . မဟုတ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူးလေ၊ သူဟာ ဒို့ရဲ့ ပိုင်ဆိုင်သူ ခင်ပွန်းသည်. . ."

"ငါ တမ်းတပြီး မနေကောင်းပါဘူး၊ ဒါပေမယ့်. . . ဒါပေမယ့်. . . ထွန်းရယ်"

"ထွန်း. . . ခြွေခဲ့တဲ့ မျက်ရည်စက်တွေဟာ ပြေ့ရင်ထဲက ချာနဲ့ နှလုံးသားပေါ်မှာ ကြွေကျ ကျန်ရစ်ခဲ့သလိုပဲ ခံစားရသားကွယ်"

ဆောင်းနှင်းဥလေးများနှင့်အပြိုင် ပြေ့မျက်ဝန်းတဝိုက်မှာ မျက်ရည်တွေ ခိုသီးလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နိမ့်ကျတဲ့ ဘဝတစ်ခုကို ရောက်နေပြီဆိုတာတော့ ခန့်မှန်း လို့ ရပါပြီ။

အဲဒီလို ဘာကြောင့် ဖြစ်ရတာလဲ။

ထွန်း သိပ် မျှော်လင့်ခဲ့တဲ့၊ သိပ်ဖြစ်ချင်ခဲ့တဲ့ ဆရာဝန် တစ်ယောက် ဘာဖြစ်လို့ မဖြစ်တော့တာလဲကွယ်. . .

ပြေ သိချင်တယ်၊ ပြေ သိပ်သိချင်တယ်. . .

ထွန်းရေ. . .

စင်မြင့်ပေါ်ရောက် ပြေဟာ အောက်ခြေက ထွန်းကို မောက်မာစွာ ဆက်ဆံတယ်လို့ ထွန်း ထင်ရင်လည်း ခွင့်လွှတ် ပေးပါတော့နော်. . .

ဩော်. . . ပြေ့ရဲ့ နှလုံးသည်းပွတ် အသွေးအသား အသက်နဲ့ ခန္ဓာတို့ထက် ပိုပြီး ချစ်မြတ်နိုးခဲ့ရဖူးတဲ့ ပြေ့ရဲ့ ငယ်ချစ်ဦးရေ. . .

ခုတော့. . .

ဘဝတွေ ခြားနေပြီကွယ်. . .

နှလုံးကွဲ ဝေဒနာကို ရင်မှာပိုက်ပြီး ပြေ့ဘဝဟာ အောင် မြင်ခြင်းများနဲ့ အခြေကျနေခဲ့ပါပြီ။

ထွန်းလည်း ထွန်းရဲ့ ဒေဝီနဲ့ သားသမီးတွေနဲ့ ဖြစ်ရာ ဘဝမှာ ပျော်ရစ်ပါတော့လေ. . .

ထိုနေ့က. . .

နေရာဟောင်းလေးမှာ ငယ်ချစ်ဦးနဲ့ ပြန်လည်၍ တွေ့ခဲ့ ရပြီး သည့်နောက်တွင်. . .





မြယာပင်ကြီး၏အောက်မှာ ကြာမြင့်စွာ ထိုင်နေမိသော ပြေ၏မျက်နှာပြင်၌ နှင်းပွင့်နှင့် မျက်ရည်စက်တို့ ရောယှက် သွယ်ကာ စီးဆင်းပါသတည်း။

"ဘိလူးချောင်းရေကို ချိုးလျှင် လှိုင်ကော်မှ မပြန်နိုင်"ဟု ဒေသခံတို့ တင်စားလေ့ရှိသည့် စကားအတိုင်း. . .

"တောင်ကွဲစေတီမှာ ချစ်သူတို့ အတူ ဖူးမိလျှင်လည်း ကွဲတတ်သည်"ဆိုသော အရပ်ပြော စကားပင် မှန်နေလေပြီလား သိ၊ ဒါကို ယုံကြည်စိတ်ကြောင့်ဖြင့် မဟုတ်၊ အခေါက်ပေါင်း ရေတွက်နိုင်အောင် တက်ခဲ့ဖူးသော စေတီတော်ကို ပြေ တက်ချင်တော့၊ ဝေးဝေးကပင် လှမ်း၍ဖူးရန် ဦးချလိုက်မိ သည်။ တောင်ကွဲစေတီသည် ပြေ့ထက် နိမ့်ဝပ်သော အရပ်မှာ ရှိနေသည်။ ယခု ပြေ ရောက်နေသည်က. . .

"လွမ်းစေတီ"

သည်အမည်နှင့် ဘုရားပေါင်းများစွာ မြန်မာပြည် အရပ်ရပ်မှာ ရှိတတ်ကြသည်။ ထိုစေတီကို အကြောင်းအမျိုးမျိုး ကြောင့် လွမ်းတတ်သူတို့ တည်သည်ဖြစ်စေ. . . မဖြစ်စေ. . . တည်ရှိနေရာ နေရာတိုင်းမှာ လွမ်းမောဖွယ်ရာချည်းပါ။

ကြည့်ပါဦး. . .

လှိုင်ကော်မြို့၏ လွမ်းစေတီသည် လှိုင်ကော်အနီးမှ တောင်ကုန်းများတွင် အမြင့်ဆုံး။ အပေါ်စီးမှ မြင်ရသော လှိုင်ကော်မြို့သည် အေးငြိမ်းစွာ လှပနေပါ၏။

တောင်ဘက်ဆီမှ ငွေတောင်ဆည်ကို ပြေ မှန်းခြင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ ခပ်နီးနီး မြင်သာလာသည်။ ပေသုံးထောင်ကျော်
မြင့်သော တောင်ပေါ်မြို့ လှိုင်ကော်လေးမှာ မြို့ကွက်ကျတော့
တပြင်တပြန့်ကြီးပါ။ လွမ်းစေတီပေါ်မှ ကြည့်ရ၍လားမသိ
မြင်ရသော ရှုခင်းတိုင်းက လွမ်းချင်စရာ ခေါင်မိုးနီနီ၊ သစ်ပင်
စိမ်းစိမ်း၊ တောင်တန်းညိုညို၊ တိမ်တောင်ပြာပြာ စသော
ရောင်မျိုးစုံဖြင့် ခြယ်လှယ်ထားသည့် လှိုင်ကော်မြို့သည်
အိပ်စက်နေသည်သို့ပင် ငြိမ်သက်နေပါ၏။

လွမ်းစေတီ တည်ရာ တောင်ကတော့ တောင်ကွဲစေတီ
ကျောက်သားစစ်စစ်မဟုတ်၊ မြေနှင့်ရောသော ကျောက်တော
ပါ. . . ထိုတောင်စွန်းပေါ်မှာ အုတ်ခုံသုံးထပ် ခံပြီး ကိုးတော
စေတီ. . . ထုံးဖွေးဖွေးနှင့် စေတီတော်လေးမှာ အေးငြိမ်းခြင်း
အပေါင်းနှင့် ကြည်ညိုစရာကောင်းလှပါတော့သည်။

ပြေမှာ ဉာဏ်တော်မမြင့်လှသော လွမ်းစေတီတော်
ဝေ့ပတ်ကြည့်ပြီး ပြန်ခါနီး အဖြစ်နှင့် နောက်ဆုံးအကြိမ်
ဖူးမြော်၍. . . .

"ဘာပဲဖြစ်ဖြစ် တပည့်တော်ရဲ့ ချစ်သူဟာ သူ့အိမ်ထော
သူ့မိသားစုနဲ့အတူ ချမ်းမြေ့ခြင်းများကို ပိုင်ဆိုင်ရရှိနိုင်ပါစေ
ဘုရား. . .

မိမိအတွက် ဘာဆုမှ ပန်ခြွေခြင်းမပြုမိ၊ ရင်နာစရာ
တွေ့ရသော ထွန်းအတွက်သာ ပြေလည်ပါစေရန် ပြေ အထေ
ဆုတောင်းပေးမိသည်။

ထွန်းကိုဖြင့် နောက်ထပ် မတွေ့ချင်တော့ပါ။





ပြေနှင့် ရန်ကုန်တည်းက လိုက်လာသော မတင်အေး
ဆင်းသွားနှင့်ပြီလားမသိ၊ ရှာမတွေ့တော့. . . ကိစ္စမရှိပါ၊ နှစ်
များစွာကြာအောင် ကျွမ်းဝင်ထိတွေ့ပြီးသား မြေမို့၊ ပြေ
ည်းဖြည်းသာ လိုက်၍ ဆင်းတော့မည်ဟု စိတ်ကူးပြီး သာမော
သော ရှုခင်းများကို တစ်ပတ် ဝေ့ကြည့်လိုက်သေးသည်။ ပြီးမှ
နပ်ကိုရှာတော့ ထားတဲ့နေရာမှာမရှိတော့. . .

"ဒုက္ခပါပဲ"

ဒီဖိနပ်ဖိုး ငွေသာ ကျပျောက်မည်ဆိုပါလျှင် ပြေ စိတ်ညစ်
မည်မဟုတ်၊ ယခုတော့ ခြေဗလာနှင့် ဈေးအထိ သွားရပေဦး
မည်။

စိတ်ညစ်ညစ်နှင့် ပြေ ပြန်ထလိုက်တော့ လက်နှစ်ဘက်
နှင့် လှမ်းလင့်ပေးနေသော ပြေ့ဖိနပ်ဖြူဖြူလေး. . .

"အို. . . ကန်တော့နော်. . . ဖိနပ် ဘယ်ထားမိမှန်းမသိ
ဘဲ ရှာနေတာ၊ ကျေးဇူးပဲပါရှင်"

ပြေက ဖိနပ်ကို လှမ်းယူ၍ တကယ်လည်း အားနာ၊
တကယ်လည်း ကျေးဇူးတင်စွာ မော့ကြည့်လိုက်ချိန်မှာ. . .

"အားနာစရာမလိုပါဘူးဗျာ. . . မသဲဖြူဟာ ကျွန်တော့်
ကျေးဇူးရှင်ပါ"

"အို. . . "

တကယ်ပင် ရင်ခုန်အောင် ပြေ လန့်သွားသည်။

"မောင်မောင်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ မသဲဖြူ ဒီတိုလာတယ်ဆိုလို့ ဒီမှာပဲ တွေ့ချင်တာနဲ့ တမင်လိုက်လာခဲ့တာပါ"

မြတ်စွာဘုရား. . . ဒီစကားမျိုးအတိုင်း ထွန်းထံမှလည်း ကြားခဲ့ရပါလား။

ပြေ၏ "နှလုံးသားကြွေရာမြေ" မှာ သူတို့နှစ်ဦးနှင့် ဆုံရမည်ဟုသာ ကြိုသိပါလျှင် ပြေ လာဖြစ်မည်မဟုတ်ပါ။

"ကျွန်တော့်ဘဝ ပြောင်းလဲသွားရပုံတွေ မသဲဖြူကို ပြောပြချင်လွန်းလို့ ကျွန်တော့်ကို အချိန်နည်းနည်းလောက် ပေးပါ၊ ဒီမှာပဲ ခဏလောက် စကားပြောကြရအောင်ပါနော်. . . မသဲဖြူ"

"ကျွန်တော့်ဘဝ ပြောင်းလဲသွားရပုံတွေတဲ့" သူ့စကား ကြောင့် သူ့ကိုကြည့်လိုက်တော့ ဂျင်းကုတ်၊ ဂျင်းပဲန် ဝမ်းဆက်နှင့် ဒန်းလော့(ပ) ဝပ်ကင်းရှူးတို ကိုင်လျက်။ သူ့လက်မှာလည်း ဆီကိုနာ့ရီအသစ်နှင့်. . .

ပြေ နည်းနည်းတော့ စိတ်ညစ်သွားသည်။

တခြားအကြောင်း မဟုတ်ပါ၊ လောကကြီးရှိ လူသား တို့၏ လျင်မြန်စွာ ပြောင်းလဲတတ်ကြပုံကိုပါ။

နက်(က)တိုင် တလွင့်လွင့်၊ ရှူးဖိနပ် တဒေါက်ဒေါက်နှင့် ဆေးရုံ၏ ကော်ရစ်ဒါမှာ လျှောက်နေရမည့် ထွန်းက ရာဘာ ဖိနပ်စုတ်နှင့် အဝတ်နွမ်းနှင့်. . .

မိဘမဲ့၊ ဘဝပျောက်လျက် စားဖို့ပင် အနိုင်နိုင် ဆိုသူ ထောင်ဂဏန်းတန် ပစ္စည်းများကို ဝတ်ဆင်လို့ပါလား. . .





တချို့လည်း မွေးဖွားပြီးကတည်းက တသမတ်တည်း ငြိမ်စွာ ဆင်းရဲချမ်းသာ မြဲကြသည်။ တချို့ကျတော့လည်း နိမ့်အမြင့် အပြောင်းလဲ မြန်ကြလွန်းလှပါလား. . .

"အခု ဘယ်မှာနေလဲ"

"ရန်ကုန်မှာပါ၊ ဒေါက်တာ ဦးသက်လွင်ဦးရဲ့အိမ်မှာပါ သဲဖြူ"

"ဝမ်းသာပါတယ်၊ အိမ်က ထွက်သွားတဲ့နေ့က ဘယ်များ သွားပြီလဲလို့ စိတ်ပူမိသေးတယ်၊ နောက်တော့မှ သူ့ဘဝနဲ့သူပဲ ဆိုပြီး. . ."

"မေ့ပစ်လိုက်ရော ဆိုပါတော့"

သဲမောင်မောင် ကြားဖြတ်ဝင်ပြောသော စကားကို ဘာမှ မပြောဘဲ ပြေ ပြုံးနေလိုက်သည်။

လုံးဝ မေ့ပစ်လိုက်နိုင်ခြင်းမရှိဘဲ မကြာခဏ သတိရနေမိ ကြောင်းကိုဖြင့် သူ့ကို မပြောချင်။

"နောက်ဆုံး ပြောပစ်ခဲ့တဲ့ ကျွန်တော့်ရဲ့စကားတွေကြောင့် သဲဖြူ ကျွန်တော့်ကို စိတ်ဆိုးနေပါသလားလို့ သိပ်သိချင် တယ်"

"အဲဒါတွေ ပြန်ရုပ်သိမ်းလိုက်မယ် ဆိုရင်တော့ စိတ်ဆိုး စရာ မရှိပါဘူးလေ. . ."

"ဒါဆို ဝမ်းသာရပါပြီဗျာ၊ ကျွန်တော့်အကြောင်းတွေ ပြောပြချင်လှပြီ မသဲဖြူရယ်၊ အဲဒါတွေ အားလုံးရဲ့ တစ်ခုတည်း သော ကျေးဇူးရှင်ဟာ မသဲဖြူပါဗျာ၊ ကျွန်တော်လေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်"

"ဟုတ်ကဲ့"

"ပြေ အချိန်သိပ်မရဘူး၊ အောက်မှာ အဖော်တွေလည်း စောင့်နေလို့ သွားပါရစေတော့"

"ဟာဗျာ... တွေ့ချင်လွန်း၊ စကားပြောချင်လွန်းလို့ ဒီကို လိုက်ခဲ့ရတာ၊ ခဏလေးအချိန်ပေးပါ မသဲဖြူရယ်"

"ရန်ကုန်မှာ နေတာဆို... ဟိုရောက်မှ ပြောလည်း ဖြစ်ရဲ့နဲ့"

"ကျွန်တော်က နောက်မလာတော့ပါဘူးလို့ အပြီး နှုတ်ဆက်ထားသူမို့ မလာရဲတာ၊ ပြီးတော့ ကျွန်တော် သင်တန်း လည်း ပြီးအောင် တက်ရပါတယ်၊ မတက်လို့မရဘူးလေ၊ အဲဒီဟာ ပြီးတော့မှ လှိုင်ကော်ပြန်ပြီးတော့ သူတို့ပဲ အလုပ်လိုက်ထုတ် ပေးပြီး ကျွန်တော့်ကို ရန်ကုန်ကို ပြန်ခေါ်သွားကြတာ သိပ်တောင် မကြာသေးဘူး"

"ဪ... ဪ"

ဒီမလာခင်လေးတင် ဒေါက်တာသက်ဦးလွင် ဖုန်းဆက် ခြင်းမှာ သည်အကြောင်းပြောရန်ပင် ဖြစ်လေမည်။

"ဒါဆို ဒေါက်တာသက်ဦးလွင် ဇနီးကလည်း ကျေနပ် တယ် ဆိုပါတော့"

"ကျေနပ်ရုံ ဘယ်ကမလဲ မသဲဖြူရယ်၊ အို... ပြောစ စရာတွေ စုံလို့ပါ"

"ဒါဆို ဒီလိုလုပ်လေ"





ပြေက သူ့လက်မှ စိတ်ဇင် ရွှေရောင် နာရီလေးကို ကြည့် လိုက်ပြီး...

"ညနေ ခြောက်နာရီ ကျော်ကျော်လောက် ကန္တာရဝတီ ဟည်းခိုခန်းကို လာခဲ့ပါလား၊ သိတယ်နော်"

"သိပ် သိတာပေါ့ မသဲဖြူရယ်"

"တောင်းပြီလေ၊ ဒါဆိုလည်း အဲဒီကျမှ စကားပြောကြ တာပေါ့၊ ပြေ သွားတော့မယ်"

"ကျွန်တော် ဒီမနက်မှ ရောက်တာ၊ အိမ်က ကိစ္စနဲ့ ခော်လမြိုင် သွားပေးနေရလို့ မနေ့က သိ၊ ဒီနေ့ လိုက်ခဲ့တာ၊ သဲဖြူရဲ့ ဟောပြောပွဲတို့ နားမထောင်လိုက်ရတာ တကယ် စိတ်မကောင်းဘူး၊ ကျွန်တော်သာ ရှိနေရင် ရှေ့ဆုံးက လာ နားထောင်ဖြစ်မှာ"

ထွန်းကို ပြန်လည်သတိရစေသော စကားပါလား။ ထွန်း သည်သို့ပြောစဉ်က နာကျည်းဖွယ် တုံ့ပြန်မှုများနှင့် ချေပခဲ့မိ သည်။

"မသဲဖြူ ကန္တာရဝတီကို ဘယ်အချိန် ပြန်ရောက် မှာလဲဟင်"

"ညနေ ထမင်းစားဖိတ်ထားတဲ့ အိမ်ရှိတယ်၊ ဒေါနိုးကူး နှာမှာ၊ အဲဒီကပြီးရင် ပြန်လာမှာပဲ"

"ဒါဆို ကျွန်တော် စောင့်နေပါမယ်ဗျာ"

"ကဲ... ပြေသွားတော့မယ်နော်"

"ကျွန်တော့်ကို မသဲဖြူ ခုလို လက်ခံစကားပြော



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်၊ သိပ်ဝမ်းသာရပါတယ်ဗျာ၊ ကျွန်တော်လေ. . .”

“ကဲပါလေ. . . ဒါတွေအားလုံး ထားလိုက်ပါတော့၊ ပြေ့စိတ်ထဲမှာ အရင်အတိုင်းပဲ ခင်မင်ဆဲပါပဲ၊ ညနေကျမှပဲ စကားပြောကြရအောင်ပါ၊ ပြေသွားပါရစေတော့”

“ကောင်းပါပြီ မသဲဖြူရယ်၊ ကောင်းပါပြီဗျာ”

လွှမ်းစေတီ တောင်ပေါ်မှ ဆင်းသက်လာသော ပြေ့တို့ ကွယ်ပျောက်သည်အထိ ငေးကြည့်နေရှာမည့် သဲမောင်မောင်ဟူ သူ့ကိုယ်သူ အမည်ပေးထားသော ကြည်သန့်စင်ကြောင်း ခြေလှမ်းများပင် မှားချင်သလိုလို။

တောင်ခြေ၌ စောင့်နေသော မြင်းလှည်းပေါ်၌ မတင် အေး တို့အဖွဲ့ ရှိနေကြသည်။ ဒေသခံတို့သည် တစ်ချိန်က ပြေဒီမှာ နေဖူးသည်ဆိုသည်ကို မသိကြ။ အညတရဘဝမှ ဟိုစဉ်ကလည်း ပြေ့ကို ဘယ်သူမှ မသိခဲ့ကြ၊ ပြေကလည်း ဘယ်သူ့ကိုမှ မတွေ့ချင် အဖြစ်မှန်ကို တိမ်မြှုပ်လို၍လည်း မဟုတ်ပါ။ ရင်ကွဲစရာ အဖြစ်နှင့် စွန့်ပစ်ခဲ့ရတဲ့မြေမို့ ပြန်လည်၍ ထုတ်ဖော်မနေချင်တော့။

“ဟော်နန်းဟောင်း သွားကြည့်ရအောင်နော်”

ငယ်ငယ်က ပြေတို့ မကြာခဏ ရောက်ဖူးခဲ့သော နေရာ မင်္ဂလာလမ်း ရှည်ဖြောင့်ဖြောင့်ကြီးကို ဦးတိုက်နေသည် ကယားပြည်၏ နောက်ဆုံးစော်ဘွား စိုးစံရာ ဟော်နန်းကြီး. . .

ယခုအခါတွင်. . .

အရာအားလုံးသည် ဇရာရုပ်သွင်ဖြင့် ဆင်ယင်ထားလေ





ပြီး ပြုပြင်သူမရှိ၍ အဆောင်ဆောင် အခန်းခန်းဖြင့် လှပ ခမ်းနားစွာ ဖွဲ့စည်းထားပါသော ဟော်နန်းအိုကြီးမှာ နေရာတိုင်း ကျိုးပဲ့ယိုယွင်းနေချေပြီ၊ ခြံဝင်း တစ်ခုလုံးလည်း ချုံနွယ်တို့ဖြင့် ပိတ်ဖုံးနေပါ၏။

အသက်ကိုးဆယ်နီးပါးရှိသော မဟာဒေဝီကြီးကိုပင် ကန်တော့ဆောင်မှာ ကန်တော့ခွင့်မရ၊ မထနိုင်၍ သူ့အခန်း ကျဉ်းမှာ ကန်တော့ကြရသည်။ လောကဓံ၏ သရုပ်ကို ဤ ဟော်နန်းအိုက ပီပြင်စွာ ဖော်ပြနေ၍ တရားတဖူးဖွယ်ရာပါ တကား။

ဟော်နန်းမှအပြန်တွင်တော့ စာပေဟောပြောပွဲသို့ လာ သော ပြေတို့ စာရေးဆရာသုံးဦးအား စာပေလုဝ်သား အဖွဲ့ဝင် ဦးခီးရယ်အိမ်မှ ထမင်း ဖိတ်ကျွေးခဲ့သည်။ အမျိုးသမီး စာရေးဆရာက ပြေတစ်ယောက်တည်းမို့ ပြေ့ကို အထူးတလည် စွာတစိုက် ရှိကြ၍ ကျေးဇူးတင်လှပါသည်။

“စာရေးဆရာဆိုတာ မြန်မာပြည်အနှံ့ ဘယ်သွားသွား ထမင်းစားဖို့ ပူစရာလိုမယ်မထင်ဘူးနော၊ ကျွန်တော်တို့လို တွေ့ချင်လွန်းသူတွေက အများကြီးနေမှာ”

“ဦးခီး ရယ်ပြောတာ ကျွန်တော်တို့လို အဘိုးကြီး စာရေး ဆရာတွေအတွက်တော့ သိပ်မဟုတ်လှဘူးထင်တယ်၊ မသဲဖြူ ဒီလို ငယ်ငယ်ချောချောဆိုတော့ ပိုပြီး. . .”

“အမယ်လေး. . . မထင်ပါနဲ့ ဆရာရယ်၊ ဒီနေ့ညည် တစ်ခါမှ မကြားဖူးပါဘူး၊ မှောင်ခိုလာချသူတွေက နည်းအမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဒီလိုပဲ လိမ်နေကြတာပဲဆိုပြီး နယ်ခြားလမ်းတစ်ခုမှာ အဟောက်ခံခဲ့ရဖူးပါတယ်၊ စာရေးဆရာဆိုတာ မဟုတ်တာတွေ ရေးပြီး မိန်းကလေးတွေ ရည်းစားထားတတ်အောင် လုပ်တာလို့ အခုချိန်ထိ ထင်တဲ့ သက်ကြီးပိုင်းတွေ ရှိနေပါသေးတယ်နော်၊ နေရာတိုင်း ခုလို အစားရ မချောင်ပါဘူး ဆရာရဲ့"

ပြေ့ ဖြေစကားကြောင့် ဝါရင့်စာရေးဆရာကြီး 'ဦးမြတ်အောင်'က သဘောတကျတျနှင့် ရယ်သည်။

ရွှေးဟောင်းသုတေသနဌာနမှ 'ဆရာဝင်း'ကတော့ ပညာရပ်ပိုင်းဆိုင်ရာ ဟောပြောမှုကြောင့် ပို၍ လေးစားကြမည်။

အချစ်ဝတ္ထုသက်သက်သာ ရေးတတ်သော ပြေတို့လို စာရေးဆရာဆိုသည်မှာ မဟာပညာရှင်ကြီး မဟုတ်ရပါ။ ကိုယ့်အမြင်၊ ကိုယ့်အတွေး၊ ကိုယ့်အတွေ့အကြုံအရ လောကတွင် သုံးသပ်မိပုံများကို တင်ပြရင်း ဖျော်ဖြေရေးအပိုင်း ကဏ္ဍအနေနှင့် လူငယ်တို့၏ ချစ်ခြင်းမေတ္တာကို အလှည့်အပြောင်းများစွာနှင့် သီဖွဲ့နေခြင်းသာ ဖြစ်ပါသည်။

ဝတ္ထုစာပေတွင် ပညာတွေ နင့်နေအောင် ပေးနေ၍လည်း မဖြစ်သေးပါ၊ အနုပညာဟူသည့် အဓိပ္ပာယ်ကိုက ခံစားရခြင်းပါ၊ တကယ် လက်ဆုပ်လက်ကိုင်ကြီး ရှိရသော ဒြပ်ဝတ္ထုမျိုးမဟုတ်၊ စိတ်၏ အာဟာရသာ ဖြစ်ချေသည်။

ပညာလိုချင်ရုံသက်သက်ဆိုလျှင်ဖြင့် ပညာရှင်တွေ၏ ဘာသာရပ်ဆိုင်ရာ စာပေအမျိုးအစားပေါင်းများစွာ ရှိပါ၏ ကြည့်ကြပါ။





ဝတ္ထုစာပေတွင်ဖြင့် တစ်ဆင့်ခံ ပညာပေးမှုလွဲ၍ အတုံးလိုက် အတစ်လိုက် ပညာပေး၍ မဖြစ်ပါ။ ဩော်. . . ဒီဇာတ်ကောင်ဟာ ဒီလိုဆိုးခဲ့လို့ ဒီလိုဖြစ်ရတာ၊ သူကတော့ သစ္စာကို တန်ဖိုးထားလို့၊ ရိုးသား ကြိုးစားလို့ ဒီလိုဖြစ်ရတာကို. . . လူ့ဘဝဆိုတာ ဒီလိုဖြစ်တတ် ပျက်တတ်ပါလားဟူ၍ ဖတ်သူတို့ သူသော် ရနိုင်ကောင်းရာ၏။

တစ်ခုတော့ ရှိပါသည်။ ဝတ္ထုနှင့် အကျုံးဝင်ရာ နယ်မြေဒေသတို့တွင်၊ နောက်ခံ ရာဇဝင်မှ အစ ပန်းပွင့်၊ သစ်ပင်တို့၏ အမိုင်းကြောင်းလေးများအထိ သိကြပါစေ ဟူသော စေတနာဖြင့် ကြိုးစားရှာဖွေ မေးမြန်းလေ့လာရေးသားထားကြသည့် နည်းသော စာပေများကိုလည်း ဝတ္ထုစာပေတွင် တွေ့နိုင်ကြပါလိမ့်မည်။

ပြေ့အနေနှင့် ပြုစုသူ အနုပညာရှင်တိုင်းကို လေးစား၍ ထားမသိ၊ ပြေ့စာပေကို လက်ညှိုးထိုးသူ၊ ပစ်ပစ်ခါခါ ဝေဖန်သူမျိုးကို မတွေ့ရ၍ ကျေးဇူးတင်ရပါ၏။ အသစ်ဝင် အနုပညာရှင်တိုင်းကိုလည်း အောင်မြင်စေချင်သည့် စေတနာနှင့် ကိုယ်ချင်းစာစိတ် တကယ်ရှိမိပါ၏။

စီးပွားရေးကဏ္ဍ၊ ပညာပိုင်းဆိုင်ရာ ကဏ္ဍ၊ တီထွင်မှုသည့် လူ့လောက၏ တော်တော်များများ ကိစ္စများကို ကြိုးစားအားထုတ်ခြင်းဖြင့် လုပ်ဆောင် အောင်မြင်နိုင်သော်လည်း. . .

အနုပညာဟူသည် လုပ်ယူ၍မရ၊ ကြိုးစားအားထုတ်ခြင်းဖြင့်လည်း မအောင်မြင်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်လာပြီ ဆိုသည်မှာ အားပေးသူ များလာခြင်း ဖြစ်၏။ အားပေးသူကို ဆွဲယူ၍မရ၊ ငွေနှင့်ဝယ်၍ မဖြစ်နိုင်. . .

ပြုစုသူ၏ ခံစားမှုကို ကူးစက်ဆင့်ပွားကာ ဝေမျှခံစားလာကြသူများသည် အနုပညာရှင်၏ ပရိသတ် ဖြစ်ချေသည်။

အနုပညာရှင်နှင့် သူ၏ ပရိသတ်များ သဟဇာတ မျှစွာ အပေးအယူတည့်ပြီး စာအုပ်များ ရောင်းစွံနေခဲ့လျှင် အနုပညာ၏ သဘောတရားဆိုသည်ကို သင့်မျှစွာ နှလုံးသွင်းလျက် မုဒိတာဖြစ်သင့်ပါသည်ဟု ပြေ ခံယူမိပါသည်။

ပေးကမ်းစွန့်ကြဲခြင်းအပိုင်း၌လည်း ဘယာဆိုသော ဘေးရန်ကြောင့် ပေးရခြင်းနှင့် စေတနာကြောင့် ပေးရခြင်း သဒ္ဒါဟူ၍ နှစ်ပိုင်းရှိ၏။

ဝတ္ထုတစ်ပုဒ်ကို ဘယ်သူ ခြိမ်းခြောက်၍မှ ကြောက်ပြီး ဖတ်ကြရသည်မဟုတ်၊ ကိုယ့်ဆန္ဒ ကိုယ့်အကြိုက်ကြောင့် ငှားဖတ်ကြသော ငွေတစ်ကျပ်စ နှစ်ကျပ် စသည် သဒ္ဒါမည် ပါ၏။

ဤသဒ္ဒါသည် အဆင့်ဆင့်ဖြင့် စာရေးသူထံသို့ ရောက်ရှိလာခဲ့ပါသည်။ သို့ဖြင့် စာရေးသူ၏ စားဝတ်နေရေး ဖူလုံအောင် ပေးကမ်းထောက်ပံ့နေကြသူများမှာ သူ၏ပရိသတ်သာ ဖြစ်ချေသည်။

ဤကျေးဇူးရှင်များ၏ သဒ္ဒါငွေသည် စာရေးဆရာ အတွက် တောင်းမြတ်သော အသက်မွေးမှု သမ္မာအာဇီဝ ဖြစ်သည်ဟု ပြေ ခံယူသည်။





ဤကျေးဇူးတရားကို တုံ့ပြန်သောအားဖြင့် တစ်ထောင့်တစ်နေရာကဖြစ်ဖြစ် အမြတ်ရကြပါစေ၊ ဗဟုသုတ ဖြစ်ပါစေ၊ သံဝေဂ ယူနိုင်ပါစေ ဆိုသော စေတနာများဖြင့် ပြေသည် ကြိုးစားပမ်းစား တုံ့ပြန်လျက် ရှိနေပါကြောင်း ချစ်သော ကျေးဇူးရှင်တို့ သိကြပါစေ၊ ပီတိဝေသော မေတ္တာကို ခံယူရရှိနိုင်ကြပါစေဟု ပြေ ထာဝရ ဆုတောင်းလျက်ပါ။

ပြေ့ ဆန္ဒတွေကို ဆရာကြီး ဦးမြတ်အောင်က ထောက်ခံပြီးချိန်မှာ ဦးခိုးရယ်က. . .

"အနုပညာဆိုတာ ဇာတ်သဘင်ပဲ ဖြစ်ဖြစ်၊ ရုပ်ရှင်ပဲ ဖြစ်ဖြစ်၊ စာပေပဲဖြစ်ဖြစ်၊ သူတို့ ဘာလုပ်နေကြလဲ၊ လုပ်သမျှ ကျွန်တော်တို့က လိုက်ဖြစ်နေရင် အောင်မြင်ပြီ"

"ဦးခိုးရယ်ပြောတာ ကျွန်မ နားမရှင်းဘူး"

"ဒီလို ဒေါ်သဲဖြူရဲ့၊ ရုပ်ရှင်ထဲမှာ စာအုပ်ထဲမှာ ပျော်စရာ တွေ့ရင် ကျွန်တော်တို့က ရယ်ကြတယ်ဗျာ။ လူဆိုးဆို ဒေါသ တွေ ထွက်လို့၊ အဲ. . . လွမ်းစရာကျတော့ ငိုကြရော"

"သြော်. . . ကျွန်မ သဘောပေါက်ပြီ၊ ပြုစု လုပ်ဆောင် သူထံက ကူးစက်ဆင့်ပွားတဲ့ ခံစားမှု ဝေဒနာတွေပေါ့"

"ဟုတ်ပါ့ဗျာ၊ ကျုပ်သမီးက ပြောတယ်၊ ဒေါ်သဲဖြူက အလွမ်းခန်းရေးရင် သိပ်ကောင်းတယ်၊ သမီးတို့ဆို ငိုရော ပေါ့လား"

"ပီတိဖြစ်စရာ ပေမယ့် ကျွန်မ ဝမ်းမသာနိုင်ပါဘူး၊ သူများ တွေ စိတ်ဆင်းရဲအောင် လုပ်လို့ ကျွန်မလည်း စိတ်ဆင်းရဲနေရ



www.burmeseclassic.com

www.burmeseclassic.com



တာ ထင်ပါရဲ့"

"ဝင်ငွေတွေ ဒီလောက် ရနေတာများ စိတ်ဆင်းရဲနေ
သေးသလားဗျာ"

"လူဆိုတာ ကိုယ့်အကြောင်းနဲ့ကိုယ်ပေါ့လေ၊ ကျွန်
စကားမှားသွားရင် တောင်းပန်ပါတယ်၊ ကဲ. . . စားလို့လည်
ကောင်း၊ စကားပြောလို့လည်း ကောင်းပါရဲ့၊ ဒါပေမယ့်
မှောင်တောင် မှောင်ပြီ၊ ပြန်ကြမှ ထင်တယ်ဆရာ"

ဆောင်းရာသီမို့ နေဝင်စောသည်၊ ပြေတို့အုပ်စု မြင်
လှည်းနှင့်ပင် ပြန်ခဲ့ကြသည်။

ဘီလူးချောင်းသည် လှိုင်ကော်မြို့လယ်မှ ဖြတ်စီး
သဖြင့် တစ်မြို့လုံးအတွက် တံတားပေါင်း ခြောက်ခု ထားရှိ
ရသည်။

အလယ်တွင် မြင်းလှည်း၊ ကား၊ ဆိုက္ကား၊ ဆိုင်ကယ်
ဖြတ်ရန် ခပ်ကျယ်ကျယ်ထားပြီး ဘေးနှစ်ဘက်မှာဖြင့် တလံ
သာသာ လူသွားလမ်း ထားပေးသည်။ လူသွားလမ်းကို အသွ
လမ်း အပြန်လမ်း ထားပေး၍ စနစ်တကျ ရှိလှသည်။ ကာ
မြည်းလှည်းတို့ကတော့ တစ်စီးဝင် တစ်စီးထွက် ကြည့်
ရပ်စောင့် ရှောင်ကြရုံသာ။

လှိုင်ကော်မြို့မတွင် ရပ်ကွက်ပေါင်း ၁၃ ခုနှင့် ဖွဲ့စည်
ထားပါ၏။

ချောင်း၏ အရှေ့ဘက်ကမ်းတွင် ကျောက်ပြားစတ်
ရှိရာ "ဒေါ်ဥခူရပ်ကွက်" "နောင်ယား က-ရပ်ကွက်၊ ခ





ပ်ကွက်"နှင့် တိုးချဲ့တွက်သစ် ပါဝင်သော "မင်းစုရပ်ကွက်"
မ်းစု"ရပ်ကွက်နှင့် ယခု ပြေတို့လာသော ဒေါနီးကူရပ်ကွက်"နှင့်
ဒေါနီးကူ တံတား။

ထိုမှ ကူးလာပြီး အနောက်ဘက်ကမ်း ရပ်ကွက်များက
တော့ လောပိတ သွားလမ်း၏ ဟိုဘက် သည်ဘက်မှာ
လောမမ"နှင့် "ဒေါမမရပ်ကွက်"၊ ထိုရပ်ကွက်အတွင်းမှာ ပြေ
ားရောက်ဖူးမြော်ခဲ့သော လွမ်းစေတီနှင့် ဈေးသစ်ကြီး၊ တောရ
ကျောင်းနှင့် သချိုင်းတို့ ရှိပေသည်။

ဈေးပတ်ယာဥ်ဂိတ်နှင့် ယာဥ်ကြီးဂိတ်တို့ရှိရာ "ရွှေတောင်
ပ်တွက်"မှ ရွှေတောင်ဘုရားနှင့်. . .

တောင်ကွဲစေတီရှိရာ "မင်္ဂလာရပ်ကွက်"၏ အနောက်
င်းမှာ ပိုးဇာခြံအုပ်စု ရှိပါ၏။ "မိုင်းလုံးရပ်ကွက်"နှင့် မြို့လယ်
ာရုံကြီးရှိရာ "ဓမ္မာရုံရပ်ကွက်"နှင့် ဈေးပိုင်းဖြစ်သော "ဥတ္တရာ
ပ်တွက်"တို့ စုပေါင်း ဖွဲ့စည်းထားပါသော ကယားပြည်နယ်၏
တော် လှိုင်ကော်သည်. . .

ပြေ ငယ်စဉ်ကထက် ပို၍ စည်ကားလာသော်လည်း
လူးချောင်း စီးနေပုံ၊ လှေများ၊ တံတားများ၊ သစ်ပင်အုပ်
းများနှင့် စနစ်တကျလမ်းများတို့ကြောင့် လှိုင်ကော်သည်
င်လိုပင် သပ်ရပ်စွာ လှပမြဲပါ။

ကန္တာရဝတီ တည်းခိုခန်းမှာပင် ဆရာဦးအောင်မြတ်နှင့်
ာဝင်းတို့က တစ်ခန်း၊ ပြေနှင့် အဖော် မတင်အေးတို့က
ခန်း တည်းခိုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ပြီးလျှင် ဆရာတို့က ပြန်ကြမည်ဖြစ်သော်လည်း မြေကတော့ ကြုံတောင့်ကြုံခဲ ခရီးတစ်ခုဖြစ်သော Conve... ယာဉ်တန်းနှင့် ကြုံ၍ မော်ချီးသို့ လိုက်သွားမည်။ ကူညီပေးပါ... ပြောခဲ့ပြီးပါပြီ။

သို့ပေမယ့်. . .

သူတို့နှစ်ဦးလုံးနှင့် သည်မြေမှာ ပြန်ဆုံနေရသည့်အတွ... စိတ်နှလုံးတို့မှာ နာကျင်စွာ လေးလံလှချေသည်။

◆ ◆ ◆





"ထမင်းစားပြီးခဲ့ပြီပေါ့နော်"

"ဩော်. . . မောင်မောင်ရောက်နေတာ ကြာပြီလား"

"မနက်တည်းကပါ"

သူ့အဖြေအမှားကို မြေ ထောက်ပြမနေတော့ပါ။ ညနေဦး ...ကပင် သူနှင့် လွှမ်းစေတီမှာ တွေ့ခဲ့ပါသေးသည်၊ ညနေ ...တည်းကပါဟု ဖြေသင့်၏။

"ခဏထိုင်ဦးနော်၊ မြေ အဝတ်လဲလိုက်ဦးမယ်"

"အေးနေပြီ၊ အနွေးထည်လည်း ဝတ်လိုက်ပါဦး. . . ...သဲဖြူ"

မြေက ခေါင်းညိတ်ပြီး မြေ၏ အခန်းထဲ ဝင်အံ့ဆဲဆဲ ...တွင်. . .

"အေးအေးဆေးဆေး အနားယူပြီးမှ ထွက်လာပါ မသဲဖြူ ...ချွန်တော်လည်း ဒီမှာနေတာပါ"

"ဟင်. . . ဘာ"

"အခန်းနံပါတ်လေးမှာ ကျွန်တော်လည်း တည်းနေတာ၊ ...ါကြောင့် မနက်တည်းက ရောက်တာလို့ ပြောတာပါ။ နေ့လယ် ...တော့ ကျွန်တော်နေခဲ့တဲ့ အိမ်မှာပါ။ သူတို့ကို အားနာတာ ...စ်ကြောင်း၊ မသဲဖြူလည်း ဒီမှာ ရှိနေလို့. . ."

"ဩော်. . . ဩော်၊ ဒါဆိုလည်း နေဦးပေါ့"

မြေ အခန်းတွင်းသို့ ဝင်ခဲ့ရသည်။

သဲမောင်မောင် သည်မှာ အတူရှိနေခြင်းအတွက် စိတ်... ...ာစ် သလိုလည်း ရှိသည်။ ဝမ်းသာသလိုလည်း ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သြော်. . . . လူသားတို့၏ အတွင်းစိတ်သည် ဖောက်ပြန်တတ် ချေ၏။ လူသားအချင်းချင်း၏ အတွင်းစိတ်ကို သိနိုင်ရန် ခက်ခဲ လွန်းပေမည်၊ မိမိ၏ ရင်တွင်းစိတ်သည်ပင်လျှင် နှစ်မျိုးနှစ်စား ဖြစ်ထွန်းနေတတ်ပါလား။

ပြေသည် တွေးတောခြင်း၊ နွမ်းမောခြင်းများဖြင့် အဘယ် မျှ ကြာအောင် အိပ်ရာထဲ၌ ခွေလှဲနေမိသည် မသိ။

"မသဲဖြူ နေကောင်းပါရဲ့လားခင်ဗျာတဲ့၊ ကျွန်တော် သူ့ကို စောင့်နေတာပါတဲ့"

"ဒီတော့ ဘာပြောလိုက်လဲ မတင်အေး"

"ခေါင်းကိုက်လို့လား မသိဘူး၊ အိပ်ရာထဲမှာ နေတယ်လို့ ပြောလိုက်တယ်"

အခန်းပြင်မှ ပြန်ဝင်လာသော မတင်အေး၏ စကား ကြောင့် ပြေ အိပ်ရာမှ ထလိုက်ရသည်။ တကယ်လည်း ခေါင်း ကိုက်နေပြီ။

ဒါပေမယ့် သဲမောင်မောင်နှင့် ခဏတော့တွေ့မှ ကောင်း ပါမည်လေ။

ပြေ အိပ်ရာမှထပြီး စွယ်တာကို ထပ်ဝတ်လျက် အခန်း ပြင် ထွက်ခဲ့သည်။ အိပ်ခန်းများ ဟိုဘက်ဒီဘက်ထားပြီး အလယ်တွင် ဆက်တီကုလားထိုင်တစ်စုံ ချပေးထားသည်။ တခြားသော တည်းခိုသူများနှင့် သူတို့၏ ဧည့်သည်များ စကား ပြောနေကြပါ၏။ ဆရာမြတ်တို့ ဆရာဝင်းတို့အခန်းမှာ သော့ ပိတ်လျက် တွေ့ရသည်။ အပြင်ထွက်လည်ကြပြီထင်သည်။





ပြေ ထွက်လာတော့ သဲမောင်မောင်က ထ ကြိုသည်။ ထိုင်စရာက သူထိုင်ခဲ့သည့် ခုံတစ်လုံးသာ လွတ်နေသဖြင့်. . .

"အပြင်မှာပဲ ထိုင်ကြရအောင်လေ"

ဈေးကြီးကို မျက်နှာစာပြုထားသော ဝရန်တာ၊ အသာဆောင်မှာ ကုလားထိုင်နှစ်လုံးချပြီး ပြေတို့ ထိုင်မိကြ သည်။

"မသဲဖြူ နေကောင်းရဲ့လားဟင်၊ ကြည့်ရတာ သိပ်နွမ်းနေ သလိုပဲ၊ ခရီးပန်းလို့လား"

"ဒါလည်း ပါမယ်ထင်ပါရဲ့. . . ဒါနဲ့ မောင်မောင် ဘယ်တော့ ပြန်မှာလဲ"

"ကျွန်တော် မသဲဖြူဆီကို လိုက်လာတာပါ၊ တခြား အကြောင်းမရှိပါဘူး"

"သိပြီလေ၊ ဒါပေမယ့်. . . အတူတူပြန်လို့တော့ ဘယ်ဖြစ် ပါမလဲ၊ ပြေက မော်ချီးသတ္တုတွင်း သွားဖြစ်မယ်ထင်တယ်"

"မပြန်နဲ့ဆိုလည်း မလိုက်ပါဘူး မသဲဖြူရယ်၊ ကျွန်တော် ဘယ်လောက်တွေ့ချင်တယ်၊ ကျွန်တော့်အကြောင်းတွေ ဘယ်လိုပြောပြချင်တယ်ဆိုတာတွေကို မသဲဖြူလို ရေးဖွဲ့ပြတတ် ချင်လိုက်တာ"

"ပြေလည်း သိချင်ပါတယ်၊ ဒါပေမယ့် ပြေလေ ဧည့်ဝတ် ကိုသူတွေအတွက် အလိုက်အထိုက် နေနေရပေမယ့် မနေ့က တည်း ပြေ နေရတာ ရင်မချမ်းမြေ့နိုင်တော့ဘူး မောင်မောင် ရေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မသဲဖြူရယ်. . . နေလို့ရော ကောင်းရဲ့လားဟင်"

"လူက ဘာမှမဖြစ်ပါဘူး၊ စိတ်ပါ"

ပြေက သက်ပြင်းချရင်း. . . တွေးတွေးငေးငေး ဖြစ်နေသည်ကို သဲမောင်မောင်က မလွှဲတမ်း စိုက်ကြည့်ရင်း ပြေပြောလာမည့် စကားများကိုသာ စောင့်စားနေရှာသည်။

"ပြေ့အကြောင်း အသေးစိတ် မောင်မောင်ကို ပြောပြခဲ့ပြီးပါပြီလေ"

"ဟုတ်ပါတယ် မသဲဖြူ ခု ဘာဖြစ်လို့လဲဟင်"

ပြေက ခဏငြိမ်သက်နေပြီးမှ. . .

"ပြေ ထွန်းကို ပြန်တွေ့ရတယ်"

"ဟာ"

သူလည်း မထင်မှတ်သောစကားကြောင့် အံ့အားသင့်ပြီးမှ. . .

"သူ. . . သူ ဝင်းတယမှာပဲလား၊ ဒီဆေးရုံကို ပြောင်းလာတာလားဟင်"

ပြေသည် လေးတွဲ့စွာ ခေါင်းယမ်းပြီးမှ. . .

"သူ ဆရာဝန်မဖြစ်ဘူး မောင်မောင်၊ ဆင်းရဲနေရှာတယ်ကွယ်"

ပြေ၏အသံသည် ကရုဏာလှိုင်းကြောင့် တုန်ခါနေသည်ဟု သဲမောင်မောင် သိမှတ်လိုက်ရသည်။

"မသဲဖြူ"





"ဟင်"

"အဲ့ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော် ဘာကူညီရမလဲ ဘာလုပ်ပေးရမလဲ ဟင်"

သဲမောင်မောင်၏ အသံသည်မှ စေတနာ အားမာန်များဖြင့် ပြတ်သားလှချေ၏။

ပြေ လှည့်ကြည့်လိုက်တော့၊ အကြင်နာမျက်ဝန်းကို တွေ့ရသည်။ ပြေ့အတွက် ဘာပဲလုပ်ပေးရ လုပ်ပေးရ ဟူသော ခံနိုင်မှု အင်အားကို သူမျက်နှာ၌ ရှာဖွေတွေ့ရှိရပါ၏။

"ကျေးဇူးတင်ပါတယ် မောင်မောင်ရယ်၊ ဒါပေမယ့်. . . ဘာမှလုပ်ပေးလို့ မရနိုင်တော့ပါဘူးလေ"

"သူ ဒီမှာပြန်နေသလား"

"မဟုတ်ဘူး. . . မောင်မောင့်လိုပဲ ပြေ ဒီလာမယ်ဆိုလို့ လိုက်လာတာ"

"ဪ. . ."

စိတ်ဆင်းရဲနေသည့် မသဲဖြူ၏နှုတ်မှ 'မောင်မောင့်လိုပဲ' ဆိုသော သူ၏အချစ်ဆုံးနှင့် နှိုင်းယှဉ်သော စကားကြောင့် သဲမောင်မောင်၏ အကြည့်က တောက်ပ ဝင်းစိုလာတော့သည်။

"မသဲဖြူ ဒီလို စိတ်ထိခိုက်စေရအောင် သူက ဘာတွေများ ပြောသွားလို့လဲဗျာ"

"သူက ဘာမှမပြောပါဘူး၊ ပြေကချည်းပဲ သူ့ကို နစ်နစ်နာနာ ပြောပစ်လိုက်မိတာ"

"ဒီအတွက် နောင်တရနေသလား"



www.burmeseclassic.com

www.burmeseclassic.com



"နောင်တ ဖြစ်လောက်အောင်တော့လည်း မဟုတ်ပါဘူး ဒါပေမယ့်. . . စိတ်မကောင်းတော့ ဖြစ်မိတယ်"

"မသဲဖြူ ဖြစ်စေချင်တာတွေ သွားဆွေးနွေး ပေးမယ်လေ ကျွန်တော် ကိုဝင်းထွန်းကိုလည်း သိပ်တွေ့ချင်နေပါတယ်"

"သူ့ကို ဘာမှ ဆွေးနွေးစရာမရှိတော့ပါဘူး၊ သူ့ဇနီးနဲ့ ကလေးဆီ သူ ပြန်သွားပြီလားမသိဘူး၊ မောင်မောင်က ထွန်းကို ဘာလို့ တွေ့ချင်ရတာလဲ"

"အရင်တည်းက ကျွန်တော် တွေ့ချင်နေတာပါ၊ အချေ နေ ပေးရင် ပင်းတယတောင် လိုက်သွားမယ်လို့ စိတ်ကူးထား မိတာ"

"ဘာကြောင့်လဲ"

"တွေ့ချင်လို့ပါ"

"တွေ့ချင်တဲ့အကြောင်းက. . . "

"ကျွန်တော် အမှန်အတိုင်းပြောရင် မသဲဖြူ စိတ်ဆိုး မှာလားဗျာ"

"ပြောပါလေ"

"သူ့ကို ဒေါသဖြစ်မိတယ်၊ ဒီလောက်ချစ်တတ်၊ အနစ်နာ ခံတတ်တဲ့ မိန်းမကို ဆင်းရဲခြင်း ပြစ်ချက်ကြောင့် စွန့်ပစ်သွားခဲ့ ပေမယ့် အခု ခင်ဗျားထက် သာနေပြီ၊ ခင်ဗျားထက် နာမည်ကြီး နေပြီ၊ ခင်ဗျားထက် ဝင်ငွေကောင်းနေပြီဗျ ဆိုပြီး သွားချ ပစ်ချင်တာ"

ပြေ၏ အပြုံးယဲ့ယဲ့ကို မြင်ခွင့်ရသည်။





"ခုလို ဆရာဝန်မဖြစ်ဘဲ ဆင်းရဲနေတယ်ဆိုတော့လည်း စိတ်မကောင်းစရာပါပဲ၊ သူ ဘာကြောင့် အဲဒီလို ဖြစ်သွားရ တာတဲ့လဲ"

"မသိဘူး"

"မေးမကြည့်ဘူးလား"

"မေးတယ်။ သူ့အကြောင်း ဘာမှ ပြောမသွားဘူး၊ ပြေကပဲ ပက်ပက်စက်စက်ပြောပြီး နှင်ပစ်လိုက်တာ"

"ဒီကို လာသလား"

"မဟုတ်ဘူး၊ ပြေတို့ တွေ့နေကျ၊ နေရာဟောင်းလေး မှာပါ၊ ပြေ မျက်ရည် ကြွေခဲ့တဲ့နေရာ၊ ဘဝ နွမ်းအိုခဲ့ရတဲ့နေရာ၊ အသည်းနှလုံး ကွဲကြေခဲ့ရတဲ့ နေရာဟောင်းလေးမှာ ပြန်ဆုံ ရတာ"

"မသဲဖြူကလည်း အဲဒီကို သွားတယ်လား"

"ဟုတ်တယ်၊ ထွန်းအရင် ရောက်နှင့်နေတာ၊ ဒါပေမယ့် ပြေ နှင်လိုက်တော့လည်း သူ ထွက်သွားရှာပါတယ်"

"မသဲဖြူရယ်. . . အဲဒီအတွက် သိပ်များ စိတ်ထိခိုက်နေ သလားဗျာ"

"အနာပေါ် တုတ်ကျဆိုတဲ့ စကားကြမ်းလိုပေါ့ မောင်မောင်ရယ်၊ ဒဏ်ရာဟောင်းကို ပြန်နှိုးဆွတော့ ပိုပြီး နာကျင်ရတာပေါ့လေ"

မပီပြင်သော အလင်းရောင်အောက်မှ ပြေ၏ မျက်နှာ နွမ်းလေးကို သူ ငေးစိုက်ကြည့်နေရှာသည်။ သူ့ရင်၌ ပြောချင်



www.burmeseclassic.com

www.burmeseclassic.com



စရာ အပေါင်းနှင့် ပြည့်နှက်နေသော်လည်း ပြေ ဘာစကားမှ မပြောချ သူ မပြောရက်။ သူ့အတွက် ပြေ အနှောင့်အယှက် မဖြစ်စေချင်။

"ကဲ. . . ပြောပါဦး မောင်မောင့်အကြောင်း"

"ထားလိုက်ပါတော့ဗျာ၊ ကျွန်တော် ပြောခဲ့ဖူးပါတယ်၊ ကျွန်တော့်အကြောင်းထက် မသဲဖြူရဲ့အကြောင်းကို ပိုပြီး စိတ်ဝင်စားပါတယ်လို့. . ."

"ထွန်းနဲ့ ပြန်တွေ့ရတာကလွဲလို့ အားလုံးဟာ အရင်အတိုင်းပါပဲ၊ ပိုပြီး စိတ်ဝင်စားစရာ မရှိတော့ပါဘူးလေ၊ ထွန်း ဆရာဝန်မဖြစ်တာ ဘာကြောင့်လဲလို့ သိချင်တာကလွဲပြီး ပြေ့အနေနဲ့ ထွန်းကို ပိုပြီး တမ်းတမနေအပ်တော့ပါဘူး"

"ဗျာ"

"ဪ. . . သူဟာ သားသည်ဖအေ၊ ဒေဝီရဲ့ ခင်ပွန်းလေ၊ ပြေတို့ မြန်မာအမျိုးသမီးတစ်ယောက်အနေနဲ့ ဇနီးရှိသူ တစ်ယောက်ကို စိတ်နဲ့တောင် မပြစ်မှားအပ်ဘူး မဟုတ်လား"

သဲမောင်မောင် ဘာမှ ပြန်လည်မဆွေးနွေး။ သက်ပြင်းချ သံကိုသာ ကြားရသည်။ ပြေသည် သူ့ကိုကြည့်ပြီးမှ သတိတရား တစ်ခု ရလာသည်။ ပြေ့အနေနှင့် ထွန်းကို တမ်းတမနေ အပ်သလို. . .

သဲမောင်မောင်ကိုလည်း ထွန်းကို မျှော်လင့်စရာ မရှိ တော့ပါဆိုသည့် အကြောင်းများ ပြောကြားမနေအပ်။

ငုတ်လျှိုးနေသော ဝေဒနာ ပြန်ပေါ်လာချိန်မို့ သဲမောင်မောင်သည် ချစ်ခွင့်ပန်ထားသူ တစ်ယောက်ပါလား ဆိုသည် များကို ပြေ မေ့လျော့သွားခဲ့ရခြင်းပါ။

"မသဲဖြူ"

"ဟင်"

"ကျွန်တော် သိပ်တွေ့ချင်၊ စကားပြောချင်လွန်းလို့ ခွင့်တောင်းထားတာနဲ့ ထိုင်နေရတာ စိတ်တောင်မကောင်းတော့ ဘူး၊ အခန်းထဲမှာပဲ ပြန်သွားနားနေပါတော့နော်. . . မသဲဖြူ"

"မောင်မောင့်ကို အားနာတာကြောင့်ချည်းမဟုတ်ပါဘူး၊ ပြန်လာကတည်းက ခေါင်းကိုက်လို့ လှဲနေတာ တစ်နာရီလောက် ရှိသွားပြီ၊ အိပ်မရဘဲ ပြန်လှဲမနေချင်သေးလို့ပါ၊ ခေါင်းထဲက သည်း ငြီးစီစီကြီး ဖြစ်နေတယ်"

သူ ထိုင်ရာမှ ထသွားသည်။ ပြေ ထိုင်ကျန်ရစ်ရ၏။ နေ့လယ်ထဲက ခေါင်းကိုက်နေပါလျက် မနားရသေး။ သွားစရာ များ သွားပြီး ထမင်းစားဖိတ်သည့်အိမ်၌လည်း ဆွေးနွေးမှုများ ခဲ့သည်။ စားဝိုင်း စကားဝိုင်း၌ တက်ကြွစွာ ပါဝင်ခြင်းဖြင့် အိမ်ရှင်ကျေနပ်ပါစေရန် ကိုယ့်ဝေဒနာကို ကျိတ်မြိုထားခဲ့ရပါ၏။

ဆယ့်ငါးမိနစ်ခန့်အကြာတွင် သဲမောင်မောင် ပြန်ရောက် လာသည်။

"ဟာ. . . ဘယ်က သွားဝယ်လာလဲ"

"ဒီနားတင်ပါ၊ အိမ်မှာ ခေါင်းကိုက်တယ်ဆိုရင် လိမ္မော် ရည်သောက်တတ်တာ ကျွန်တော် တွေ့ဖူးလို့ပါ"

သူက ပလတ်စတစ်အိတ်တွင်းမှ ရေခဲတုံးကို နှိုက်ထဲ







www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးပြီး လိမ္မော်ရည်ထက်ဝက်ထည့်လျက် ကမ်းပေးသည်။

"ကျေးဇူးပါပဲကွယ်"

ကိုယ် မခိုင်းစေရဘဲ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အတွက် ပြေ တကယ့်ကို ကျေးဇူးတင်မိပြန်သည်။

တကျော့ပြန် ဝေဒနာကြောင့် ရင်နာစရာကိုလည်း ရင်၌ပျိုးထားမနေသင့်တော့ပါ။ ထွန်းနှင့် ပြေသည် ဘဝခြားမြခြားလျက်မို့ နေပါစေတော့ကွယ်။

"ချဉ်ချဉ်အေးအေးလေး သောက်လိုက်ရလို့ ခေါင်းထဲကြည်သွားပြီ၊ တကယ်ကျေးဇူးတင်ပါတယ်နော်"

"လိမ္မော်ရည်လေး တစ်ပုလင်းအတွက်တောင် ဒီလောက်ကျေးဇူးတင်စကားတွေ ထပ်နေရင် ဘဝကြီးတစ်ခုလုံး ပြောင်းလဲသွားလောက်အောင် တယ်တင် ကူညီခဲ့တဲ့ မသဲဖြူကို ကျွန်တော် ဘယ်လိုစကားမျိုးတွေနဲ့ ကျေးဇူးတင်ကြောင်း ပြောရမှာလဲဗျာ"

"မလိုပါဘူး မောင်မောင်ရယ်၊ ပြေ ကူညီခဲ့တာက ကျေးဇူးတင် ခံချင်လို့မှ မဟုတ်တာဘဲ"

"ဒါပေမယ့်ဗျာ"

"ပြေ့ကို ခင်ရင် ကျေးဇူးတင်စကားတွေ ထပ်မပြောပါနဲ့တော့နော်. . . ပြေလေ. . ."

"နှုတ်က ပြောခွင့်မရလည်း သေတဲ့နေ့အထိ ရင်ထဲက ပြောနေမိမှာပါ မသဲဖြူရယ်"

"ဒါတွေ ထားလိုက်စမ်းပါတော့၊ မောင်မောင် ဘယ်လိုဖြစ်သွားရတာလဲ"





"လူသားတစ်ယောက်ရဲ့ ကံကြမ္မာဆိုတာ တစ်ခါတလေတော့လည်း တကယ်ပဲ မယုံနိုင်စရာတောင်းလောက်အောင် ပြောင်းလဲတတ်ပါလားဗျာ"

"မျိုးဆက်သစ် နှစ်ဆင့် သုံးဆင့်လောက်အထိ တည်ငြိမ်နေသူတွေလည်း အများကြီးရှိပါတယ်၊ ဒါပေမယ့် ပြောင်းလဲပြီတော့ ဆိုရင်လည်း အတက်အကျ မြန်တတ်ကြပါတယ်လေ၊ ဘဲ. . . ပြောစမ်းပါဦး၊ ပြေ့ဆီက ပြန်ပြီး ဘာတွေဖြစ်လဲ"

"ခံစားချက်တွေ ပြင်းပျလွန်းလို့ ကျွန်တော် တအား ငိုပစ်ခဲ့တာ မသဲဖြူ အထင်မသေးဘူးလား ဟင်. . .၊ ယောကျ်ားမျက်ရည်ဆိုတာ မများအပ်ဘူးဗျ"

"ထားလိုက်စမ်းပါ၊ ဘဝနာသူချင်းမို့ ပြေ စာနာတတ်ပါတယ်"

"ဒါကြောင့် သာမန် မိန်းမတစ်ယောက်လို ပြေ့ကို ကျွန်တော် မမြင်နိုင်တာပေါ့ဗျာ၊ ကဲပါ. . . ပြေက အမှန်အတိုင်း ပွင့်ပွင့်ပြောရင်လည်း ကြိုက်တာမဟုတ်ဘူး၊ ပြေ့ဆီက အပြန်မှာ ပဲ. . . ကျွန်တော်ဟာ ကန္တာရလွင်ပြင်ကြီးတစ်ခုကို ဖြတ်သွားသလိုပါပဲ၊ လမ်းလည်းမတွေ့၊ အရိပ်လည်း မတွေ့ရသလိုပဲ၊ ဘယ်ရောက်လို့ ရောက်နေမှန်းလည်း မသိဘူး၊ ခြေဦးတည့်ရာ လျှောက်နေမိတာ"

"အင်း. . ."

"ဖြစ်ချင်တော့ ပန်းဆိုးတန်းက သူငယ်ချင်းအိမ်က သူ့ရဲ့ [illegible]တို့နဲ့ သွားတွေ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးတိုက်ကအပြန် တစ်ည ပြေ လိုက်ပို့ခဲ့ရတဲ့အိမ် လား. . ."

"ဟုတ်တယ် မသဲဖြူ. . . ဟုတ်တယ်၊ ကျွန်တော့်ပုံစံ လည်း အဲဒီနေ့က တစ်မျိုးဖြစ်နေပါလိမ့်မယ်၊ ညီလေး သင်တန်း မပြန်ဘူးလား မေးပြီး မပြန်ရင် အစ်ကိုနဲ့လိုက်ခဲ့ရမယ် အတင်းခေါ်သွားတာနဲ့ ပါသွားရော"

"တော်သေးတာပေါ့"

"အဲဒီ တစ်ညလုံး အိပ်မရဘူး၊ ကျွန်တော့်ဘဝ နာကျည်း ရတာထက်ကို မသဲဖြူကို မတန်မရာ စကားတွေ ဆိုခဲ့မိတယ် ဆိုပြီး. . ."

"ဒီအခန်း ဆင်ဆာ ဖြတ်တယ်ကွာ၊ ရှေ့ ဇာတ်လမ်း ဆက်ပြော"

နှစ်ယောက်လုံး ရယ်မောမိကြသည်။ သဲမောင်မောင် အပြုံးက ဝန်းကျင်တစ်ခုလုံး လင်းမတတ် ကြည်ဝင်းလျက်. . .

"အဲဒီနေရာကတော့ တိုတိုပါပဲ၊ အဲဒီ အစ်ကိုက သင်တန်း ကို လိုက်ပို့တယ် ဆိုပါတော့၊ ဟိုရောက်တော့လည်း တာဝန် သင်တန်းရဲ့ သင်ခန်းစာတွေထဲမှာပဲ နှစ်ပစ်လိုက်ပြီး စနေ တနင်္ဂနွေ ဆိုလည်း အပြင်မထွက်တော့ဘူး"

"ပေါ်မလာလို့ တကယ်ပဲ ဝေးလွင့်သွားပြီလားလို့တော စိတ်ပူနေမိသေးတာ"

"လာချင်လိုက်တာမှ မပြောပါနဲ့တော့ သေချင်အော လွမ်းတယ်ဆိုတာ ဒါမျိုးပဲထင်ပါရဲ့၊ ဒါပေမယ့် ကိုယ့်အဖြစ်





ကိုယ်မို့ မလာရဲတော့ဘူးလေ"

"ဆက်စမ်းပါဦး"

"စန်းဒေး တစ်နေ့လယ်မှာ ကြည်သန့်စင်အတွက် ချည် သည်ဆိုလို့ ဝမ်းသာသွားလိုက်တာဗျာ၊ ကျွန်တော့်ဆီ လာမယ့်သူ ဆိုလို့ မသဲဖြူတစ်ယောက်တည်းပဲရှိတာ မဟုတ်လား"

"တကယ်လာတော့ ဒေါက်တာသက်ဦးလွင် ဖြစ်နေရော လား"

"သိပ် ဟုတ်တာပေါ့၊ သူတင် ဘယ်ကမလဲ၊ သူ့ဇနီးပါ လိုက်လာတယ်လေ"

"ဪ. . . သူ့ကြောင့် မောင်မောင့်ဘဝ ဒီလိုဖြစ်ရတယ် ဆိုပြီး စိတ်နာခဲ့ရတဲ့ ဆရာဝန်မပေါ့နော်"

"ဆက် နားထောင်ပါ မသဲဖြူ၊ လူ့ဘဝဆိုတာ မထင်မှတ် တာတွေ ဖြစ်တတ်လွန်းပါတယ်လို့ ပြောခဲ့ပြီနော်"

"ပြေ မှန်းမိပါပြီ၊ အဲဒီမိန်းမက ကလေးမရနိုင်လို့ မောင်မောင့်ကို မွေးစားပါတော့မယ်လို့ ပြောလာတယ်မဟုတ် လား"

"စာရေးဆရာမကြီး ဒီတစ်ချီတော့ အတွေးချော်သွားပြီ ဗျာ၊ ဘယ့်နဲ့ အသက်နှစ်ဆယ်ကျော်အရွယ် ဘယ်ကမှန်းမသိတဲ့ ကောင် တစ်ယောက်ကို သူတို့ရဲ့ စည်းစိမ်ချမ်းသာနဲ့ ပြည့်နေတဲ့ အိမ်ထောင်စုထဲကို မွေးစားသားအဖြစ်နဲ့ သွင်းရဲပါ့မလား သဲဖြူ"

"ဟင်. . . ဒါနဲ့ အခုနေတာ ဆရာတို့အိမ်မှာပဲဆို"

"ဟုတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ပြေ မတွေးတတ်တော့ဘူး. . . မောင်မောင်ပဲ ပြော"

"အဲဒီ ဒေါက်တာ နှင်းလွှာနုဆိုတဲ့ ဒေါ်နှင်းနှင်းဟာ ကျွန်တော့်မိခင် ဒေါ်သင်းသင်းရဲ့ အစ်မအရင်း၊ ကျွန်တော့်ကြီးကြီးအရင်းပဲ မသဲဖြူ"

"ဟာ. . ."

"မသဲဖြူ အံ့ဩသွားပြီနော်"

"အင်း. . . ဒီ တစ်ချီတော့ ကံကြမ္မာရဲ့ လှည့်ပြောင်းပုံလေးက တယ်ပြီး ချစ်စရာကောင်းနေပါလား"

"ဟုတ်တယ် မသဲဖြူ. . . ဟုတ်တယ်"

"ဆက်ပြောစမ်းပါဦး၊ ဘယ်လိုက ဘယ်လို သိသွားကြတာလဲဆိုတာ"

"ဘယ်လိုရမလဲဗျာ၊ မသဲဖြူ စီစဉ်ဆောင်ရွက်ပေးခဲ့တဲ့ ကျေးဇူးကြောင့်ပဲပေါ့"

"လာပြန်ပြီ ဒီကျေးဇူး"

"မပြောလို့ မဖြစ်ဘူးလေ"

"ကဲပါ. . . ပြောစမ်းပါ၊ ပြေ့ဝတ္ထုထဲမှာ ဆိုရင် ဇာတ်ရှိန်တက်ရမယ့်အခန်းပဲ၊ ငါ့တူလေးရယ် ဆိုပြီး ဒေါက်တာ ဒေါ်နှင်းနှင်းက မျက်ရည်တွေဘာတွေ ဝဲပြီး ဇာတ်ကြောင်းဖြစ်ရောလား"

"ဟင့်အင်း. . . အဲဒီအခေါက်က ဘာမှကို ပြောမသွားသေးဘူး"

"ဟင်. . ."





"လာကြည့်ရုံ လာပြီး လေ့လာရုံသက်သက်ပဲ ဖြစ်မှာပေါ့ဗျာ၊ သူတို့ရဲ့ သွေးသားဆိုပေမယ့် တစ်သက်လုံး မမြင်ဖူးခဲ့တဲ့ ကျွန်တော့်ရဲ့ အကျင့်စရိုက်ကို လေ့လာဦးမှာပေါ့လေ၊ ကျွန်တော်ကတော့ ဆရာဟာ ကျွန်တော့်ကို သံယောဇဉ်မကုန်လို့ လာတွေ့ခြင်း သူ့မိန်းမပါ ပါလာတာလို့ ထင်မိတာ"

"ဘယ်လိုက ဘယ်လို သိသွားကြတာလဲ၊ ပြောပါဦး"

"ဒီကိစ္စ သိတာ ဘယ်သူရှိမလဲ၊ ဘုန်းကြီးပေါ့ မသဲဖြူရယ်"

"ဟင်. . . မောင်မောင့် ဦးလေး ဘုန်းကြီးနဲ့ ဘယ်လို ဆက်စပ်မိသွားကြတာလဲ"

"ဒါကြောင့် မသဲဖြူရဲ့ ကျေးဇူးလို့ ပြောတာပေါ့"

"လာပြန်ပြီ၊ လိုရင်းသာ ပြောစမ်းပါ"

"လိုရင်း ပြောရမယ်ဆိုရင်တော့ သူက မသဲဖြူကို သူ့အကြောင်းတွေ ပြောပြခဲ့သလို၊ မသဲဖြူကလည်း ကျွန်တော့်ရဲ့အကြောင်းတွေ သူ့ကို ပြောပြခဲ့တယ်လေ၊ အဲဒီမှာ ဒေါက်တာသက်ဦးလွင်တို့ ဒေါက်တာနှင်းလွှာနုတို့ အကြောင်း ပြောသွားမှာပေါ့"

"ဟုတ်တယ် မောင်မောင်၊ ပြေ အစုံ ပြောပြလိုက်တယ်"

"အဲဒါကို ရအောင် ရှာပြီး သွားတယ်လေ၊ ပြီးတော့ ကျွန်တော့်မိခင် ဒေါ်သင်းသင်းရဲ့ မျိုးနွယ်ဆက်တွေကိုလည်း သူက ဟိုတုန်းတည်းက စုံစမ်းထားဖူးတာတဲ့"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်နှင်းနှင်းရဲ့အိမ်မှာ ဆရာက လိုက်နေတယ်ဆေ
အခုနေတဲ့ ဝင်ဒါမီယာက အိမ်ဟာ ကျွန်တော့်အဘိုးအဘွားရဲ
ဘိုးဘွားပိုင်မြေမို့ ဒီနေရာမှာ နေခဲ့ကြတာ ကြာပြီပေါ့၊ ကျွန်တေ
ဦးလေး ဘုန်းကြီးဟာ ကျွန်တော့်မိခင် အဆက်နွယ်ရဲ့ မြို့ကြီး
လည်း ရောက်အောင်သွားတယ်၊ ဒေါက်တာသက်ဦးလွင်ရဲ
ဆေးတိုက်ကိုလည်း ဝင်တွေ့တယ်တဲ့၊ ကျွန်တော့်ဦးလေးဟာ
ဘုန်းကြီးဘဝ ရောက်တာတောင် ခပ်ကဲကဲ ခပ်ရှည်ရှည်ထဲက
"ဟာ. . . ဒီတစ်ခါတော့ သူ့ကို ကျေးဇူးတင်ရမ
မောင်မောင်ရေ၊ သူလုပ်တာနဲ့ပဲ အားလုံး ဆက်စပ်မိကုန်ကြ
ဆိုပါတော့"

"ဟုတ်ပါတယ်"

"ဒါဆိုလည်း သူပြုခဲ့တဲ့ မကောင်းမှုကို ကျေအော
ပေးဆပ်ရှာတယ်လို့ပဲ သတ်မှတ်လိုက်ပါတော့ကွယ်၊ မောင်မော
ခုလို ဘဝပြောင်းသွားရအောင် ဆောင်ရွက်ပေးရှာသားပဲ"

"သူ ခုလို ဆောင်ရွက်နိုင်ခွင့်ရအောင် မသဲဖြူရဲ့ အ
ဉာဏ်နဲ့ သတင်းစာမှာ ကြော်ငြာလိုက်တာက စတဲ့ ဖာတ်လ
ပါ"

"ဒါတွေ ထားလိုက်ပါတော့ မောင်မောင်ရယ်၊ ဘယ်
ကြောင့်ပဲဖြစ်ဖြစ်၊ မောင်မောင် ခုလိုဖြစ်သွားတာကို
ဝမ်းသာလှပါပြီ၊ ဒါနဲ့ အဲဒီဘုန်းကြီး မောင်မောင့်
လာသေးသလား"

"ဘယ်နေလိမ့်မလဲ မသဲဖြူရယ်၊ သက်န်းကြီးတကားကား





ရောက်လာပြီး အကြောင်းစုံပြောတော့တာပဲ"

"ဟုတ်လား"

"သူ ပြုခဲ့မိတာတွေအတွက် ကျေပါလို့လည်း တောင်းပန်
သွားတယ်"

"ခွင့်လွှတ်သင့်ပါပြီကွယ်၊ သူ့ကိုမြင်တော့ မောင်မောင်
ဘယ်လို ခံစားရမလဲ. . . ဟင်"

"မသဲဖြူတို့လိုတော့ သရုပ်မခွဲတတ်ဘူး၊ ဒါပေမယ့်
ဆစ်မျိုးကြီးပဲ၊ သူ့ကြောင့် ငါ့မိဘတွေ ဒီလိုဖြစ်ရတာလို့လည်း
ဝမ်းနည်းမိတယ်၊ ကိုယ်မသိမီက၊ အဖြစ်ပျက်လည်းဖြစ်ပြီး၊ ခုလို
သင်္ကန်းဝတ်နဲ့ မြင်ရပြန်တော့လည်း ခွင့်လွှတ်နိုင်သလိုလို ရှိလာ
ပါတယ်၊ အားလုံးထဲမှာ အသိသာဆုံးခံစားမှုကတော့ ဝမ်းနည်း
ခြင်းပါပဲ"

"ဟုတ်မယ်. . . ပြေ နားလည်မိပါတယ်၊ ဆက်ပြော
ဦး"

"ဆက်ပြောရမယ်ဆိုရင်တော့ နောက်တစ်ပတ် စနေနေ့
လာကြတယ်၊ တနင်္ဂနွေကျတော့ ကားလွှတ်ပြီး ခေါ်ခိုင်း
လိုက်ပါတယ်၊ အိမ်ရောက်တော့ အကြောင်းစုံ ပြောပြကြပြီး
သွားသားရင်းတွေပဲဆိုပြီး အားပေးတယ်၊ ကျွန်တော့် အဘွား
လည်း ရှိသေးတယ် မသဲဖြူ၊ အသက် ခုနစ်ဆယ်လောက်
ရှိနေပြီ၊ အဘွားကြီးက အမိုက်မရဲ့သွေး ငါ့မြေးလေး၊ တို့နဲ့
လိုက်လို့ ပြန်ရောက်လာပြီဆိုပြီး ကျွန်တော့်ကို ဖက်ငိုတယ်"

"မောင်မောင်ရော ငိုသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"မသဲဖြူနဲ့ ပတ်သက်တဲ့ ခံစားမှုထက် ပြင်းတဲ့အရာ မ
ပါဘူးဗျာ၊ မသဲဖြူရှေ့မှာ ကျွန်တော် ငိုပြီးတည်းက ခုချိန်
မငိုဖြစ်တော့ပါဘူး"

"ကံတရားဆိုတာ အမျိုးမျိုး ညှဉ်းဆဲတတ်တယ်
လူသားတွေက ကြံ့ခိုင်ဖို့ပဲ လိုတာပါ၊ မောင်မောင် ယောက်
အားတင်းပေါ့ကွယ်၊ အင်း. . . ပြောသာပြောရတာ၊ ခုချိန်
မလိုအပ်တော့ပါဘူးနော်။ မောင်မောင့်ဘဝ အစစ ပြည့်စုံသွား
ပဲ၊ ပြေ တကယ် ဝမ်းသာရပါတယ်"

"ယုံပါတယ် မသဲဖြူရယ်၊ ကျွန်တော့်ပေါ်မှာ အင်မတန်
ဖြူစင်တဲ့ စေတနာတွေ၊ ခွင့်လွှတ်နိုင်ခြင်းတွေနဲ့ ခင်မင်ဆဲ
ဆိုတာ ကျွန်တော် ယုံလွန်းလို့ လေးစားမဆုံးနိုင်အောင် ဖြစ်
ရပါတယ်"

"အခု နောက်ဆုံး အခြေနေ ပြောပါဦး"

"ဆရာဘက်က တူတွေ တူမတွေ များတယ်လေ၊ သူတို့
ပဲ ပေးကမ်းထောက်ပံ့ရတယ်၊ တစ်နေ့ကျရင် အမွေအား
လည်း သူတို့ပဲရမှာဆိုပြီး အန်တီတို့ သားအမိနှစ်ယောက်
ဝန်တိုနေချိန်မှာ သူတို့ရဲ့သွေးရင်း ကျွန်တော်ရောက်လာ
သိပ်ဝမ်းသာနေကြတာပေါ့၊ ဂရုလည်းစိုက် အရေးလည်း ပေး
ပါတယ်"

"ဆရာကရော"

"ကြီးကြီးအရင်းက တူအရင်းကို ပြန်တွေ့ရလို့ ဝမ်းသ
ပါတယ် ဆိုတာထက်ကို ဆရာက ပိုပြီး ဝမ်းသာနေတယ်





ကျွန်တော်ထင်ပါတယ်။ အခု နေရတဲ့ သုံးယောက်ထဲမှာ ဆရာ
က ကျွန်တော့်ကို ပိုပြီးချစ်တယ်လို့တောင် ထင်မိပါတယ်"

"ဝမ်းသာရပါပြီ မောင်မောင်ရယ်၊ ခုဆို မောင်မောင့်
ဘဝဟာ ပြည့်စုံခြင်းများစွာနဲ့ ဖြောင့်ဖြူးသွားခဲ့ပြီပေါ့နော်"

"ဒါပေမယ့်ဗျာ. . ."

"ပြေ ဘာမှမကြားပါရစေနဲ့တော့လား မောင်မောင်"

"ဩော်. . . ကျွန်တော့်ရင်ထဲက ခံစားမှုကို သိပဲ သိနိုင်
လွန်းတဲ့ မသဲဖြူရယ်ဗျာ"

ဟု သဲမောင်မောင်သည် ပြေ့ကို စိုက်ကြည့်ရင်း ရင်တွင်း
မှာ ပြောကြားနေသော စကားစုပါ။

မရနိုင်မှန်းသိသော ပြေ့ထံမှ ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်
လိုခြင်း မဟုတ်မူဘဲ. . .

သူ့ထံ၌ ရှိနေသည့် ချစ်နိုင်သမျှသော မေတ္တာတရား
အားလုံး မသဲဖြူ၏ ခြေတော်ရင်းမှာ ချခင်းပေးထားပါရစေ၊
လက်မယူသော်မှ မသဲဖြူ နင်းလျှောက်လျှင် မောင်မောင်
ကျေနပ်ပါပြီဟု ပြောချင်သော စကားများကို ပြောမထွက်၊
ပြောရက်။

"ဒါနဲ့. . . မောင်မောင်က ဆရာတို့ကို ဘယ်လိုခေါ်ရလဲ"

စကားသံများ ဆိတ်ငြိမ်နေလေ နှလုံးသားလှုပ်ရှားမှု
ပြင်းလေဖြစ်နေပြီဆိုသည်ကို သိသော ပြေက သာမန်မိတ်ဆွေ
ဆန်နှင့် စကားစ၍ ခံစားမှုကို ပိတ်ဆို့ပေး၏။

"သူတို့ ခေါ်စေချင်တာက ဒက်ဒီ၊ မာမီတဲ့ မသဲဖြူရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း မခေါ်တတ်တော့ မခေါ်ချင်ဘူး"

"ခေါ်လိုက်သင့်ပါတယ်လေ၊ တကယ်တော့ မောင်မော

ဟာ သူတို့ရဲ့သား ဖြစ်ထိုက်သွားပြီပဲ"

"ဟုတ်ကဲ့ပါ မသဲဖြူ"

"မြေ့စိတ်ထဲမှာ မောင်မောင်လို့ ခေါ်နေရတာလည် တစ်မျိုးပဲ၊ ဆရာပေးခဲ့တဲ့ မောင်မောင်ရဲ့ ပင်ကိုနာမည် "ကြည် သန့်စင်" ပဲ ခေါ်ရမလား"

"မလုပ်လိုက်ပါနဲ့ဗျာ၊ ကျွန်တော်သိနေတာ မြေမဟုတ် မသဲဖြူ ဖြစ်သလို၊ မသဲဖြူ သိခဲ့တာဟာလည်း ကြည်သန့် မဟုတ်ဘဲ သဲမောင်မောင်ပါ"

"ဒါဆိုလည်း ကောင်းပါပြီလေ"

"ကျွန်တော်ကတောင် ကျွန်တော်လို့ ပြောချင်တ မဟုတ်ဘူး၊ မသဲဖြူ မကြိုက်မှာစိုးလို့"

"ဟိုတုန်းကတော့ သိပ်အားငယ်နေချိန်မို့ ပြောချင်သ ပြောပါစေဆိုပြီး နေခဲ့တာပါ၊ ခုတော့. . . ဒီလိုပဲ ပြောပါတေ ဒီက ခေါ်ရင်ပဲ တော်ရောပေါ့"

"မသဲဖြူ မောင်မောင်လို့ ခေါ်နေရင်ပဲ ကျေနပ်လှ ဗျာ"

မြေက ခေါင်းညိတ်ပြလိုက်ရသည်။

လဆန်းလရောင်သည် မည်းမှောင်နေသော ကောင်း ပြင်ကြီးကို ကြည်သာဝင်းပအောင် ဖောက်ထွင်းလင်းလ နိုင်ခြင်း မရှိပါလား။





လက်ရှိဖြစ်ရပ်နှင့်ယှဉ်၍ အတွေးဝင်နေသော မြေသည် ကောင်းကင်ပြင်ကို မော့ကြည့်နေ၏။ ရှင်းသန့်သော လည်တိုင်နှင့် ချောပြေလွန်းသော မျက်နှာလေးကိုကြည့်ပြီး သဲမောင်မောင်သည် မြေ့ကို ဘယ်လိုသနားမိမှန်း မသိ၊ ဤမိန်းမ လိုအပ်သမျှ အရာများကို သူ့ခန္ဓာ ဆုံးသည်အထိ ကြိုးစားရယူပေးလိုက်ချင်သော စေတနာများစွာ ဖြစ်ထွန်းလာမိသည်။

ဆောင်းလေသည် နှင်းငွေ့မှုန်များကို သယ်ဆောင်လျက် ပြေ၏ မျက်နှာလေးကို တိုက်ခတ် ထိတွေ့လာသည်။

"မသဲဖြူ"

သူ မကြား၊ ထွန်းဆိုသော ငယ်ချစ်ဦးနှင့် ပြန်လည်တွေ့ဆုံရခြင်း အကြောင်းများကို သူ့ တွေးနေလေသလားမသိ။ သဲမောင်မောင်သည် တိုးညင်းနွဲ့ပျောင်းသော အသံနှင့် ထပ်ခေါ်လေမှ. . .

"ဟင်"

"အေးလာပြီ၊ ခေါင်းလည်း ကိုက်နေတယ်ဆိုတော့ နားနေပါဦးမယ်၊ သွားနားတော့လေ"

"မြေ့ကို ပြောစရာကုန်ပြီလား"

သဲမောင်မောင်က အဓိပ္ပာယ်ပြည့်သော အပြုံးသစ်ဖြင့် မြေ့ကို ရွှန်းရွှန်းစားစားကြီး စိုက်ကြည့်နေပြီးမှ. . .

"မသဲဖြူကိုသာ စကားပြောနေခွင့် ရမယ်ဆိုရင်လေ တစ်ထောင့်တစ်ညပုံပြင်ဟာ အသေးအဖွဲ ဖြစ်သွားမှာပါ၊ ကျွန်တော် မသဲဖြူနဲ့ ခုလို တစ်သက်လုံး ထိုင်ပြီး စကားပြောနေ



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်၊ ကြည့်နေချင်တယ်ဗျာ"

"အို"

"ဒါပေမယ့် မသဲဖြူ့ ရင်ထဲမှာ ဘယ်သူ ရှိနေတယ်ဆိုတာ ကျွန်တော်သိပါတယ် မသဲဖြူရယ်"

"ပြေ့ကို ခွင့်လွှတ်ပါ"

"ဒီစကားကို ကျွန်တော်က ပြောရမှာပါဗျာ၊ မသဲဖြူ ခံစားချက် ပြင်းနေပါလျက်နဲ့ ကျွန်တော့်အတွက် အချိန်တွေ အများကြီးပေးပြီး နေရရှာတာကို ကျွန်တော်သနားနေမိတယ်"

"ကျေးဇူးတင်ပါတယ် မောင်မောင်၊ ဒါပေမယ့် သနား စရာ မလိုပါဘူးလေ. . . ပြေ့ဘဝနဲ့ပြေပဲဟာ"

"ဒီလိုသာ ထားနိုင်ကြစတမ်းဆိုရင် မသဲဖြူဟာ ကိုဝင်း ထွန်း အတွက် ဘယ်ခံစားနေရပါတော့မလဲဗျာ"

"အြော်. . . ဟိုက ပြေ သိပ်ချစ်ခဲ့ရသူကိုရှင်"

"အြော်. . . ဒီကလည်း ကျွန်တော် သိပ်ချစ်နေရသူပဲ ဗျာ. . ." လို့ မသဲဖြူ၏လက်ကလေးကို ဆုပ်ကိုင်ပြီး ပြောလိုက် ချင်ပေမယ့် တကယ်တမ်း သဲမောင်မောင် ပြောဖြစ်သည် က. . .

"သိပ်အေးလာပြီ. . . သွားအိပ်ပါတော့နော်"

"ကောင်းပါပြီ မောင်မောင်၊ ပြေသွားတော့မယ် နော်. . ."

ညှိုးငယ်သော မျက်နှာလေးနှင့်ပင် အားနည်းစွာ ပြုံးပြ နှုတ်ဆက်ရှာသည်။





ကြေကွဲရခြင်း၊ သောက ဝေဒနာသည် အိပ်စက်နိုင်ခြင်း တို့ ရက်စက်စွာ ချိုးဖျက်ချေမှုနိုင်၍ မသဲဖြူအတွက် စိတ်ပူသော င်ဖြင့် သဲမောင်မောင်၏ နောက်ဆုံး နှုတ်ဆက်စကားက. . .

"မသဲဖြူရယ်. . . ဒီည နှစ်ခြိုက်စွာ အိပ်ပျော်နိုင်ပါစေ ဗျာ. . ."

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမတို့ မပြန်ကြသေးဘဲကိုး"

"မော်ချိုးသွားမလို့ ယာဉ်တန်းထွက်ရက် စောင့်နေရ[...] လောပိတကို လာကြည့်ကြတာပါ"

"မြန်မာပြည်ကို လိုင်းပေါင်းများစွာနဲ့ အလင်းတွေပေး[...] တဲ့ 'လောပိတ ရေအားလျှပ်စစ်' ကိုတော့ အသေအချာ[...] လေ့လာကြပါဗျာ"

မြန်မာပြည်သူပြည်သားများ သိနေကြသော၊ ကြား[...] နေကြသော၊ သုံးစွဲခွင့်ရရှိနေကြသော 'လောပိတ'ဟူသည်[...] ကယားပြည်နယ်ရှိ ဘီလူးချောင်းစီးဆင်းရာ လမ်းပေါ်[...] ရေတံခွန်တစ်ခု၏ အမည်သာ ဖြစ်ချေသည်။

ဘီလူးချောင်းသည် အင်းလေးမှ မြစ်ဖျားခံပြီး တော[...] ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်ကို သွယ်ယှက် ကူးဆ[...] နေသော ချောင်းတစ်ခု ဖြစ်ပါ၏။

ဘီလူးချောင်းသည် ရှမ်းပြည်မှစ၍ တောင်ပေါ်မြို့[...] လွိုင်ကော်သို့ ရောက်သည့်တိုင် အေးငြိမ်းညင်သာစွာ စီးဆ[...] လာခဲ့ရာက လွိုင်ကော်မှ ၇ မိုင်မျှဝေးသော အရပ်တွ[...] မြေနိမ့်ဒေသကို ရုတ်တရက် ရင်ဆိုင် ဆုံတွေ့လိုက်ရသည်[...] အတွက်. . .

တဟုန်ထိုး လျှောကျ စီးဆင်းရာမှ ရေတံခွန်တစ်ခု[...] ဖြစ်ထွန်းစေခဲ့သည်။

ထိုဒေသက "မထောတူ. . ."

ဆက်လက်စီးဆင်းရာမှ 'လောပိတ'ဆိုသော ဒေသတ[...]





[...]ို့ ဖြတ်သန်းရပြီး. . . ထိုနေရာတွင်လည်း နိမ့်ရာသို့ တဟုန် [...]ိုး စီးဆင်းရာမှ. . .

လောပိတရေတံခွန် ဖြစ်လာခဲ့ပါ၏။

ထို့နောက် အေးငြိမ်းသော ဘီလူးချောင်းလေးမှာ [...]တ်ထန်ကြမ်းတမ်းစွာ ဒေါမာန်တကြီး စီးဆင်းရာက တတိယ ရေတံခွန်တစ်ခုကို မွေးဖွားပြီးသည်နှင့် ပြန်လည်တည်ငြိမ်စွာ [...]ဆက်ခဲ့ရာ၊ ပွန်ချောင်းနှင့် ပေါင်းဆုံပြီး ဘဝပျက်ရာမှ သံလွင် မြစ်တွင်းမှာ ဘဝပျောက်ရရှာသော ဘီလူးချောင်း၏. . .

ဒုတိယရေတံခွန် ဖြစ်ထွန်းရာ လောပိတဒေသတွင်. . . ရေအားလျှပ်စစ်စက်ရုံကြီးကို. . .

ကျပ်ငွေ ၂၅ ကုဋေ အကုန်ခံ၍ ၇ နှစ်တိုင်တိုင် ဆောက် [...]ခဲ့ရပြီး ၁၉၆၀ ခု၊ မတ်လ ၃၁ ရက်နေ့တွင် ပြီးစီးခဲ့ပါ၏။ [...]နှစ် ဧပြီလမှစ၍ ရန်ကုန်၊ သာယာဝတီ၊ ပြည်၊ ပဲခူး စသော မြို့များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဝေနိုင်ခဲ့ပါသည်။ ဓာတ်အား [...]ားကို လောပိတမှ တောင်ငူ၊ တောင်ငူမှ ရန်ကုန်သို့ မိုင် ၂၅၀ [...]ှည်သော ဓာတ်ကြိုးများဖြင့် သွယ်တန်းပို့ပေးခဲ့ပါ၏။

လောပိတ၏ အနောက်မြောက်ဘက်ပိုင်းကျသော မိတ္ထီ[...]ာ၊ မန္တလေးသို့လည်း ကလောမြို့မှ ဖြတ်၍ ပို့ပေးနိုင်ခဲ့ပါ၏။

"ကျွန်မတို့လို ဘာမှနားမလည်တဲ့ လူပြိန်းအနေနဲ့တော့ ရေတနေ မီးတွေထုတ်ယူနေတယ်ဆိုတာကို မယုံနိုင်အောင် [...]ံ့ဩရပါတယ်၊ အဲဒါလေး ရှင်းပြစေချင်ပါတယ်"

ပြေမှာ လွိုင်ကော်၌ အနေကြာခဲ့သော်လည်း လောပိတ



www.burmeseclassic.com

www.burmeseclassic.com



သို့ တစ်ခေါက်မှ မရောက်ဖူးခဲ့၊ သွားစရာလည်း အကြောင်းမရှိ ဘယ်သူမှလည်း မြေ့ကို အရေးတယူ ခေါ်မသွားခဲ့၊ လောပိတမှာ ရေအားလျှပ်စစ်စက်ရုံကြီးတွေ တည်ဆောက်နေတယ် မီးတွေလင်းပြီ၊ စသည်ဖြင့်သာ ကြားဖူးခဲ့ရသည်။

ယခုတော့ ဒေသခံတို့၏ ဖိတ်ကြားခံရသော ဧည့်သည်အဖြစ်နှင့် လေ့လာခွင့်ရခဲ့ပြီမို့ သိချင်သည်များကို မေးမြန်း၍ သက်ဆိုင်ရာ တာဝန်ခံ အင်ဂျင်နီယာက ဂရုတစိုက် သေသေချာချာ ရှင်းပြရှာပါသည်။

“ဟုတ်ကဲ့၊ ဆရာမတို့ သဘောပေါက်အောင် အင်ဂျင်နီယာ ဝေါဟာရတွေကိုဖယ်ပြီး နားလည်အောင် ကျွန်တော် ရှင်းပြပါ့မယ် . . .”

“ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ်ရှင်”

“ရေကနေ မီးတွေ ထုတ်ယူနေတာ မဟုတ်ပါဘူး လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းသာ ဖြစ်ပါတယ်၊ လျှပ်စစ်ဓာတ်ဆိုတာ ရေခဲအောင်၊ ပန်ကာ လည်အောင်၊ အအေးခန်းတွေ ဖြစ်လာအောင်လည်း လုပ်ပေးနိုင်ရုံမက သာမန်အိမ်တွင်းစက်မှုလေးကအစ စက်ရုံကြီးတွေလည်ပတ်အောင်အထိ လုပ်ပေးနိုင်တဲ့စွမ်းအင် ရှိပါတယ်ခင်ဗျာ”

ပညာတစ်ရပ်ကို ဘာမှမတတ်ဘဲနှင့် ရုတ်တရက် စွတ်ပြောလိုက်မိခြင်းအတွက် မြေ နည်းနည်းတော့ ရှက်သွားသည်။

စကားဆိုတာ အလောတကြီးမပြောသင့်ဘဲ ချင့်ချိန်ချိန်ချိန် ပြောသင့်သော သင်ခန်းစာကို ယခု အတွေ့အကြုံအရ





မြေ ဆင်ခြင်မိပါတော့သည်။

ဟုတ်သားပဲ၊ ရေမှ လျှပ်စစ်မီးထွက်ရုံ ဘယ်ကမလဲ၊ လျှပ်စစ်စွမ်းအင်ဆိုတာ သာယာတဲ့ တေးသံသာလေးကို နားဆင်နိုင်ဖို့၊ ရုပ်ရှင်၊ ရုပ်မြင်သံကြားတွေ ကြည့်နိုင်ဖို့လည်း လုပ်ပေးနိုင်တာပဲ။

“ဒီ လောပိတစက် စက်ရုံဟာ လွိုင်ကော်ကနေ ၁၈ မိုင်ဝေးပြီး ဒီနေရာဟာ ဘီလူးချောင်း စီးဆင်းရာလမ်းက ၁၄၅၀ပေအထိ နိမ့်ဆင်းသွားတဲ့အတွက် ရေရှိန်ပြင်းတဲ့ ရေတံခွန်တစ်ခု ဖြစ်ခဲ့ပါတယ်”

“အဲဒီရေတံခွန်အထက်က စီးကျတော့မယ့် ရေတွေကို ရေလှောင်တံခါးကြီးတွေနဲ့ ပိတ်ပြီး ရေစီးလမ်းကြောင်းကို ကြားမှ ဖြတ်ယူလိုက်တာဖြစ်ပါတယ်”

“အဲဒီ ရေလှောင်တံခါးမကြီးကနေပြီး ရေသွယ်တံခါးရယ်လို ရှိပါတယ်၊ ရေသွယ်တံခါးဆီကို စောစောက ရေတွေလွှတ်ပေးပြီး၊ အဲဒီကတစ်ဆင့် ရေသွယ်လမ်းအတိုင်း အင်္ဂတေရေမြောင်းကြီးတွေကနေ စီးစေပြီး ရေကန်မကြီးဆီကို ပို့ပေးရပါတယ်”

“ဒါကြောင့် ဒီပတ်လည်မှာ အဆောက်အအုံတွေ၊ ရေမြောင်းတွေ၊ ပိုက်လိုင်းတွေ၊ ရေလှောင်တံခါးတွေ၊ ရေကန်ကြီးတွေနဲ့ ပြည့်နေတာ၊ ကြည့်မကုန်နိုင်အောင် ဖြစ်နေတယ်နော်၊ ဆက်ပြောပါဦး”

“ရေကန်မကြီးကို ရေတွေရောက်တော့ အဲဒီကတစ်ဆင့် ဆင်တော၊ သံမဏိပိုက်လုံးကြီးတွေနဲ့ ရေလျှံထိန်းစည်လို့ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟောဟိုတောင်ထိပ်ပေါ်က ရေစည်ပိုင်းကြီးတွေဆီကို လွှတ်
ပေးရပါတယ်"

မြေတို့ထက် မြင့်သောအရပ်မှာ ဆောက်တည်ထားသော
စရာမ ရေစည်ကြီးများကို မြေတို့ မြင်ခဲ့ရပြီးပါပြီ။

"အဲဒီ ရေလှောင်ထိန်းစည်က တောင်ပေါ်မှာရှိပြီး ဓာတ်အား
စက်ရုံက တောင်အောက်မှာရှိတာ မြင်ကြပါပြီနော်"

တောင်ကြား ချိုင့်ဝှမ်းလိုနေရာမှာ ခမ်းနားကြီးကျယ်စွာ
ဆောက်တည်ထားသော ဓာတ်အားပေးစက်ရုံကြီးကို မြင်နေ
ပေသည်။ အင်ဂျင်နီယာ ဦးတင်မောင်ဆွေက ဆက်လ
၍. . .

"အဲဒီတောင်ပေါ် ရေလှောင်ထိန်းစည်ကနေပြီး သံမဏိ
ပိုက်လုံးကြီးတွေ အောက်ကို ထိုးစိုက်သွယ်တန်းထားတာ မြင်
တယ်နော်"

"ဟုတ်ကဲ့ပါရှင်"

"အဲဒီအပေါ်ကနေ ရေတွေဟာ သံမဏိပိုက်လုံးတွေ
တစ်ဆင့် အရှိန်ပြင်းစွာ ဒလဟော စီးဆင်းသွန်ကျ
"တာဘိုင်း"လို့ခေါ်တဲ့ ရေရဟတ်ကြီးတွေပေါ်ကို တအား တိုး
သွန်ကျလာရာက ရဟတ်ကြီးတွေ လည်ပတ်ပြီး ဆက်နွယ်နေ
စက်ကြီးတွေပါ တစ်ခါတည်း လည်ပတ်စေပြီး လျှပ်
ဓာတ်အားတွေ ထွက်လာတော့တာပါပဲ"

"ဩော်. . . ဒါဆို လျှပ်စစ်ဓာတ်တွေ ဖြစ်ထွန်းလာ
အောင် ဒီရေရဟတ်ကြီးတွေက လည်ပတ်ရတယ်ပေါ့နော်၊





ဟတ်ကြီးတွေ လည်စေနိုင်ဖို့အတွက် ပြင်းထန်တဲ့ ရေစီးအားကို
ရတယ်ဆိုတဲ့သဘောပဲ ထင်ပါရဲ့"

"ဟုတ်ကဲ့. . . ဒီသဘောပါပဲ၊ အကြမ်းအားဖြင့်တော့
သို့ပဲ သိထားနိုင်ပါတယ်"

"ဘီလူးချောင်းကို တံခါးနဲ့ပိတ်ပြီး ရေတွေ လွှဲယူတယ်
ဆိုတော့ ဘီလူးချောင်းဟာ ဒီနေရာမှာ ပြတ်သွားရောလား"

ဆရာဦးအောင်မြတ်၏ အမေးကို ဆက်လက်ဖြေကြား
သည်။

"ဟုတ်ကဲ့. . . ဒီနေရာမှာ ပြတ်သွားပါတယ်၊ ဒါပေမယ့်
ဘီလူးချောင်းကို ဖြတ်ပစ်လိုက်တဲ့ သဘောတော့ မဟုတ်ပါဘူး၊
အရှိန်ပြင်းပြင်းနဲ့ စီးလာတဲ့ ရေတွေကို ဖြတ်ယူပြီး ပိုက်လိုင်း
တွေကတစ်ဆင့် စီးဆင်းစေတဲ့ သဘောပါ"

"နောက် ရေအားကို အသုံးပြုပြီးတဲ့အခါမှာ ပိုလျှံကျဆင်း
လာတဲ့ရေတွေကို ဘီလူးချောင်း ရေဆင်းလမ်းအတိုင်း ပြန်လည်
စီးဆင်းစေဖို့ သွယ်ဆက်ပေးတဲ့လိုင်းတွေ ရှိပါတယ်"

"ဩော်. . . နည်းနည်းတော့ သဘောပေါက်လာပါပြီ၊
အရှိန်ပြင်းတဲ့ ရေစီးအားကို လမ်းကဖြတ်ယူပြီး ရေရဟတ်ကြီး
တွေကို လည်စေရာက လျှပ်စစ်ဓာတ်အား ထွက်လာစေတယ်လို့
အကြမ်းဖျင်း သိထားရပေမယ့် လုပ်ရတဲ့ လုပ်ငန်းတွေက
ကြီးကျယ်လိုက်တာ၊ နေရာတွေလည်း အများကြီး လိုအပ်တယ်
နော်"

"ဟုတ်ကဲ့. . . လောပိတကနေ ဒီစက်ရုံကို အရောက်



www.burmeseclassic.com

www.burmeseclassic.com



၆ မိုင်ရှည်လျားပါတယ်၊ လှိုင်ကော်နဲ့ လောပိတက ၁၈ မိုင်ထိ
ချောင်းကနေ ရေကန်မကြီးအရောက် အင်္ဂတေမြောင်းအရှည်
က ၂ မိုင် ကျော်ပါတယ်၊ ရေကန်မကြီးကနေ ရေလှောင်ထိန်းစည်
ပေါ်အရောက် အင်္ဂတေပိုက်အရှည်က ၂၅၉၀ ပေ ရှိပါတယ်
အဝအကျယ်က ၁၄ ပေပါ"

"အဲဒီ အင်္ဂတေပိုက်လိုင်းပြီးတော့ ရေလှောင်ထိန်း စည်ပေါ်
ကနေ အောက်ကို သွန်ချစီးဆင်းဖို့အတွက် သံမဏိပိုက်လုံး
အရှည်က ၃၅၆၈ ပေ ရှိပါတယ်"

"ဟိုမှာ မြင်ရတဲ့ ရေလှောင်ထိန်းစည်ကြီးဟာ ၂၅ ပေ
ကျယ်ဝန်းပြီး ပေ ၈၀ မြင့်ပါတယ်၊ အောက်ခံစင်တိုင်ရဲ့
အမြင့်ကိုပါ ထည့်တွက်မယ်ဆိုရင် ပေ ၂၀၀ အထိ မြင့်ပါတယ်"

"ဩော်... လောပိတရေအားလျှပ်စစ်စက်ရုံဆိုတော့
စက်ရုံကြီးတစ်ခုတည်း အကြီးကြီးမှတ်တာ၊ ဘေးပတ်လည်
ကိစ္စတွေက ပိုများနေပါလား"

"ဟုတ်ကဲ့... ခုလို ရေအားလျှပ်စစ်ကို ယူနိုင်ဖို့ ရေ
ရေသွယ်တံခါးတွေ၊ ရေလှောင်ကန်မကြီးတွေ၊ ရေလှောင်ထိန်း
စည်တွေနဲ့ ပိုက်လိုင်းကြီးတွေ ဆောက်ရရုံမကပါဘူးခင်ဗျာ၊ အ
က ဒီလောပိတလမ်းဟာ လှည်းလမ်းကလေးသာ ဖြစ်ပါတယ်
ကြီးမားလေးလံတဲ့ စက်ပစ္စည်းကြီးတွေကို သယ်ယူနိုင်ဖို့
လှိုင်ကော်ကနေ စက်ရုံအထိ ၁၈ မိုင် ရှည်လျားတဲ့ ကျောက်
လမ်းကို ဖောက်လုပ်ရပါတယ်"





"ဟုတ်ကဲ့"

"တစ်ခါ မီးရထားနဲ့ သယ်လာမယ့် ပစ္စည်းတွေအတွက်
၁၂ မိုင်ရှည်တဲ့ လှိုင်ကော်-အောင်ပန်းလမ်းကို ထပ်မံပြင်ဆင်
ရပါသေးတယ်၊ လမ်းပြင်တော့ ချောင်းကူးတံတားတွေပါ
ခိုင်အောင် ပြန်ဆောက်ရတာပေါ့"

"ဩော်... အခြေခံပစ္စည်းသယ်ယူနိုင်ဖို့ကိစ္စတွေ လုပ်ရ
တာတိုက နည်းတဲ့လုပ်ငန်း မဟုတ်ဘူးနော်"

"ဟုတ်ကဲ့၊ စက်ရုံကြီးပြီးလို့ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ဖို့
အတွက်လည်း ဓာတ်အားလိုင်းတွေ တည်ဆောက်ရပါတယ်၊
ဒီအတွက် မိုင် ၁၂၀ ရှည်လျားတဲ့ လှိုင်ကော်-တောင်ငူလမ်း
ကို အသစ်ဖောက်ရပါတယ်"

"ဩော်... ဒါမှ ရန်ကုန်ဘက်ကို နီးသွားမှာပေါ့နော်၊
ဒါ စက်ရုံကြီးပြီးမှ မီးသွယ်ဖို့ လမ်းတွေ ဖောက်တာလား..."

"မဟုတ်ပါဘူးခင်ဗျာ၊ အားလုံး တစ်ချိန်တည်း၊ တပြိုင်
တည်းလို လုပ်ကြရပါတယ်၊ ခုနစ်နှစ်တိုင်တိုင် လုပ်သားပေါင်း
တစ်ထောင်ကျော်နဲ့အတူ မြန်မာအင်ဂျင်နီယာ၊ ဂျပန်အင်ဂျင်
နီယာတွေနဲ့ တည်ဆောက်ကြတာပါ"

"ဒီစက်ရုံရဲ့ ကုန်ကျစရိတ် တချို့တဝက်ကို ဂျပန်
စစ်လျော်ကြေးက ရရှိတယ်လို့ ကြားသိရပါတယ်"

"မှန်ပါတယ်ခင်ဗျာ"

"ဒီစက်ရုံရဲ့လုပ်သားတွေ နေထိုင်ဖို့၊ ဒီစက်ရုံကြီးနဲ့
ဆောက်အအုံအပါအဝင် ဓာတ်အားလိုင်းတွေ လုံခြုံဖို့ကအစ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ဖို့ ကာကွယ်ရေးဝန်ထမ်းတွေလည်း ရှိရပါတယ်

"လောပိတ ဝန်ထမ်းတွေနေတာ ရွာတစ်ရွာစာ မ ပါဘူး။ မြို့ငယ်တစ်မြို့စာလောက် ရှိမယ်ထင်ပါရဲ့"

"ဟုတ်ကဲ့. . . ကျောင်း၊ ဆေးပေးခန်း၊ ရုပ်ရှင်ရုံတွေ အစ ထားပေးရပါတယ်၊ တပ်တို့ ရဲတို့လည်း သီးသန့်ရှိရပါတယ်

"ကဲ. . . ကြည့်လို့လည်း စုံသလောက် ရှိပါပြီ၊ ရေတံ နားမှာ စားဖို့သောက်ဖို့လည်း အဆင်သင့် ဖြစ်နေပါပြီ၊ သွား နားကြပါစို့နော်"

ဒေသခံ စေတနာရှင် ဦးထွန်းကြည်၏ စီစဉ်မှုအရ စက် ပေါ်မှ ဆင်းခဲ့ရသည်။

ပြေတို့ ရပ်နေသည့်နေရာက အပေါ်ထပ် အအေးခ များ တပ်ဆင်ထားသည့် ထိန်းသိမ်းရေးစက်များ တပ်ဆင်ထာ ရာ နေရာ။

ထိုအပေါ်ထပ်က တပိုင်းမျှသာ၊ သူ့ရှေ့ ဝရံတာမှ ငုံ့ကြ လိုက်လျှင် ကြောက်မက်ဖွယ် အသံကြီးများနှင့် စက်ကြီးမ ၂၄ နာရီ လည်ပတ်နေသည်ကို တွေ့ရှိနိုင်ပါ၏။

စက်ရုံကြီးတွင် စက်ကြီး ၆ လုံး ထားရှိနိုင်ရန် နေရာ အကျယ် ၈၀ ပေနှင့် အရှည် ၃၇၆ ပေ ကျယ်ဝန်းပါ၏။

ပြေတို့စက်ရုံ၏ ပြင်ပသို့ ထွက်လိုက်မှ နားအေးတ တော့သည်။

စက်ရုံဝန်းကျင်တွင် ကောင်းကင်ကြီးတန်းများကလည် တောင်ပေါ်မှ တောင်ခြေအထိ ဆင်းနိုင်တက်နိုင်ပါ





အဆောက်အအုံများ၏ လုံခြုံရေးအတွက် ပြေတို့လို အပြင်မှ လှလာသူများသည် ထောက်ခံချက်နှင့် လာကြရပါ၏။

"ကဲ. . . ဆရာမရေ၊ အပြင်မှာ စားဖို့ စီစဉ်ရတော့. . . ဆင်းကတော့ ဖြစ်သလိုပဲ"

သူတို့ဖြစ်သလိုကလည်း အားလုံး ဖွယ်ဖွယ်ရာရာပါ။

"ပြေတော့ စားရတာထက်. . . ဒီနေရာမှာ ထိုင်ရတာကို ပြီး သဘောကျမိပါတယ်"

ပြေ့ခြေကို စိမ်နှစ်ထားသော ဘီလူးချောင်းသည် ဤ နေရာ၌ အေးငြိမ်းစွာ စီးဆင်းနေပါသော်လည်း ဟိုဝေးဝေးဆီမှာ ရေတံခွန်များအဖြစ်နှင့် တောင်ပေါ်မှ ထိုးစိုက်စီးဆင်းလာနေရ ရှာသည်။

ပြာလဲ့သော ကောင်းကင်၊ စိမ်းညို့သော တောင်တန်းများ ကြားမှ ဖွေးဆွတ်နေသော ရေတံခွန်တန်းများ သွယ်ကျနေသည် ကို ပြေ ငေးကြည့်နေမိသည်။

ပြေ ထိုင်နေရသည့် နေရာကလည်း လျှပ်ကော်ဝန်းကျင်မှ ပျော်ပွဲစားထွက်လေ့ရှိကြသည့် နေရာပါ၊ သစ်ပင်များနှင့် အရိပ် တောင်းလွန်း၍ အလင်းရောင်နွေးများ မကျရောက်သဖြင့် အေးစိမ့်နေပေသည်။

"ဆရာမရေ၊ ဇာတ်လမ်းတွေ သိပ်တွေးမနေပါနဲ့ဦး။ ထမင်းစားကြပါစို့"

ပြုံး၍ ထလာရသည်။ ပြေ ချစ်ခင် အားကိုးခဲ့ရသော ခွင့်လွှတ်ရှင် ဘီလူးချောင်းသည် ပြေ၏ နောက်မှာ ညင်သာ



www.burmeseclassic.com

www.burmeseclassic.com



သည်းခံစွာဖြင့် ဆက်လက်စီးဆင်းလျက်ပါ။

"ဩော်. . . စာရေးဆရာမတစ်ယောက် တွေးနေတော့ စာရေးဖို့ပဲ ထင်ကြတယ်၊ ငေးနေတော့လည်း ဇာတ်လမ်း ရှာတယ်ပဲ ထင်ကြတယ်၊ တကယ်တော့ စာရေးဆရာမမှာလည်း ကိုယ်ပိုင်ခံစားရတဲ့ ဝေဒနာတွေ ရှိနေပါတယ်ဆိုတာ သိကြ မဟုတ်ဘူးနော်"

◆ ◆ ◆





သည်သို့ ပြေတစ်ယောက် လောပိတတွင် စာပေအဖွဲ့ သားများနှင့်အတူ လေ့လာနေခိုက်. . .

"သူ ပြောပြောနေတတ်တဲ့ နေရာဟောင်းလေးဆိုတာ ဒီနေရာပဲ ဖြစ်ရမယ်၊ ဟော. . . တွေ့ပြီ၊ ဟိုတောင်ကုန်းလေး ပေါ်မှာ မြယာပင်ကြီး. . ."

သဲမောင်မောင်သည် ဘီလူးချောင်းကို ကွေ့ပတ် ကျော်ဖြတ်လျက် တောင်ကုန်းငယ်ရှိရာသို့ ဖျတ်လတ် သွက် လက်စွာ တက်သွားသည်။

မသဲဖြူ ပြောသည့် ပုံစံနှင့် လူတစ်ယောက် သစ်ပင်ကို မှီလျက် ထိုင်နေသည်။ လွယ်အိတ်အနီ အဟောင်းကို လွယ်လျက်ပါ၊ ထိုသူလည်း သားသားနားနားနှင့် ချောချောလှလှ လူငယ်တစ်ဦး သူ့ထံ လောက်လာနေသဖြင့် အံ့ဩစွာ ကြည့်နေ သည်. . .

"ခင်ဗျား. . . ကိုဝင်းထွန်း မဟုတ်လား"

"ဩော်. . . ဟုတ်ပါတယ်"

"ကျွန်တော် ခင်ဗျားကိုတွေ့ချင်တာ သုံးနှစ်လောက် ရှိပြီ"

"ဘာကိစ္စလဲ"

"ခင်ဗျားကို မြင်ဖူးချင်လို့"

ထွန်းသည် သဲမောင်မောင်ဆိုသော ကြည်သန့်စင်သူကို အံ့တသြ မော့ကြည့်နေသည်။ သဲမောင်မောင်ကလည်း ငူငူ



www.burmeseclassic.com

www.burmeseclassic.com



နစ်နစ် စိုက်ကြည့်နေ၍. . .

"အခု မြင်ဖူးပြီလေ၊ မင်းကိစ္စကို ပြောပါ"

"ခင်ဗျား ယောကျ်ား မဟုတ်လား"

"ဘာကွ၊ ဘယ်လို"

"ခင်ဗျားဟာ အပြစ်မဲ့ မိန်းကလေး တစ်ယောက်ရဲ့ အသည်းနှလုံးနဲ့ ကိုယ်ခန္ဓာကို ဖျက်ဆီးတယ်၊ ပြီးတော့ သူ့ဘဝ သတ်ပစ်တဲ့ လူယုတ်မာပဲ"

"မင်းစကားတွေ လွန်လှချေလားကွ၊ မင်းဘယ်သူလဲ"

"ကျုပ်နာမည် ကြည်သန့်စင်၊ ဒါပေမယ့် မသဲဖြူအတွက် တော့ သဲမောင်မောင်ပဲ"

"ဩော်. . . ဩော်. . . ဒါကြောင့် မင်းငါ့ဆီ ရောက်လာ တာကို"

ထွန်းက သိမှတ်မိသွားသလို ပြောလိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားကြောင့် တစ်သက်လုံး ခံစားနေရ မိန်းမတစ်ယောက်အတွက် ကျွန်တော် လာခဲ့တာ၊ ခင်ဗျားဟာ ယောကျ်ားမဟုတ်ရုံမကဘူး၊ လူမဆန်တဲ့သူပဲ ကိုဝင်းထွန်း"

"ဒီမှာ ငါ့ညီ၊ မင်းလမ်း မင်းပြန်စမ်းပါကွာ၊ ငါ့ဟာ အေးအေးနေစမ်းပါရစေ"

"ခင်ဗျား ယုတ်မာချင်တိုင်း ယုတ်မာပြီး ခုမှ သူတော်ကောင်း ပုံစံ လုပ်မနေစမ်းပါနဲ့ဗျာ"

ထွန်းသည် သဲမောင်မောင်ကို သေသေချာချာ ကြည့်ပြီး ချောက်ကပ်စွာ ရယ်မောလျက်. . .





"ခက်နေပါလားကွ. . . ဟေ"

"စာရေးဆရာမကြီး နောက်က တကောက်ကောက် လျှောက်လိုက်နေပြီး မင်းကြွေစည်သလို မရလို့ ငါ့ဘက်လှည့် ဟောင်စမ်းပါနဲ့ကွာ"

"ခွေးလို ယုတ်မာတာ ကျုပ်မဟုတ်ဘူး၊ ခင်ဗျားဗျ၊ ခင်ဗျား. . . ခင်ဗျား"

"ဟိတ်. . . အား"

ခွန်အားချင်းက မမျှ၊ သဲမောင်မောင် နှစ်ချက် ဆင့်ထိုး လိုက်ရုံနှင့် ထွန်း ခွေလဲ လိမ့်ဆင်းသွားတော့သည်။

သူ လဲမကျခင်တလည်း ပြန်လည် တိုက်ခိုက်ရန် ရည်ရွယ်ရုံမက သဲမောင်မောင်၏ သက်သီးချက်များကိုပင် သူ ရှောင်ဖယ်ရှာ. . .

ခြေဆယ်လှမ်းစာမျှလောက် ကုန်းနိမ့်ဘက်သို့ လိမ့်ဆင်း သွားရာမှ ထွန်း ထလိုက်တော့ နှာခေါင်းနှင့် နှုတ်ခမ်းတဝိုက်မှာ သွေးတွေနှင့်. . .

ထွန်းသည် ကြုံးထပြီး သွေးများကို သုတ်ဖယ်လျက် သဲမောင်မောင်ကို မော့ကြည့်သည်။

သူ့မျက်ဝန်းမှာ ဒေါသရိပ်ယောင် လုံးဝမပါ။ တလောက ကို နာကျည်းနေဟန်ရှိသော သူ့နှုတ်ခမ်းတွင်မူ အေးစက်နေ သော အပြုံးကို မြင်ရသည်။

"ငါလည်း ယောကျ်ားပါပဲကွာ၊ မင်းကို မတုံ့ပြန်တာ ကြောက်လို့မဟုတ်ဘူးဟေ့၊ မြေနဲ့ ပတ်သက်လာရင် ငါ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကို လည်စင်းခံမယ်ဆိုတဲ့ ငါ့ရဲ့ အဓိဋ္ဌာန်ကြောင့်ပဲ ငါ့ညီ”

ဒေါသလည်း မသင့်၊ ပျော့ပျောင်းခြင်းလည်း မရှိသော စကားများကို ပြောပြီး ခပ်တည်တည်ပင် ပြန်တက်လာ သူ့နေရာဟောင်းမှာ သူ ပြန်ထိုင်နေသည်။

ကြောင်သွားရသူက သဲမောင်မောင်။

ကိုဝင်းထွန်းသည် လူချောတစ်ယောက် ဖြစ်သော်လည် မရိပ်ပယ်သော မုတ်ဆိတ် ကျင်စွယ်များ၊ အဝတ်စား အညစ် များကြောင့် သူ့သွင်ပြင်က ညှိုးမှိန်နေရုံ မဟုတ်သေး၊ ကျန်းမာ ရေးလည်း ကောင်းပုံမရတော့ကြောင်း သဲမောင်မောင် မြင် သည်။

“မင်း. . . ပြေ့ကို တကယ်ချစ်သလား”

“ဗျာ”

စိမ့်ထွက်နေဆဲ သွေးများကို သုတ်ပြီး စေးစေးကပ် သက်မဲ့အပြုံးဖြင့် အေးစက်စွာ ပြုံးပြီး သဲမောင်မောင်ကို ကြည့်လျက်. . .

“ဖြေလေကွာ”

“ပြေ့ကို တကယ်ချစ်သလားလို့ မေးတာလား”

“ဟုတ်တယ်”

“တကယ်ဆိုတဲ့ စကားထက် လေးနက်တဲ့ အခြေ ကျွန်တော့်ရင်ထဲမှာ ရှိပါတယ်”

“သိပ်ချစ်တယ်ပေါ့”

“ဟုတ်တယ်. . . သိပ်ချစ်တယ်၊ ကျွန်တော့်အချစ်





နှိုင်းပြစရာ ဒီကမ္ဘာပေါ်မှာ ဘာထုထည်မှ မရှိသေးဘူး ကိုဝင်း ထွန်း”

“ပြေက ဘာပြောလဲ”

“ခင်ဗျား ခွဲထားလို့ ကွဲကြေနေတဲ့ နှလုံးသားထဲမှာ ဘယ်လိုလုပ်ပြီး ကျွန်တော့်အချစ်ကို ထည့်သိုလို့ရမလဲ၊ တဲ့ပြန် လည်း သူ့နှလုံးသားက မလှုပ်ရှားနိုင်တော့ဘူး”

“ဒီမှာ. . . ဟော့ကောင်”

ထွန်းက သူ့ကို သူငယ်နှပ်စားလေးတစ်ယောက်လို အမြင်မျိုးဖြင့် မော့ကြည့်လိုက်ပြီး. . .

“မင်းလည်း စာရေးဆရာမနဲ့ ရင်းနှီးရတာနဲ့ စကားလုံး တွေက တယ်နှုနေပါလား၊ ဒီမှာ. . . အသည်းတွဲတယ်၊ နှလုံး ကြေတယ်ဆိုတာ တကယ့်အသည်းနှလုံးကြီး ကွဲကြေသွားတာမှ မဟုတ်ပဲကွ၊ စိတ်ရဲ့ ခံစားမှုပဲ”

သဲမောင်မောင် ဘာမှပြောခွင့်မရမီ သူကပင် ဆက်လက် ၍. . .

“လူမသေရင် အသည်းနှလုံးလည်း မသေဘူး၊ အသည်း နှလုံး မသေရင် အချစ်ဆိုတာလည်း မသေဘူး၊ ချစ်သင့်ချစ်ထိုက် သာတွေ့ရင် ချစ်လာမှာပဲ”

“ဒါက ခင်ဗျားရဲ့ ‘သီအိုရီ’ပဲ ကိုဝင်းထွန်း၊ အဲဒီနည်းနဲ့ ခင်ဗျား ဒေဝီကို ယူခဲ့ပေမယ့် မသဲဖြူက ဒီလို မိန်းမစားမျိုး မဟုတ်ဘူး၊ ခုချိန်ထိ ခင်ဗျားနဲ့ ပတ်သက်ပြီး သူခံစားနေရရှာလို့ ကျွန်တော် ခင်ဗျားကို မုန်းနေတာ”



www.burmeseclassic.com

www.burmeseclassic.com



"သူတစ်ယောက်တည်း ခံစားနေရတယ်လို့ မင်းထ
ထင်နေတယ်လား"

"ထင်တာမဟုတ်ဘူး၊ သိနေတာ"

"အေး. . . ငါ ဘာလဲလို့ သိလာတဲ့ တစ်နေ့မှာ မင်း
ငါ့ကို ခွင့်လွှတ်နိုင်လာမှာပါ"

"ခင်ဗျား ဘာလဲဆိုတာ ကျွန်တော် ခု သိချင်တယ်
သိပ်စာတော်တဲ့ ခင်ဗျားဟာ ဘာကြောင့် ဆရာဝန် မဖြစ်ရတာ
လဲ ဆိုတာကို မသဲဖြူက သိပ်သိချင်နေရှာတယ်၊ ဒီမှာ. . .
ကိုဝင်းထွန်း"

"အင်း"

"ကျွန်တော့်ကို ပြောပြပါလားဗျာ"

စောစောကလိုပင် သူ အေးစက်စွာ ပြုံးပြန်သည်။

"မင်းကိုပြောရင် မြေ့ကို ပြောတာနဲ့ ဘာထူးတော့မှာလဲ
ငါ့ဘဝကို မြေ မသိစေရအောင် ဖုံးထားတာ၊ ဘယ်သူ့ကိုမှ ဘာမှ
ငါမပြောနိုင်ဘူး"

"ခင်ဗျား ဘာဖြစ်နေလို့လဲ၊ ကျွန်တော် သိပ်သိချင်နေ
တယ်ဗျာ၊ မြေနဲ့ ခင်ဗျားနဲ့ဟာ ပြန်ပြီး ပြေလည်နိုင်တဲ့ အခြေအ
မျိုး ရှိသလား၊ ဒီစကားဟာ ကျွန်တော့်အတွက် မေးတာ
မဟုတ်ဘူး ကိုဝင်းထွန်း၊ ကျွန်တော် သိပ်ချစ်ရသူအတွက်
သူ့ဘက်ကနေပြီး မေးတဲ့ စေတနာစကားပါ"

"မင်းကွာ. . . ယောကျ်ားဖြစ်ပြီး သိပ်စကားကြောရှည်
ပါလား"





"ဟာဗျာ"

"ဒီမှာ ကြည်သန့်စင်၊ အဲ. . . သဲမောင်မောင်ထဲ ထားပါ
တော့လေ"

"ခင်ဗျား ကျွန်တော့်ကို သိနေတယ်လား"

"ငါ့ကို မင်း မသိပေမယ့် မင်းအကြောင်းကို ငါသိနေ
ပါတယ်ကွာ၊ ဒီမှာ. . ."

"ပြောပါ"

"မင်း ပြန်ပါတော့ ငါ့ညီ"

သဲမောင်မောင် ဘာပြောရမှန်းမသိမီ. . .

"ငါ့ကို ထိုးလိုက်ရတဲ့အတွက် မင်း တွေနပ်သင့်ပါပြီ၊ ငါ
တောင်းပန်ပါတယ်၊ မင်းပြန်ပါတော့"

ကိုဝင်းထွန်း၌ တစ်စုံတစ်ခုသော လျှို့ဝှက်ချက် ရှိနေပြီ
ဖြစ်ကြောင်း သဲမောင်မောင် သိရှိလာရသည်။

ဒေဝီနှင့် သူ အတူရှိနေသည်ဆိုသော်လည်း သူသည်
ဇနီးနှင့် သားသမီးများနှင့် အဆင်ပြေနေသူတစ်ယောက် မဟုတ်
နိုင်ကြောင်းတော့ သိသာလှသည်။

သူ၏ လက်ရှိ နိမ့်ကျနေသော ဘဝဖြင့် မြေနှင့် ထိတွေ့
ခစ်ခွင့် ရရှိသည့်တိုင်အောင် သူ ရှောင်သွားမည်ဟု နားလည်
လာရသည်။

သူ့ ကျန်းမာရေး ချွတ်ယွင်းမှုသည်လည်း အားရဖွယ်ရာ
မရှိကြောင်း မြင်သူတိုင်း သိသာနိုင်ပါသည်။

သူ့ထက် ခွန်အားကြီးသော မိမိက အနိုင်ယူ လက်သီးများ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ထိုးနှက်မိခြင်းအတွက် စိတ်မကောင်းနိုင်တော့။ တောင်းပန်
စကားဆိုရန် စိတ်ကူးနေဆဲ၊ သူက ထပ်မံတောင်းပန်လာသည်။

"ငါ့ညီကို အစ်ကို တောင်းပန်ပါတယ်ကွာ၊ ဒီနေရာလေး
မှာ ငါတစ်ယောက်တည်း အေးအေးဆေးဆေး နေစမ်းပါရ
စေ. . . မင်း ပြန်ပါတော့"

သဲမောင်မောင် ဆက်လက်၍ မနေသင့်တော့၊ သူ
လက်လွန်မှုအတွက် သူစကားကို နာခံခြင်းဖြင့်ပင် တောင်းပန်ရာ
ရောက်ပါစေတော့. . .

ထွန်းနှင့်ပြေတို့ နှစ်ဦးအတွက် "သမိုင်းဝင် ချစ်နယ်မြေ"
လေးမှ သဲမောင်မောင် ပြန်လှည့်ထွက်ခွာခဲ့ရပါပြီ။

ထွန်းသည်မူ သူ၏ နေရာဟောင်းလေးမှာ ကျန်ရစ်ခဲ့
ပါ. . .

◆ ◆ ◆

မော်ချီးမိုင်း. . .

မြန်မာပြည်၏ အဖိုးတန်သတ္တုသိုက်တစ်ခုဖြစ်သော





မော်ချီးမိုင်းသည်. . .

၁၉၀၄ ခုနှစ်တွင် မျက်နှာဖြူလူမျိုး "မစ္စတာအိုရိလီ"သည်
ဆိုင်းရင်းသားများမှ တစ်ဆင့် မော်ချီးဒေသမှ သတ္တုကြောကို
ပထမဆုံးတွေ့ရှိခဲ့သူဖြစ်လေသည်။

မစ္စတာအိုရိလီ၏ စီစဉ်မှုဖြင့် ပါရဂူများနှင့်အတူ
မော်လမြိုင်မြို့မှ သံလွင်မြစ်အတိုင်း မော်တော်ဘုတ်ကလေးဖြင့်
ရုတ်ပေါင်းများစွာ ဆန်တက်လာပြီး ခဲမဖြူရွာမှတစ်ဆင့်
တောလမ်းခရီး၊ တောင်လမ်းခရီးများကို ဖြတ်သန်း၍ မော်ချီးမှာ
တောင်စမ်းသပ်တူးဖော်ခဲ့လေသည်။

ပြေသည် မော်ချီးမိုင်း၏ သမိုင်းအစကို စာအုပ်စာတမ်း
များစွာမှ လေ့လာဖတ်မှတ်ပြီး ကူးယူလာခဲ့သည်။

"ကျွန်တော်တို့က ဆရာမ သွားနိုင်လိမ့်မယ်မထင်လို့"

"ဒီ အခွင့်ရေးမျိုးက အင်မတန်မှ ရခဲလှတာ၊ ဘယ်. . .
လက်လွှတ်ခံလို့ ဖြစ်ပါ့မလဲ၊ သွားခွင့်ရအောင် ကူညီပေးသူ
အားလုံးကို ကျေးဇူးအထူးတင်လှပါတယ်"

အကြောင်းအရာ။ ။ခရီးသွားခွင့်ပြုခြင်း။

ရန်ကုန်မြို့ ဝင်ဒါမီယာနေ အမျိုးသား
မှတ်ပုံတင်အမှတ်( )ကို ကိုင်ဆောင်သူ
ပြေခေါ် ဒေါ်သဲဖြူအား သက်ဆိုင်ရာ ရပ်ကွက်/
ကျေးရွာ ပြည်သူကောင်စီ၏ ထောက်ခံချက်အရ



www.burmeseclassic.com

www.burmeseclassic.com



မော်ချီးသို့ ခရီးသွားခွင့် ပြုလိုက်သည်။

ခရီးသွားလာခွင့်ပြုလိုက်သည်။
ဥက္ကဋ္ဌ
မြို့နယ်ပြည်သူ့ကောင်စီ
လွိုင်ကော်မြို့။

မြို့နယ်ပြည်သူ့ကောင်စီ တံဆိပ်ဝိုင်းပါ ရိုက်နှိပ်ထားသော အညိုရောင် စာရွက်လေးကို ပြေ ကြည့်ပြီး နှစ်သိမ့်နေသည်။

ဤခရီးသွားခွင့်လက်မှတ် ပါပါမှ သွားခွင့်ရှိသည်။ သက်ဆိုင်ရာက စစ်ဆေးလျှင် ထုတ်ပြနိုင်ရမည်။

တာချီလိတ်လို၊ ကော့သောင်လို၊ တမူးလို၊ မောင်းတော လို တခြားနိုင်ငံများနှင့် ထိစပ်နေသော မြန်မာ့နယ်နိမိတ်ဆုံး ခရီးများ၌သာ ခရီးသွားလက်မှတ် လိုအပ်သည်။

ပြည်တွင်းခရီးစဉ်မှာဖြင့် မိုးကောင်းမှ ကားမိုင်းသို့ထွက် သော ကချင်ပြည်နယ်နှင့်. . .

လွိုင်ကော်မှ မော်ချီးသို့ သွားသော ကယားပြည်နယ် ခရီးစဉ်များ၌သာ ဤလိုလက်မှတ်မျိုး ပြေ ကိုင်ဆောင်ရပါသည်။

တရားဝင် စိတ်ချမ်းသာစွာ သွားလာနိုင်ရန် စီစစ် စီစဉ် ပေးကြသော သက်ဆိုင်ရာများကို လေးစားစွာဖြင့် ကျေးဇူး တင်လျက်ပါ။





"အခု မြင်နေရတဲ့ကားတွေ အကုန်ထွက်မှာလား ဟင်"

လွိုင်ကော် တစ်မြို့လုံးနီးပါး တက်ကြွ စည်ကားနေသော တားကြီးကားငယ်များကို ကြည့်ပြီး ပြေ မေးလိုက်သည်။

"ဟုတ်ပါတယ်၊ မော်ချီး သွားတဲ့ ယာဉ်တန်းမှာ အနည်း ဆုံး ကားအစီး ၄၀၊ အများဆုံး ၁၀၀ လိုက်ပါကြပါတယ်"

"အများကြီးပါလား"

"ဟုတ်ကဲ့. . . ဒီနေ့တော့ (မော်ချီး)မိုင်းကား ၆ စီး၊ R.T.C. ၁၇ စီးနဲ့ အရပ်ကား ၄၈ စီး စုစုပေါင်း ၇၁ စီး တန်းစီပြီး သွားကြမယ့် ယာဉ်တန်းကြီးပါ"

"ဟိုမှာ မြင်နေရတဲ့ ရဲတွေ၊ တပ်တွေက အစောင့်ရှောက် လိုက်မှာနော်၊ သူတို့ကားရော"

"အာရ်တီစီ ကားနဲ့ပဲ လိုက်ကြမှာပါ။ ဒီယာဉ်တန်းမှာ ငွေ သိန်း ၈၀ ကျော်လည်း ပါပါတယ်"

"အမယ်လေး. . . အများကြီးပါလား၊ ဘာလုပ်ဖို့လဲ"

"ဆရာမ ဟိုရောက်တော့ သိရမှာပါ။ ယာဉ်တန်း တစ်ခါ ထွက်တိုင်း ၄၂ သိန်းခန့်က သိန်း ၁၀၀ အထိ အမြဲပါရှိပါတယ်၊ မိုင်းလုပ်သားတွေ၊ အရာထမ်းတွေ၊ အင်ဂျင်နီယာတွေ၊ ရှုံးသူ မိုးသားတွေရဲ့ လစာအပြင် ပုဂ္ဂလိက တူးခွင့်ရကြသူတွေဆီက ခဲမြဖြူကို နိုင်ငံတော်အစိုးရက ပြန်ဝယ်ပါတယ်၊ "ပိဿာစား"လို့ ခေါ်ပါတယ်၊ အဲဒီလို ဝယ်ဖို့ ငွေတွေရယ်၊ ဖာဆောင်းဘက် ထိုက်ခွဲအတွက် ပို့ရမယ့် ငွေတွေရယ်ပါ"

"ဪ. . . ဒါကြောင့် လုံခြုံရေးအများကြီး ထည့်ပေးရ



www.burmeseclassic.com

www.burmeseclassic.com



တာကို"

"ငွေတင်မကပါဘူး ဆရာမ၊ ဝန်ထမ်းတွေအတွက် လိုအပ်တဲ့ ပစ္စည်းတွေ၊ မိုင်းရုံးအတွက် လိုအပ်တာတွေ၊ မော်ချီး ကို တာဝန်ကျတဲ့ ဝန်ထမ်းတွေရဲ့ ပစ္စည်းတွေ။ သမဝါယမပစ္စည်း တွေ၊ ပြီးတော့ ကားအများစုမှာက ပုဂ္ဂလိက ကုန်သည်တွေရဲ့ ပစ္စည်းမျိုးစုံပါ၊ မော်ချီးမှာ မရတဲ့ပစ္စည်း မရှိအောင် စုံစုံလင်လင် ဒီယာဉ်တန်းတွေနဲ့ ပို့ပါတယ်၊ ယာဉ်တန်းတစ်ခါတစ်ခါ ထွက်ဖို့ လည်း လနဲ့ချီပြီး စောင့်ရပါတယ်၊ အားလုံး အဆင်သင့် လုပ်ထားရပေမယ့် ထွက်မယ့်ရက် အတိအကျ သိခွင့်မရှိပါဘူး နီးမှ ကပ်ပြီး သိရပါတယ်၊ လုံခြုံရေးအတွက်ပါ၊ ဒီယာဉ်တန်း ထွက်သွားရင် လွိုင်ကော်တစ်မြို့လုံးကို ချောက်ကပ်သွားတာပါ တကယ်အရေးပါတဲ့ စုပေါင်းသွားလာမှု ခရီးရှည်ကြီးပါ ဆရာမ"

ပြေတို့ကို လိုက်ပို့ပေးသော ဒေသခံ "ကိုစောနောင်"ဖ ရှည်လျားစွာ ရှင်းပြရှာပါသည်။

ယခုကဲ့သို့သော(Convoy) ကွန်ဗွိုင်ခရီးမျိုးမှာ မြန်မာ ပြည်၏ ပြည်နယ်များ၌သာရှိပြီး အလွန်တရာ ဆုံခဲ၊ ကြုံခဲ၊ တွေ့ခဲ တိုက်ဆိုင်ခဲသော ခရီးအမျိုးအစားပါပင်. . .

ပြေ ရောက်လာသည်နှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံသည့် အပြင် သက်ဆိုင်ရာမှလည်း စီစဉ်ပေးခဲ့သည်။

ပြီးတော့ ပြေကိုယ်တိုင်က ရန်ကုန်ပြန်ချင်စိတ်လည်းမရှိ၊ စာရေးချင်စိတ်လည်းမရှိ၊ ထွန်းနှင့် ကြုံတွေ့ပြီးကာမှ ဝေဒနာ ပေါင်း၏ အုံကြွမှုကြောင့် ပြေ့စိတ်တို့ မတည်မငြိမ်. . .





ယင်းအချိန်မျိုးမှာ နယ်မြေသစ်သို့ သွားခြင်းအားဖြင့် အာရုံပြောင်းနိုင်ရုံမက ချစ်လှစွာသော ကျေးလူးရှင်များသို့ တင်ပြနိုင်ရန် အကြောင်းရာသစ်တစ်ခု ရရှိပေမည်၊ မော်ချီးနှင့် ပတ်သက်သော ဇာတ်လမ်းတစ်ပုဒ် ပြေ ရေးဖွဲ့ပြီး စာဖတ်သူများ ထံသို့ ဆက်သတင်ပြနိုင်ပါလေမည်ဟု ပြေ ကျေနပ်နေမိသည်။

ခရီးကြမ်း၍ ပင်ပန်းစမ်းပါစေ၊ ပြေ၏ စာချစ်သူများ အတွက် ပြေ စွန့်စားရပါသည်။

"ကဲ. . . ဆရာမတို့ ကားပေါ် တက်ကြပါ၊ ကားထွက်ခါ နီးပါပြီ၊ ကျွန်တော် နောက်ခန်းမှာ ရှိနေပါတယ်၊ လိုရင် ပြောပါ နော်"

ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ပိုင် ကားပြာကြီး၏ နောက်မှာ ဆန်အိတ်များ တင်လာသည်။ စနစ်တကျ တင်လာ သဖြင့် ထိုင်ရသည်မှာ ညီညီညာညာပါ၊ တခြားသော ခရီးသည် အမျိုးသမီးများလည်း ပါရှိပါ၍ ပြေ အဖြေတစ်ခု ရလာသည်။

"ကိုစောနောင်ကို တစ်ခု တောင်းပန်ပါရစေ၊ မတင်အေး က နောက်ခန်းမှာထိုင်လို့ ဖြစ်ပါတယ်၊ ရှေ့ခန်းမှာပဲ ပြေနဲ့အတူ ထိုင်ခဲ့ပေးပါ"

"ဗျာ. . ."

သူ၏ အံ့သြ အားနာဟန်က ထိန်းသိမ်းနိုင်ခြင်းကိုပင် ကျော်လွှာသွားစေ၏။

"ပြေနဲ့ မတင်အေးဆိုရင် မြင်ရရုံပဲ ရှိမယ်၊ ဘာမှ သိနိုင်မှာ မဟုတ်လို့ ကိုစောနောင် ပြေနဲ့အတူလိုက်ပြီး ရှင်းပြပေးပါလို့



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ်"

"အာ. . . ရပါတယ်၊ ရတယ်၊ ကျွန်တော်က သွားနေကျ ဘယ်လိုဖြစ်ဖြစ် ရပါတယ်၊ ဆရာမ အနေကျုံ့ နေမလားလို့ အားနာလို့ပါ"

"ရပါတယ် ကိုစောနောင်ရယ်၊ သိချင်၊ မေးချင်၊ မှတ်ချင်တဲ့ မြေ့အတွက် ဒါမှ အဆင်ပြေမှာမို့ပါ"

ယနေ့ မြန်မာအမျိုးသမီးတို့သည် စီးပွားရေး၊ လူမှုရေးပိုင်းတွင် ရှေ့တန်းမှ ပါဝင်နေပြီဖြစ်၍ ရှံ့သလိုလို၊ မရဲသလိုလို လုပ်နေ၍ မဖြစ်တော့။

ကိုစောနောင်က ဒရိုင်ဘာ၏ဘေး အလယ်နေရာမှ ခပ်ကျုံ့ကျုံ့ ဝင်ထိုင်ပေးပြီး မြေ့ကို ဘေးမှာနေရာပေး၏။

နံနက် ၇ နာရီ ၃၅ မိနစ် တိတိတွင် ယာဉ်တန်းကြီးမှာ ရွှေတောင်ရပ်ကွက်မှ စတင်ခရီးထွက်ပါပြီ။

မြို့တွင်းလမ်းတလျှောက်မှ မြို့သူ မြို့သားတိုင်း လုပ်ဆောင်ဆဲ လုပ်ငန်းများကို ရပ်တန့်ပြီး ယာဉ်တန်းကြီးကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြပါ၏။

"ကျွန်တော်တို့ လှိုင်ကော်က လူတစ်ရာမှာတစ်ယောက် မော်ချီး မရောက်ဖူးကြပါဘူး။ အထူးသဖြင့် အမျိုးသမီးတွေဟာ ပိုပြီး ရောက်နိုင်ဖို့ ခဲယဉ်းကြပါတယ်"

"ရှေ့ကား နောက်ကားတွေမှာ အမျိုးသမီးတွေ မြင်ပါတယ်"

"အများစုက ဈေးသည်တွေပါ၊ သူတို့တွေကတော့





...ကူးနေကြလို့ ယာဉ်တန်းတိုင်းလို ပါပါတယ်။ ကျွန်တော် ...တာက ကုန်မကူးတဲ့ အမျိုးသမီးပိုင်းကိုပါ"

"ဒါလည်း မြေ့အစွမ်းအစကြောင့် မဟုတ်ပါဘူး၊ အားလုံး ...ဝန်းကူညီကြလို့ပါ၊ ဟော. . . မော်ချီးလမ်းက သီးခြား ...တ်ဘဲကို၊ ဒီမောဆိုးလမ်းအတိုင်းပါပဲလား. . ."

လွန်ခဲ့သည့် စနေနေ့ကပင် ဒီမောဆိုးဈေးနေ့ကို မြေ ...တ်ပြီးခဲ့၍ သည်လမ်းက ရင်းနှီးပြီးသား။

"ဟုတ်ကဲ့. . . တောင်အရပ်တည့်တည့်ကိုသွားပြီး ၇၅ မိုင် ...တဲ့ "ဖာဆောင်း" မြို့ကို ရောက်ပြီးမှ အနောက်ဘက်ကို ...ပြီး မတ်စောက်တဲ့ကားလမ်းအတိုင်း ကွေ့ပတ်သွားရပါလိမ့်မယ် ... ဆရာမကြောက်တတ်သလား"

"ချင်းတောင် ပြန်ပါ"

"ခင်ဗျာ"

"ဩော်. . . မြန်မာပြည်မှာ အမြင့်ဆုံးကားလမ်းဖြစ်တဲ့ ...ဓိန်မြို့အတက်က ကားလမ်းဟာ သိပ်ကျဉ်းတဲ့ မြေလမ်းပါ၊ ...ာ ရှစ်ထောင်ကျော် မြင့်ပါတယ်၊ တိမ်တွေက ကိုယ့်အောက် ...တ်နေလို့ ကိုယ့်ကိုယ်ကို တာဝတိံသာများ ရောက်နေသလား ...ဆင်ခဲ့မိတာ"

"အလုပ်တာဝန်နဲ့လား"

"မြေ့မှာ ဘာအလုပ်မှ မရှိပါဘူး၊ စာရေးဖို့အတွက် သွား...ပါ၊ ချင်းတောင် အခြေခံဝတ္ထုတစ်ပုဒ်လည်း ရေးပြီးပါပြီ"

"ဒါဆို ဖြစ်ပါပြီ၊ အောက် မော်ချီးက ပင်လယ်ရေ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်မှ အမြင့်ပေ ၁၆၀၀ ရှိပါတယ်၊ အထက် မော်ချိုးအ
ပေ ၄၀၀၀ ပါ၊ ချင်းတောင်ရဲ့ ထက်ဝက်ပဲရှိလို့ ဆရာမ သွားရုံ
ပါ"

"ရောက်ချင်လှပြီ၊ နှစ်ရက်တောင် သွားရမှာ ဆို
လား. . . မိုင်က"

"မော်ချိုးအရောက် ၉၆ မိုင်ပါ"

"ဟင်. . . မိုင်တစ်ရာမပြည့်တဲ့လမ်းကို နှစ်ရက်သွား
မယ်လား၊ စိုးဆိုင်မောဝ် သီဆိုတဲ့ မူဆယ်-နမ့်(မ)ခမ်း မြောက်ဦး
လမ်းထက် ဆိုးနေပြီပေါ့၊ သူက မိုင်တစ်ရာစာသာရှိတဲ့လမ်း
တစ်နေကုန်အောင် မောင်းကြရတာတဲ့၊ ဒီမှာက နှစ်ရ
ဆိုတော့. . ."

"ဒါတောင် အားလုံး အဆင်ပြေ ချောမောမှ ပြော
နော်၊ လမ်းမှာ အခက်ခဲတွေ့ရင်၊ သို့မဟုတ် ကားတစ်
နှစ်စင်း ပျက်နေရင် သွားပြီ၊ လေးငါးရက် ကြာချင်ကြာတာ"

"ကိုယ့်ကား မပျက်ရင်ရော"

"ဟာ. . . ဒီလို သွားခွင့်မပြုဘူး ဆရာမ၊ ဒီလမ်းပေါ်
ကားတစင်းမှ မထားခဲ့ကြပါဘူး၊ တစင်းပျက်ရင် အားလုံး ဝိုင်း
ကြရပါတယ်"

"ဒါဆို. . . အခုလာတဲ့ကား ၇၁ စီးလုံး ဘာချွတ်
ချော်မှ မရှိမှ သွားလို့ရမယ်ပေါ့နော်"

"ဟုတ်ပါတယ်ဆရာမ၊ အခုလည်း ကြည့်လေ၊ ပြ
ဖြည်းပဲသွားပြီး ခဏခဏ ရပ်နေတာပဲ၊ ၇၁ စင်းရဲ့ ပြဿနာ





တိုယ့်ပြဿနာပါပဲ"

လမ်းကွေ့လေးများရောက်တိုင်း ကားတန်းရှည် တမေ့
တမောကြီးကို ပြေ ခေါင်းပြူပြူ ကြည့်ရသည်က အမောပါ။

ရှေ့ဆုံးကားမှာ တပ်မတော်မှ စစ်သည်တော်များ၊
နောက်ဆုံးကားမှာလည်း ထို့အတူပါ။ ရှေ့ဆုံးနှင့် နောက်ဆုံးက
သုံးမိုင်မျှလောက် ရှည်လျား၍ ရှေ့နှင့်နောက် ကြိုးမဲ့ဆက်သွယ်
ရေးစက်များနှင့် စကားပြော အချက်ပြကြလိမ့်မည်ဟု ပြေ
ဆင်မိပါ၏။

အလယ်တွင်လည်း အစောင့်အကြပ် ကားများက ခြား၍
ခြား၍ စနစ်တကျ လိုက်ပါကာကွယ်ပေးနေရှာပါသည်။

ငွေတောင်နှင့် ဒီမောဆိုးမြို့များကိုဖြတ်ပြီး ၁၉ မိုင်မှာ
ဆီးတလူဒေါ်ရွာ၊ "ဒေါ"ဟူသည် ကယား ဘာသာနှင့်. . . ရွာပါ။
မြို့ကိုလည်း ဒေါ်နိုင်ပါ၏) ၂၅ မိုင် အလွန်မှာတော့ "မဒေါ်ရော်
ရှေ့ရွာ"ကို တွေ့ရပါ၏။ တတ္တာရာခင်း ကျောက်လမ်းကောင်းများ
ဆုံးပါပြီ။ ယခင်က ခင်းထားသော လမ်းများ ပျက်စီးသွားခြင်း
ဖြစ်ပေမည်။ ထိုနေရာလောက်က အစ မော်ချိုးအရောက်
အားလုံး တောင်တက်မြေလမ်းကြမ်းများချည်းပါ။

ခေါင်ရည်ကောင်းသော "ထားလဲရွာ"ရောက်မှ ခဏ
နား၍ ပြေတို့ ပါလာသော ထမင်းထုပ်ကို စားကြရပါ၏။

ကားများ ရပ်သည့်အခိုက် အောက်သို့ ဆင်းကြရင်း
တစ်ကားနှင့်တစ်ကား သတင်းမေးကြ၊ ပါလာသော အစာများ
မျှဝေကျွေးကြ၊ ရေတောင်းသောက်ကြနှင့် တခရီးတည်း သွားကြ



www.burmeseclassic.com

www.burmeseclassic.com



သူ ခရီးဖော်ချင်း ရင်းနှီးမှုကို ရရှိလာသည်။

"လမ်းမှာ စစ်သားတွေ ခဏ ခဏ တွေ့ရတယ်

စခန်းလေးတွေလည်း ရှိတယ်"

"ဟုတ်ကဲ့၊ အဲဒါ ဒီယာဉ်တန်း တက်မလာခင် အကြ

တည်းက ကြိုတင် လုံခြုံဖို့ အစောင့်ချပေးထားတာပါ"

"စခန်းလေးတွေကလည်း ဖြစ်ရုံဆောက်ထားကြ

ဒီနတ်တော်လကလည်း သေမတတ်ချမ်းတာ၊ လမ်း

တောကြား လျှိုမြောင်ကြားမှာ အိပ်ရတာ သနားပါ

နော်. . ."

"တိုင်းပြည်တာဝန် ထမ်းရတဲ့ ရှေ့တန်းရဲဘော်အ

ဟာ ဒီလိုပဲ ဒုက္ခကြီးကြီးမားမားခံပြီး. . . ဆရာမတို့ ကျွန်

တို့ရဲ့ အသက်နဲ့ အန္တရာယ်ကို ကာကွယ်ပေးနေကြရပါတ

"ဖရူဆိုမြို့" ကိုတော့ ဖြတ်သန်း၍မင် သွားရသ

ကားက မရပ်နား. . .

၎င်းယာဉ်တန်းကြီးကို တာဝန်ယူရသော Convoy

charge ကလည်း ရပ်သွားသော ကားတိုင်းကို ဂရုတ

လိုက်ကြည့်နေရသည်မှာ ကားကိုပင် စီးရသည်မရှိ။ တစ်ချိန်

လမ်းပေါ်မှာချည်းပါ။ တာဝန်ကျေလှပါပေသည်။

"ရှေ့ကဟာ "နန်းဖဲရွာ"ပါ၊ ရှမ်းတွေ အနေများပါတ

"ရွာအဝင်မှာ ဝါးတံခါးတွေနဲ့ ပိတ်ထားတယ်နော်"

"ဟုတ်ကဲ့. . . အထွက်မှာလည်း ဒီလိုပဲ ပိတ်ထာ

တယ်၊ အောက်ဆိုတ်တားဆိုရင် လမ်းဆင်းလျှောက်ပြီး ဒီ





သွန်မှ ကားပြန်စီးရပါတယ်"

"ဪ. . . ယာဉ်တန်းမဟုတ်တဲ့ အပြင် ကားတွေလည်း

သွားတာပဲလား"

"အမြဲလို သွားနေပါတယ်၊ ဒါပေမယ့်. . . ခုလိုတော့

စိတ်ချ လုံခြုံစွာ မသွားရဘူးပေါ့လေ၊ ဓားပြရန် လူဆိုးရန်ကို

ခရီးသည်တွေ မကြာခဏ ခံကြရပါတယ်"

"ဒီလောက် အပြစ်မဲ့အောင် လှပတဲ့ နယ်မြေလေးမှာ

အမြဲအေးချမ်းနေရင် ဘယ်လောက်ကောင်းမလဲနော်၊ မြန်မာ

တစ်ပြည်လုံး သာယာအေးချမ်းကြပါစေလို့ အမြဲ မေတ္တာပို့

ဆုတောင်းပါတယ်"

"ဟုတ်ပါတယ်၊ အဖျက်သမားရန်သာမရှိရင် ဆရာမ

ခုလိုတောင် ဝင်ပန်းစရာမလိုဘူး၊ တောင်ငူကနေပြီး မော်ချီး

သာလိုက်ရုံပဲ"

"ဪ. . . သွားလို့ရတယ်လား"

"လမ်းရှိပါတယ်၊ သွားလို့မရပါဘူး၊ အဖျက်သမားတွေ

ကြောင့်ပါ၊ ၁၉၃၅ ခုနှစ်က ဒီလမ်းကို အင်္ဂလိပ်တွေ စဖောက်ပြီး

၁၉၃၆ ခုနှစ်မှာ ဖွင့်လှစ်သွားလာနိုင်ခဲ့ပါတယ်၊ တောင်ငူ၊

သံတောင်၊ မော်ချီးကို အလွယ်တကူ သွားနိုင်ခဲ့ပါတယ်"

"လမ်းအရှည်ကရော"

"၉၇ မိုင်တည်းပါ"

"ဟာ. . . ဒါဆို ရန်ကုန်နဲ့ တောင်ငူက ၁၇၅ မိုင်၊ ဒီက

၉၇ မိုင်ဆိုတော့ လမ်းသာကောင်းရင်. . . ရန်ကုန်နဲ့ မော်ချီး



www.burmeseclassic.com

www.burmeseclassic.com



နေချင်းပေါက် ခရီးကို သွားနိုင်မှာပါလား ရှင်. . . "

"ဟုတ်ကဲ့၊ ခုတော့ တစ်ပတ်ကြီး ပြန်ပတ်ရတာပေါ့ဗျ
ရန်ကုန်ကနေ ရှမ်းပြည်နယ်ကမှ တစ်ဆင့် ကယားပြည်နယ်
လွိုင်ကော်ကမှတစ်ဆင့် အခုလိုလာရတော့. . . "

"တစ်ပတ်လောက်တော့ အသာလေးပဲပေါ့"

"ဟုတ်ပါတယ်၊ ဒီလမ်းလည်းပဲ ၇၄-၇၅ ခုနှစ်လောက်
အတော်လေး ဆိုးရွားခဲ့ပါတယ်၊ အဲဒါကို အေးငြိမ်းသွားအေ
မော်ချီးအနီးမှာ ပြန့်ကြဲနေတဲ့ ရွာတွေကို စုစည်းစေပြီ
ဖြုတ်လေးဖြုတ်စနစ်နဲ့ တိုက်ထုတ်ပေးခဲ့ပါတယ်"

"ဟုတ်ကဲ့. . . ဒါနဲ့ ညနေတောင် စောင်းနေပြီနော်. . ."

"အင်း. . . ညအိပ်ရပ်နားမယ့် ဖာဆောင်းက ဝေးသေ
တယ်၊ မကြာခင် ကျွန်တော်တို့ "မယ့်စလောင်းတောင်"
စတက်ပါတော့မယ်"

တောင်အတက်ကကြမ်းပြီး ချောက်ကမ်းပါးက နက်
သည်။ မတ်စောက်သော ကားလမ်းခရီးမို့ ကားမောင်းသူ
မကျွမ်းကျင်လျှင် မလွယ်ပါ။

"ဟော. . . ဟိုဘေးမှာ စမ်းချောင်းလေးစီးနေ
လှလိုက်တာနော်"

"အဲဒါ 'ပွန်ချောင်း'ပါ. . . နမ့်ပွန်ချောင်းလို့လည်
ခေါ်ကြပါတယ်"

"ရှမ်းဘာသာအရ နမ့်(မ့်)ဆိုတာ ရေလို့ခေါ်တာ
နော်. . . မြစ်တွေ ချောင်းတွေဆို အမြဲနမ့်ထည့်ခေါ်ကြတာ





တယ်လေ. . . ဒီနားက ပွန်းချောင်းဆိုတာဟာ 'ထူးချောင်း'နဲ့
ပေါင်းဆုံပြီး သံလွင်မြစ်ထဲ စီးဝင်သွားတယ်လို့ ကြားဖူးပါတယ်"

"ဟုတ်ပါတယ် ဆရာမ"

မြင့်မားမတ်စောက်သော တောင်ပေါ်မှ ကြည့်လိုက်လျှင်
အစ်ပင်ကြီးငယ်တို့ ကြိုးကြားကာပြီး စီးဆင်းသွားနေသော
ချောင်းလေးကို ကြည့်ရသည်မှာ အပူရင်ကို ငြိမ်းစေနိုင်သည့်
မြင်ကွင်းလေးပါတကား။

ကယားပြည်နယ်မှ နာမည်ကျော် မြို့တစ်မြို့ဖြစ်သော
ဘော်လခဲမြို့မှာ ပြေတို့ကား အကြာကြီး ရပ်နားရပါ၏။ နိုင်ငံ
ခြားသို့ တင်ပို့ရန် ကျွန်းသစ်နှင့် သစ်မာပုံကြီးများကို အားရဖွယ်
တွေ့ရှိရလေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ဖာဆောင်းမြို့။

လွိုင်ကော်မြို့မှ ၇၄ မိုင်၊

ကယားပြည်နယ်ရှိ မြို့နယ် ၆-ခုအနက် အကျယ်ဝန်း မြို့နယ်ဖြစ်ပါ၏။ ဧရိယာ ၁၂၉၃ ဒသမ ၈၈ စတုရန်း ကျယ်ဝန်းပြီး ဤနယ်၏ ၉၅ ရာခိုင်နှုန်းမှာ စိမ်းလန်းဝေ သော တောတောင်များသာ ဖြစ်ချေသည်။ ဖာဆောင်းသ သံလွင်မြစ်၏ အနောက်ဘက်တမ်းတွင် ရှိပါ၏။

သံလွင်မြစ်၏ အရှေ့ဘက်ခြမ်းမှာ မယ်ဆည်နမ်၊ နမ်း နှင့် မယ်စဲ(မဲစဲ)ရွာများ ရှိကြသည်။ မယ်စဲသည် ထိုင်းနိုင်ငံ ထိစပ်နေသော မြန်မာပိုင် ရွာလေးတစ်ရွာသာ ဖြစ်ပါ၏။

နာမည်ကျော် မော်ချီးသတ္တုမိုင်းသည်လည်း ဖာဆော နယ်မှ ကျေးရွာအဆင့်သာ၊

ဝမ်အောင်း၊ တောင်ပေါ်ရွာ၊ ခဲမဖြူရွာ၊ နမ့်ဟူးကုန်း၊ ကျေးရွာများတွင် သီးနှံများစွာ စိုက်ပျိုးနိုင်၏။

ဖာဆောင်းဆိုသည်မှာ တောင်ပေါ်ပြည်နယ်တစ်ခု သော ကယားပြည်နယ်မှ မြို့ငယ်လေးဖြစ်သော်လည်း ပင် ကမ်းခြေရှိ မြို့ရွာများလို အုန်းသီးပေါ်၏။ အညာကျေးရွာမျ ဆီးသီးလည်း လှိုင်လှိုင်ထွက်ပါ၏။ "ဇီးဆီ"ချက်ပြီး သကြာ ဖျော်သောက်လျှင် သဘာဝရသနှင့် ပြည့်စုံသော ဆီးဖျော် ဖြစ်လာပါ၏။ ဖာဆောင်းမှထွက်သော ဆီးဆီမှာ နာမည် လေသည်။





ဤနယ်မှ ထွက်သမျှ သီးနှံများကိုလည်း မော်ချီးသို့ ပို့ရ ပါ၏။ မော်ချီးတပိုက်၌ ဘာစိုက်ခင်းမှမရှိပါ၊

ဖာဆောင်းမြို့ကို ခရစ်သက္ကရာဇ် ၁၈၆၉ ခုနှစ်တွင် "တိမ်ကျောင်းခမ်း" ခေါ် ကရင်လူမျိုး ဗုဒ္ဓဘာသာဝင် တစ်ယောက်က တည်ခဲ့လေသည်။ ထိုခေတ်က မြို့တည်ထုံးစံ နှင့်အညီ ဆီအိုးငါးလုံးကို မြို့ထောင့်လေးခုနှင့် မြို့လယ်တွင် မြှုပ်နှံခဲ့ကြသည်ဟု ဆိုပါ၏။

ထိုမြို့အနီး သံလွင်မြစ်ထဲတွင် ကျောက်ဖျာတစောင်း တည်နေသဖြင့် ရှမ်းဘာသာဖြင့် ကျောက်ဖျာစောင်း-ဖာဆောင်း ဟု ခေါ်ခြင်းဖြစ်လေသည်။

မော်ချီးကျတော့. . . မော်ချောင်း၏ အဖျားတွင် တည်ရှိသဖြင့် ဒေသခံ ကရင်များက "မော်ချီး မော်ချောင်းဖျား ရွာ"ဟု ခေါ်ရာမှ မော်ချီးရွာဟု တွင်လာခြင်းဖြစ်သည်။

စမ်းရေတို့ကို သံပိုက်၊ ဝါးပိုက်များဖြင့် သွယ်တန်း သုံးကြသည်။

တောတောင် ရေမြေသဘာဝ၏ ဆန်းပြားပုံ အစုံလင် တို့ ဤကယားပြည်မှာ တွေ့နိုင်ပါ၏။

ဂုတ်တွင်းဆိုသည့် ရေပျောက်တွင်းကြီးများမှာ များစွာ တွေ့ရသည်။ စမ်းချောင်းများသည် ဂုတ်တွင်းထဲသို့ ထိုးကျ ဆင်းလာပြီး ဂုတ်တွင်းကြီးများအရောက် လမ်းစပျောက်သွား နေလေသည်။

ထန့်စန့်ဖတ်၊ ထန့်ခေါက်စန့်ဖိတ်၊ ထန့်ပျော့ဘွာဖိတ်၊



www.burmeseclassic.com

www.burmeseclassic.com



ထန့်ဟွတ်၊ ထန့်လုံ၊ ထန့်နန်းစီဟို၊ ထန့်လူခွယ်၊ ထန့်နန်းဖ
စသော ကျောက်လိုဏ်ခေါင်း၊ ကျောက်ဂူကြီးများကို ဖာဆော
မြေအနှံ့တွင် အများအပြား တွေ့နိုင်ပါ၏။

ထူးချောင်း ကြိုးတံတားမှ နှစ်မိုင်သာသာခန့်တွ
"ထန့်ဆန့်ဖိတ်"ဆိုသည့် ကျောက်လိုဏ်ခေါင်းကြီးမှာ ပေ ၂၀
ကျယ်ပြီး အလွန်နက်စောက်သည့်ဂူထဲတွင် ဘုရားများ ထ
ထားပါ၏။

"ထန်လုံးစွယ်" ခေါ်သည့် ပစောက်ပုံ လိုဏ်ဂူကြီး
အိမ်ကြီးတစ်လုံးစာမက ကျယ်၍ ပေပေါင်းများစွာ နက်သ
အဆင့်ဆင့် အထပ်ထပ်ရှိသော လိုဏ်ဂူအခန်းများထဲ
လင်းနို့များနေကြ၍ တောင်ပေါ်တိုင်းရင်းသားတို့သည် လ
ချေးကို သွားရောက်ယူငင်ကြသည်။

အမဲပစ်ရန် တူမီးသေနတ်များ ကိုင်ဆောင်လေ့ရှိ
သဖြင့် ၎င်းလင်းနို့ချေးဖြင့် တူမီးသေနတ်ပစ်ရန် ယမ်းလု
ရလေသည်။

၎င်းဒေသတွင် ဘုမ္မရာဇာ၊ စန္ဒကူး လက်ထုတ်
သက်ရင်းကြီး၊ သစ်ကြံပိုး၊ ကရဝေး၊ ပရံ့နဝါ စသော အဖိုး
ဘယဆေးပင်များ အများအပြား ပေါက်ရောက်ထွက်ရှိပါ
သံလွင်မြစ်သည် ၎င်းဖားဆောင်းမြို့ကို ထိတွေ့ပွတ်
ပြီး ကွေ့ကွေ့ဝိုက်ဝိုက်ကလေး စီးဆင်းသွားပုံမှာ ကြည်
ချမ်းမြေ့စရာ ကောင်းလှချေသည်။

ပူချိန်ရောက်ပြန်တော့ ၁၀၃ ဒီဂရီဖာရင်ဟိုက်၊ အေး





ရောက်ပြန်တော့ ၅၅ အထိ ကျဆင်းတတ်ပါ၏။

ပြည်နယ်၏ တတိယ လူဦးရေအများဆုံး မြို့နယ်ဖြစ်ပြီး
နောက်ဆုံး သန်းခေါင် စာရင်းအရ လူဦးရေ ၁၃၅၇၀ ဦး နေထိုင်
ကျက်ရှိပါသော. . .

ဖာဆောင်းမြို့ကို မြေတို့ရောက်တော့ ည ၉ နာရီ ၃၀
မိနစ်တိတိ. . .

၇၄ မိုင်ခရီးကို ကားနှင့် လာချိန်က ၁၄ နာရီတိတိ
ကြာပါ၏. . .

ကိုစောနောင်၏ ဆွေမျိုးများအိမ်၌ "ညစာစားပြီး ပြည်မ
နှင့် ဝေးခေါင်လှသော ဖာဆောင်းမြို့လေးမှာ မြေတို့ အိပ်ကြရပါ
သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



မနက် မိုးမလင်းမီ ပြန်ထပြီး ကြိတ်ကြိတ်တိုး စည်ကား နေသော လူအုပ်များကို ရှောင်ရှားပြီး များပြားလှသော ကားများ အတွင်းမှ ပြေ စီးခဲ့ရသော TE 11 ကားပြာကြီးကို မနည်း ရှာရသည်။ လွိုင်ကော်မှ မိတ်ဆွေများ၏ ကူညီမှုကြောင့် ကား ရှေ့ခန်းမှ စီးခွင့်ရသည့် အခွင့်အရေးက မနည်းလှပါ။ ခါတိုင်း ယခုလို ကုန်တင်ကားကြီးများနှင့် ခရီးသွားရသည့်အခါ အခွင့် အရေးယူတတ်သော ယောကျ်ားများကြောင့် ပြေတို့လို မိန်းမသားများက သွားစမ်း နောက်ခန်းမှာမှီ ကားမြင့်ကြီးများကို မြောက်လို တွယ်တက်ရ၊ ခုန်ချရသည့် ဒုက္ခကို ကြုံရဖူးသည်။

နံနက်ဦး နေခြည်နုအောက်တွင် လှပသော သံလွင်သည် အစိမ်းနုရောင်အသွင်ဖြင့် အကြေဘက်သို့ ညင်သာ အေးငြိမ်းစွာ စီးမျောသွားပေသည်။

မှိုင်းမှုန်ဝေသီနေသော တောင်များ၊ စိမ်းညို့နေသော တောတန်းများကို ခံစားမှုဖြင့် ရှုကြည့်နေမိသည်။

စာရေးဆရာတွေအတွက် တစ်ခါလာလည်း သမုဒ္ဒရာ ရယ်၊ ကောင်းကင်ရယ်၊ တောတွေ တောင်တွေ၊ ရေမြေနဲ့ သစ်ပင်တွေ၊ ပန်းပွင့်ရွက်ကြွေအကြောင်းတွေပဲ ဖွဲ့နေကြတော့ ကြာရင် ကုန်သွားမှာပဲနော်ဟု အပြောခံရဖူးသည်။

ကမ္ဘာမြေကြီး၏ ဤအဆင်းတန်ဆာများကို ရှုထောင့် အမျိုးမျိုးမှ ခံယူ ခံစားမှုအတွေ့တွေ့နှင့် ဖွဲ့နေနိုင်မည့်ကာလမှာ ဤကမ္ဘာ မပျက်သရွေ့ပါ။





"စာရေးဆရာ ဆိုတာ သူများတွေထက် ပိုပြီး ခံစားတတ် ...စာရေးဆရာဖြစ်တာပါ"

လို့ ပြေ ပြောဖူးခဲ့သည်။ ခံယူထားပါသည်။ ယခုလည်း ...သော သံလွင်၏ စီးဆင်းပုံကို ကြည့်လို့ပင်မဝနိုင်။ တွေးလို့ ...လို့ပင် မဆုံးနိုင်ခင်မှာ. . .

"ကား ထွက်တော့မယ်"

တန့်လှန့်ကြေညာသံကြောင့် ပြေတို့ ပြေးတက်ခဲ့ရသည်။

လှပသော ဖာဆောင်းမြို့မှ ထွက်တော့ နံနက် ၇ နာရီ ...မိနစ်တိတိ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ဖာဆောင်းမြို့မှထွက်ပြီး သုံးလေးမိုင်လောက်ပဲ ရှိသေး ထင်သည်။ သံလွင်ကို မမြင်ရတော့။

"ကျွန်တော်တို့ ဒီလမ်းကိုစပြီး မောင်းခါစကဆိုရင် ချွေးတွေပြန်ပြီး လက်တွေ ဒူးတွေကို တုန်လို့"

"ဟုတ်မှာပါ၊ လမ်းကလည်း မြင့်မားမတ်စောက်လိုက် တာ၊ တောင်ကမ်းပါးယံကို ပတ်ကွေ့တက်ရတဲ့ လမ်းကလည်း သိပ်ကျဉ်းတာပဲနော်"

"ဟုတ်ကဲ့၊ ကျဖူးတဲ့ကားတွေလည်း အများကြီးပါ"

"တကယ်စွန့်စားရတဲ့ လမ်းပဲနော်"

ပြေမှာ ကားဆရာကို ပြောလိုက်၊ ကိုစောနောင် မေးလိုက်၊ မိုက်နေအောင် နက်သော ချောက်ကြီးများကို မရဲ ငုံ့ကြည့်ရင်း ရင်တွေ ဖိုခနဲ၊ လှိုက်ခနဲ ဖြစ်လိုက်နှင့်ပါ။

"မိုလိုချောင်း"တစ်နေရာမှာ ကားရပ်၍ ပြေတို့ အော ဆင်းကြ၊ ပါလာသော ထမင်းများ စားကြနှင့်ပါ။ လမ်းမှာ ဘာ ဝယ်စားစရာမရှိ ကင်းစောင့်တပ်များမှလွဲပြီး ရွာမရှိ။ စခန်း ဈေးဆိုင်မရှိ။

မော်ချီး သတ္တုတွင်းမှ ခဲများ ဆေး၍ ကျလာသော ရေ ညစ်ညစ်ချောင်းနှင့် တောင်ပေါ်မှ ကျဆင်းလာသော စမ်းချော ကန့်လန့်ဖြတ် ဆုံတွေ့ကြသော နေရာမှာ ပြေတို့ အကြာ နားကြရ. . . တောတောင် စမ်းရေတို့၏ အသွင်ကွဲအနေထ များကို ပြေက ဓာတ်ပုံရိုက်ယူသည်။

တောင်စဉ်ခုနစ်သွယ် ဆိုသည်ကို တက်ရသည်သို့

ကြောင်နှစ်ကောင်စာအုပ်တိုက်



စ်တောင်မြင်ပြီး နောက်တစ်တောင် တက်ရပြန်သည်။ မ်းဘေးမှာ "ဝါးသုတ်တော"များကို တွေ့ရလေသည်။

ဖာဆောင်းနှင့် မော်ချီး အကွာအဝေးမှာ ၂၂ မိုင်မျှသာ။ နံနက် ၇ နာရီ ၅ မိနစ်မှ ထွက်လာသော ပြေတို့ကား ည် နေ့လယ် ၂ နာရီ ၁၀ မိနစ်အတိမှာ. . .

"အမှတ်-၂ သတ္တု တူးဖော်ထုတ်လုပ်ရေးစီမံကိန်း"

ဆိုသော ဆိုင်းဘုတ်ကြီးနှင့် "အောက်မော်ချီးရွာ"ကို ရောက်ပါပြီ။

အောက်မော်ချီးက အမြင့်ပေ ၁၆၀၀၊ အထက်မော်ချီး တက်ရပါဦးမည်။ အထက်မော်ချီး၏ အမြင့်ပေက ၄၂၀၀ ခန့် ရှိသည်။

"ဟာ. . . ကားလမ်းကလည်း မတ်လိုက် စောက်လိုက် တာ။ ကြောက်စရာပဲနော်. . . ကိုစောနောင်"

"ဒါနဲ့ ဆရာမက ချင်းတောင်ပြန်ဆို"

"ကြွားတာလေ၊ ခုတော့ ထိနေပါပြီ၊ ရင်ထဲကို တလှပ်လှပ် ထိုအောက်မှာ တိမ်တစ်ကွက်ပဲ၊ တိမ်ထက်တောင် ပြေတို့က နေပြီ၊ အမယ်လေး. . . ဒီတောင်စောင်းကြီးကို ကွေ့ရမှာ ကြည်းယားစရာပဲနော်"

"ဆရာမကို ဆရာအိကြာကွေးစကားနဲ့ ပြောရတော့မယ် ထင်တယ်"

"ရှင်. . . ဩော် ပြေ သိပြီ၊ ဘာခုမှ ကြောက်ပါပြီလဲလို့ ဓာတ်လား"

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြေတို့ ရယ်မောဖြစ်ကြသည်။

တစ်လမ်းလုံး. . .

"ဂျမ်းတုံး. . . ဂျမ်းတုံး"

"ဟာ. . . ဟာ၊ ကားပြန်လိမ့်ဆင်းသွားပြီ"

"အားလုံး ဆင်းကြပါ၊ ဆင်းကြပါ"

ဆိုသော အသံများနှင့် ဖတ်(စ)ဂီယာနှင့်ချည်း တက် သဖြင့် ကားသံကြီးများက တဝီဝီ အော်မြည်နေကြသည်။ စပ ယာလေးများကလည်း "ဂျမ်းတုံး"ဟု ခေါ်ကြသည့် သစ်သား ကြီးများကို ကားနောက်ဘီးမှာ ခုပေးရ၊ ကားထွက်သော ပြန်ကောက်ရ၊ ကားတက်မရတော့ ပြန်ခုရနှင့် တောင်တက်လ မှာ ပြေးလိုက်နေရသည်မှာ သနားစရာပါ။

"ပြေတို့လည်း ဆင်းလျှောက်မယ်လေ"

"ဆရာမ ကြောက်လို့လား"

"ပြေ မကြောက်တတ်ပါဘူး"

"ဒါဆို နေပါ၊ ရွှေခန်းက ရပါတယ်"

မော်ချီးအတက် တောင်သည် နိမ့်ရာမှ မြင့်တက်သွ သည်၊ ပြေလျှောသော တောင်တန်းမျိုးမဟုတ်။ မြေဖြင့် ကျောက်တုံးကြီး ချထားသလို မြင့်မြင့်မတ်မတ်ကြီးကို ပတ်ထ ရသော လမ်းဖြစ်ပါ၏။

"ဒီလမ်းပေါ်မှာပဲ အပေါ်ရွာက အောက်ရွာကို တာ ဆင်းခဲ့ကြတဲ့ လျှပ်စစ်အင်ဂျင်နီယာ အပါအဝင် အရာရှိ ၆ ဦး အဖျက်သမားတွေကချောင်းပြီး ရုတ်တရက် ဖမ်းဆီးခေါ်ဆော





ားကြပါတယ်၊ ဦးဒေးဗစ်ဆိုသူ တစ်ဦးကိုသာ ပြန်လွှတ်ပြီး န် ငါးယောက်လုံးကို ရက်ရက်စက်စက် သတ်ပစ်ခဲ့ပါတယ်"

"အို"

"အဲဒါက ၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ကပါ၊ တော့ တပ်မတော်ရဲ့ ကာကွယ်မှုကြောင့် ငြိမ်းချမ်းစွာ လုပ်ကိုင် ကြပါပြီ"

ပြေသည် စိတ်မကောင်းဖွယ် သတင်းကို ခေါင်းညိတ်ရင်း င်းတလျှောက်မှာ ပွင့်တူရှယ်တူလို အပင်မျိုးများဖြင့် ရဲရဲနီနီနေ သာ လမ်းကလေးကို ကြည့်နေမိသည်။

"သစ်ပင်လေးတွေက လှလိုက်တာနော်၊ တစ်လမ်းလုံး ပဲ"

"ဟုတ်ကဲ့. . . ဒါ အင်္ဂလိပ်လက်ထက်တည်းက စိုက်သွား ပါ၊ လမ်းဘေးမှာ အလေ့ကျလို ဖြစ်နေပေမယ့် လှတယ် ဟောဟိုရှေ့ဟာ တကယ်ကြောက်စရာကောင်းတဲ့ အကွေ့ 'ချယ်ရီကွေ့'လို့လည်း ခေါ်တယ်"

ကားကို တောင်စောင်း၊ တောင်ခြေမှ ကပ်ကွေ့လို့လည်း ကားက ရှည်တော့ မလွတ်၊ ချောက်နှုတ်ခမ်းဘက်မှ တောင်သာသာ အကွာသာ မြေချန်ပြီး ပတ်ကွေ့တက်ရ ာ ဒရိုင်ဘာများလည်း အသက်ပင် ရှုရဲပုံမပေါ်၊ ချယ်ရီကွေ့၊ င်ကွေ့များကို ခဲခဲယဉ်းယဉ်း တက်ခဲ့ရပါ၏။

"စောစောက ပြောတာ ချယ်ရီကွေ့နော်၊ ချယ်ရီပင်တွေ လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဆရာမရေ့ . . . ဒီက လူတွေ ပြောနေ တာပဲ၊ တချိန်က ချယ်ရီဆိုတဲ့ အမျိုးသမီးချောချော ဈေးရော သူလေးတစ်ယောက်ဟာ ရှေ့ခန်းကထိုင်ပြီး ဒရိုင်ဘာနဲ့ ပျော် ကြည်နူးစွာ ကပ်ထိုင်လာရာက ဒရိုင်ဘာလည်း သတိလက်လွ ဖြစ်သွားတယ် ထင်ပါရဲ့၊ ဒီနေရာမှာ ကားထိုးကျပြီး နှစ်ယော လုံး သေခဲ့ဖူးလို့ ချယ်ရီကွေ့လို့ ခေါ်တာတဲ့ . . ."

"သြော် . . . ဖြစ်မှ ဖြစ်ရလေ၊ ဒါဆို ဝတ္ထုရေးရင် ဒီကွေ့ မှာ ကားထိုးကျပြီး သေတာပဲဖြစ်ဖြစ်၊ ရုပ်ပျက်ဆင်းမျ ဖြစ်သွားတာမျိုးဖြစ်ဖြစ်၊ ဇာတ်လမ်းဆင်ရင် ရပြီ ကိုစောနော ရေ့ . . ."

"ဆရာမတို့မှာလည်း အကြောင်းရာသစ်ကလေး ရလို ရင် ရေးဖို့ ဖွဲ့ဖို့ပဲ စိတ်ကူးဖြစ်သွားကြတယ်နော်"

"ဟုတ်တယ်၊ ဇာတ်လမ်းရဖို့လောက်ပဲ တွေးနေမိတ အင်း . . . ခုလို တွေးနေဖြစ်တာလည်း ကောင်းပါတ လေ . . ."

ကိုယ့်အကြောင်းနှင့်ကိုယ် ပြောမိသော စကားကို ကို နောင် နားလည်နိုင်အံ့ မထင်။

"များများရှာ . . . များများတူး၊
သန့်စင်ကြိုချက် . . . ပြည်သူ့အတွက်"

ဟူသော စာတမ်း အကြီးကြီး ချိတ်ဆွဲထားသည့် မိုင်း





ရှေ့မှာ ယာဉ်တန်းဝင်ချိန်မို့ ရှုပ်ယှက်ခတ်အောင် ပစ္စည်းတွေ ချကြ၊ သယ်ကြ၊ ရောင်းကြ၊ ဝယ်ကြနှင့် . . .

မော်ချီး၌ မြေပိုမရှိ၊ ဤကွက်လပ် ခပ်ကျဉ်းကျဉ်းလေး ပဲ ဖြစ်သလို လုပ်ဆောင်နေကြရသည်။ ဝန်ထမ်းများ အတွက် ည်း သက်သာဆိုင်မှာ လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်ဟင်းခါးများ ရောင်းပါ၏။

ပြေတို့ တည်းခိုရမည့် "ရာရှားကုန်း"ခေါ်သည့် အင်္ဂလိပ် ခေတ်က အကျဆောက်ထားသည့် ဘန်ဂလိုနှစ်ထပ်တိုက်ကြီး ရှာသို့ ခြေလျင် တက်ကြရသည်။

ထိုဘန်ဂလိုတွင် နေသော အမျိုးသမီး အရာရှိနှင့် အဖွဲ့ တို့၏ လှိုက်လှဲသော ဖိတ်ခေါ်မှုကြောင့် ပြေတို့ အမောပြေရပါပြီ၊ သူ၏ စေတနာ၊ သူ၏ ကျွေးမွေးမှု၊ သူ၏ အပင်ပန်းခံ၍ လိုက်ပြ ခြင်းများကို ပြေ ကျေးဇူးတင်၍ မဆုံးနိုင်တော့ပါ။

Convoy ယာဉ်တန်းသည် ရက်များစွာ မနေ၊ နှစ်ရက် သုံးရက်မျှသာ ကြာတတ်သည်။ ဤယာဉ်တန်းနှင့်ပင် ပြန်လိုက် ရမည်ဆိုပါ၍ ပြေမနေသာ . . . မနားသာ . . .

ချစ်လှစွာသော စာဖတ်သူများအတွက် ပြေ့စာဖတ်၍ အမြတ်ကလေး အနည်းငယ်မျှ ရရှိသွားနိုင်ပါစေဟူသော ဆန္ဒ များစွာဖြင့် ရရှိသမျှသော အချိန်ကို အပြည့်အဝ အသုံးချပြီး မော်ချီး၏ သမိုင်းကြောင်း၊ လက်ရှိ အခြေနေနှင့် အနာဂတ်၏ ရင်ဆိုင်တက်နိုင်မှုများကို သိရှိမှတ်သားနိုင်ရန်အတွက် ဘူမိဗေဒ၊ ဓာတ္တုဗေဒ၊ လျှပ်စစ်၊ မြေတိုင်း၊ ဓာတုဗေဒဌာန၊ အင်ဂျင်နီယာ



www.burmeseclassic.com

www.burmeseclassic.com



များ၊ သတ္တုသန့်စင်ခြင်း စသော ဌာနပေါင်းစုံမှ အဲသိပညာရှ အတတ်ပညာရှင်၊ လျှပ်စစ်ကျွမ်းကျင်သူများ၊ ကျင်းပိုင်မှာ ပိဿာစားများ၊ နေ့စားလုပ်သားများ၊ မိုင်းလုပ်သားများ၊ အား သို့ လက်လှမ်းမီသမျှ မြေမေးရင်း မှတ်ရင်း လက်တွေ့ကြည့် ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

သတ္တုနှင့်ပတ်သက်သော မိုင်းအကြောင်းကို မြေ တစ် တပါဒမျှ မသိ နားမလည်ပါသော်လည်း. . .

မော်ချိုးနေ စေတနာရှင်တို့၏ ထိုက်ထိုက်တန် အပင်ပန်းခံ၍ အကူညီပေးမှုများကြောင့် မသဲဖြူ ဟူသော စာရေးသူတစ်ယောက်သည်. . .

သူ့ ချစ်ပရိသတ်များ ဖတ်ရှုနိုင်ရန် မော်ချိုး ဇာတ်သုတ အချစ်ဖွဲ့ ဇာတ်ကြောင်းများနှင့် ရောဆက် ပေါင်းယှက် တင်ပြနိုင်ပါတော့မည်။

◆ ◆ ◆

တဖြည်းဖြည်း ခရီးရောက်လာလေ၊ အသက်ရှူလို့ လေ။ အောက်စီဂျင်နည်းလွန်းပြီး အသက်ရှူမဝသော ဝေဒ သည် ခါးသီးဖွယ် ဆိုးရွားလွန်းလှချေသည်။

ကျင်းပြို၍ ပိသေရသော လုပ်သားတို့၏ သေအုံမှု အချိန်ကာလ၌ ခံစားရရှာမည့် ဝေဒနာကို မြေ နှိုင်းစာ၍ ရ





ပြီ။ မကြာခဏ ကျင်းပြို၍ ကျင်းပိ၍ သေကြရသူများ ဤ မော်ချိုးမှာ အများကြီးရှိသည်ဆို၍ သနားမိ၊ ရင်နင့်မိပါ၏။

"အစ်မ လျှောက်လို့ရပါ့မလား"

"ရပါလိမ့်မယ်ကွယ်၊ ဒါပေမယ့် ကိုင်ပြီး လိုက်ခဲ့ပါရစေ နော်"

"ပုဂ္ဂလိကကျင်း"ထဲသို့ မြေ ဝင်ကြည့်နေခြင်းပါ။ ကျင်း သားလေးတစ်ယောက်၏ လက်မောင်းကို ခွင့်တောင်း၍ ကိုင်ပြီး လိုက်ရသည်။

ဝင်စက လူတစ်ရပ်စာ ခပ်မတ်မတ်။

နည်းနည်းသွားမိတော့ ခပ်ငုံ့ငုံ့။

အလယ်လောက်ရောက်တော့ ခါးပါ ကုန်းရသည်။

ကျဉ်း၏ လေးပုံသုံးပုံခန့် ရောက်သည့်အခါကျတော့ တုန်းစရာကို နေရာမရှိတော့။ လူဆိုတော့ လေးဘက်ထောက် သွား၍လည်းမဖြစ်သဖြင့် ဆောင့်ကြောင့်ကလေးထိုင်ပြီး တရွေ့ ချင်း တစ်လှမ်းချင်း တိုးဝင်ရသည်။

အောက်ခြေ၌ ရွှံ့နှစ်ရေလို ဝါညစ်နေသော ရေပုပ်များက ခြေသလုံးဝက်လောက်အထိ မြုပ်နေသည်။

ခေါင်းပေါ်မှလည်း မြေစာများက တဖွဲဖွဲ ကျဆင်းနေ သည်။

သစ်များနှင့် ဖြစ်သလို ထောက်တာထား၍ မြေအစို ခာတ်နှင့် တချို့မြေများ ညွတ်အိပြီး သဲများ အဆက်မပြတ် ကျဆင်းနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နောက်က ပြုပြီး ကျင်းပိတ်သွားရန်နှင့် ကိုယ့်အပေါ် ကိုပြုပြီး ကျင်းပိကျလာရန် အန္တရာယ်နှင့် နီးစပ်လွန်းလှချေ သည်။

မြေ ဝင်ကြည့်နေသည့်ကျင်းက "ပုဂ္ဂလိကပိုင်"ပါ။ အထဲ ခဲမဖြူများပါသော မြေစာ(ခဲနှင့် ရောနေသော မြေကြီးများ များကို အမှိုက်သယ်သည့် လက်တွန်းလှည်းလေးလို လှည်းဖြင့် ကျင်းထဲမှ သယ်ထုတ်သွားရသည်။ ပြီးမှ မြေများကို သန့်စင်ပြီး ခဲမဖြူများကို ထုတ်ယူပေမည်။

မြေ ရောက်နေသည့် ပေလေးရာလောက် အရှည်နေရာ မှာ မွန်းကြပ်ပူလောင်နေပေပြီ။ မြေ့ တစ်ကိုယ်လုံးလည်း ချွေးများ များစွာဖြင့် နစ်အိုင်နေချေပြီ။

ကျင်းသည်မှ ခဲကြောရှိသမျှ ဆက်တူးသွားမည်ဟု ဆိုပါ၏။

"အစ်မ နေကောင်းရဲ့လား"

နဖူးမှချွေးများ သပ်ချပြီး ငြိမ်သွားသောမြေကို လက်နှိပ် ဓာတ်မီးဖြင့် ထိုးကြည့်ရင်း ကျင်းတူးသမားလေး "စိုင်းလွယ်" မေးလိုက်သည်။

"နည်းနည်းမူးလို့. . ."

"အထဲမှာ လေမရှိဘူးလေ၊ တချို့ဆို မူးပြီး မေ့တော သွားတာ၊ အစ်မ ဒီလောက်ရောက်အောင် ဝင်နိုင်တာပဲ တော်လှ ပြီ၊ ကျင်းလည်း ဆုံးပြီ။ လာ. . . ပြန်ထွက်ကြပါစို့"

အမျိုးသမီးထဲက ဝင်ရဲသူ နည်းလှသည်ဟု ဆိုပါ၏။





ဝင်ရဲပြန်လျှင်လည်း ကျင်းပိုင်များက ခွင့်မပြုချင်ကြ။ မိန်းမ ဝင်လျှင် "ကျင်းအကျသည်"ဟု အယူရှိကြသည်၊ ယခုတော့ ဘယ်သူ့ကျင်းမှန်းလည်း မသိ။ ကျင်းသမားလေးကို မြေလည် အောင် ပြောပြီး မြေတော့ ကျင်းထဲဝင်ခဲ့ပြီ။

"ဟာ. . . ဆရာမ ချွေးတွေကို နစ်လို့ပါလား"

ခေါင်းကိုပါ ရေလောင်းချထားသလို ဆံပင်ကို ညှစ်၍ ချရသည်။

မြေ့တစ်သက်မှာ ဒီလောက်ချွေးထွက်သည့်လူကို မမြင် ဖူးခဲ့သေး။ ယခု ကိုယ်တိုင် ခံစားရလေပြီ။

"မူးသလား ဆရာမ"

"ဟုတ်ကဲ့. . . နည်းနည်းပါ၊ မြေသွားပါပြီ"

ဝေဒနာတွေ ကြေညာနေရမှာ အားနာလို့သာ မြေ မြေပြောရသည်။ ခေါင်းထဲက မူး၊ ရင်ထဲက အန်ချင်လာသည်။

"ဘာလို့ ဟိုးအဆုံးထိ ဝင်ကြည့်ရတာလဲဗျာ"

ကိုစောနောင်က စိတ်မကောင်းသလို ပြောပါ၏။

"ဩော်. . . သူတို့ရဲ့ ဘဝအတွေ့အကြုံကို ကိုယ်ကပါ ခံကြည့်ပြီး ခံစားကြည့်ချင်လို့ပါ"

"ဒါဆိုလည်း ကျင်းသားလေးတစ်ယောက်ရဲ့ ဒုက္ခကို အစ်မက ဝတ္ထုတစ်ပုဒ် ဖွဲ့ပေးပေါ့"

"မင်းသမီးလိုသေးတယ် စိုင်းလွယ်ရဲ့"

"ဒါတော့ မလွယ်ဘူး အစ်မရ"

စိုင်းလွယ်က မြူးလျက် မြေစာများကို သူတို့ သန့်စင်မည့်



www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ ပို့ပေးပြီး လှည်းလေးကို တွန်းလျက် ကျောင်းထဲသို့ ဝင်သွားပြန်သည်။

"အကျင့်ပါနေလို့သာ သူတို့လည်း အသွေးနဲ့ အသားနဲ့ ဖွဲ့စည်းထားတဲ့ ကိုယ်ခန္ဓာပဲလေ၊ ခံစားရရှာမှာပါ၊ လူငယ်မို့သာ မသိသာတာ၊ ဒီလောက် အောက်စီဂျင်မာတ် ပြတ်လပ်တဲ့ လေတွေကို ရှူနေရရင် လူသားတစ်ယောက်ရဲ့ အသက်ရှူ ရေးဟာ ဘယ်လွယ်ပါ့မလဲကွယ်"

ပြေသည် စိုင်းလွယ်နှင့် ဘဝတူ ကျောင်းသားလေးများကို စာနာစိတ်နှင့် တွေးနေဆဲ ပြေသိချင်သည်များကို ရှင်းပြ သည်။

"တခြားသတ္တုတွင်း၊ ဥပမာ မော်ချီးလိုပဲ ခဲမဖြူထွက်တဲ့ ထားဝယ်နယ်က ဟိန္ဒား သတ္တုတွင်းဆိုရင် ခုလို ပုဂ္ဂလိက ကျောင်းရယ်လို့ မရှိရပါဘူး၊ ဒီမှာတော့ အထူးအစီအစဉ်အနေနဲ့ ဖွင့်ပေးထားတာပါ"

"ဒါဆို. . . သူတို့ရတဲ့ ခဲမဖြူတွေရော"

"နိုင်ငံတော် အစိုးရက လွဲလို့ တခြားမှာ ရောင်းခွင့် မရှိပါဘူး၊ ဒီမှာ အဝယ်ဒိုင်ဖွင့်ပြီး ဝယ်ပါတယ်၊ အားလုံးလိုလို ခဲကို အရည်မီအောင် သန့်စင်ပြီး လာရောင်းကြပါတယ်"

"ဒီစနစ်ကြောင့်လည်း ခဲပိုထွက်တာထင်ပါရဲ့နော်. . ."

"မှန်ပါတယ်ခင်ဗျာ၊ အစိုးရကျင်းတွေကလည်း တူးနေ လျက်ပါ၊ စော်ကြာ ဆရာမ မြင်ရမှာပါ၊ ခုလို "ပိသာ စားကျင်း"တွေကလည်း တူးကြပြီး နိုင်ငံတော်အစိုးရကိုပဲ ရောင်း ကြလို့ ပိုပြီး အထွက်များနေတာပါ"

"ကျောင်းသားလေးတွေရဲ့ လုပ်အားခကရော"

"အနည်းဆုံး တစ်နေ့ ၃၅ ကျပ်ပါ"

"ဟာ. . . မနည်းပါလား"

"ဈေးနှုန်းတွေကလည်း ပြည်မနဲ့ သုံးလေးဆလောက် ကြီးတာကို ဆရာမရဲ့၊ ထမင်းတစ်ခါစား တစ်ဆယ်လောက်မှ ဝတာ"

"ဟုတ်မှာပဲ. . . ဈေးထဲမှာတော့ ဆိုင်ကျဉ်းကျဉ်း ကျပ်ကျပ်လေးတွေမှာ ကုန်တွေက ဗိုလ်ချုပ်တစ်ဈေးစာလောက် ရှိမယ်၊ ပြည့်သိပ်ပြီး အမျိုးစုံတို ရနေတော့တာပဲနော်"

"ဟုတ်ကဲ့ နိုင်ငံခြား အရက်ဆိုလည်း လွိုင်ကော်မှာသာ ဝယ်မရရင်ရှိမယ်၊ ဒီမှာတော့ အစုံရတာပါပဲ"

"ပုဂ္ဂလိကကျင်းက ခဲမဖြူကိုတော့ ဘယ်လိုဝယ်ရပါ သလဲ"

"ပြင်ပက ခဲတွေကို စံချိန်မီ မမီ ဓာတုဗေဒနဲ့ စစ်ဆေး ခံရပါတယ်၊ စံချိန်မီပြီဆိုတာနဲ့ တစ်ပိဿာကို ဒီနေ့ ပေါက်ဈေး ၆၉ ကျပ်ပါ"

"ဩော်. . . ရသားပဲ၊ ခဲတစ်ပိဿာဆိုတာ နည်းနည်း လေးရယ်. . . အလေးချိန် သိပ်စီးတာကိုး"

"ကဲ. . . ပုဂ္ဂလိက ကျင်းတို လေ့လာပြီးရင် နိုင်ငံပိုင် ကျင်းတွေဆီ သွားရအောင်လား"

သူတို့ ဦးဆောင်ရာသို့ စိတ်ဝင်စားခြင်းကြီးစွာဖြင့် ပြေ







www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ရပါပြီ။

ဤခဲ "ကျင်း"များဟူသည်. . .

မြေတို့ သိနေသော "တွင်း" မျိုးမဟုတ်. . .

တွင်းဆိုတည်းက မြေကြီးကို အောက်အရောက် ရေတွင်းများတူးသလို တူးရမည်မဟုတ်လား. . .

ဒီက ကျင်းများက ဒီလိုမဟုတ်. . .

တောင်စောင်း၊ တောင်နံရံ မတ်မတ်များ၊ ဥပမာ အိမ်ထရံလို နံရံဟုပဲ မျက်စိထဲမှာ မြင်လိုက်ပါတော့. . .

အဲဒီ နံရံကို ကန့်လန့်ဖြတ် ဖောက်ဝင်သွားရသော "ဂူ" ပုံစံမျိုးသာ. . .

ခဲကျင်းသည်. . . အောက်ထဲသို့ ဆင်းသွားရခြင်းမဟုတ်။

အလျားလိုက် ဖောက်ဝင်သွားရခြင်းသာ ဖြစ်ပါသည်။

ဒါကြောင့်သာ မြေများ ပြိုကျ ပိကျနိုင်ခြင်းဖြစ်ပါလေသည်။

◆ ◆ ◆

"ဟာ. . . ဘာမှလည်း မသိ၊ မတတ်ဘဲနဲ့ ဒီက လုပ်သားတွေ၊ အင်ဂျင်နီယာတွေရဲ့ ဝတ်စုံမျိုးဝတ်ရမှာ ခက်လိုက်တာ မတန်တာတွေ မလုပ်ကောင်းဘူးတဲ့"





မြေက ရယ်ရယ် မောမော ပြောရင်း ဖိုင်ဘာဦးထုပ်ဝါဝါထိန်ထိန်ကို ဆောင်းလိုက်ရသည်။ ပြီးတော့ ဗွက်ထူသော အရပ်တွင် ကျောင်းသားငယ်များ စီးလေ့ရှိသည့် (Top Boots) ဖိနပ် မည်းမည်းကြီးများကို မြေ စွပ်လိုက်တော့ ဒူးအထိ ရောက်သည်။

"ကဲ. . . ကျင်းထဲ ဝင်ကြည့်ကြစို့"

ဦးစံမောင်၊ ဦးတင်အေးတို့က ဦးဆောင်ပါ၏။ သူတို့လက်မှာ အလင်းအားကောင်းသော ကာမိုက်မီးခွက်ငယ်များကို ကိုင်လျက် ကျင်းထဲသို့ ဝင်ခဲ့ကြရသည်။

No.2 Level နံပါတ်တူးလယ်ဗယ်လ် ကျင်းကို စတင်ဝင်ကြသည်။

စောစောက မြေ ဝင်ခဲ့ရသော ပိဿာစားကျင်းလို ဖြစ်သလို တူးထားခြင်းမျိုးမဟုတ်၊ ပေပေါင်း လေးထောင့်သုံးရာကျော်အထိ ယခုလိုပင် မတ်တတ်တောက်လျှောက် လျှောက်သွား၍ ရသည်။

စောစောက မြေ မှတ်သားထားသလိုပင် တွင်းထဲသို့ ဆင်းရခြင်းမျိုးမဟုတ်၊ ဂူပေါက်လို တည့်တည့်ကြီး ဝင်သွားရသော လိုဏ်ဂူလမ်းပါ။

"ဒါက နံပါတ်တူး လယ်ဗယ်လ် အပေါ်မှာရော ကျွန်တော်တို့ အောက်မှာရော ခုလိုကျင်းတွေ ရှိနေပါသေးတယ်"

ကျင်းအရှည်လိုက်သာ မဟုတ်တော့၊ ဝဲယာမှ နံရံများကို ဖောက်ပြီး ခဲကြောရှိသမျှလည်း တူးနေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခိုင်အခန့် တည်ဆောက်ထားသဖြင့် ပြိုကျ ပိကျမည့် အန္တရာယ်တို့ ကျရောက်ရန် မလွယ်နိုင်၊ ကျောက်သားများနှင့် မတိုက်မိအောင် ဦးထုပ်ဆောင်းပြီး ရေစိုမြေများကို နင်းရန် ဖိနပ်ရှည်ရှည်စီးထားသဖြင့် အန္တရာယ်ကို ကာကွယ်ပေးထား၏။

"ဒီမှာ မီးရထားလမ်းတွေနော်"

ပြေက မျဉ်းပြိုင်သံလမ်းကြောင်းများကို ငုံ့ကြည့်ပြီး ပြော တော့. . .

"ဒါ ထရေလာတွေသွားတဲ့ လမ်းကြောင်းပါ၊ ဒီလမ်း အတိုင်း တွန်းထုတ်သွားပါတယ်"

ထရေလာခေါ်သည့် ဂျစ်ကားနောက်တွဲလို သံခွက်ကြီး များထဲသို့ တူးထားသော မြေစာများ သွန်လောင်းထည့်ပြီး သယ်ထုတ်သွားသည်ကို မြင်နေရပါ၏။

"ကျင်း ကျယ်လို့လားမသိဘူး၊ ဒီမှာတော့ မမွန်းဘူး နော်. . ."

"ဟောဒီ ပိုက်လုံးတွေကနေ အောက်စီဂျင်တွေ လွှတ်ပေး နေပါတယ်"

ဦးတင်အေးက ဂူနံရံမှ သံပိုက်လုံးများကို မီးထိုးပြပါ၏။ အလယ်မှာ ဖောက်ဖောက်ပြီး အောက်စီဂျင် လွှတ်ပေးနေသည် ကို အံ့သြစွာ တွေ့ရပါ၏။

"တွေ့ရမြင်ရ ကြားရတာတွေကတော့ အံ့မခန်းကြီးပါပဲ ဒါတွေသာ အကုန် ရေးပြရရင်တော့ အချစ်ဝတ္ထုမဖြစ်ဘဲ မိုင်း





ဝတ္ထု ဖြစ်သွားတော့မှာ"

"ရေးပေါ့ ဆရာမရဲ့"

"ရေးချင်ပါတယ်၊ ဒါပေမယ့် ဒီလိုင်းမျိုးက တကယ့် ပညာရှင်မှ ရေးသင့်ပါတယ်၊ ပြေတို့လို ပမ်းတော်ပြေ စာပေ အတွက်တော့ တစ်ကွက်တလေ ဗဟုသုတရဖို့သာ ရေးရတာ လေ၊ ပြေတို့စာက ပညာပေးနည်းနည်း၊ ဖျော်ဖြေရေး ဦးစားပေး စာပေမျိုးပါ၊ ပညာလိုချင်ရှဲ့ သက်သက် ဆိုရင်တော့ ပညာရှင် တွေရဲ့ စာအုပ်ပဲ ဖတ်ပါလို့ ညွှန်းပါရစေ၊ ပြေတို့ကတော့ စာဖတ် သူတွေရဲ့ နွမ်းနေတဲ့စိတ်ကို ဖျော်ဖြေ အပမ်းပြေစေရင်းက ဗဟုသုတလေးတွေ ကြားညှပ်ပေးရတဲ့ အဆင့်လောက်ပဲ ဆတ်နိုင်ပါတယ်ရှင်"

ကျင်းထဲမှာ အသေးစိတ် ကြည့်ရှုလေ့လာပြီး အပြင်ထွက် လာကြတော့ ကောင်းကင်ကြိုးလိုင်းများကို ဦးစံမောင်က ညွှန်ပြ ပြီး. . .

"စောစောက မြေစာတွေကို တစ်တန်လေးတဲ့ခွက်တွေထဲ ထည့်ပြီး အခုမြင်နေရတဲ့ ကောင်းကင်ကြိုးတွေနဲ့ အဆင့်ဆင့် သယ်ပြီး သန့်စင်ကြိုးချက်ရုံကို ပို့ရပါတယ်"

ကောင်းကင်ကြိုးများနဲ့ လျှောချပြီး မြေစာခွက်ပေါင်း ၃၂ ခွက်နှင့် သယ်နေပုံမှာ ကြည့်လို့ကောင်းလိုက်ပါဘိတော့။

အားလုံးအတွက် ပညာရှင်တို့က ကြပ်မတ် ကြည့်ရှု ထိန်းချုပ်ပေးနေကြရသည်ကို အဆင့်ဆင့် ကြည့်ခွင့် လေ့လာခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရနေသော ပြေမှာ ကျေနပ်ခြင်းကြီးစွာ ဖြစ်နေရပါ၏။

နက်လှသော ချောက်ထိပ်မှ တောင်ကုန်းနှစ်ခုကို သံကြိုး စတီးကြိုးများဖြင့် သယ်ဆွဲထားသော ကြိုးတံတားပေါ်မှ ပြေတို့ လျှောက်ကြရသည်။

ပြေက ရှုခင်းများ၊ မိတ်ဆွေများကို ဓာတ်ပုံတွေ တစ်ပုံပြီး တစ်ပုံ ရိုက်ယူခဲ့သည်။

ပြေတို့ တက်ခဲ့သောလမ်းမှာ ကားကြုံစောင့်ပြီး အောင် ရွာမှ ခဲမဖြူများထုတ်လုပ်သောစက်ကို သွားကြည့်ကြရပြန်ပါ၏။

အကြမ်းဖျင်းအားဖြင့် ပြေလို လူပြိန်းများ နားလည် အောင် တာဝန်ခံတို့က ရှင်းပြကြရှာပါသည်။

တူးထားသော မြေစာများကို ရေဆေး ချလိုက်တော့ မြေသားစင်စစ်များ ရေမှာပျော်ဝင်ပြီး မျောပါသွားသည်။

ခဲရှိသော အတုံးအကြီးအသေးများကို ကြိတ်ခွဲပြီး ဇော မှာ တင်ကျန်ရစ်ပါ၏။ ထို ခဲစ ခဲတုံးလေးများကို ရေတံလျှောက် လို သားရေပြားကြီးဖြင့် ဖြည်းလေးစွာ လိမ့်ဆင်းစေသည်။

ထိုအတုံးလေးများထဲမှ ခဲမပါသော ရိုးရိုးကျောက်တုံး များကို အမျိုးသမီး လုပ်သားများက ဖယ်ထုတ်နေကြပါ၏။ ပြီးတော့ ဇကာနှင့် အဆင့်ဆင့်စစ်၊ ပြီးတော့ သန့်စင် ကြိုချက် ခဲမဖြူ သန့်သန့်များကို အမှုန့်ခပ်ကြမ်းလေးများဖြစ်အောင် နောက်ဆုံး ထုတ်လုပ်တော့သည်။ အားလုံး စက်နှင့်ချည်း လုပ် ၍ ရေအားလျှပ်စစ်စက်ရုံကိုလည်း တည်ဆောက်ထားရပါ၏။

နိုင်ငံခြားပို့ရန် အဆင့်မီ မမီ ဓာတ်ခွဲ ကြည့်ရပါသေး





သည်။ ၆၅ ရာနှုန်း အဆင့်မီလျှင် နိုင်ငံခြားမှ ဝယ်ပါ၏။ လာသော ခဲမှုန်များကို ဇင်သားပိတ် အိတ်ငယ်များမှာထည့်၊ တစ်ပေခွဲလောက်သာ ရှိမည့် ဂုန်အိတ်ငယ်လေးများအတွင်းသို့ ထို ဇင်သားအိတ်ကို ထပ်ထည့်ပြီး ချုပ်ရသည်။

ထိုဂုန်အိတ်ဆယ်လုံးကို ကြေးနန်းကြိုးနဲ့ ဖောက်သီတွဲပြီး တံဆိပ်နှင့် နံပါတ်တပ်၊ ပြီးတော့ ပြေတို့စီးလာသည့် ကားများ ပေါ်သို့အရောက် တင်ပို့ပေးကြပါ၏။

ဤအတိုင်း ကားလမ်းမှ ရန်ကုန်အရောက် မိုင်ပေါင်း များစွာ သယ်သွားပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ပါပြီ။

"ဪ. . . ပြေတို့စီးလာတဲ့ ကားတွေဟာ အလာမှာ စားသောက်ကုန်၊ လူသုံးကုန်၊ မိုင်းပစ္စည်းတွေတင်ခဲ့ပြီး အပြန်မှာ သတ္တုရတနာတွေ သယ်သွားကြတာကို"

"ဟုတ်ပါတယ် ဆရာမ၊ မိုင်းကားနဲ့ R.T.C တွေကပဲ သယ်ကြရပါတယ်"

"အဲဒီ ခဲမဖြူကုန်ကြမ်းတွေဟာ ဘာကုန်ချောတွေဖြစ်လာ ပါသလဲရှင်"

"ဟုတ်ကဲ့၊ ခဲမဖြူကို ဇွန်း၊ ခက်ရင်း၊ ကရား စတဲ့ အိမ်သုံး ပစ္စည်းများ၊ စစ်မြေပြင်သုံး မီးခိုးဗုံးများ၊ ပိုးထည်ဆိုးဆေး၊ ဂဟေ ဆော်ခြင်းများ၊ ငွေရောင်စက္ကူများ၊ သွားတိုက်ဆေး၊ အိမ်သုံး ဆေး ပန်းချီဆေးဘူးများ စတဲ့ လူသုံးကုန်ပစ္စည်းများအပြင်. . .

"မီးရထား ဝင်ရိုးထိန်းမှာ ၈၄ ရာခိုင်နှုန်း ခဲမဖြူကို သုံးပြီး ဆယာဉ်ဝင်ရိုးစွန်းအတွက် ၉၀ ရာခိုင်နှုန်း သုံးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . အတော်အရေးပါတာပဲနော်၊ ထွက်နှုန်း ...ရင်"
ကျတော့ရော"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ အရှေ့တောင်အာရှ နိုင်ငံတွေထဲ... ကမ္ဘာပေါ်မှာ အများဆုံး ခဲမဖြူကို ထုတ်လုပ်နိုင်ခဲ့ပါတယ်... မော်ချီးဟာလည်း ကမ္ဘာကျော် သတ္တုသိုက်တစ်ခုပါပဲ၊ ထွက်နှုန်း... ကတော့. . .

"၁၉၇၇-၇၈ ခုနှစ်မှာ လျှာထားချက် တန် ၅၀၀ ကို ၅၅... တန်အထိ ထုတ်လုပ်နိုင်ခဲ့ပါတယ်။

"၇၈-၇၉ မှာတော့ တန် ၇၀၀ လောက်သာ လျာထား... ထားပေမယ့် ၉၀၇ တန်အထိ ထွက်ရှိခဲ့ပါတယ်။

"၇၉-၈၀ မှာတော့ စံချိန်သစ်ပါပဲ ဆရာမရေ၊ လျာထား... ချက် တန် ၁၀၀၀ ထက်ပိုပြီး ၁၃၁၇ တန်အထိ အထွက်တိုး... ပါတယ်။

"၈၁-၈၂ ခု တွက် တန် ၁၆၄၇ ဒသမ ၇ တန် ထုတ်လု... ပြီးပါပြီ"

"မြန်မာ့သယံဇာတက အားရစရာကြီးပါလား။ ဒါ... နိုင်ငံခြားငွေတွေ အတော်ရမှာပဲနော်။

"ဟုတ်ကဲ့၊ ကျွန်တော်ပြောတဲ့ ပထမသုံးနှစ်တာ နိုင်ငံခြ... ကို တင်ပို့ရောင်းချခဲ့ပြီးလို့ ရရှိပြီးငွေဟာ ၁၂ ဒသမ ၄၈ ကုဋေ... ညီမျှတဲ့ နိုင်ငံခြားငွေတွေ ရရှိခဲ့ပြီးပါပြီ"

"ဟာ. . . ဒါဆို၊ ဒီမော်ချီးမိုင်းကြီးဟာ ပြေတို့ မြန်... ပြည်သူပြည်သားတွေရဲ့ အားထားရာ သူဌေးကြီးတစ်ဦးပါ...





"အမှန်ပါပဲ ဆရာမ၊ ဒီမော်ချီးမိုင်းကို တည်ဆဲ ဈေးနှုန်းနဲ့ ...တန်ဖိုးသင့်ရင် ကုဋေ ၁၀၀ ခန့် တန်ဖိုးရှိပါတယ်လို့ ပညာရှင် ...တွေ ခန့်မှန်းကြပါတယ်"

"ဟုတ်ကဲ့"

"စာရင်းဇယားများအရ ခဲမဖြူ တတန်ရဲ့ ပေါက်ဈေးက ...၃၀၀၀ ကျပ်ဖြစ်ပြီး ထုတ်လုပ်မှု စရိတ်အားလုံးက ၃၁၀၀၀ကျပ် ...ဖြစ်လို့ သတ္တုတစ်တန်တိုင်းမှာ ငွေ ၁၂၀၀၀ ကျပ် အမြတ်ရရှိခဲ့ ...ပါတယ်"

"ဟုတ်ကဲ့ပါ ဦးစံမောင်"

"မော်ချီးသမိုင်းကတော့ ဆရာမသိတဲ့အတိုင်းပါ၊ မျက်နှာ ...လူမျိုး အိုရိုလီက စတူးခဲ့ပြီး အင်္ဂလန်နိုင်ငံမှာ "မော်ချီးမိုင်း ...လီမိတက်"ဆိုတဲ့အမည်နဲ့ ကုမ္ပဏီတည်ထောင်ရတဲ့အထိ ...မော်ချီးဟာ ကမ္ဘာကျော်ခဲ့ပါတယ်"

"ဟုတ်ကဲ့၊ ပြေ မှတ်ထားတာလေး ရှိပါတယ်၊ ၁၉၁၀ခုနှစ် ...က ဘော်လခဲစော်ဘွားကြီးနဲ့ စာချုပ်ပြီး သူတို့ပဲ တူးတယ်လို့ ...ရပါတယ်"

"ဟုတ်ကဲ့၊ တစ်ချိန်လုံး နိုင်ငံခြားသားလက်ထဲက မလွတ် ...ဘဲ ရှိနေရတဲ့ မော်ချီးဟာ ၁၉၆၂ ခုနှစ် နိုဝင်ဘာလကမှ ...နိုင်ငံတော်အစိုးရအနေနဲ့ ပြန်လည်လုပ်သွားဖို့ ဆုံးဖြတ်ပြီး ...ပိုင်ခဲ့ရာက အခုလို အောင်မြင်မှုကြီး ရခဲ့တာပါပဲ။

"ဒီ မော်ချီးမိုင်းကနေပြီး ခဲမဖြူဆိုတဲ့ "သံဖြူ"အဖြင်



www.burmeseclassic.com

www.burmeseclassic.com



အဖြိုက်နက်၊ ရှုံးလိုက် စတဲ့ သတ္တုတွေလည်း ထွက်ရှိပါသေ
တယ်။ ကဲ. . . ဆရာမလည်း မောရောပေါ့"

"ပြေ မမောပါဘူး၊ ဒီအကြောင်း တင်ပြတဲ့အခါမှာသ
ပြေရဲ့ တင်ပြမှု ညံ့ဖျင်းရင် ပျင်းစရာကြီးဖြစ်သွားမှာ စိုးရိ
စိတ်ပူနေမိပါတယ်"

"မြန်မာပြည်ရဲ့ အစွန်အဖျားမှာရှိပြီး မိုးကောင်းက
ထိမတတ် မြင့်မားနေတဲ့ တောင်ပေါ်သတ္တုသိုက်အကြော
ဗျာ၊ စိတ်ဝင်စားကြမှာပါ"

"ပြေတို့ ငယ်ငယ်ကဆို ဒါတွေ မကြိုက်ဘူး ကိုစောနေ
ရဲ့၊ ဘာပဲဖြစ်ဖြစ်လေး မနှစ်သက်တောင်မှ ပြေ့ကို အပြစ်မ
ကြပါစေနဲ့လို့ ဆုတောင်းပြီး ဒီမှာမှတ်သွားတဲ့ အကြောင်း
တွေကို ပြန်လည်စိစစ်ပြီး ပြေ အသေးစိတ် တင်ပြပါတော့မ

"ကဲ. . . မှတ်ရ သားရတာတွေ မောပါပြီ၊ သဘာ
ရှုခင်းလေးတွေ ကြည့်လိုက်ပါဦး"

သူတို့ ပြောတော့မှ အမြင့်ပေပေါင်း ၈၆၀၇ ပေမြင့်သ
ဆိုသော "နတ်တောင်" အုံ့ဆိုင်းဆိုင်း မှိုင်းပျပျကြီးကို ကြည့်လို
မိသည်။

ဤမျှ မြင့်မားသော တောင်ပေါ်တွင် သုံးမကုန်နိုင်သေ
နတ်ရေကန်နှင့် သီးနှံပန်းမန်များ ဝေဆာနေသည်ဟု ဆိုပါ

"ဘူဝေါ်ခူ"ခေါ် တောင်ဖိုနှင့် "သောသီခူ"ခေါ် တော
တို့ ပေါင်းစပ်ထားသည့် နတ်တောင်ကို ကြည့်ပြီးနောက် မြေ
မှန်ပြောင်းတွင်းမှာ ပေါ်လာသော ရှုခင်းကြောင့်. . .





"မြစ်တစ်ခု နှစ်ဆင့်ကွေ့နေတာ မြင်ရတယ် ကိုစော
နောင်ရေ"

"အဲဒါ သံလွင်ပါ၊ ခုလို သာယာတဲ့ ဆောင်းရာသီမှာ
ြင်ရလေ့ရှိပါတယ်"

ပြေတို့အုပ်စု နံနက်စာ စားပြီးကြတော့ ကရင်အမျိုးသား
များ နေကြသည့် လိုခါးလိုရွာသို့ သွားကြ၊ ရွာသဲဒိုး၊ ဘူလိုဘာ
ခေသာ ရွာများနှင့် မင်းမနိုင်၊ လေးအိမ်စု၊ ခေါ်ရခါး
ုန်းလို့လည်း ခေါ်တဲ့ ၁၃ ကုန်း၊ တောင်ပေါ်ဈေး၊ ဟိန္ဒူဘုရား
ကျောင်း၊ လိုခါးလိုမှ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီး၊
နောက်. . . ကိုးနဝင်းစေတီ၊ တောင်တန်း သာသနာ့ပြု
ကျောင်းနှင့် မော်ချီးအောက်ရွာနှင့် အထက်ရွာကြားရှိ ဆေးရုံ
ား‌တို့ ဝင်ရောက်လေ့လာခွင့် ရခဲ့ပါ၏။

မော်ချီးလို လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှသော
တောင်ပေါ်မြို့လေးမှာ စာပေဝါသနာရှင်များစွာနှင့် တွေ့ဆုံခွင့်၊
ဆွေးနွေးခွင့် ရခဲ့ပါ၏။

ဈေးအတွင်းရှိ အောင်နိုင်သူ စာပေမှာ စာအုပ်မျိုးစုံကို
ည်း တွေ့ရှိနိုင်ပါသည်။

အထက် မော်ချီးမှာ ကျင်းကိုသာ ဦးစားပေး တူးနေကြ
ြင့် လူနေအိမ်နှင့် တဲများက ပွတ်သိပ် ကျပ်တည်းလှသည်။
ားလေရာ လှုပ်ရှောင်နေရ၍ သူတို့ စာရင်းဇယားအတိုင်း
ီးရေ ငါးထောင်ကျော် မဖြစ်နိုင်၊ သောင်းချီပေလိမ့်မည်ဟု
ထင်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေသခံ ကရင်နှင့် ကယား၊ ရှမ်း၊ ပြည်မ၏ အနယ်နယ
အရပ်ရပ်မှ လာရောက်လုပ်ကိုင်နေကြသော လူပေါင်း
ဆုံဆည်းရာ ရွာလေး မော်ချီးမှာ. . .

ပြေ့အတွက် နေဖို့၊ စားဖို့၊ လေ့လာဖို့ ပြေလည်ရုံမ
အပြန်တွင် လက်ဆောင်များပါ ပေးလိုက်ကြသော မိတ်ဆွေ
၏ ကျေးဇူးတရားကို ပြေ ထာဝရ အမှတ်ရနေပါမည်ဟု စိတ်
သိမှတ်ရင်း မော်ချီးညများကို နှစ်သိမ့်ကြည်နူးစွာ အိပ်စက်နိုင်
ပါပြီ။

"သြော်. . . ပြေ့ရင်မှ အပူမီးများကို ခေတ္တမျှ ငြိမ်း
အေးစေ၊ မေ့လျော့စေခဲ့သော မော်ချီးရွာလေးရယ်"

◆ ◆ ◆



တစ်ချိန်က. . .

ဆုံးရှုံးခြင်းများစွာကို ရင်ဝယ်ပိုက်လျက် လွိုင်ကော်မြို့ကို
ခွန်ခွာကျောခိုင်းကာ ဤလမ်းမှပင် ပြေ ပြန်သွားခဲ့ရဖူးသည်။

ယခုတော့. . .

ညို့ဝတ်ကျေလှသော ဒေသခံ တာပေဝါသနာရှင်တို့၏
အထူး ညွှန်ကြားသည်တော်အဖြစ်နှင့် နှုတ်ဆက်ရသော အပြန်
လမ်းမှာ. . .

ချိုသာ ကြည်လင်လှသော နှုတ်ဆက်အပြုံးများ၊ တမ်းတ
ဖွယ် အမှာစကားများနှင့်အတူ ကားပါ စီစဉ်ပေးရုံမက
လက်ဆောင်တွေ တပွေ့ကြီးနှင့် အဆင်ပြေလွန်းစွာ ပြန်ရ
တော့မည့် ခရီးအတွက် ထိုနေ့မနက်က ပြေသည်လည်း ကျေနပ်
ကြည်နူးနှစ်သိမ့်ခြင်းများစွာဖြင့် အားလုံးကို အပြုံးဖြင့် နှုတ်ဆက်
ပြီး အပြန်လမ်းခရီးကို စရပါပြီ။

ရင်တွင်း၌ ကြေကွဲမှုဝေဒနာ အဆောက်အအုံကြီး ရှိနေ
သည်ကို မြင်ရသူတို့ မယုံကြည်နိုင်လောက်အောင်ပင် ပြေ၏
အပြုံးက လတ်ဆတ် ရှင်းသန့်လှပါ၏။

၆ နာရီ ၄၅ မိနစ်မှ စထွက်ခဲ့သော ပြေတို့ကားမှာ
သိုင်လင်လေးသို့ ၇ နာရီ ၁၅ မိနစ်မှာ ရောက်ပြီးနောက်
ရှမ်းပြည်နယ်နှင့် ကယားပြည်ကို ပိုင်းခြားသတ်မှတ်ထားသည့်
"ဆီးစခါးရွာ"သို့ ရောက်ခဲ့ပါ၏။ ဂိတ်ရှိ၍ ပြေတို့တွေ
ကားပေါ်မှဆင်းပြီး လမ်းလျှောက်ကြရသည်။ ကားမောင်းသမား
တစ်ယောက်သာ မောင်းသွားပြီး ကားရော လူပါ အစစ်ဆေး

www.burmeseclassic.com

www.burmeseclassic.com



ခံရပါ၏။ နယ်မြေနှင့် ခရီးသည်များ လုံခြုံရေးအတွက်ဟု ဆိုပါသည်။ ဂိတ်ကြေးလည်း ပေးရသည်။

နောင်မတ်ရွာ၊ နောင်ရင်းရွာများကို ဖြတ်ပြီး နံနက် ၉နာရီ တွင် လွိုင်ကော်မှ ၃၈ မိုင်ကွာဝေးသော "ဆီဆိုင်မြို့"သို့ ရောက်ရှိကြပါ၏။ ထိုမြို့မှာပင် နံနက်စာ စားကြရသည်။

ထိုမှ "စိုက်ခေါင်" "တန်းယဉ်" "နောင်မွန်" "လွယ်အ ဆစ်" စသော ရွာများကိုဖြတ်ပြီး နေ့လယ် ၁ နာရီမှာ "ဟိုပုန်းမြို့" သို့ ရောက်ကြပါ၏။

ရွှေစေတီကြီး၏ အရံစေတီဖြူများစွာ တည်ထားကိုးကွယ် သော ဟိုပုန်းမြို့၏ ကျက်သရေဆောင် "သီရိမင်္ဂလာ ရွှေချ သာ စေတီတော်ကြီး"ကို ဖူးမြော်ပြီး. . .

ပြေတို့ တောင်ကြီးရောက်တော့ နေ့လယ် ၂ နာရီပင် မထိုးသေး။

လွိုင်ကော်မှ ဝင်ခဲ့သော တောင်ကြီးမြို့၏ တောင်ဘက် လမ်းမှာ ပြည်မကလာသော လမ်းလောက် အသည်းယားဖွယ် မမြင့်မားလှ။

တောင်ပေါ်မြို့ချင်းမို့ ပေ သုံးထောင်ကျော် မြင့်သော လွိုင်ကော်နှင့် ပေလေးထောင်ကျော်မြင့်သော တောင်ကြီး တို့သည် ပေတစ်ထောင်ကျော်သာ ခြားနားပါ၍ မတ်မတ်ကြီး တက်ရပုံမျိုး မဟုတ်တော့ပါ။

ပြေတို့ တောင်ကြီးမှာ တစ်ညအိပ်ပြီးနောက် ကြိုတင် စီစဉ်ထားသော မီးရထား၏ အထက်တန်း အိပ်စင်မှ ပြန်ခဲ့





ခဲ့ကြသည်။

တစ်ချိန်က တောင်ကြီးဈေးထဲတွင် ဗန်းကလေးတစ်ချပ် နှင့် ဈေးထိုင်ရောင်းရသော ပြေ။

ရွှေညောင်ဘူတာတွင် လ သမီးလေးကို ပိုက်ပွေ့လျက် ဖိုးတန်းမှာ ကျပ်ညပ်စွာ စီးခဲ့ရပုံများ၊ အထင်မှားခံရခြင်းများကို ပြသည်. . .

မိမိကိုယ်တိုင် သရုပ်ဆောင် လှုပ်ရှားပြသနေသော ရုပ်ရှင်ကားကို ပြန်လည်ကြည့်ရှု နေရသည်သို့ မောရှမ်းမြေ၏ တောင်တန်းများကြားမှာ မြင်နေမိသည်။

"စဉ်းစားလှချေလား မသဲဖြူရယ်"

"အာ"

ပြေ တကယ်ပင် လန့်သွားသည်။

ရထားပြတင်း၏ မြင်ပသို့ ငေးမောပြီး လိုက်လာရာမှ လှည့်ကြည့်လိုက်တော့. . .

"ဟင်. . . မောင်မောင် ပြန်ပြီဆို"

"ရထား လက်မှတ်က ဒီနေ့မှရလို့ပါ၊ ရွှေညောင်ရထား အထူးတန်း စီးနိုင်ဖို့ရာ ကုသိုလ်ထူးမှ မဟုတ်လား၊ ဒါကြောင့် ကြာသွားတာ၊ လွိုင်ကော်ကတော့ လေယာဉ်နဲ့လာခဲ့တာပါ"

လွိုင်ကော်လေဆိပ်နှင့် ဟဲဟိုးလေဆိပ်မှာ အနီးကပ်ဆုံး လေဆိပ်နှစ်ခုပါ။ လေယာဉ်တက်ပြီး တောင်တန်းကိုကျော်လိုက် သည်နှင့် ပြန်ဆင်းရသော ခရီးစဉ်တစ်ခုပါပင်။

"မသဲဖြူ လမ်းမှာ အမောပြေ စားသွားဖို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမှည့်နေသော လိမ္မော်သီးလုံးကြီးများကို ပြေ့ဘေ ချပေးပါ၍. . .

"ပြေ လူမမောပါဘူး"

သဲမောင်မောင်က တည်ငြိမ်နေသော ပြေ၏ မျက်နှာ ကြည့်ပြီး ဘာမှမပြောရဲ. . .

ကန္တာရဝတီ တည်းခိုခန်းမှာလည်း ဆုံဆည်းပြီးခဲ့ကြ ဤလူငယ်နှင့် ရထားတွဲမှာ ပြန်လည်ဆုံဆည်းကြပြန်ပြီဆို အသိမျိုး သံသယမျိုး မဝင်စေချင်၊ မတင်အေး ရှေ့မှာလည် ပြေ၏သိက္ခာ အကျမခံနိုင်ပါ။

"ကျွန်တော်ရောက်လာတဲ့အတွက် မသဲဖြူ အနှော အယှက် ဖြစ်သွားလားဗျာ"

"ပြေ. . . ဘယ်သူနဲ့မှ စကားမပြောချင်ဘူး၊ ဒီခရီး စိတ်မချမ်းသာစရာနဲ့ ကြုံလာတယ်ဆိုတာ မောင်မောင် သိ တယ်လေ"

"ကိုဝင်းထွန်းနဲ့ ကိစ္စကိုလား"

"ဒါပဲပေါ့"

ဘီလူးချောင်းဘေး မြယာပင်အောက်မှ သူတို့ နှစ်ယောက်၏ အဖြစ်ပျက် ထိုးနှက်ချက်များကို ပြေများ သိသွား လေပြီလား။ ပြေ မပြောလာသမျှ သူဘာမှ မမေးရဲ၊

"ကျွန်တော် တွဲစောင့်နဲ့ ကပ်လျက်အခန်းမှာ ရှိနေ တယ်၊ ခိုင်းစရာရှိရင် ခေါ်ပါနော်"

"ကောင်းပြီ"





ပြေ မနှစ်မြို့က်မှုန်းသိ၍ သူထရပ်လိုက်ပြီးမှ. . .

"ကျွန်တော် တစ်ခုမေးပါရစေ"

ပြေက မဖြေဘဲ သူ့ကို မော့ကြည့်လိုက်သည်။ ပြေ့ အဖော် မတင်အေးတပါ သဲမောင်မောင်ကို ကြည့်လာဆဲ၊ သူကပဲ ဆက်၍. . .

"တကယ်လို့ ကိုဝင်းထွန်းကို ဆွေးနွေးချင်တယ်ဆိုရင် ကျွန်တော်ခေါ်. . ."

"ဘာ. . . မောင်မောင် ဘာပြောတာလဲ"

"ကိုဝင်းထွန်းလည်း ဒီရထားမှာ အတူပါလာပါတယ်"

"ဟင်. . . ဘယ်အခန်းမှာလဲ"

"ရိုးရိုးတန်းမှာပါ"

"မောင်မောင် ဘယ်လိုလုပ်သိလဲဟင်"

"ကျွန်တော်. . . ကျွန်တော်. . . သူ့ကို မြင်ဖူးပါတယ်"

ရထားတွဲ ယိမ်းခါသည့်ပင် ပြေ၏ နှလုံးသားများ ယိမ်းခါရပါလေပြီ။

"မောင်မောင်"

"ဗျာ"

"ပြေ. . . သူ့ကို မတွေ့ချင်ဘူး"

"ဟုတ်ကဲ့"

သူ မသဲဖြူနှင့် ရထားတစ်တွဲတည်း မရ ရအောင် အသေ အလဲ ကြိုးစားထားခဲ့ရသော သဲမောင်မောင်၊

ယခုတော့. . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်"

အမြတ်နိုးဆုံးမိန်းမ၏ နှုတ်ခွန်းတော်မှ ဘာများ မိန့်
မလဲဟူသော စောင့်စားစိတ်ဖြင့် ရင်ထိတ်စွာ ကြည့်နေရသည်

"ပြေ သူ့ကို မတွေ့ချင်ဘူး၊ ဒါပေမယ့် သူ့အကြောင်း
ပြေ သိချင်တယ်ကွယ်"

ခံစားမှုဝေဒနာ၏ လက္ခဏာများကို ပြေ့ မျက်ဝန်း
မြင်ရသည်။

"မသဲဖြူ လိုချင်တဲ့ပုံစံနဲ့ ကျွန်တော့်ကို ခိုင်းပါခင်ဗျာ"

"လောလောဆယ်တော့ ပြေ ဘယ်သူ့ကိုမှ မတွေ့ချင်ဘူ
မောင်မောင် နားလည်ပေးပါနော်"

"နားလည်ပါတယ် မသဲဖြူရယ်၊ ကျွန်တော် နားလည်
ပါတယ်ခင်ဗျာ"

ပြေက လေးငြိမ်စွာ ခေါင်းညိတ်၏။

"သူ့ကို မတွေ့ချင်ဘဲ သူ့အကြောင်းကိုသာ သိချင်
မသဲဖြူအတွက် ကျွန်တော်က တပြန်တလဲ ကူညီပေးပါ့မယ်
ကျွန်တော် ကိုဝင်းထွန်းအကြောင်းကို အသေးစိတ် စုံစမ်းပေး
ပါ့မယ် မသဲဖြူ"

"ကောင်းပါပြီ"

"ကျွန်တော့်ဆန္ဒ ဘာလဲဆိုတာ မသဲဖြူ သိမှာပါဗျာ
ဒါပေမယ့် မသဲဖြူဆန္ဒအရ ကျွန်တော်သွားပါတော့မယ်
ခိုင်းစရာရှိရင် ခေါ်လိုက်နော်"

"ကျေးဇူးပဲ မောင်မောင်"





"စိတ်မချမ်းသာစရာ အတွေးတွေ ဝေးလွင့်ပါစေ မသဲဖြူ
ယ်"

တိုးတိတ် ညင်သာစွာ ဆုတောင်းပေးလျက် သဲမောင်
ောင် ဆိုသော ကြည်သန့်စင်တစ်ယောက် ပြေတို့၏ အခန်းမှ
ွက်ခွာသွားပါလေပြီ။

မောရှမ်းမြေ၏ ထင်းရှူးတောတန်းများ. . .

မြေပြန့်ဆီမှ မြေလတ်ဒေသ၏ တပြင်တပြန့် ရှုခင်းများကို
စ်ချိန်လုံး ကြည့်လာခဲ့သော ပြေမှာ. . . ရထားပေါ်မှာ တမေး
အိပ်၍မရခဲ့။

မိမိနှင့် အဆင့်မီလာသော သဲမောင်မောင်သည် မိမိ
အတွက် အထက်တန်းတွဲမှာ အတူရှိနေခိုက်. . .

နှိုင်းတု ယှဉ်စရာမရှိအောင် အချစ်ကြီး ချစ်ခဲ့ရသော
"ထွန်း"သည်. . .

ရိုးရိုးတန်း၏ ကျပ်ညပ်ပိသိပ်နေသော ခရီးသည်များ
ကြားမှာ နွမ်းပါးစွာ စီးနင်းလိုက်ပါလာနေသည်။

တစ်ရက်ကျော်ကျော် စီးခဲ့ရသော ရထားပေါ်မှာ တမ်းတ
ခြင်းလား၊ နာကျည်းခြင်းလား၊ ဝေခွဲမရသော စိတ်များဖြင့်
ပြွသည်. . .

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"ဒေဝီနေမကောင်း၍ အမြန်ပြန်လာပါ"
ဦးမောင်မောင်မြတ်

နီးကပ်နေသော စာမေးပွဲအတွက် အပြင်းအထ... စာကြိုးစားနေဆဲ ကြေးနန်းရောက်လာ၍ ထွန်းမှာ နံရံ ... မဟုတ် တစ်ယောက်ယောက်ကို လက်သီးနှင့် တအားထိုး... ချင်စိတ် ပေါက်သွားသည်။

မသွားဘဲလည်း မနေရဲ...

သွားပြန်လျှင်လည်း ကိုယ်သတ်မှတ်သည့်ရက်ကို ပြန်... ရချင်မှရမည်၊ ဒေဝီက... ချွဲနွဲ့လိုက်၊ စိတ်ကောက်လိုက်၊ မ... ပါနှင့်ဦးလို့ တားလိုက်နှင့်၊ လက်ထပ်ပြီးမှ ခံရသည့်အကြိမ်... များလှပြီ။

ယခုလို မကျန်းမာကြောင်း ဦးလေးဖြစ်သူထံမှ ရိုက်... သော ကြေးနန်းကြောင့် ထွန်းမှာ ခရီးဆောင်အိတ်ကို ပြင်ရပါ...

ခရီးသွားသူ နည်း၍ပဲလားမသိ၊ ထိုအချိန်က လေယာဉ်... လက်မှတ် သည့်လောက် မခက်ခဲသေး...

ကြေးနန်းရပြီး နောက်တစ်နေ့ လေယာဉ်နှင့်... လှိုင်ကော်သို့ ပြန်ခဲ့ရပါ၏။

လှိုင်ကော် လေဆိပ်မြေကို နင်းမိသည်နှင့်...





"ကိုကိုထွန်းရေ..."

ဆိုသော ဒေဝီ့အသံကို စတင်ကြားရသည်။

တောက်ပ ပြောင်လက်သော အဝတ်အစားများနှင့် ...တ်လတ်သွက်လက်စွာ ပြေးလာသော ဒေဝီကို ကြည့်ပြီး...

"ဒါ... ဒါနဲ့ ဒေဝီ နေမကောင်းလို့ဆို"

"စိတ်ပူသွားတယ်လား"

"အံ့ဩသွားလို့ပါ"

"ဒီထက်ပိုပြီး အံ့ဩသွားစရာရှိသေးတယ် ကိုကိုထွန်း..."

လွန်လွန်ကဲကဲ ပြင်ဆင်ထားပြီး မြူးကြွ သွက်လက်နေ...သော ဒေဝီကို ကြည့်ကာ...

"ကြေးနန်းရိုက်တာ ဦးလေးကိုယ်တိုင် ရိုက်တာမှ ဟုတ်ရဲ့...လား"

"ဘယ်ဟုတ်လိမ့်မလဲ"

"ဟင်"

"ဒေဝီတို့ရိုက်ရင် ကိုကိုထွန်း ပြန်လာပါလိမ့်မယ် အားကြီး... ဒါကြောင့်... ဖေဖေ့ရဲ့ အာဏာတွေ အပြတ်သုံးပြီး ...ခိုင်းစကြာ ရိုက်လိုက်ရတာ၊ ဟော... အခု ကိုကိုထွန်းက ...ရောက်လာပြီ"

ကမ္ဘာပေါ်၌ စိတ်ဓာတ်အကျဆုံး လူသားတစ်ယောက်၏ ...နှာကို စံချိန်ယူမည်ဆိုလျှင် ယခု ထွန်း၏မျက်နှာမျိုးကို ယူ... ...လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာသစ်၏ဘေးတွင် ဝင်ထိုင်လိုက်ရသည်။ ဒေဝီ
ဖြင့် လွင့်နေအောင် မြူးနေတော့သည်။

ထွန်းသည် ဘေးမှ ဒေဝီကိုလည်း မကြည့်ချင်၊ စ
မပြောချင်၊ အတိတ်ဆီမှ အကြောင်းရာများကိုလည်း
မစဉ်းစားချင်၊ မစဉ်းစားအား။

သူ့စိတ်မှာ. . .

ခန္ဓာဗေဒဖွဲ့စည်းမှုနှင့် ရောဂါများ၊ လက်တွေ့ခန်း၊ စာ
ပွဲကြီးအတွက် အရေးကြီးသော သင်ခန်းစာပို့ချမှု
မကြေညက်သေးသော စာပိုဒ်များကိုသာ မျက်စိထဲ၌ မြင်
သည်။ စိတ်ထဲမှ တမ်းတနေသည်။

စာမှစာ. . .

စာကျက်ချင်စိတ်မှလွဲ၍ ဘာဆိုဘာဆန္ဒမှမရှိ။

"စာမေးပွဲနီးမှ မင်းက ဘာလို့ ပြန်လာရတာလဲ"

ဦးမောင်မောင်မြတ်က အံ့သြတကြီးနှင့် အပြစ်တင်သံ
ဆီးမေးပါ၏။

"ဒေဝီမှာလို့ပါဦးလေး"

"ဒေဝီက ဘာကိစ္စ မှာရတာလဲ"

ထွန်းက သူ့ဘောင်းဘီအိတ်ထဲမှ ကြေးနန်းစာကို ထုတ်
ဦးမောင်မောင်မြတ်လက်သို့ အပ်လိုက်သည်။

ဒေါ်ထိပ်ထားစုနှင့် ဒေဝီက အချိန်မီ တားဆီးခွင့်မရလိုက်
ကြ၍ မျက်နှာပျက်နေကြသည်။

ထွန်းကလည်း သည်သို့ဖြစ်ရန် တမင်လုပ်ပစ်လိုက်ခြင်း





"နေလည်းကောင်းရဲ့သားနဲ့၊ သမီးက ဘာကြောင့် မှာရ
လဲ"

"ကိတ်. . . ကိစ္စရှိလို့ပါ ဖေဖေ"

"ဘာကိစ္စလဲ"

"ဟို. . . ဟို"

ဒေဝီက ပျောက်ဆုံးနေသော အဖြေကို လိုက်ရှာနေဆဲမို့
ားများ ထွက်မလာ။

"ဟိုနဲ့ဒီ သွားရတာ စရိတ်ကလည်း နည်းတာမဟုတ်ဘူး၊
ကြောင်းမရှိဘဲ ဘာလို့မှာရတာလဲဟင်"

"ကျွန်တော် စာမေးပွဲလည်း အတော်နီးနေပါပြီ ဦးလေး"

ဦးမောင်မောင်မြတ်၏ အပြစ်တင်ခြင်းကို သူ့ဘက်မှ
သိဝိုက်အပြစ်တင်ခြင်းဖြင့် ထပ်ပေါင်းပေးလိုက်သော ထွန်းသို့
ည့်ပြီး ဒေါ်ထိပ်ထားစုက. . .

"ဒီမှာ ဝင်းထွန်း. . . မင်းစာမေးပွဲ တစ်နှစ်ကျတော့ရော
ဖြစ်လဲ၊ ပိုက်ဆံက တို့က ကုန်ရမှာပါကွယ်"

"စု စု"

"မစုနဲ့ ကိုကို. . . သားမက်ရှေ့မှာ သမီးကို အပြစ်မတင်
၊ အကြောင်းရှိလို့မှာတာ"

"ဘာအကြောင်းလဲ"

"အို. . . သူတို့လင်မယားချင်း ပြောလိမ့်မယ်"

"မလိုချင်ဘူး. . . ပြောစမ်း. . . ငါ့ကို၊ ဘာအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လဲ"

ဦးမောင်မောင်မြတ်က ဒေါ်သနှင့် ဟောက်ေ
ဒေါ်ထိပ်ထားစုက မတ်တတ်ရပ်၍ ခါးထောက်လိုက်ပြီး ေ
မျက်နှာနှင့်. . .

"ကိုကို့သမီးမှာ ကိုယ်ဝန်ရှိနေလို့. . .
ကဲ. . . သိပြီလား"

"ဟင်"

ဒေါ်ထိပ်ထားစုက ခြေဆောင့်နင်းပြီး အခန်းထ
ဝင်သွားတော့၊ ဦးမောင်မောင်မြတ်မှာလည်း သမီးရှင်မို့ မခံ
သော အရှက်ထူးများဖြင့် မျက်နှာများ နီမြန်းလာပြီး အ
မပြောတော့ပါဘဲနှင့် အိမ်ပေါ်မှ ဆင်းသွားတော့သည်။

"ကိုကို"

ဒေဝီက ထွန်း၏ပေါင်ပေါ်သို့ ခွေ့ခနဲ တက်ထိုင်လိုက်
ထွန်း၏လည်ပင်းတဝိုက်မှာ သူ့လက်နှစ်ဘက်ကို ဝိုင်းယ
လိုက်ပြီး. . .

"ကိုကိုထွန်း ဝမ်းမသာဘူးလား"

ရင်၌ လှုပ်ခတ်သွားသည်တော့အမှန်။ ဝမ်းနည်းခြင်း
သော်လည်း ဝမ်းသာခြင်းလည်း မမည်ပါ။ စိတ်ညစ်သွားအ
တော့ ရှိမိသည်။

အနှောင်အဖွဲ့သည် စောစီးစွာ တင်းကျပ်သွားခဲ့လေ

"ကြည့်. . . ဘာငြိမ်နေတာလဲ၊ ဝမ်းမသာဘူးလာ
ဒေဝီမေးနေတာဖြင့် မဖြေဘူး"





"ဝမ်းသာပါတယ်"

"သားလိုချင်လား. . . သမီးလိုချင်လားဟင်"

"သား. . . သမီး. . . ဟုတ်လား"

"ဒါပေါ့. . . သားဖြစ်မလား. . . သမီးဖြစ်မလား၊ တစ်ခုခု
ပေါ့ ကိုကိုထွန်းရဲ့"

"အင်း. . . ဘာပဲဖြစ်ဖြစ် ချစ်ရမှာပေါ့လေ"

"ဒေဝီထက် ပိုချစ်မသွားရဘူးနော်"

"အင်းပါ၊ ကဲ. . . ဒီဘေးမှာ ထိုင်ပါကွယ်၊ လူကြီးတွေ
မြင်ရင် မကောင်းဘူး"

သူနှင့်ယှဉ်လျက် ကုလားထိုင်မှာ ထိုင်စေရသည်။

"ဒေဝီထက် ပိုမချစ်သွားရဘူးနော်"

ဆိုသော်လည်း ဒေဝီကို သူတစ်ခါမှ မချစ်ခဲ့မိသေးပါ။
အလိုက်သင့် စကားပြောနေရသော်လည်း ရင်၌ တင်း
ကျပ်မှုက ပြေလျော့မသွားခဲ့။

"ဒေဝီကဖြင့် ကိုကိုထွန်း ဝမ်းသာအောင် တမင်တကာ
ခေါ်ပြောရတာကြီးကိုများ"

ဒေဝီ၏ စကားသံများ၊ ဟန်ပန်များက ကလေးဆန်လှ
ချေသည်။ အမှန်တော့ ကလေးဆန်သည်ဟု ဖြစ်ရအောင်
အမင်လုပ်နေခြင်းသာ ဖြစ်ကြောင်း မြင်သူတိုင်းက သိသော်
လည်း သူကိုယ်တိုင်ကဖြင့် မသိရှာ။

"ကဲ. . . ဒေဝီလည်း နေကောင်းနေတာပဲ၊ ကိုကိုထွန်း
ကကြည့်လိုက်ဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းက သူ့ခရီးဆောင်အိတ်တွင်းမှ တမိုက်လော ထူသော အင်္ဂလိပ်စာအုပ်ကြီးကို ထုတ်ယူလိုက်ပြီး ထိုင် နေတော့သည်။

သူ့ဘဝတွင် စာကျက်ခြင်းအလုပ်မှလွဲ၍ လုပ်စရာ တ လုပ်ငန်းမရှိ။ ဘာမှလည်း မလုပ်ချင်၊ ဆေးပညာရပ်ဆိုင် ဘာသာရပ်များကို ထပ်တလဲလဲ လေ့လာနေခြင်းဖြင့်သာ အ များစွာကို ကုန်လွန်နေစေသည်။ ဘာဆိုဘာမှ သတိ နောက်ဆုံး သူအိမ်ထောင်သည်တစ်ယောက် ဖြစ်နေပြီ ဆိုသ ကိုပင် အခါများစွာ မေ့လျော့နေတတ်သည်။

သူ၏ အကြီးမားဆုံးသော မျှော်လင့်ချက် ပန်းတိုင်ကြီး လည်း လှမ်းမြင်နေရပြီ။

သူ ဖြစ်ချင်လွန်းသော "ဒေါက်တာနေမင်းထွန်း"သ သူနှင့် မဝေးကွာလှတော့။ သူသည် ဤသို့ ကြိုးစားရင်းမှ သူ အတွေးဖြင့် တည်ဆောက်အပ်သော ဒေါက်တာနေမင်းထွန် ဘဝတွင်းသို့ သူရောက်ရှိ ပေါင်းစပ်ပြီး သည်နှင့် ဝင်းထွန်းသ ပျောက်ဆုံးစေရတော့မည်။

ဤမျှော်မှန်းချက်၊ ဤဆန္ဒ၊ ဤတောင့်တမှုများဖြင့်သ လူ့ဘဝကို ဤတစ်လမ်းတည်းမှ ငုံ့လျှောက်နေမိသော ထွ သည်. . .

"ကလေး"

ဆိုသော စကားကြောင့် ချောက်ချားဖွယ်သတင်းစ တစ်ခုလို လူ့ဘဝကြီးကို မော့၍ မျှော်၍ ကြည့်ဖြစ်လာခဲ့သည်





"ကိုကိုထွန်း. . . ဒေဝီ့ကို ဒီမောဆိုး ဈေးနေ့ ပို့ပေးရမယ် နော်"

"နက်ဖြန် လောပိတသွားပြီး ပျော်ပွဲစားရအောင်၊ မတင် ကို ထမင်းချက်ခိုင်းပြီးပြီ၊ ခင်မာဝေတို့အုပ်စုနဲ့ သွားဖို့ ချိန်းပြီး ပြီ. . . သိလား"

ဆိုသော လမ်းရှာနေတတ်ရုံ မဟုတ်သေး။

"မီးပူက ပလပ်ကြိုးပြတ်နေတာ ပြင်ပေးစမ်းပါ"

"ထဘီကြိုးတန်းကြီးက လှန်းလိုက်တိုင်း ရှော့ရှော့ကျနေ တယ်၊ တင်းအောင် ကြိုးတန်းပေးစမ်းပါ"

"ဟိုတန်းပေါ်က စွယ်တာယူပေးစမ်းပါ"

စသော အသေးအဖွဲလေးတအစ သူ့ မနားရအောင် ခိုင်းနေတတ်သော ဒေဝီ။

"ခေါင်းထဲက မူးလိုက်တာ"

"အမယ်လေး. . . အန်ချင်လိုက်တာ၊ နှိပ်ပါ၊ နှိပ်စမ်း ပါ. . ."

ဆိုသော ကိုယ်ဝန်ရှိစ ရောဂါများကို အဖြစ်သည်းလွန်း မှာ ချွဲချင်တိုင်း ချွဲ၊ နွဲ့ချင်တိုင်းနွဲ့နေပါ၍. . .

ပြန်ချင်၍လည်း မပြန်ရ၊

ပြန်ချိန်တန်၍လည်း မပြန်ရ၍. . .

ထိုနှစ်၏ နှစ်လည် စာမေးပွဲကိုလည်း ထွန်းကောင်းစွာ မဖြေနိုင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အတန်းတင်စာမေးပွဲကြီးနှင့် ဒေဝီ၏ မီးဖွား ချိန်နှင့်လည်း တိုက်ဆိုင်နေပြန်သဖြင့်. . .

ဆေးတက္ကသိုလ်၏ ဒုတိယနှစ်စာမေးပွဲမှာ ထွန်း ကျရှုံးခဲ့ လေပြီ၊

ဆပ္ပလီ နှစ်ဘာသာထဲ၌ ထိုကျရှုံးသော ဘာသာရပ်များ ကို ပြန်လည်ဖြေဆိုနိုင်ရန်အတွက် ဆရာများနှင့် အနီးကပ် စာကျက်ခွင့်မရ စာတော်သော ကျောင်းသားများနှင့် ဆွေးနွေး ဝေးခဲ့သည်။

"ဒေဝီ၏ မီးနေစောင့်ရန် ပြန်လာစေ" ဆိုသော အမိန့် ကြောင့် စာအုပ်များ တပွေ့ကြီးပိုက်လျက် ထွန်းတစ်ယောက် လှိုင်ကော်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရပါ၏။

ဤခရီးသည် ဆေးတက္ကသိုလ်ကို အပြီးတိုင် စွန့်ခွာရ သည့် ခရီးဖြစ်ကြောင်း ထွန်းကိုယ်တိုင်လည်း မသိရှိခဲ့။

"ကိုယ့်သားမယား ရောဂါလေးလည်း စိတ်ဝင်စားဦး ဝင်းထွန်းရဲ့၊ ယောက်ျားဖောင်စီး၊ မိန်းမ မီးနေတဲ့"

ယောက္ခမကြီး၏ မျက်စောင်းကြောင့် စာအုပ်များပိတ်ပြီး အခန်းတွင်းသို့ ဝင်ခဲ့ရသည်၊ ဒေဝီသည် ယခင်လို မတက်ကြွ တော့။ နွမ်းလျစွာ ခွေမှိန်းနေ၏။

"အူဝဲ. . . အူဝဲ. . . ဝဲ. . ."

ဆိုသော ငိုသံကြောင့် ကြမ်းပြင်ပေါ်မှ သစ်သား ပုခက်တို ဖုံးအုပ်ထားသော အနီးပိတ်ဖြူကို ဖွင့်လှစ်လိုက်ပြီး. . .





"သမီး. . . သမီးငယ်"

ဆိုသော ဖခင်စိတ်ဖြင့် နီနီထွေးထွေး ကလေးလေးကို ချီလိုက်ရသည်။

"ယောက်ျားလေးဖြစ်ရင် ကောင်းမှာ၊ သားလေးပဲ လိုက်ပါတော့"

ဆိုသော အိမ်ထောင်ရှင် ယောက်ျားတိုင်း တောင့်တကြ ရှိသည့် "သား" ကို ထွန်းလည်း တောင့်တမိပါသော် လည်း. . .

သမီးလေးကိုဖြင့် မလိုချင်သော ဆန္ဒမရှိပါ။

သေးစိုအနှီးကို မကိုင်တတ် ကိုင်တတ်နှင့် လဲလှယ်ပြီး ယယ ထွေးပွေ့ထားလိုက်တော့ သမီးလေးသည် သူ့ရင်ခွင် စ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။

"သမီး. . . သမီးလေးရယ်"

"အိပ်နေပုံလေးက သနားစရာ"

ကရုဏာ နိဒါန်းစသော မိဘတို့၏ မေတ္တာတရားများ င်းရင်၌ ခိုဝင်ခဲ့လေပြီ။

ထိုနေ့ညနေမှာ ဆရာဝန်လာတော့. . .

"ဒေဝီ့အတွက် ဘာမှ မစိုးရိမ်ပါနဲ့၊ နို့ကြောင်းပိတ်လို့ တာပါ၊ မကြာခင် နေကောင်းသွားမှာပါ၊ ကလေးကိုသာ က်ပါ၊ ကလေးက မျက်လုံးတွေပါ ဝါနေတယ်"

ထွန်း၏နှလုံးသားတွင် သမီးလေးအတွက် စိုးရိမ်ပူပန် င်းဆိုသောခံစားမှု ပထမဆုံးစတင်ရသောနေ့ပါတကား. . .



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး ကျန်းမာပါစေ"

ဆိုသော ထွန်း၏ ဆန္ဒများ မပြည့်ဝခဲ့. . .

လွှမ်းပြည်သို့ရောက်ပြီး ၉ ရက်မြောက်သော နေ့တွ

ပြန်လည် ထွက်ခွာသွားရရှာတော့သည်။

"ဪ. . . ဖေဖေတို့နဲ့ မနေထိုက်တဲ့ သမီးငယ်လေ

ရယ်. . ."

ရင်သွေးငယ်လေးအတွက် နှမြောတသရသောစိတ်. . .

စာမေးပွဲဖြေဆိုနိုင်ရန်အတွက် ပူပန်ရသောစိတ်တို့ကြော

ထွန်း၏တာဝန်များ လစ်ဟင်းခဲ့ရသည်တော့ အမှန်ပါ။

တာဝန်များဆိုရာ၌လည်း ကြီးကြီးမားမား ထမ်းဆော

ရခြင်းမျိုး မဟုတ်ပါဘဲ၊ ဒေဝီ ဆာလျှင် ဟောလစ်ကိုယ်တို

ဖျော်ရသည်၊ ဆေးသောက်ရန် ပွေ့ထူပေးရသည်။ အိမ်သာ

တွဲပို့ရသည်။ အနံ့ဆိုးများကြောင့် မွန်းကြပ်နေသော အခန်းတွ

မှ အပြင်မထွက်ရ၊ ဒေဝီ ခိုင်းသမျှ ရေကအစ ခပ်တိုက်ပေး

အသင့်စောင့်နေရသည်။

ရက်ကြာလာ၍ ဒါတွေကို ထွန်းစိတ်မရှည်တော့. . .

ဒေဝီ၏ကျေးကျွန်ဘဝ ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်ကို ထွ

တွန်းလှန်၏။

ညဉ့်နက်သည့်တိုင် စာတွေ ဖိကျက်ပြီး နေ့ခင်းကျမေ

သိုးနေအောင် အိပ်ပစ်သည်။

"မင်းဟာ. . . သားမယားကို ကြင်နာရမှန်း မသိတ

ကောင်. . . အတ္တသမား"





ဒေါ်ထိပ်ထားစုပေးသော ဘွဲ့ထူးကို ခံယူရင်း နာကျည်း

စွာ ပြုံးမိသည်။

"အတ္တသမားတဲ့"

ရှိပါစေ၊ ပြောပါစေ၊ ငါကလည်း ငါ. . . ဆရာဝန်ဖြစ်ဖို့

အတွက် ဒေဝီကို လက်ထပ်ခဲ့တာပဲကို. . .

ကြင်နာရမှန်းမသိတဲ့ကောင်. . . ဆိုသော စကားသည်မှ

တွေးစရာ ဖြစ်လာသည်။ အကြင်နာဟူသည် သီးခြားဖြစ်ထွန်း

လာသော ခံစားမှုမဟုတ်. . .

ပင်မမေတ္တာတရားမှ ခက်ဖြာခဲ့ထွက်လာသော ခံစားမှု

များစွာထဲမှ အစိတ်အပိုင်းတစ်ခုဟု ထွန်း ခံယူမိသည်။

လေးစားခြင်း၊ မြတ်နိုးခြင်း၊ အားကိုးခြင်း၊ တမ်းတခြင်း၊

လွမ်းဆွတ်ခြင်း၊ သစ္စာတရား စောင့်စည်းခြင်း စသော မေတ္တာ

တရား၏ အစိတ်အပိုင်းများစွာထဲမှ ကြင်နာခြင်းသည် တစ်ခု

သော အပိုင်းအစပါ. . .

ဒေဝီ့ကို ချစ်လို့ပါသည်ဆိုသော မေတ္တာ အခြေခံမရှိပါဘဲ

နှင့် ဘယ်မှာ အကြင်နာ ဖြစ်ထွန်းပါ့မလဲ။

အစပိုင်းတုန်းက ဝတ္တရားရှိသည့်အတိုင်း ဆောင်ရွက်ပေး

ခဲ့သေးသည်။ ယောက္ခမ၏မျက်နှာကြောင့် စေတနာမပါသော်

လည်း ဆောင်ရွက်ဖွယ်တို့ကို မလစ်ဟင်းရအောင် ဆောင်ရွက်

ပေးခဲ့ပါသေးသည်။

ယခုတော့. . .

လုပ်ပေးသင့်တာထက် ပိုလွန်၍ လုပ်ပေးချောင်လာ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် လုပ်မပေးချင်တော့. . .

သမီးလေး သေဆုံးသွားခြင်းအတွက်လည်း ရင်၌ ထိခိုက်စိတ်ဖြင့် ဟိုလူ့ဒေါသဖြစ်ချင်သလိုလို၊ ဒီလူ့ ဒေါသဖြစ်ချင် သလိုလို. . .

ဒေဝီသည် ယခင်ကထက် ဆယ်ပြန် ဆိုးလာလေတော့ သည်။ ပထမပိုင်း ချွဲနွဲ့ရုံ နောက်တော့ စိတ်ဆိုးစိတ်ကောက်လာ သည်။ ယခုကျတော့ ဒေါသနှင့် ရိုင်းပျခြင်းချည်းသာ. . .

"ကိုကိုထွန်းနော်. . . ဒေဝီတို့ ထမင်းစား၊ ဒေဝီတို့ရဲ့ ငွေနဲ့ ကျောင်းနေပြီး တိုယ့်ဘဝ ကိုယ်သိပါ။ အောက်တန်းစားက လူပါး မဝနဲ့"

သည့်လောက်အထိ ရိုင်းပျလာတော့ ထွန်းမခံနိုင်။ သောက်နေသည့် ကော်ဖီပန်းကန်ကို ပေါက်ခွဲပစ်လိုက်တော့ သည်။

"ခွမ်း"

ဆိုသော အသံနှင့် တဆက်တည်းလို. .

"အမယ်လေး. . . လာကြပါဦး"

ဆိုသော ဒေဝီ၏ ကြုံးအော်သံကြောင့်. . .

ဦးမောင်မောင်မြတ်ရော ဒေါ်ထိပ်ထားစုနှင့် ဒေါ်ခင်ခင် လတ်တို့ ပြေးဝင်လာကြသည်။

အမှန်တော့ ပန်းကန်ကွဲသံကြောင့် ဒေဝီ လန့်အော်လိုက် ခြင်းပါ။





သူ့မိသားစုသုံးယောက် သူ့ဘက်မှာ ရှိသည်ဆိုသော သိကြောင့် အားတက်ပြီး ထွန်းကို တစ်ခုခု ဒုက္ခပေးချင်စိတ် လာတော့သည်။

မာယာဟူသည် မိန်းမတို့ထံမှာ ထာဝရ ဒွန်တွဲပိုင်ဆိုင်နေ တ်သည်၊ အရေးကြုံသည်နှင့် ချက်ချင်း ထုတ်ယူ အသုံး သိုတ်ရုံသာ။

"သမီးကို ပန်းကန်နဲ့ ပိတ်ပေါက်တာ ဒက်ဒီရဲ့၊ သမီး ရှောင်ကောင်းလို့၊ မဟုတ်ရင် သေပါပြီ ဒက်ဒီရယ်"

ဦးမောင်မောင်မြတ် လက်သီး ကျစ်ခနဲ ဆုပ်လိုက်ချိန်မှာ ယာခတ်နေသော ဒေါ်ထိပ်ထားစုသို့ ကြည့်ပြီး. . .

"မာမိ. . . သမီး သိပ်လန့်သွားတာပဲ၊ ရင်တွေ ခုန်လိုက် လုပ်ပါဦး မာမိရဲ့၊ သမီး မူး. . . မူးလိုက်တာ. . ."

ဒေါ်ထိပ်ထားစု၏ရင်၌ ညွတ်ခွေမှီလဲပြီး မှိန်းနေလိုက် ည်။ အမှန်တော့ ဘာမှမဖြစ်၊ မိဘများကမူ. . .

"အမယ်လေး. . . သမီးလေး သွေးနုနုနဲ့. . . လုပ်ကြ ဦး သမီး. . . သမီး၊ ဟင်. . . သတိမရတော့ဘူးထင်ပါရဲ့"

ဒေါ်ထိပ်ထားစု၏ တုန်တုန်ယင်ယင်အသံ၊ သမီး၏ ခြေနေတို့ကိုကြည့်ပြီး ဦးမောင်မောင်မြတ်၏ ဒေါသမီးတို့က န်းခနဲ တောက်လောင်၏။

"ခွေးမသား"

သူ့လက်သီးချက်ကြောင့် ကြမ်းပြင်ပေါ်သို့ ပက်လက် ကျသွားသော ထွန်းသို့ကြည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ ကျောင်းထားပေးတဲ့ ကျေးဇူးကိုမှ မထောက်တဲ့
ကောင်၊ အမျိုးယုတ်"

ဦးလေး၏ လက်သီးချက်ထက် ဦးလေး၏ ရင့်သီးသော
စကားများက ထွန်းကို ပိုမို၍ နာကျင်စေပါ၏။

"အကြင်နာမဲ့တဲ့ အတ္တသမား"

"ကျောင်းထားပေးတဲ့ကျေးဇူးမှ မထောက်တဲ့ကောင်"

"အမျိုးယုတ်"

ဆိုသော ပဲ့တင်သံများက ထွန်း၏ဘေးမှာ ဝိုင်းလှည့်
အော်ဟစ်နေကြသည်။

သူတို့၏ ဒေါသမျက်နှာတွေနှင့် ဒေဝီ၏ မာ
မျက်နှာကို မရင်ဆိုင်ချင်ရုံမက. . .

ယောက်ျားတန်မဲ့ ဘဝမှ တုံ့ပြန်တွန်းလှန်နိုင်သော
အင်အားမရှိ၍ အားလုံးရှေ့မှာ ခေါင်းငုံ့ပြီး ခြံထဲသို့ ဆင်းလာခဲ့
တော့သည်။

"ငါဟာ ဆရာဝန်ဖြစ်ချင်စိတ် တစ်ခုတည်းနဲ့ ငါ့ဘဝ
ပေးဆပ်ခဲ့မိတယ်"

"ဒါဟာ သူတို့ပြောတဲ့ အတ္တသမား ငါဖြစ်နေပြီလား"

ကိုယ့်ဘဝအတွက် နာကျည်းမှုမှစသော ပထမဆုံး
မျက်ရည်စက်တို့သည် ထွန်း၏ မျက်ဝန်းမှာ ဝေ၏။

ခြေလှမ်းတို့သည် ထွန်းကိုယ်တိုင်မသိသော အရပ်ဆီသို့
ဦးတည်သွားနေသည်။





ဖုန်များ ဖုံးနေသော ကြမ်းပြင်လေးပေါ်မှာ ထိုင်ပြီး
တိုင်ပုန်းကိုမှီ၍ နွမ်းညှိုးစွာ မော့ကြည့်လိုက်တော့. . .

"ပြေ"

ဟုတ်ပါသည်။ ပြေ နေသွားခဲ့တဲ့ တဲအိုလေး။

အိမ်ရှေ့ခန်းမှာ ပြုံးနေသော ပြေ။

မီးဖိုချောင်မှာ သူ့ကို ထမင်း ထည့်ကျွေးနေသောပြေ။

အိပ်ခန်းဝမှာ သူ့အင်္ကျီစုတ်လေးတွေကို မီးပူတိုက်ပေးနေ
သော ပြေ။

ခွဲခွာခါနီးတိုင်း လွမ်းမျက်ရည်တွေ အလိမ့်လိမ့် ကြွေတတ်
ခဲ့သည့်ပြေ။

အလွမ်းမျက်နှာနှင့်ပြေ၊ အကြင်နာမျက်နှာနှင့် ပြေ၊ အချစ်
မျက်နှာနှင့် ပြေ။

"အို. . . ပြေ. . . ပြေရေ၊ ထွန်း. . . ထွန်းလေ. . ."

စကားသံ မထွက်လာတော့။ သစ်သားတိုင်ကို တအား
ဆုပ်ကိုင်ပြီး. . .

ပြေ့ကို တမ်းတသောစိတ်ကြောင့် ပထမဦးစွာ ကျဆင်း
လာသော ထွန်း၏ မျက်ရည်စက်များပါတကား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . အထွန်း၊ နင် ညက ဒီတဲမှာ တစ်ညလုံး
အိပ်တယ်လား"

"ဟုတ်တယ် မမတင်"

"ဒုက္ခပါပဲတွယ်၊ မင်းက ဒေဝီကို ကော်ဖီပန်းကန်ရိုက်
ပစ်ပေါက်လိုက်တယ်ဆို"

"မဟုတ်ဘူး မမတင်"

"ဟဲ့. . . ဘာလို့ မဟုတ်ရမှာလဲ၊ ပန်းကန်ကွဲတွေ
သိမ်းရတာ"

"ပန်းကန်နဲ့ပေါက်တာတော့ အမှန်ပဲ၊ ဒါပေမယ့်. . .
ဒေဝီ့ကို မဟုတ်ပါဘူး၊ နံရံကိုပါ"

ထွန်းက အမှန်ကို အကျဉ်းချုံး၍ ရှင်းပြလိုက်တော့. . .

"အင်း. . . နှစ်ဘက်လုံး ကိုယ်ကျိုးရှာမျက်စိနဲ့ ကြည့်
တည်ဆောက်ကြတဲ့ အိမ်ထောင်ရေးပဲ၊ ဒီလောက်တော့ ရှိမှာ
အထွန်းရဲ့"

မမတင်သည် ပြေ့ဘက်က နာကျည်းစိတ်ဖြင့် ပြော
လိုက်သည်။ သူ့ဒွေးသားမက်မို့ မပြောရဲ၊ ပြောခွင့် မသာခဲ့ရာ





ခုလို အခြေဆိုက် အကွက်ဝင်လာတော့ မမတင်တို့ ထွန်းကို
တွယ်နေလေပြီ။

"အထွန်း"

"ခင်ဗျာ"

"မင်း. . . ပြေ့ကို သတိမရဘူးလား"

"မေးရက်လိုက်တာဗျာ"

ညက မိုးစင်စင်လင်းသည့်တိုင် ထွန်း အိပ်မပျော်ခဲ့၊
သူ့ဘေးမှာ ပြေ၊ သူ့ရှေ့မှာ ပြေ၊ သူ့ဝန်းကျင်မှာ ပြေ၊ သူ့ရင်ထဲမှာ
ပြေ။

အထီးကျန် ထိုတစ်ညအ၏ အချိန်ကာလများကို ထွန်း၏
ငိုကြွေးခြင်းများဖြင့် ကုန်ဆုံးလွန်မြောက်ခဲ့ရသည်။

သူတို့ စွပ်စွဲသည့် အတ္တသမားဆိုသည်မှာ ပညာ အတ္တဟု
ထပ်ဖြည့်ချင်ပါသည်။

စာမှ စာ။ လိုချင်လိုက်သည့် ပညာ။ ဖြစ်ချင်လိုက်သည့်
ဆရာဝန်။

သည်ဆန္ဒလွန် တပ်မက်မှုများသည် ထွန်းရင်ထဲမှ
မေတ္တာတရား၊ အကြင်နာများကို ကွယ်ဖုံးစေခဲ့သည်။

ယခုတော့. . .

"အောင်မယ်. . . မင်းမျက်လုံးထဲမှာ မျက်ရည်တွေနဲ့
ပါလားဟင် အထွန်း"

"မမတင်"

"အေး. . . မင်းက အခုမှ မျက်ရည်ဝဲရှုံပါ၊ ပြေ. . . မင်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် ငိုသွားခဲ့ရတဲ့ မျက်ရည်တွေသာ မခန်းစတမ်းဆိုရင် မင်း လက်ပစ်ကူးနေရပြီ၊ သူ့မျက်ရည်ပူထဲမှာ မင်းနစ်မြ သေလောက်ပြီ အထွန်းရဲ့. . . သိရဲ့လား"

ဒေါသနှင့် ခံပြင်းမှုများကြောင့် မမတင်၏ အသံ တုန်ခါမာကြောနေ၏။

သူဌေးသားမက်ဘဝနှင့် အိမ်ကြီးပေါ်မှာ မပြောရဲခဲ့သ ပြေ၏ တဲအိုလေးအတွင်းမှာတော့ အရင်တုန်းကလိုပင် မမတင် က ရဲရဲတင်းတင်း ပိုင်ပိုင်နိုင်နိုင် ပြောဝံ့ ဆိုဝံ့ ဖြစ်လာသည်။

"သူ. . . သူ. . . ပြေ. . . ကျွန်တော့်အတွက် သိပ်ခံစား သွားရသလားဟင်. . . မမတင်"

"ပြေ သိပ်ခံစားသွားရသလားတဲ့. . ."

"ဟင်း. . . ငါ မပြောလိုက်ချင်တော့ဘူး၊ ဒီမှာ အထွန်း ပြေဟာ မင်းရှေ့မှာတင် လဲကျသွားတာဆို၊ မင်းရှေ့က ထွက်ပြေးပြီး တောင်တွဲစေတီပေါ် ပြေးတက်ရာက အမောဆို သွားတယ်ဆိုတာ မင်းသိပါတယ်"

"ဟုတ်ကဲ့၊ နောက်မနက်မှ ဒီသတင်းကို ကျွန်တော်ကြား လို့ ဆေးရုံလိုက်သွားတော့ အဘညိုက ကျွန်တော့်ရင်က အကျီ ကို ဆုပ်ဆွဲပြီး ထိုးတော့မလိုလုပ်တယ်၊ ပြီးမှ ဆောင့်တွန်းပြီ နှင်ထုတ်လိုက်တယ်၊ ကျွန်တော် ပြေ့ကို တွေ့ခွင့်မရတော့ပါဘူ မမတင်"

"အေး. . . ငါကတော့ ပြေ့ကို တစ်ခါတည်း သေသွား လိုက်စေချင်တာ"





"ဗျာ"

"ရင်ကွဲနာကျပြီး လဲသေသွားတာကမှ ခဏပဲ ခံရမယ်၊ တော့ကွယ်. . . သူ့အသက်နဲ့အမျှ ခံစားနေရရှာမယ့် ဒနာတွေကို မတွေးဝံ့ဘူး"

ထွန်း ငြိမ်ကျသွားပြီ။

"တော်ရုံတန်ရုံမှ မဟုတ်ဘဲ၊ တကတည်း. . . ပြေ င်းပေါ် ချစ်လိုက်ပုံများကတော့ ကမ္ဘာပေါ်မှာ ဘယ်သူမှ ိုက်မမီဘူး. . . သိရဲ့လား"

"မမတင်. . . သူ. . . သူ"

"ဒီလောက် အချစ်ကြီး ချစ်တတ်တဲ့ မိန်းကလေး၊ မင်းကို အမျှော်လင့်ကြီး မျှော်လင့်နေရှာတဲ့ ကောင်မလေး၊ ပြေသာမက အဘညိုကပါ မင်းကို အားကိုးချင်လွန်းလို့ မျှော်လင့်နေကြ တာ အထွန်းရဲ့၊ ခုတော့. . . ခုတော့. . ."

"ခင်ဗျာ၊ ခုတော့. . . ခုတော့ ဘာဖြစ်သလဲဟင်. . . တင်၊ ပြောစမ်းပါဗျာ"

ဒေါသနှင့် ထွန်းကို ရင်ဖွင့်နေသော မမတင် ငိုချလိုက် တော့ ထွန်း ပျာယာခတ်သွားသည်။

ပြေ့အတွက် ပူပန်ရသော ရင်မှမီးတောက်သည် ဦးနှောက်ကိုပါ လောင်မြိုက်လာ၏။

"ပြောစမ်းပါဗျ၊ ခုတော့ ဘာဖြစ်သလဲ၊ ပြေ ဘာဖြစ်သလဲ"

"ဘာဖြစ်ရမလဲ၊ သူဌေး သားမက်ကြီး မင်းကို ရင်မဆိုင် ိုတော့ သားအဖနှစ်ယောက် မေ့ဆီ ထွက်ပြေးရာက. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ပြေ. . . ပြေ တစ်ခုခု ဖြစ်သွားသလား. . . ဟုတ်လားဟင်. . ."

"ပြောပါပတော၊ သေသွားရင် ကောင်းမယ်လို့. . . ခုတော့ သူက မသေဘဲ မေက သေသွားတယ်"

"ဗျာ. . . မမမေဆုံးပြီ"

"ဟုတ်တယ်. . . ကလေးနှစ်ယောက် ကျန်ခဲ့ထ… အဘညိုကလည်း တိုက်တွန်းမှာပေါ့၊ ကလေးတွေအတွက်… ငဲ့ပြီး ကိုမြင့်အေးကို ပြေ ယူလိုက်ရရှာတယ် ထင်တယ်၊ အ… ရန်ကုန်ပြောင်းသွားကြတယ်တဲ့"

"မမတင်"

"ဘာလဲ"

"ပြေ အစ်ကိုမြင့်အေးကို ယူမှာမဟုတ်ဘူး၊ ကျွန်… သိတယ်"

"အေး. . . မင်းသာ ပြေ့ကိုပစ်ပြီး ဒေဝီကို ယူတာ၊ မ… ရက်စက်တဲ့ လက်နက်ရဲ့ ဒဏ်ချက်ဟာ ပြေ့အသည်းနှလုံး… တစ်သက်လုံး မကျက်တဲ့ ဒဏ်ရာ. . . ကုမရတဲ့ အနာဖြ… ထွန်းရဲ့"

ပြေ့ဘက်က နာကျည်းလွန်း၍ မမတင်ပင်လျှင် အရ… ကျအောင် ရန်တွေ့တတ်နေပြီ။

"ပြေဟာ သနားစရာကောင်းတယ်၊ သိပ်. . . သနား… ကောင်းတယ် အထွန်း၊ ငါမှာ သူ့စာတွေ ဖတ်ဖတ်ကြည့်မိ… ငိုလိုက်ရတာ"





"သူ့စာတွေ ဟုတ်လား"

"ဟုတ်တယ်"

"ဘာစာတွေလဲဟင်. . . မမတင်"

"သေတ္တာနဲ့တစ်လုံးအပြည့် ရေးထားတဲ့ သူ့ရဲ့ တမ်းတစာတွေလေ"

"ဗျာ"

"မင်းအတွက် ရေးသွားခဲ့တဲ့ စာတွေ အထွန်းရဲ့၊ အဲဒါတွေ ခုထိ ငါ့လက်ထဲမှာ"

"ပြစမ်းပါဗျာ. . . ကျွန်တော် ဖတ်ပါရစေ"

"မင်းကို ပြချင်လွန်းလို့ ကျုပ်မှာ ဖွက်ထားရတာ၊ ဒေဝီသခင်မ မြင်မှာစိုးလို့ မြေတွင်းတူးပြီးကို မြှုပ်ထားရတာ"

"ဟာ"

"တွေ့ရပါစေမယ်၊ အဘညိုက မင်းကို ချီးမြှင့်သွားတဲ့ ဘွဲ့ထူးကြီး၊ သေတ္တာပေါ်မှာ သဘော်ဆေးနဲ့ကို ရေးသွားတာ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်သိပါရစေ၊ ကြည့်ပါရစေ၊ ဖတ်ပါရစေ မမတင်ရယ်"

"အေး. . . ဟောဒီတဲအောက်မှာပဲ မြှုပ်ထားတာ၊ မင်းရဲ့ မဟာဒေဝီသခင်မတော့ မသိပါစေနဲ့၊ ကျုပ်ကို ပါးလာရိုက်နေပါဦးမယ်"

"ကြိုက်သလိုသာ ပြောပါတော့ မမတင်ရယ်၊ ကျွန်တော် ရှင်းမနေချင်တော့ပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မမတင်ကလည်း အထွန်းကို ချစ်သူခင်သူပါ။ ပြေ့အတွက် ပြေ့ဘက်က နာကျည်းလွန်းရှာသော ပြောနေမိခြင်းပါ

ထွန်း၏ အင်အားနှင့် ဝိုင်းကူတော့ ခေတ်မြေဩဇာထည့်သော နိုင်လွန်အိတ်စွပ်ပြီးသား သံသေတ္တာတစ်လုံးကို ပြန်လည်တူးဖော်ရရှိသည်။

"ဒါ. . . ဒါ. . . ပြေက ကျွန်တော့်အတွက် ပေးခဲ့တာလားဟင်"

"ဘယ်ဟုတ်လိမ့်မလဲ"

"ဗျာ"

"ဆေးရုံကနေပြီး အဲဒီသေတ္တာထဲကစာတွေအားလုံး မီးရှို့ပေးပါလို့ပြောတာ၊ သူ့အဖေက မင်းကိုပြလိုက်ပါဆိုပြီး ငါ့ကိုအပ်ခဲ့တာ"

"သူ. . . သူတို့ ဒီမှာ ပြန်လာနေသေးလား မမတင်"

"ပြေ မင်းကို မတွေ့ရရှာတော့ပါဘူး အထွန်းရယ် ဒါကြောင့် ဆေးရုံကဆင်းပြီး တောင်ကြီးကို တစ်ခါတည်း လိုက်သွားရှာတာ၊ သူ့ပစ္စည်းလေးတွေတောင် ဖြစ်သလို ဝိုင်းသိမ်းပေးလိုက်ရတယ်"

"ဩော်. . . ပြေရယ်"

"ပြေ မင်းနဲ့ပတ်သက်လို့ ဆောင်ရွက်သွားတာတွေတော့ အများကြီးပေါ့၊ ဒီထဲက တစ်ခုပဲ မမတင် ပြောမယ်"

"ဟုတ်ကဲ့၊ ပြောပါဦး မမတင်ရယ်"

"သူ့မှာ စွယ်တာတစ်ထည်ပဲ ရှိတာ၊ အဲဒါလေး





ရောင်းပြီး မင်းအတွက် လွယ်အိတ်တစ်လုံး ဝယ်ပေးလိုက်တယ်၊ သူ့ခမျာ လှိုင်ကော်ဆောင်းကို အနွေးထည်မရှိဘဲ နေသွားရရှာတာပါ ထွန်းရယ်၊ တို့ဆီက ဆောင်းဟာ ဘယ်လောက်ချမ်းတယ်ဆိုတာ မင်းအသိ"

ထွန်း ဘာစကားမှ မပြောတော့။ ငုံ့ထားသော မျက်နှာဆီမှာ မျက်ရည်စမ်းနှစ်သွယ် စီးပါ၏။

"ကဲ. . . လာ၊ ဒါကို တဲပေါ်တင်ရအောင်၊ ဟိုက မြင်သွားရင် ငါ့ပါသတ်မှာ"

"ကျွန်တော် စာတွေ ဖတ်နေရစ်မယ်၊ မမတင်သာ ပြန်နှင့်ပါ"

"မင်း ဒီမှာ အကြာကြီးနေလို့ ဖြစ်မလား၊ ဒေဝီ စိတ်ဆောက်နေဦးမယ်"

"ဖြစ်တယ် မမတင်၊ ခုတော့ အားလုံးဖြစ်ပါပြီဗျာ"

"ကဲ. . . အဘညိုပေးခဲ့တဲ့ ဘွဲ့ထူးကြီး ကြည့်ပေတော့"

မမတင်က စွပ်ထားသော အိတ်ကို ချွတ်ပြလိုက်တော့ သံသေတ္တာစိမ်းလေးပေါ်မှာ. . .

"သစ္စာဖောက် မြေခွေး ငထွန်းအတွက်"

"သစ္စာဖောက် မြေခွေးတဲ့လား အဘရယ်၊ ဟုတ်ပါတယ်၊ . . . ဟုတ်ပါတယ်၊ ကျွန်တော်ဟာ သစ္စာဖောက်ပါ၊ အတ္တသမားပါဗျာ၊ ပြောကြပါ၊ ပြောကြပါတော့. . ."

ထွန်းသည် ပြေ၏ သေတ္တာကို လှစ်ဖွင့်လိုက်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ပြေ၏ နှလုံးသားခံစားမှု သို့လျှောင်ရုံ"
သို့မဟုတ်
"အချစ်ဦးသို့ အနုစိတ် တိုင်တည်ထားသော
တမ်းချင်းစာတမ်းရှည်များ"

ဆိုသော ခေါင်းစီးစာတန်းများနှင့်အတူ သူ့အတွက်ရည်ညွှန်းရေးသားထားသော စာရွက်ပေါင်းများစွာကို. . .

တစ်ခုချင်း၊ တစ်ရွက်ချင်း၊ တစ်ပိုဒ်ချင်း၊ တစ်ကြောင်းချင်း တစ်လုံးချင်း၊ အသေးစိတ် ဖတ်ကြည့်မိရာမှ. . .

◆ ◆ ◆





"အစ်ကိုထွန်း. . . ဆရာက ခဏလာခဲ့ပါဦးတဲ့"

"အစ်ကို နေမကောင်းလို့ မလာပါရစေနဲ့လို့ သွားပြောပေးစမ်းပါ အစိုး"

"အစ်ကို ဘာဖြစ်နေတာလဲဗျ၊ ထမင်းလည်း လာမစားဘူး. . ."

အစိုးသည် အိမ်ကြီးပေါ်မှ အထွန်းငယ်စဉ်ကလို အစေခံလေး ကောင်လေးတစ်ယောက်ပါ။

"နေမကောင်းလို့ပါကွာ"

"မမဒေဝီလည်း စိတ်ပြေလောက်ရောပေါ့၊ ကြောက်မနေနဲ့ အစ်ကိုရ"

"မကြောက်ဘူး အစိုး၊ ငါ ဘယ်သူ့ကိုမှ မကြောက်တော့ဘူး ငါ့ကိုယ်ငါလည်း မကြောက်တော့ဘူးကွ. . . သိလား"

"ဘာတွေ ပြောနေတာလဲ" ဟူသော အကြည့်ဖြင့် နားမလည်စွာကြည့်ပြီး အစိုး လှည့်ထွက်သွားတော့သည်။

လွန်ခဲ့သော နာရီပေါင်းများစွာဆီက ပုံစံအတိုင်း ပြန့်ကြဲနေသော ပြေ၏ စာပုံများကြားမှာ ထွန်းသည်. . .

ပြေ၏ စာလုံးလေးများကို တစ်လုံးစီ ကောက်ယူ၍ သူ့နှလုံးသားမှာ ကပ်နေသည်သို့ စာတစ်လုံးချင်းကို အာရုံစိုက်နေဆဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဝင်းထွန်း"

မော့ကြည့်လိုက်တော့ ဦးလေး ဦးမောင်မောင်မြတ် ကိုယ်တိုင် မြေ နေထိုင်သွားခဲ့သော တဲအိုဟောင်းလေးဆီ လိုက်လာခဲ့ချေပြီ။

"မင်း ဘာဖြစ်နေတာလဲ"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး ဦးလေး"

"ထမင်းလည်း လာမစားဘူးဆို"

"ဟုတ်ကဲ့"

"ဘာဖြစ်လို့လဲ"

"မစားချင်တော့လို့ပါ"

ဦးမောင်မောင်မြတ်က ထွန်းကို အာရုံပိုမိုစူးစိုက်စွာ ကြည့် လာပြီး...

"လင်နဲ့မယားဆိုတာ ဒီလိုပေါ့ကွာ"

သူရော ထွန်းပါ ခဏငြိမ်နေကြပြီးမှ...

"ငါ မင်းကိုထိုးလိုက်တာ မင်း စိတ်နာသွားလို့လား"

"ဟာ... မဟုတ်ဘူး ဦးလေး၊ ဒါတော့ လုံးဝမဟုတ် ပါဘူးဗျာ"

"ဒါဖြင့် ဘာဖြစ်တာလဲ"

ထွန်း ဘာမှ မဖြေ၊ ငြိမ်နေ၍ စောစောဆီက စကား အတိုင်းပင် ဦးမောင်မောင်မြတ် ထပ်ပြောသည်။

"လင်နဲ့မယားဆိုတာ ဒီလိုပေါ့ကွာ၊ မင်း ကျတဲ့ ဘာသာ ရပ်တွေ ထပ်ဖြေဖို့ အချိန်လည်း နီးလာပြီလေ၊ ဒေဝီနဲ့လည်း





အဆင်ပြေအောင်နေပါ ဝင်းထွန်း၊ ပြီးတော့လည်း မင်း ရန်ကုန် ပြန်ဖို့လည်း စီစဉ်တော့"

လူကြီးပီသသော အဆုံးအမ၊ ထွန်းဘဝကို ပြန်လည် ပြင်တင်ပေးစေမည့် စေတနာစကားများဟု ထွန်းနားလည်မိပါ၏။

တဲရှေ့မှ ပြန်လည်လှည့်ထွက်ခွာခါနီး ဦးမောင်မောင်မြတ် ဆီ...

"ဦးလေး"

ပြန် လှည့်ကြည့်လာသည်၊ ထွန်း ပြောကြားလာမည့် စကားကို စောင့်စားနေပါ၍...

"ကျွန်တော် ကျောင်းပြန်မသွားတော့ဘူးလို့ ဆုံးဖြတ် လိုက်ပါပြီ"

"ဘာကွ"

"ကျွန်တော် ကျောင်းဆက်မတက်တော့ဘူး"

"မင်း ရူးနေသလား၊ ယောက်ျားပဲကွ၊ စိတ်ညစ်စရာ တွေ့တာနဲ့ ကိုယ့်ဘဝကိုယ်ဘာလို့ အရှုံးပေးရမှာလဲ"

"မှန်ပါတယ်၊ ကျေးဇူးလည်းတင်ပါတယ် ဦးလေး၊ ဒါပေ မယ့် ကျောင်းပြန် မတက်တော့ဘူးလို့ ကျွန်တော် အသေအချာ ဆုံးဖြတ်ပြီးလို့ပါ"

"ဘာကြောင့်လဲ၊ ဘာအတွက်လဲ၊ ငါ့ကို ပြောစမ်း"

"မိန်းမနှစ်ယောက်အတွက်"ဟု ရင်ထဲက ပြောနေသော် လည်း နှုတ်ကဖြင့် ပြောမထွက်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်း ဝင်းထွန်း"

ထွန်း ခေါင်းငုံ့ချလိုက်သည်။ လေအဝှေ့တွင် လွင့်ပြန့်သွားသော ပြေ့စာရွက်ကလေးများကို ရွှေသားရွှေချပ်များ ပျောက်ဆုံးသွားမှာ ကြောက်သလို ထွန်း လိုက်ကောက်နေတော့သည်။

"ဒါ ဘာစာတွေလဲ"

စာရွက်လေးများကို စုစည်းဆုပ်ကိုင်၍၊

"ပြေ ရေးခဲ့တဲ့ စာတွေပါ"

"သြော်. . . ဒါကြောင့် မင်းကျောင်းထွက်ချင်တာလား"

"ဒါကြောင့်ချည်း မဟုတ်ပါဘူး ဦးလေး၊ ထက်ဝက်ထက် ဒေဝီ့ကြောင့်ပါ"

"ဘယ်လို"

"တစ်နေ့ကလို အပြောမျိုး ကျွန်တော် တစ်သက်လုံး အပြောခံနေရမှာ ကျွန်တော် မခံစားနိုင်တော့ဘူးဦးလေး ဆရာဝန် မဖြစ်ချင်လည်းနေပါစေ၊ ကျွန်တော့်ကိုယ်ကို စထေး မခံပါရစေနဲ့တော့. . ."

"မင်းစကားက ကြီးကျယ်လှချေလားကွ"

"ဒေဝီ့လုပ်ရပ်တွေက ဒီထက်ပိုပြီး ကြီးကျယ်ပါတယ်"

"ငါ့သမီးဆိုးရင် ငါ တစ်ယောက်လုံးရှိတာပဲ။ ငါ့တိုင် ပေါ့. . ."

"ဦးလေးဟာ ကျွန်တော့်ရဲ့ ကျေးဇူးရှင်ပါ၊ ဦးလေးကျေးဇူးကို ကျွန်တော်ပြန်ဆပ်ချင်လှပါတယ်၊ ဦးလေးတစ်ယောက်အတွက်တော့ ကျွန်တော် ဘာပဲလုပ်ပေးရ လုပ်ပေးရပါ"





"ငါ ပြောတာ မင်းနားမလည်ပါလား၊ ဒေဝီဆိုးရင် ငါဆုံးမ ယ်လို့ ပြောနေတာကွ"

"နားလည်ပါတယ်ဦးလေး၊ ဦးလေး ဆုံးမစရာလည်း သိုတော့ပါဘူး၊ ကျွန်တော် ဘာပြဿနာမှ မတက်အောင် တော့မှာပါ"

"မင်း ဘာဆိုလိုတာလဲ"

"ကျွန်တော် ကျောင်းမတက်တော့ဘူး၊ ဦးလေးအတွက် ရင် ကြိုက်တာခိုင်းပါ၊ တခြား ဘယ်သူ့အတွက်မှ ကျွန်တော့် ယ်ကို အသုံးမချနိုင်တော့ဘူးလို့ ဆိုလိုတာပါ ဦးလေး"

ဦးမောင်မောင်မြတ်က ထွန်းကို တစ်ခါမှ မမြင်ဖူးသည့် တစ်ယောက်လို စူးစူးရဲရဲကြည့်ပြီး. . .

"မင်း သိပ် စိတ်လှုပ်ရှားနေပုံရတယ် ဝင်းထွန်း၊ ခေါင်း အေးအေးထားပြီး ထပ်စဉ်းစားဦး၊ ပြီးမှ ငါ့ကို အဖြေပေးပါ၊ ငါသွားမယ်"

ဦးမောင်မောင်မြတ် ထွက်သွားတော့ ထွန်း ပြုံးသည်၊ ည်နူးချမ်းမြေ့သော အပြုံးမျိုးမဟုတ်၍ သူ့အပြုံးက အကျည်း န်လှ၏။

နာကျည်းသောအပြုံး။

အားလုံးထဲမှာ အပေါ်လွင်ဆုံးက သူ့ကိုယ်သူ နာကျည်း င်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်သာ စောစောဆီက အစိုးကို ငါဘယ်သူ့ကို မကြောက်ဘူး၊ "ငါ့ကိုငါလည်း မကြောက်တော့ဘူး" လို့ လိုက်ခြင်းဖြစ်၏။

အရင်တုန်းကတော့ သူ့ကိုယ်သူ ကြောက်လိုက်တာ။

ဆရာဝန် မဖြစ်မှာ. . .

ဆရာဝန်သာ ဖြစ်ရပါစေ၊ ဘာနဲ့ပဲ လဲရ လဲရဟု ကြုံး ခဲ့သောသူ. . . တကယ် လဲရသည်က. . .

သူ့ကိုယ်. . . သူ့ဘဝ. . . သူ့အသည်းနှလုံး။

"ကိုကိုထွန်းနော်. . . ဒေဝီတို့ ထမင်းစား၊ ဒေဝီ
တို့ရဲ့ငွေနဲ့ ကျောင်းနေပြီး ကိုယ့်ဘဝကိုယ်သိပါ"
"အောက်တန်းစားက လူပါး မဝနဲ့"

ဆိုသော ဒေဝီ၏အသံကို မကြာခဏ ပြန်လည်ကြား ရသည်။

ဒေဝီ၏ ဤစကားသည် သူ့ဘဝကို ထာဝရ စိုးမိုး တုတ်နှောင်ထားမည့်စကား. . .

သည်အပြောမျိုးကို တစ်သက်လုံး ခံယူ ခံစားရတော့မည့် အဖြစ်. . .

အမှန်တော့သူသည် သားကောင်မှသားကောင်စစ်စစ်

မုဆိုး၏သားကောင်ထက်ဆိုးသော အိမ်မွေးတိရစ္ဆာန် သားကောင်မျိုးပါ။





အစာတွေ ဝအောင်ကျွေးနေခြင်းသည် အချိန်စီးအောင် သူတို့ အကျိုးမြတ် ပိုထွက်အောင် လုပ်နေခြင်းသာဖြစ်ကြောင်း ထွန်း နားလည်လာရပြီ။

ဘယ်သောအခါမှ ရုန်းထွက်နိုင်မည်မဟုတ်၊ တစ်နေ့နေ့ တွင် လည်စင်းခံ၍ ဘဝဆုံးရုံသာရှိပါမည်။

ဒေဝီသည် ဘယ်ရှုထောင့်က ကြည့်ကြည့် လုံးဝ သုံးမရ သော အိမ်ရှင်မမျိုး. . . လင်ယောကျ်ား၏ စိတ်အေးချမ်းသာ ရေးကို ဆောင်ရွက်စရာအလုပ်ဟု သူမထင်၊ သူ့ကိုသာ ထာဝရ ခေါင်းပေါ်တင်ထားစေချင်သော မိန်းမ၊ လင်ယောကျ်ားကို ဖိနှိပ်ခြင်းများဖြင့် ခြေနင့်နင်းထားချင်သော ဇနီး. . .

ဆရာဝန်ဖြစ်ချင်ဇောနှင့် ကိုယ့်ကိုယ်ခန္ဓာနှင့် အသည်း နှလုံးကို ရောင်းစားခဲ့မိသော ငမိုက်သား ခံစားရသည်ထက်. . .

ကြည့်ပါဦးကွယ်. . .

ပြေ. . . ပြေဆိုတဲ့ မိန်းမမြတ်ကလေး ထွန်းရဲ့ အချစ်ဦး ကွယ်. . .

ထွန်းရေ. . . မိုးတွေ တစ်နေ့လုံး ရွာနေ
တယ်၊ ပြေလည်းလေ ထွန်းကို လွမ်းလွန်းလို့
တစ်နေ့လုံး ငိုနေမိတယ် အချစ်ရယ်၊ ထွန်း
ဖြစ်ချင်လွန်းတဲ့ ဆရာဝန်ကြီး ဖြစ်စမ်းပါစေ
တော့. . .

ပြေ ဆရာဝန်ကတော် ဖြစ်ချင်လွန်းလို့
မဟုတ်ရပါဘူးကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ထွန်း ဖြစ်ချင်တာ ဖြစ်ရပါစေဆိုတဲ့ စေတနာကလွဲလို့ ထွန်းနဲ့ပတ်သက်ပြီး ပြေလေဘာမှ မမျှော်လင့်ရိုးအမှန်ပါ ချစ်ရယ်. . . တကယ်ပါ။

"ဆရာကတော်"လို့ ထွန်းခေါ်သွားသလို မဖြစ်ရလည်း နေစမ်းပါစေ. . .

ထွန်းဉယျာဉ်မှူးလုပ်ရင် ပြေက ပန်းသည် မလုပ်မှာ။

ထွန်း တံငါဆို ပြေက ငါးစိမ်းသည် ရှင့်. . .

အို. . . ထွန်း ဈေးထမ်းရောင်းရင် ပြေက တတောင်းရွက်ပြီး ထွန်းနောက်က မောင်တထမ်း၊ မယ်တရွက်အဖြစ်နဲ့ ခြေဖဝါး ထက်ကြပ်လိုက်နေမယ့် ပြေပါ. . .

ဘယ်လိုဘဝနဲ့ပဲ နေရ နေရ ထွန်း နောက်က ထွန်းရဲ့ အရိပ်ကလေးအဖြစ်နဲ့ ပြေနေမယ်နော်ထွန်း. . .

ထွန်းရဲ့ ဖြစ်ရာဘဝကိုမှီးပြီး ထွန်း စိတ်ချမ်းသာအောင်၊ ပျော်ရွှင်အောင် ပြေကလေ တစ်သက်လုံး ပြုစုယုယနေမှာ ထွန်းရဲ့. . .

ထွန်းရေ. . .





ကိန္နရီ ကိန္နရာ မောင်နှံတို့ ချစ်သွားတယ်ဆိုတဲ့ အချစ်ထက်သာတဲ့ မေတ္တာမျိုး လူသားတွေမှာလည်း ဖြစ်ထွန်းခဲ့ဖူးပါတယ်ဆိုပြီး ပြေက သက်သေပြမှာပါနော်၊ ကြည့်လိုက်စမ်းပါ. . .

ပြေ့အချစ်ဟာလည်း ဂန္ထဝင်တွင်ရစ်စေရမယ် ထွန်း. .

အချစ်၏ စာမျက်နှာများ၊ ပြီးတော့. . . ပြေ သီကုံးခဲ့တဲ့ လွမ်းစာလုံးလေးများ. . .

ဆောင်းနှင်းတို့ ဝေနေပြီ ထွန်းရေ. . .

ပြေလေ မြယာပင်ကြီးအောက်မှာ တစ်ယောက်တည်းသွားထိုင်ပြီး အကြာကြီး ငိုနေမိပါတယ်အချစ်ရယ်. . .

လွမ်းလှပြီ ထွန်းရေ. . .

ထွန်းရဲ့အရိပ်၊ ထွန်းရဲ့အသံ၊ ထွန်းရဲ့ရင်ခွင်နွေးငွေ့လေးတွေကို ဒီမြယာပင်ကြီးအောက်မှာ ပိုပြီး နီးစပ်စွာ ရှာဖွေတွေ့နိုင်မယ်ဆိုပြီး ပြေ လာလာ ထိုင်နေတာပါ။

လွမ်းရတဲ့ ဝေဒနာဆိုတာ ရင်ကျွမ်းမတတ် ခံစားရပါလား ထွန်းရယ်။

နှင်းပွင့်တွေနဲ့ ပြေရဲ့ မျက်ရည်စက်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



မနက်က ရောယှက် ကျကြွေခဲ့သလို. . .

လွမ်းစာတွေစီနေတဲ့ ဟောဒီ စာမျက်နှာလေးတွေပေါ်မှာလည်း ပြေ့မျက်ရည်တွေ ကျကြွေနေပါတယ် ထွန်း။

ဒါပေမယ့် ချစ်ရယ်. . .

ပြေ ခံစားနေရတာတွေ၊ ပြေ ငိုနေရတာတွေ၊ ပြေ့ရဲ့ အခက်ခဲတွေ၊ ဒေဝီတို့ အနိုင်ယူတာတွေကို ပြေ မရေးဖွဲ့ရက်ပါဘူးရှင်. . .

ထွန်း စိတ်မချမ်းသာဖြစ်မှာ စိုးလွန်းလို့ပါ။ အလွမ်းဒဏ်တွေကို ပြေ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေပါတယ်၊ ပြေ ငိုနေတာတွေ ထွန်းမသိစေရပါဘူးကွယ်၊ထွန်း. . . ပြေလေ. . . ထွန်းကို အသည်းကျွမ်းအောင် လွမ်းတယ် ထွန်းရဲ့၊ သိရဲ့လား။

ပြေ့မျက်ရည်များ ကျကြွေခဲ့ရာ နေရာများမှာ မင်စာ

လေးများ ပြန့်မျောနေသည်ကို မြင်တွေ့ရသည်။

ခြောက်ခန်းနေသော ပြေ၏ မျက်ရည်စက်တို့သ

ထွန်း၏ နှလုံးသားကို ပူလောင်အောင် စွမ်းဆောင်နိုင်

ပါကွယ်။

ဆက်လက်၍ ပြေ၏ အတုမဲ့ မေတ္တာတရား၊ ကြီး

သော စေတနာများ၊ စမ်းရေလို ကရုဏာနှင့် ကိန္နရီ-ကိန္နရာ





အချစ်မျိုးသာမက. . .

ပြေ၏ ခံစားမှုများကို ပေါ်လွင်အောင် မော်ကွန်း

င်ထားသော ပြေ၏အချစ်များ၊ အလွမ်းများ၊ မျက်ရည်စက်

းကို. . .

ပြေ၏ သီဖွဲ့မှု စာဟောင်းလေးများပေါ်မှာ ထွန်း

်လည် တွေ့ရှိရလေသည်။

ဩော်. . . ပြေ. . . ပြေရယ်၊ ထွန်းလေ၊ ငမိုက်သားကြီး

န်းလေ. . .

ပြေ ငိုခဲ့ရတဲ့ မျက်ရည်ပူတွေထဲမှာ နစ်နေပါပြီ ချစ်ရယ်၊

န်း တစ်ဘဝလုံး နစ်နေပါပြီ။

ပြေ့ကို ထွန်း သနားလှချေရဲ့ကွယ်။

"ထွန်းကိုယ်ထွန်း ရွံတယ် ပြေရေ"

"ဘယ်လိုမှ ထွန်းကိုယ်ထွန်း ခွင့်မလွှတ်နိုင်တော့ဘူး"

"ဒီလောက် ချစ်တတ်တဲ့ မိန်းမမြတ်ရဲ့ အသည်းနှလုံးကို

တ် လှီးဖြတ်ပြီးမှ ရရှိလာမယ့် အမြတ်"

"ဒေါက်တာ နေမင်းထွန်း"

ဆိုတဲ့အဖြစ်ကို ထွန်း မခံယူရက်တော့ပါဘူး အချစ်ဦး

ယ်။

ထွန်း ဆရာဝန်ဖြစ်ဖို့ ပြေ့ ဘဝနဲ့ လဲလှယ်ပေးဆပ်သွား

သလို. . .

ပြေ ငိုခဲ့ရတဲ့ မျက်ရည်တွေအတွက် ထွန်း ပြန်လည်

ဆပ်ပါ့မယ်။



www.burmeseclassic.com

www.burmeseclassic.com



"ထွန်းဘဝကို အဆုံးခံလိုက်တော့မယ် ပြေ"

"ပြေ့ ဘဝကို နင်းခြေ၊ တစ်စစီ ခွဲပြီး ရရှိလာမယ့် ဒီအမြတ်၊ ဒီရလဒ်ကြီးကို ထွန်း မယူတော့ဘူး ပြေရေ"

ပြေ ငိုခဲ့ရတဲ့ မျက်ရည်တွေနဲ့ ထွန်းဘဝကို ဖျော်ပစ်မယ် သိလား။

တစ်သက်လုံး မောက်မာ အနိုင်ယူနေမယ့် ဒေဝီရဲ့ ဒဏ်ကိုလည်း ထွန်း မခံနိုင်တော့ဘူး။

ဒီမှာ ပြေ. . .

"အချစ်ရဆုံး မိန်းမအတွက်"

"အမုန်းတီးဆုံး မိန်းမအတွက်"

အဲဒီမိန်းမသား နှစ်ယောက်အတွက် ထွန်းဘဝကို ဖျက်ဆီးလိုက်ပါတော့မယ်။ ပြေ ကျေနပ်ပါ။

ထွန်း စာမေးပွဲ မဖြေတော့ဘူး။

ထွန်းဘဝ ဆရာဝန် မဖြစ်စေရတော့ဘူး။

ပြေရေ၊ ထွန်းရဲ့ ငယ်ချစ်ဦးရယ်. . .

ပြေ့လိုပဲ ထွန်းလည်း ရင်ကျွမ်းအောင် လွမ်းတတ်ပြီ ဗျာ။

◆ ◆ ◆

"ပြောတော့ သက်သတ်လွတ်ပါပဲ၊ လုပ်လိုက်ရတာ





အသက်ပါထွက်တော့မယ်"

"ဆရာရှိန်၏ စားတော်ပွဲ"အတွက် ပြင်ဆင်ရင်းက မတင်ညည်းလိုက်ခြင်းဖြစ်သည်။

လပြည့်များမှာမှ လာလေ့ရှိသော ဆရာရှိန်သည် "အရေးကြီးသော ဆောင်ရွက်ဖွယ်ရာများရှိသည်"ဟု ဆိုကာ ယခုအခါတွင် အိမ်ကြီးပေါ်သို့ တပည့်နှစ်ယောက်နှင့် ပြောင်းလာနေထိုင်နေတော့သည်။

သူ့ သက်သတ်လွတ်က မလွယ်။ ပြောင်းဖူးပါရမည်။ နို့မပါ၍မဖြစ်။ ပဲက တစ်နေ့သုံးမျိုး။ သုံးခွက် ချက်ပေးရမည်။ အသီးရွက်၊ အကြော်၊ အသုတ်၊ သနပ် စသည်တို့ စုံလင်စေရသည်။ ဒါတွေ စားပြီးတော့ အချိုပွဲကြီးက ဟည်းနေအောင် ပြင်ရသည်။

"မမတင်ကလည်း ခင်နုတော့ ကြောက်တယ်၊ မဆူပါဆောင့်ပါနဲ့"

"ညည်းက ဘာကို ကြောက်တာလဲ"

"အို. . . သူတို့က ပွဲတွေပြင်၊ မန်းကြ မှုတ်ကြနဲ့၊ ခင်နုတို့ ဆေးစီရင်လိုက်မှ ဒုက္ခ"

"ဒီမှာ အဲဒီဆရာရှိန်ဆိုတဲ့ လူကြီးကို ငါတော့ အယုံအကြည်ကို မရှိပါဘူး၊ သူ ကုနေတာ ဘယ်လောက်ကြာပြီလဲ၊ ဘယ်မှာ ပျောက်လို့လဲ"

"အင်း. . . နော်၊ မေမေကြီး အကြောင်းကို မသိဘဲ တရက်သာတွေ့လိုက်ရရင် လိပ်ပြာလွင့်ပြီး သေမှာ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ပြေရှိတုန်းက တစ်ခါတွေ့ဖူးလို့ လန့်
ထွက်ပြေးသွားလိုက်တာ၊ တိုက်နေတဲ့ မီးပူက အဝတ်ပေ
အကွက်လိုက် ကျွမ်းကုန်ရော"

"အစ်မပြေ အဖြစ်က သိပ်သနားစရာ ကောင်းတာ
နော်"

"တော်ပါတော့အေ၊ ဒီအကြောင်းတွေ၊ ဟိုတစ်ယောက်
လည်း ခုမှ လိုမ့်ခံနေရပြီလေ"

"အစ်ကိုထွန်းလား"

"ဟုတ်ပ တော်ပါပြီ၊ ဒီအကြောင်းတွေ"

"မမတင်ကလည်း ဘာမှန်းမသိဘူး၊ သူပဲ ပြောပြီးတော့"

"ဩော်. . . အေး. . . အေး. . . ငါလည်း သူတို့ရေ
ကြည့်ပြီး ရှုးချင်စိတ်တောင် ပေါက်လာပြီအေ၊ ကဲ. . .
မြင်. . . မြင်၊ သွားပို့တော့မှ. . ."

ခြေသုံးချောင်းထောက် ဒေါင်းလန်းကြီးပေါ်တွင်
သောက်ဖွယ်များ အစုံအလင်တင်ပြီး သုံးခေါက်တိတိပို့တော့
ပြီးဆုံး၏။

ဆရာရှိန်ကလည်း ပိတ်ဖြူနှင့်၊ "ဒေါ်ခင်ပပ"ကလည်း
ပိတ်ဖြူနှင့်၊ အထက်အောက်ဆင်တူ၊ နှစ်ယောက် ဆင်တူ
ဝတ်ထားပြီး နီးဒေါင်းလန်းကြီးမှာ နှစ်ယောက်သား လက်ဆုံ
စားနေကြသည်ကို. . .

မတင်က ယပ်တောင်တစ်ချောင်းနှင့် ယပ်ခတ်ရင်း
ဘာများလိုပါသလဲဟု ကြည့်ရှုရ၊ ဖြည့်တင်းရပါ၏။





ဆရာရှိန်. . .

မန်း နေပြည်တော်မှဟု ဆို၏။ အရပ် မြင့်မြင့်ကြီးနှင့်
အသားညိုညို၊ မျက်ခုံး ကောင်းကောင်း၊ ဆံပင်ရှည်ကို သျှောင်
အစောင်းထုံးထားပြီး သူ့မျက်နှာ သေးသေးလေးနှင့် မလိုက်ဖက်
အောင် နှုတ်ခမ်းမွေးကြီးက ပြန့်ကားနေသည်။

ခန့်ညားအောင် ထားသော်လည်း ကျဉ်းမြောင်းသော
မျက်ဝန်းကြောင်စိစိကြောင့် ရယ်စရာကြီး ဖြစ်နေတော့သည်။

"ဒေါ်ခင်ပပ"

မျက်နှာရုပ်သွင်က မပီပြင်တော့၍ အသက်ကို ခန့်မှန်းရန်
ခက်သော်လည်း ဒေါ်ထိပ်ထားစု၏ မိခင်အရွယ်မို့ ခြောက်ဆယ်
ကျော်ခန့်တော့ ရှိလေမည်။

ခေါင်းကို ခေါင်းတုံးရိတ်လိုက်ရ၍ ပြန်ပေါက်လာသော
ဆံပင်ဖြူ ဆံပင်နက်တို့က ကျိုးကျိုးကျဲကျဲ ထိုးထိုးထောင်ထောင်၊
ယခုတော့ စုစည်းပြီး ဘီးပတ်၍ရပြီ။

ပြေတို့ မြင်ရစဉ်က ဆံပင်များ သိမ်းမရချိန်၊ ဘီးဆံပတ်
ပတ်၍မရချိန်မို့ ဆံဖြူ ဆံနက်တို့က ထိုးထိုးထောင်ထောင်
ပြန့်ပြန့်ကားကားကြီး ဖြစ်နေ၍ သတ္တဝါတစ်ကောင်ဟု ထင်မှတ်
ထားခဲ့ရခြင်းပါ။

မျက်နှာကဖြင့် ယခုအချိန်အထိ ကြောက်စရာအကောင်း
ဆုံး အခြေနေမှာ ရှိနေဆဲပင်။

မြင့်မြတ်သော မဟာမျိုး မဟာနွယ်တို့မည်သည် အသား
အရည်၌ ရောဂါကင်းရှင်းရမည်၊ သန့်ရှင်းစွာ စင်ကြယ်ရမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ထာဝရ ခံယူရုံမက လူတွေ့တိုင်း ပြောကြားခဲ့ဖူးသော ဒေါ်ခ ပပ. . .

ခရုသင်းတစ်ကွက် ထွက်ခဲ့သည်။ ပုံ့နှံ့မှုနှေးသော အရေ ပြားရောဂါတစ်မျိုးကို ကြောက်ရွံ့ဇောနှင့် ဆေးပေါင်းစုံ စားမြ လိမ်းခြင်းကြောင့် ပုံ့နှံ့မှု မြန်ခဲ့ချိန်မှာ. . .

“ဒီဆရာက သမင်ဖြူ သမင်နီ၊ ခရုသင်းရောဂါပေါင်းစုံ ပါရဂူပဲ၊ တစ်ခါတည်း အမြစ်ပါပြုတ်ရစေမယ်”

ဆိုသော မျက်နှာလုပ်ချင်သူ အမျိုးသမီးကြီး တစ်ဦး ဆရာတုတစ်ယောက်နှင့်ပေါင်းမိပြီး ကုသခြင်း စတော့သည်

ဘာမှ နားမလည်သော ဆရာက အရည်ပြား စားဆေးတင်လိုက်မည်။ အသားများ စားသွား၍ အနာဖြစ်ပေ မှ အနာပျောက်အောင် ပြန်ကုယူမယ်။ သမင်ဖြူ ခရုသ ကွက်များတော့ ပျောက်ရစေမည်ဆိုသော သေးသိမ်သေ အတွေးများဖြင့် စားဆေးကို လိုအပ်သည်ထက် ပို၍ပေးသေ သည်။

ဒေါ်ခင်ပပကလည်း ပျောက်ချင်ဇောနှင့် ရောဂါရှိသေ နေရာများသာမက မျက်နှာတစ်ခုလုံး ကူးစက်လျှင် အခ ဆေး ကြိုတင်ပြီး လိမ်းထားမှဆိုသော ဆန္ဒဇော စိတ်ဖြင့် မျက် တစ်ပြင်လုံး နားရွက်၊ လည်ပင်းတို့ပါ လိမ်းကျံပြီး နာရီ အတွင်းမှာပင်. . .

“အမလေး. . . လာကြပါဦး”

“ကယ်ကြပါဦး”





ဆိုသော အသံနက်ကြီးဖြင့် ကြုံးအော်ပြီး ကြမ်းပြင်မှာ ဒုန်းဗုန်းလဲကာ လူးလိမ့်အော်နေချိန်မှာ ဆေးဆရာလည်း တချိုး ဘည်း လစ်ပြေးပါလေတော့သည်။

ဆေးရုံတင်လိုက်ရပြီး မနည်းကုကာ မျက်နှာကို စည်း ထားသည့် ပတ်တီးများ ဖြေလိုက်သည့်အခါတွင်. . .

ဒေါ်ခင်ပပသည် သူ့ကိုယ်သူ မှန်ထဲ၌ ကြည့်ပြီး မေ့မြော ထဲကျသွားရှာတော့သည်။

သူ ပြန်လည် သတိရချိန်မှစ၍. . .

သူ့ဘဝ သူ့မျက်နှာကို ပျောက်ဆုံးစေလိုက်တော့သည်။

ဘယ်သူမှ မသိတဲ့နေရာ. . .

ဘယ်သူမှ မမြင်နိုင်တဲ့နေရာ. . .

ကို ပို့ပေးကြပါ။ ရှက်လှချေရဲ့၊ ဝှက်ပေးကြပါဆိုသော တေးများကိုသာ ဆက်တိုက်ပြောကာ အချိန်ပြည့် ငိုနေ၊ ဒေါသ ဖြစ်နေ၍. . .

သူစင်တင်ပေးခဲ့သော သားမက်က သူ၏စီးပွားရေး ခြေကုပ်တစ်နေရာဖြစ်သော ဤလွိုင်ကော်မှာ ခြံကြီးတစ်ခြံ ဝယ်ပြီး လာရောက်ပုန်းအောင်းနေခြင်းသာ ဖြစ်ပါတော့သည်။

အမှန်တော့ ဘာမှ အဓိပ္ပာယ်မရှိ။

အိမ်ထောင်ဦးစီး ငွေကြေးရှင် အမျိုးသမီးကြီးတစ်ဦး၏ သဘာဝကို လွန်ဆန်သော အတွေးဆန်းများကြောင့်၊ မဖြစ်သင့် တာတွေ ဖြစ်ကုန်ရခြင်းသာ ဖြစ်ပါသတည်း။

ယခုလည်း မန္တလေးတွင် ကျန်ရစ်သော သူမောင်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကွဲက လွှတ်လိုက်၍ လိုက်လာရသည်ဟုပြောကာ ရော
လာသော ဆရာရှိန်။

မာတ်ကျသည့်ကာလက လပြည့်ည. . .

ပွဲပြင်၊ ရေမန်းတိုက်၊ လိမ်းဆေးပေးပြီး မေတ္တာဓာတ်
ကုမည့်ဆရာကြီး. . .

ပျောက်ကင်း စေရမည်ဟု ရဲရဲကြီး အာမခံနိုင်သော
ပျောက်စေဆရာ ဆရာရှိန်. . .

ဒေါ်ခင်ပပ၏မျက်နှာမှ ဒဏ်ရာများမှာ လုံးဝ အကင်း
သေ ပျောက်ကင်းခြင်း မရှိသေးသော်လည်း၊ ခေတ်မီ ဆေးပညာ
နှင့် သူ လုံးဝမတုသချင်။

သူယုံကြည်သည်က "ပြည်တော်ဝင်စေသတည်း" ဆို
သည့် ပျောက်စေဆရာသာ။

ဆရာရှိန်သည်. . .

လူသားတို့နှင့် ဝေးရာအရပ်၊ အသား၊ ငါး စသော
သတ္တဝါများ၏ အသက်ကို သတ်ဖြတ်စားသောက်တတ်ကြသည့်
လူသားတို့နှင့် ကင်းဝေးရာအရပ်မှာမှ သူ၏ သမထဈာန်ဝင်
သည်။ ၃၁ ဘုံသားတို့အား မေတ္တာတရား ပွားများနိုင်သည်
ဆိုပြီး. . .

လှိုင်ကော်အနီးရှိ ဘီလူးချောင်းနံဘေးက နမ့်ကွပ်
ရွာလေးနှင့် မနီးမဝေးတွင် ယာယီတဲဆောက်လျက် တပည့်
နှစ်ယောက်နှင့် နေထိုင်ကြသည်။

လပြည့်ညများမှာမှ ပိတ်ဖြူ ဝတ်ရုံရှည်ကြီးကို ဝတ်လျက်





ာန်တော့ပွဲကိုပိုက်လျက် ရောက်ရောက်လာတတ်ပြီး ဆေးစီရန်
ဒေါ်ခင်ပပ၏ အသုံးအဆောင်များကို သူ ဆေးသေတ္တာ ရှည်
မျောမျောကြီးအတွင်းမှာ ထည့်ယူကာ အခြံအရံများနှင့် သူ၏
ာယီတဲနန်းသို့ ညကြီးမင်းကြီး ပြန်သွားတတ်လေသော
ဆရာရှိန်။

မတင်သည် ပဲဟင်းရေများ နှုတ်ခမ်းမွေးမှာ ပေနေသော
ဆရာရှိန်ကို စက်ဆုတ်စွာ ကြည့်လိုက်ပြီး. . .

"သူကိုယ်သူတော့ ဟုတ်လှပြီထင်ပြီး ဟိတ်ဟန်လုပ်
နေတာ. . . ဟင်း"

စိတ်မှသာ ကျိတ်၍ ကြုံးဝါးရသည်။ သူခင်ပွန်း ကိုအေး
ာ အတန်တန်တား၍ နှုတ်ပိတ်ရှေငုံနေရခြင်းပါ။

"သူတို့ ဒီလောက်ကြည်ညိုနေတာ တို့သွားပြောရင် တို့
ာင်မယား ဒီအိမ်ရိပ်တောင် ကပ်ရမှာမဟုတ်ဘူး မယ်တင်ရေ
ခင်းပါးစပ် ငြိမ်ငြိမ်ထားစမ်းပါကွာ"

ဆိုသော ခင်ပွန်းသည်ကြောင့်သာ ငြိမ်နေရသည်။

အမှန်တော့. . .

ဆရာရှိန်သည် သူ၏ ယာယီတဲနန်းအတွင်းမှာ အမဲသား၊
ာက်သားနှင့် တောကောင်များကို အရက်နှင့် မြည်းနေတတ်
သော ဆရာတုဆရာယောင်တစ်ဦးသာ ဖြစ်လေသည်တကား။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"ဒီစာတွေကို အားလုံးမီးရှို့ခိုင်းခဲ့တာ၊ ဦးလူညိုက မင်းသိ
စိတ်နာလွန်းလို့ အဘိုးကြီးအတွေးနဲ့ ရေးခဲ့တဲ့ သံသေတ္တာပေါ်က
စာလေ၊ ငါကလည်း ပြေ့ကို သနားလွန်းလို့ တမင်ဝှက်ပေးထား
တာ၊ ပြေဟာ မင်းနဲ့ပတ်သက်ပြီး ဘယ်လိုခံစားရရှာတယ်
ဆိုတာတွေကို မင်းသိစေချင်လွန်းလို့ အထွန်းရဲ့၊ ဒီမှာ. . ."

"တော်ပါတော့ မမတင်ရယ်၊ တော်ပါတော့၊ တော်ပါ
တော့ဗျာ"

ပြေ့စာ တစ်ထပ်ကြီးကို ကျုံးပွေ့လိုက်ပြီး ခေါင်းငိုက်စိုက်
ချကာ ထွန်း ငိုရှိုက်ရှာလေပြီ။

မမတင်လည်း သည့်ထက်ပို၍ မပြောရက်တော့။ ထွန်း
ထံပါးမှ နှုတ်မဆက်ဘဲ ပြန်လည်ထွက်ခွာလာခဲ့တော့သည်။

ထွန်းမှာဖြင့်. . .

"ပြေ. . . ပြေရေ၊ ထွန်း ဘယ်လိုဖြေလို့မှ ပြေနိုင်တော့
မယ် မထင်ပါဘူး ငယ်ချစ်ဦးရယ်"

"ထွန်းကို ပြေ သိပ်ပြီး မျှော်လင့်နေရှာတယ်၊ စောင့်စား
ခြင်းကြီးစွာနဲ့ မျှော်လင့်နေရှာတယ် ဆိုတာတွေ မတွေးခဲ့မိလို့
ထွန်းမိုက်ရယ်ဝါ ပြေရယ်"

"ပြေနဲ့ ထွန်း ကြားမှာ "ခွဲခွာခြင်း" ဆိုတဲ့အရေး





ဘယ်သောအခါမှ ရောက်မလာနိုင်ဘူးလို့ ယုံကြည်ထားရှာတဲ့
ပြေလေ. . ."

"ရုတ်တရက်ကြီး ထွန်းကို စွန့်လွှတ်ရတော့ "ခွဲခွာရခြင်း
ဆိုတဲ့ အဆိပ်ရည်"ကြောင့် အချစ်ရယ်. . . အဘယ်မျှ ခံစား
ရှာလေမလဲဆိုတာ ထွန်း စာနာနားလည်ပါပြီကွယ်"

"ဒီမှာ ပြေ. . .

"ပြေ့ကို ရက်ရက်စက်စက်ကြီး စွန့်ပစ်လိုက်တာ ထွန်း
ဆရာဝန်ဖြစ်ဖို့နော်. . .

"ပြေ့နှလုံးသားတွေ ကွဲကြေပြီး အသည်းတွေ ကြွေစေခဲ့
တာ ထွန်း ဆရာဝန်ဖြစ်ဖို့နော်. . .

"ပြေ သိပ်ပျော်ခဲ့တဲ့ ဒီ အေးရိပ်ငြိမ်လေးကို စွန့်ခွာပြီး
ဆုံးရှုံးခြင်းများကို ရင်ဝယ်ပိုက်ပြေးခဲ့ရတာ ထွန်း ဆရာဝန်
ဖြစ်ဖို့နော်. . .

"ဘဝ ပျောက်ခဲ့ရတဲ့ ပြေ၊ ဘဝ ပျက်ခဲ့ရတဲ့ ပြေ၊ အသည်း
နှလုံးတွေ ကွဲကြေခဲ့ရရှာတဲ့ ပြေ့အတွက်. . . "ထွန်းဘဝနဲ့
ပြန်လည်ပူဇော်ပါ့မယ် ပြေ"

"ပြေ စိတ်ချ. . .

"ထွန်းဘဝ ဘယ်သောအခါမှ ဆရာဝန် မဖြစ်စေရဘူး"

"ပြေ့ဘဝနဲ့ ညီမျှစေရအောင် ထွန်းရဲ့ဘဝကို ချေဖျက်
ပေးပါ့မယ်. . .

"ထွန်း အဲဒီလိုဆုံးဖြတ်လိုက်တာ ပထမအချက်အနေနဲ့
ပြေ့အတွက်နော်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒုတိယအချက် ရှိပါသေးတယ်. . .

"အဲဒါကတော့ ဒေဝီတို့ သားအမိအတွက်ကြောင့်ပါ. . .

"သူတို့ ပျိုးထောင်လို့ ဖြစ်လာရမယ့် ဘဝဘောင်ကျဉ်း လေးထဲမှာ ထွန်း မနေနိုင်တော့ဘူး မြေရေ၊ သူတို့ငွေနဲ့ ကျောင်း နေပြီး ဖြစ်လာရမယ့် ဆရာဝန်မို့ သူတို့ရဲ့ ခြေဖဝါးအောက်မှာ ထွန်းဘဝ ထာဝရ အနင်းခံနေရမယ့်အဖြစ်ကိုလည်း ထွန်း မလိုလားတော့ပါဘူးကွယ်. . .

"ဒါကြောင့်. . .

"အချစ်ရဆုံး မိန်းမအတွက်. . .

"အမုန်းတီးဆုံး မိန်းမအတွက်. . .

"ထွန်းရဲ့ဘဝကို ဖွဲ့ခြွေလိုက်ပါပြီ မြေရေ. . .

"ရောက်ရာနေရာတနေပြီး တေျနပ်ပါတော့လို့ ထွန်းဆေး မြေ့ကို တောင်းပန်ပါတယ်၊

"တောင်းပန်ပါတယ် အချစ်ဆုံးရယ်. . .

"ထွန်းလည်းလေ. . .

"မြေ့ကို မြေ့တုန်းကလိုပဲ အသည်းကျွမ်းမတတ် လွမ်းရ ပါပြီဗျာ

"ဒါပေမယ့် မြေရယ်. . .

"ဘယ်လိုနည်းနဲ့မှ မနီးနိုင်တော့မှန်း ထွန်း သိပါ ဒါကြောင့် အလွမ်းတွေကို ထာဝရ ထွန်းရင်ထဲမှာ ထည့်ပြီ မြေ့ကို. . . မြေ့ကိုလေ. . . ထွန်း. . ."

အတွေးကိုပင် မဆက်နိုင်တော့။ ပိသိပ်နေသော ခံစား





သာ နှလုံးသားမှ လျှံကျလာသည်၊

ရင်ဝေဒနာကို သက်သာစေခြင်းအံ့ ဟူသောစိတ်ဖြင့် မြေ့ စာတထွေးကြီးကို ထွန်းရင်မှာ ဖိကပ်ပိုက်ပွေ့ပြီး ထွန်း ငိုရှိုက် နေဆဲ. . .

"ဝင်းထွန်း"

ခေါ်သံကြောင့် စာများ ဖြည်းဖြည်းချင်း ရင်မှခွာပြီး ကွဲရှ တတ်သော ရတနာလို ယုယုယယလေး ဖေးမပြီး သေတ္တာတွင်း သို့ ပြန်ထည့်ပြီးမှ. . .

"ဟုတ်ကဲ့ ဦးလေး"

"မင်း ငိုနေသလား"

"အခု မငိုတော့ပါဘူး"

"ယောက်ျားဆိုတာ မငိုရဘူးကွ"

"နှလုံးသားနဲ့ မတန်မျှတဲ့ ဝေဒနာ ခံစားရသူတိုင်း ငိုကြရပါတယ်၊ ယောက်ျားရယ် မိန်းမရယ် မဟုတ်ပါဘူး"

"ကဲ. . . ထားစမ်းပါတော့ကွာ၊ မင်းရဲ့ နှလုံးသားတွေ၊ ဝေဒနာတွေ. . . ဒီမှာ"

"ဟုတ်ကဲ့"

"ကျောင်းပြန်မတက်တော့ဘူးဆိုတဲ့ မင်းရဲ့ သံမဏိ ဆုံးဖြတ်ချက်ကြီးကို မပြင်တော့ဘူးလား"

"မပြင်တော့ပါဘူး ဦးလေး"

"ကောင်းပြီ၊ ဒါဆို မင်းပြောခဲ့ဖူးတာ မှတ်မိလား"

"ဘာကိုပါလဲ ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ကျေးဇူးတင်လို့ ငါခိုင်းရင် ဘာမဆိုလုပ်ပေးပါ့မ
ဆိုတဲ့စကား မင်းပြောဖူးတာ မှတ်မိလား"

"မှတ်မိပါတယ်"

"ဒါဆို ငါ့ကိစ္စကို မင်းကူညီနိုင်မလား"

"ဘာပဲခိုင်းခိုင်း ဦးလေးအတွက်ဆို ကျွန်တော်လုပ်ပေး
ပါမယ်"

"ကောင်းပြီ၊ ဒါဆို ငါ့အတွက် ခရီးထွက်ပေးစမ်း
ငါ့ရဲ့ပစ္စည်းတွေ သယ်ပေးစမ်းပါ"

"ကျွန်တော် ဘယ်သွားပြီး ဘာလုပ်ရမယ်ဆိုတာ
ဦးလေး ညွှန်ကြားပါ"

"ဒီလို ကြားရတာ ဝမ်းသာပါတယ်ကွာ"

"ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ငါနဲ့ ဒီမောဆိုး ခဏလိုက်ခဲ့၊ ဟိုကျမှ သွားရမယ့် ခရီး
ရယ်၊ လုပ်ရမယ့် အစီအစဉ်တွေရယ်ကို ငါပြောမယ်"

"ဟုတ်ကဲ့ဦးလေး. . . ခဏလေး"

ထွန်းက စာသေတ္တာလေးကို ပြန်ပိတ် သော့ခတ်
အတွင်းခန်းထောင့်လေးမှာ သွားသိမ်းပြီး ပြန်ထွက်
တော့. . .

"ဒါ ဘယ်ကစာတွေလဲ"

"ပြေ ရေးခဲ့တာတွေပါပဲ ဦးလေး"

ထွန်းက ပြတ်သားစွာ ဖြေတော့ ဦးမောင်မောင်မြတ်
အံ့အားသင့်လျက် သူ့ကို တစ်ချက်ကြည့်လိုက်သည်။ ဘာမှ





ပြော။

ချက်ချင်း အသွင်ပြောင်းသွားသော အစိမ်းရောင်
အကြည့်များဖြင့် စိုက်ကြည့်နေပြီဆိုသည်ကို ထွန်း မသိလိုက်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



နှစ်များစွာ အတူတကွနေလာခဲ့ကြသော်လည်း ဦးမောင် မောင်မြတ် ဘာလုပ်ငန်းလုပ်နေမှန်းကို ထွန်းမသိ။

မန္တလေးဘက်တွင် သစ်စက်များ ပိုင်ဆိုင်သည်ဟုသာ ကြားဖူး၏။

ဒီကယားမြေတစ်ဝိုက်မှာ ဦးမောင်မောင်မြတ်နှင့် အဖွဲ့ အလုပ်ရှုပ်နေကြသည်။ ဘာတွေလုပ်နေမှန်း မစုံစမ်းခဲ့မိ။

ယခုတော့. . .

"ကဲ. . . အဲဒီကားသုံးစီးကို ဦးဆောင်ပြီး ကိုဝင်းထွန်း ခေါ်သွားပါ၊ မိတ္ထီလာရောက်ရင် တော်ပြီ. . . ဟိုမှာ လူ ကားချင်း ချိန်းပါလိမ့်မယ်"

"ဗျာ. . ."

"မိတ္ထီလာအထိ တာဝန်ယူရုံပါ၊ ဟိုရောက်ရင် ဟိုဘက် တာဝန်ခံအဖွဲ့က လက်ပြောင်းယူကြပါလိမ့်မယ်"

"ဒီကားသုံးစီးတိုက်ပစ္စည်းတွေက ဘာတွေမို့လဲ"

"ကိုဝင်းထွန်းနဲ့ဗျာ၊ ခင်ဗျားရဲ့ ယောက္ခမပစ္စည်း ခင်ဗျား မသိရင် ကျွန်တော်တို့က ဘယ်လိုလုပ်သိမှာလဲဗျ"

တဟားဟားနှင့် ဝိုင်းရယ်ကြတော့ ထွန်း ကြောင်





ည်။ သူတို့မျက်နှာမှာ အပြုံးကိုယ်စီရှိနေသော်လည်း နှစ်လို ယ် အပြုံးမျိုးမဟုတ်. . .

လူသားချင်း ချစ်ခင်ရင်းနှီးစေသော သင်္ကေတပြမှုသည် အပြုံးပါ။

ထိုသင်္ကေတမျိုး ပြသော အပြုံးမျိုးမမည်၊ လှောင်ပြောင် ရော်သော မျက်နှာမှ ရရှိသော အပြုံးသည် တန်ဖိုးမရှိ၊ ချစ်ခင် င်းနှီးမှုအတွက် အသုံးမဝင်သဖြင့် ထွန်း သူတို့နှင့် စကား တ်မပြောချင်တော့. . .

ကားသုံးစင်းအနက် ရှေ့ဆုံးကား၊ ရှေ့ဆုံးအခန်း ိုင်ဘာ၏ဘေး၌ သူ့ကို လိုက်ပါရန် စီစဉ်ထားသော နေရာမှာ တ်ထိုင်လိုက်တော့သည်။

"ဆရာ ဒီတစ်ခေါက်ပဲ လိုက်ဖူးတယ်နော်"

ကားဆရာက ကားမောင်းရင်း နှုတ်ခွန်းဆက်စကား ၏။

"ခါတိုင်း ဒီလောက် ပစ္စည်းများများစားစား ဆိုရင် ရာကိုယ်တိုင် လိုက်တာ"

ကားဆရာ၏ စကားထဲ၌ ဆရာချင်း ရှုပ်နေသည်။ ပထမ ရာက ထွန်းကို၊ ဒုတိယ ဆရာက ဦးမောင်မောင်မြတ်ကို ည်ညွှန်းခြင်း ဖြစ်လေမည်။

"ခုလည်း ဦးလေးက လမ်းထက်ဝက်တ င့်နေနှင့်မယ်၊ မင်း ဦးဆောင်ပြီး ကားသုံးစင်းကို ခေါ်လာခဲ့လို့ ာသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာ. . . ဆရာက လုပ်ရင် သိပ်အကွက်စေ့တာ

"ဒီမှာ ဦးလေး"

"ခင်ဗျာ"

သူ့ငွေးသားမက် ဆရာဝန်လောင်းမို့ ဒရိုင်ဘာက တ တစား ရှိနေသည်။

"အရေးကြီးတဲ့ပစ္စည်းတွေ ကားထဲမှာ ပါလာတယ်နော်

"ဟုတ်ကဲ့၊ ကျွန်တော်သိပါတယ်ဆရာ"

"အဲဒါ ဘာပစ္စည်းတွေလဲ"

"ဗျာ"

ကားဆရာက အလန့်တကြား လှည့်ကြည့်လာ၍ ပင် ယမ်းသွားတော့သည်။

"မနောက်ပါနဲ့ ဆရာရယ်"

"ဒါ နောက်စရာမှ မဟုတ်တာ၊ ကျွန်တော်တကယ် ဘူး၊ ဘာပစ္စည်းတွေပါလို့လဲ. . . ပြောစမ်းပါ"

ကားမောင်းသူမှာ တအံ့တဩ တစ်ချက်လှည့်ကြည့် ပြီးမှ. . .

"တဘက်နိုင်ငံက မှောင်ခိုပစ္စည်းမျိုးစုံနဲ့ ရွှေချောင် လေ ဆရာ"

"ဟာ"

မထင်မှတ်သော စကားကြောင့် ထွန်း အကြီးအ လန့်သွားတော့သည်။

ထိုစဉ်က. . . ထိုအချိန်က. . .





မသမာသော စီးပွားရေးဈေးကွက်အလယ်တွင် ရွှေ ချောင်းတင်သွင်းမှုက ရေပန်းစားလှသည်။ ယခုတော့. . . မြန်မာ့ရွှေတွေ အပြင်ပြန်ထွက်နေလေပြီ။ စီးပွားရေးသမားတို့၏ လှည့်ကွက်က အပြောင်းအလွဲ မြန်ဆန်လှပါဘိ. . .

ဦးမောင်မောင်မြတ်မှာ တဘက်နိုင်ငံနှင့် ထိစပ်နေသော သို့ဝှက်လမ်းတစ်ခုမှနေ၍ ပစ္စည်းမျိုးစုံကို သွင်းယူသည်။

မြန်မာနိုင်ငံမှ အဖိုးတန် သစ်နှင့် သတ္တုများကို ပြန်လည် ခင်ပို့နေသည်ဟု ဒရိုင်ဘာက ရှင်းပြတော့မှ ထွန်း မျက်လုံးပြူးရ ပါပြီ။

ဒါတွေကို လုံးဝမသိ၊ မရိပ်မိ၊ လေ့လာ စူးစမ်းရကောင်း န်းလည်း နားမလည်ခဲ့။

"နေစမ်းပါဦး၊ ဒီလောက် အဖိုးတန်တာတွေ ပါနေရက်နဲ့ ဦးလေးက သူကိုယ်တိုင် မလိုက်ဘဲ ကျွန်တော့်ကို ဘာလို့ ည့်လိုက်ရတာလဲ"

"လိုက်တယ်လေ၊ သူက ရှေ့မှာ၊ သူ့သားမက်ကို ထည့် တ်တာ ကျွန်တော်တို့ကို စိတ်မချတာလည်း ပါမှာပေါ့လေ"

"ဗျာ. . ."

"သက်ဆိုင်ရာတွေရဲ့ အခြေနေကိုကြည့်ပြီး လမ်းရှင်းပေး အတွက် သူ့ဂျစ်ကားက ရှေ့က ထွက်သွားနှင့်ပြီ"

"ကောင်းကြရောဗျာ"

ထွန်းသည် ဒုစရိုက်၏ အန္တရာယ်လမ်းကျဉ်းသို့ င် တ်မိပြီဟု သိလိုက်ရချိန်မှာ အရာအားလုံး နောက်ကျခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



လေပြီ. . .

တောင်ဆင်းလမ်းမို့ ကားပေါ်က ခုန်ဆင်း၍လည်း မဖြစ်။ သူ့ကိုလည်း ရပ်ပေးတော့မည်မဟုတ်၊ ကားမောင်းသူ၏ ခါးကြား မှာ ပစ္စတိုသေနတ်တစ်လက်နှင့်. . .

ထွန်းက ဘယ်လိုမှ ရုန်းမထွက်နိုင်တော့ဟု သူကိုယ်တိုင် သိနေပါပြီ။

ကြောက်လန့် ချောက်ချားခြင်းများစွာ၊ စိတ်ပျက်ခြင်း ကြီးမားစွာဖြင့် သူ၏ တောင့်မတ်နေသော ကိုယ်ခန္ဓာသည် ပြေလျော့လိုက်ကာ ကားနောက်မှီမှာ လှန်လှဲချလိုက်မိတော့ သည်။

◆ ◆ ◆





ကားမီးတန်းကြီး နှစ်ခုက စူးစူးဝါးဝါးကြီး အလင်းပြန့်နေ သည်။

ထိုအလင်းရောင်အောက်မှာ ရုပ်သဏ္ဌာန်တို့ ပီပြင်လာ ပြီ။ အားလုံး လက်တား၍ ကားကို ရပ်ခိုင်းနေသော. . .

“. . . ရဲတွေ. . . ရဲတွေ”

ကိုတင်အေး ဆိုသော ဒရိုင်ဘာက ကြောက်လန့်တကြား အော်လိုက်ပြီး ဂီယာကို ချိန်း၍ လီဗာကို တအားနင်းလိုက်တော့ ကြောက်မက်ဖွယ် အလျင်နှုန်းနှင့် ကားက ရဲများကြားမှ ဖြတ်ထွက်လာနိုင်သည်။

“ဟော့လူ. . . ရပ်ပေးလိုက်”

“ရပ်ပေးလိုက်”

ဆူညံနေသော ကားသံကြောင့် အနီးကပ်ထိုင်သူချင်း ကြားသာအောင် ထွန်းက ဒေါသနှင့် ကြုံးအော်လိုက်ချိန်မှာ. . .

“ခင်ဗျား ငြိမ်ငြိမ် လိုက်ခဲ့ပါ ကိုဝင်းထွန်း”

ကျင်လည်စွာ မောင်းရင်းက သူ့ခါးကြားမှ သေနတ်ကို ထုတ်ချိန်လိုက်သည်။ ကားကို ထိန်းမောင်းရင်း မောင်းတင်



www.burmeseclassic.com

www.burmeseclassic.com



ထားသော သေနတ်ကို ထွန်းဘက်သို့ ချိန်တွယ်ထားရင်းက

မနိုင်မနင်း ဖြစ်နေချိန်မှာ. . .

"ဟိတ်"

"အား. . ."

"ရပ်. . . ရပ်"

ဆိုသော အသံများက ဆင့်ကာဆင့်ကာ ထွက်လာ
သည်။ သူကို ချိန်းထားသော သေနတ်ကို ထွန်းက ဝင်လု
ကားက ပရမ်းပတာ ဖြစ်ပြီး. . .

"ဒိုင်း. . ."

"ဒိုင်း. . ."

ဆိုသော သေနတ်နှစ်ချက်ကလည်း ဆင့်ထွက်သွား
သည်။ ဘယ်သူကိုမှတော့ မထိမိ။

အဖြစ်ပျက်က စက္ကန့်ပိုင်းပါ။

ထွန်းက သေနတ်ကို ဆုပ်မိချိန်မှာ ကားပြတင်းမှ လွှင့်
လိုက်ပြီး လမ်းဘေးသို့ ကားစတီယာရင်ကို ဆွဲကွေ့ချလို
တော့. . .

"ဝုန်း. . ."

ဆိုသော ကြောက်မက်ဖွယ် အသံကြီးနှင့်အတူ လမ်း
မှ သစ်ပင်ကြီးတစ်ပင်ကို ဝင်တိုက်မိ၍ ကားခေါင်းတစ်ခု
မွမွကြေလျက် မီးတောက်များ ထွက်လာတော့သည်။

ကြောက်အား လန့်အားနှင့် ထွန်းရော ဒရိုင်ဘာ
ကားပေါ်က ခုန်ချလိုက်ကြသော်လည်း ပြေညီပေါ်မှာမ





တောင်စောင်းမှ ကစဉ့်ကလျား လိမ့်ကျသွားကြပြီး
ငြိမ်သက်သွားတော့သည်။

ခာတ်ဆီတိုင်ကီပေါက်၍ ကားသည် ကုန်းမြင့်ပေါ်၌
မီးဟုန်းဟုန်းတောက်လောင်လျက် ရှိချေပြီ. . .

တစ်ချိန်က ဦးလူညို သတင်းပေးခဲ့ဖူးသော်လည်း
ဦးမောင်မောင်မြတ်က ငွေနှင့် ပိတ်ဆို့ခဲ့လေသည်။ ယခုတော့
တာဝန်ကျေ ဝန်ထမ်းများက သတင်းအရ ကြိုတင်စောင့်ဆိုင်း
နေကြသည်။ စခန်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး
အချိန်မီ ရောက်ရှိလာကြ၍. . .

လူလည်း တစ်ယောက်မှ မသေ၊ ပစ္စည်းတွေကိုလည်း
နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမိလိုက်ကြလေတော့
သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးစီမံကိန်းကြီးကို ဖျက်ဆီးပြီး မသမာနည်းနှင့် ကြံစည်အားထုတ်ကာ စီးပွားရှာနေကြောင်း ထင်ရှား၍ ဦးမောင်မောင်မြတ်အား ထောင်ဒဏ်ဆယ်နှစ်. . .

အပေါင်းပါများအား ထောင်ဒဏ်တစ်နှစ်မှ ငါးနှစ်အထိ အသီးသီး အားလုံး အလုပ်ကြမ်းနှင့်ချည်း။

ထွန်း. . .

ထွန်းသည် အခြေနေအရပ်ရပ်ကို ရှင်းပြနိုင်ခဲ့၍ ဒရိုင်ဘာကို တိုက်ခိုက်ပြီး ကားကို လမ်းဘေးသို့ ကွေ့ချခဲ့ကြောင်း ထင်ရှားသည့်အတွက် အချုပ်ရက် သုံးလခန့် ကြာပြီးသည့်နောက်တွင်. . .

အမှုမှ လုံးဝလွတ်ကင်းခဲ့ပါတော့သည်။

◆ ◆ ◆





ဦးမောင်မောင်မြတ်နှင့် ထွန်းတို့. . .

ဤသို့ ဖြစ်နေချိန်မှာ. . .

လှိုင်ကော်အိမ်ကြီးပေါ်၌ မင်းမူနေသူက ဆရာရှိန်. . .

"ပန်းပေါင်းတစ်ရာနဲ့ ရေချိုးရမယ်"

ဟု သူက မိန့်ခွန်းတော်ခြွေလျှင် မတင်တို့ လျှာထွက်တေတေ ပန်းမျိုးစုံ ရှာကြရသည်။

"အင်ကြင်းရွက်နဲ့ ခေါင်းလျှော်ရမယ်"

ဆိုလျှင် အင်ကြင်းပင် မြင့်မြင့်ကြီးကို ခါးတောင်းကျိုက်ပြီး တက်ရပြီ။

"သရဖီပန်းကို အမှုန့်ကြိတ်ပြီး ဆေးနှင့်လိမ်းရမည်"

ဟု ပြောလျှင် ညဘက် မီးခွက်လေးနှင့် သရဖီပန်း ရှာကြရပြန်သည်။ ညဘက်ခူးမှ ဆေးမြှင့်သည်ဟူသော သူ့ဝါဒ အရပါ။

ဘာမှလည်း မဟုတ်၊ သက်သက်မဲ့ ပုံကြီးချဲ့နေကြောင်း ဒေါ်ထိပ်ထားစု သိရှိလာသော်လည်း မိခင်ကြီးကို ကြောက်ရသူမို့ ဘာမှမပြောရဲရှာ။

ဒေါ်ခင်ပပသည်. . .

မန္တလေးမြို့မှ ထွက်လာပြီး သည်မှာ ပုန်းအောင်းနေချိန်မှ၍ သူ့မျက်နှာကို တစ်ခါမှ မှန်မကြည့်တော့။

ဆရာရှိန်၏ အာဏာစက်တလည်း သူ့ပေါ် ဖုံးလွှမ်းနေ၍ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ တုမည်။ ဆေးစွမ်းကောင်းများ၊ ရေမန်းများ၊ အထက်က ဆရာ့ ဆရာကြီးတို့၏ အမိန့်များအတိုင်း သူကုမည်။

ပျောက်ရမည်။

လုံးဝ ပကတိအတိုင်း ပြန်လည်ကောင်းမွန်လာစေရမည်။

နဂို အသားအရည်အတိုင်း ဖြစ်ရမည်ဟု သူ အာမခံ၍ ကုမည်။ ပျောက်ကင်းသည့်အခါ ဒေါ်ခင်ပပသည် မန်းနေပြည်တော်သို့ ပြန်စေရမည်။

"ပြည်တော်ဝင်စေရမည်"

ဆိုသော စကားများကို အာဘောင်အာရင်း သန်သန်နှင့် ပြောကြားနေသမျှ ဒေါ်ခင်ပပတ ယုံကြည်နေပေသည်။

အမှန်တော့ ဒေါ်ခင်ပပသည်. . .

သူကိုယ်သူ ချမ်းသာသည့် မဟာမျိုး မဟာနွယ်ဖြစ်သည်။ သာမန်လူများနှင့်မတူ ဆိုသော လူတန်းစားခွဲမှုမှ အခြေခံလျက် ဘဝင်မြင့်ရာမှ. . .

စိတ္တဇရောဂါ စွဲကပ်နေသော ဝေဒနာရှင်တစ်ဦးသာ ဖြစ်ချေသည်။

လုံးဝ သတိလက်လွတ်အောင် ရူးသွပ်နေသူတော့ မဟုတ်။ စိန်ထုပ် ရွှေထုပ်များကို ကိုင်ထားဆဲ၊ ဩဇာညောင်းဆဲ ဤမိသားစုအပေါ်တွင် သူလုပ်ချင်တိုင်း ဖြစ်နေလေသော သည်သာ။

◆ ◆ ◆





လကွယ် တစ်ညဦး. . .

ဆရာရှိန်တို့ အပိုင်ကြံမည့် ညတစ်ည။

ဒေါ်ခင်ပပ၏ မီးခံသေတ္တာထဲတွင် စိန်ရွှေများ ရှိနေကြောင်း သိသဖြင့် ယနေ့ည၌ အရယူမည်။

အိမ်မှာ မိုတင်းနေထိုင်ကြသော ယောကျ်ားများ အားလုံးတို့ နည်းအမျိုးမျိုးနှင့် ခိုင်းစေထားလိုက်ပြီး ဒေါ်ခင်ပပ၊ ဒေါ်ထိပ်ထားစု၊ ဒေဝီနှင့် မတင်၊ မခင်နုတို့သာ ရှိချိန်မှာ. . .

ဆရာရှိန်တို့ လုပ်ငန်းစလေပြီ။

မတင်နှင့် မခင်နုကို အိမ်ကြီးပေါ်သို့ မတက်ရ၊ နောက်ဘက် မီးဖိုဆောင်၌ အိပ်ခိုင်းလိုက်ပြီး. . .

ဒေဝီလည်း မလာစေရ၊ သူ့အိပ်ခန်းမှာသာ ရှိစေရမည်ဟု အမိန့်ထုတ်ပြန်၏။

လပြည့်ညမှာ ဆေးစွမ်းသည် ဆေးကုမည်ဟု ဆိုရာမှ အခုတော့. . .

"လကွယ်ည သန်းခေါင်ချိန်"

မှာ သူ၏ "ဇီဝကဆေး"နှင့် နောက်ဆုံး ကုတော့မည်။ မျက်နှာမှ အမာရွတ်များ၊ တစ်ကိုယ်လုံးပေါ်၌ ပျံ့နှံ့နေသော သမင်ဖြူကွက်၊ ခရုသင်းကွက်များ ကွင်းလုံးကျွတ် ပျောက်စေရမည်ဟု ဆို၏။

ဆရာတု ဆရာယောင်၊ လူလိမ်လူညာတို့၌ အံ့ဖွယ်ကောင်းလောက်အောင် တော်သော ပညာတစ်ရပ်ရှိသည်။

စကားပြော ကောင်းခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ကျလောက်အောင် ပြောနိုင်သော ပညာရပ်ကို လူတိုင်း မတတ်။

ဒေါ်ခင်ပပလို တစ်စုံတစ်ခုကို ဆန္ဒဇောကြီးလွန်းသူမျိုး သဘောနုသူမျိုး၊ အလွန်လောဘကြီးသူမျိုးကို ညာ၍ လွယ်သည်။

ဆရာတု ဆရာယောင်တို့သည် အထက်ပါ ပျော့ကွက် တို့ကို နင်းပြီး လိမ်ညာစားခဲ့ကြပေါင်း များလှပြီ။

ဇီဝက ဆေးကြီး၏ အာနိသင်ကို အကြီးအကျယ် ဖော်ညွှန်းပြီး သားအမိနှစ်ယောက်လုံးကို တိုက်လိုက်သည်။

အမှန်တော့ ကိုယ်ရေပြားရောဂါ ပျောက်ကင်းစေ သော စွမ်းရည်တစ်ခုမှမရှိ။ ဖိနိုအိပ်ဆေးများကို အမှုန့်ကြိတ်၍ မြန်မာဆေးနှင့် ရောတိုက်လိုက်ခြင်းသာဖြစ်ပါ၏။

ကန်တော့ပွဲကြီးပေါ်တွင် ဖယောင်းတိုင်ထွန်းပြီး ဖယောင်းတိုင်ကို ကြည့်ခိုင်းထားရာမှ ဖိနိုအိပ်ဆေး၏ တန်ခိုး လေပြီ။ သားအမိနှစ်ယောက်လုံး အတုံးအရုံး အိပ်ပျော်သွား ချိန်မှာ. . .

ထုံးစံအတိုင်း ပိတ်ဖြူစင်ကြယ်ကြီးဝတ်ထားသော ဆရာ ရှိန်မှာ အခန်းတွင်းမှ မီးခံသေတ္တာကြီးကို မနိုင်မနင်း သယ်လာတော့သည်။

မီးခံသေတ္တာသော့က ဒေါ်ခင်ပပ၏ခါးကြားမှ ကြောင်း သို့၍ ရှာကြည့်သော်လည်း မတွေ့။ လူကလည်း တုန်လှုပ်နေ၍ ကြာရှည် မရှာဖြစ်၊ သားအမိနှစ်ယော





သွားမှာလည်းစိုး၍ အမြန်ထွက်ခဲ့ရသည်။

မန္တလေးမှ မီးခံသေတ္တာသာဆိုလျှင် လူလေးယောက် လောက် မမ ကြွနိုင်မည်။ ယခုတော့ သည်မှာလာပြီး မုန်းနေ တော်မို့ ပေါ့ပေါ့ပါးပါးလေးထားမည်ဆိုသည့်တိုင် ဆရာရှိန် တစ်ယောက် ခါးကျိုးမတတ် မနေရသည်။

"ဟာ. . . မှောင်လိုက်တာလည်း မည်းလို့"

မီးခံသေတ္တာကို အိမ်ရှေ့မှ ချ၍မဖြစ်။ နောက်ဖေး လှေကားမှချပြီး အသင့်စောင့်နေသော တပည့်နှစ်ယောက်၏ သူ့ပေါ်တင်ပြီး တချီတည်းလစ်ရန် ရက်များစွာ အကြံကြီး ကြံထားခဲ့ရာမှ ယနေ့ အကောင်အထည်ပေါ်ခဲ့ပြီ။

"ချောက်"

ဆိုသောအသံနှင့်အတူ သူ့လက်မှ ဓာတ်မီးခြစ်ကို ခြစ်ပြီး နောက်ဖေးလှေကားမှဆင်းရန် လမ်းကို ရှာလိုက်သည်။

တံခါးနှစ်ပေါက်အနက် တစ်ပေါက်က လှေကားသို့ ဆင်းနိုင်သည့်အပေါက်၊ နောက်တစ်ပေါက်က မီးဖိုချောင် သည်းများထားရာ စတိုခန်းသို့ ဝင်နိုင်သည့်အပေါက်။

ဆရာရှိန်မှာ လှေကားပေါက်ကို မမြင်ဘဲ စတိုခန်းပေါက် သော မြင်ပြီး လှေကားပေါက်အထင်နှင့် ဖွင့်အဆင်း. . .

ကိုယ်က တစောင်းယိုင်သွား၍ မလဲအောင် အချိန်မီ ထိန်းလိုက်နိုင်သော်လည်း လက်မှ မီးတောက်လျက် မီးခြစ်က ထက်ကျသွားတော့သည်။

"ဟာ. . . ဟာ"



www.burmeseclassic.com

www.burmeseclassic.com



မီးခြစ်သည် ရေနံဆီပုံးပေါ် တည့်တည့်ကျ၏။ သူ့အော... ကားများအတွက်သုံးရန် ဆောင်ထားသော ဓာတ်ဆီပုံးများ... စက်လှေအတွက် ဒီဇယ်ဆီများ၊ အားလုံး လောင်စာ... ချည်း. . .

ပထမ မီးလေးတညွန့် လွန့်နေရာမှ ဓာတ်ဆီပုံးသို့လည်း... မီးကူးလိုက်ရော. . .

"အုန်း"

ဆိုသော ပွင့်ကွဲသံကြီးနှင့်အတူ မီးတောက်ကြီးက ဝုန်း... အရှိန်ပြင်းစွာ ထတောက်တော့သည်။

ဆရာရှိန်သည် ကြောက်အားလန့်အားနှင့်မို့ အင်အား... နှစ်ဆတိုးလာပြီး မီးခံသေတ္တာကြီးကို ပြတင်းပေါက်မှ မ၍ ... လိုက်နိုင်သည်။ လူပါ ခုန်ဆင်းခါနီးတွင်. . .

"အောင်မယ်လေးဗျ"

ဟူသော အသံနက်ကြီးနှင့်အတူ ပွင့်ထွက်လာသော... ဓာတ်ဆီစက်များ ဖိတ်စဉ်ကုန်သည့် သူ့ကိုယ်ကို မီးဟပ်စွဲသော... တော့သည်။

"အ. . . အ. . . အား"

"အောင်မယ်လေးဗျ"

"ကယ်ကြပါဦး"

ဟူ၍ ငယ်သံပါနေသော အော်သံကြီးနှင့်အတူ သူ... သေွးတန်းနှင့် သူစွတ်ပြေးပြီး ပြတင်းပေါက်မှ ခုန်ချလို... တော့သည်။





ကြောက်လန့်တကြားနှင့် မြေပြင်ပေါ်တွင် လေးငါးဝတ်... သူးလိမ့်လိုက်သဖြင့် သူ့ကိုယ်မှ မီးတောက်များ ငြိမ်းသွားပြီး... သူလည်း ငြိမ်သွားတော့သည်။

"မီး. . . မီး. . . မီး"

"အမယ်လေး. . . မေမေရေ"

"ပြေး. . . ပြေး"

"ရှေ့လှေကားကဆင်း. . . ဆင်း"

"မြန်မြန်ဆင်းကြ၊ မီးတွေ တစ်အိမ်လုံး လောင်ကုန်ပြီ"

ဆိုသော မိန်းမသားလေးယောက်၏ အော်သံတို့က... ...အမွှာပျက်တော့မလိုပါ။

ဒေါ်ခင်ပပကတော့ မအော်နိုင်ရှာ. . .

ခံနိုင်ရည်မရှိသောအရွယ်မှာ အိပ်ဆေးလွန်ကြောင့် ဒေါ်ခင်ပပကို မနည်းဆွဲယူ သယ်မ ပြေးကြရသည်။

ဘီလူးချောင်းနှင့်ကပ်လျက် ခြံကျယ်ကြီးအတွင်းမှာ ဖြစ်... ...သော်လည်း မီးသည် ကိုယ့်အိမ်က စလောင်တော့ ဘာမှ မတတ်... နိုင်. . .

မာနကြီးနှင့် သီးခြားနေခဲ့ကြသူမို့ သူတို့ကို ရုတ်တရက် ...ယ်မည့် ကူမည့်သူများ မရောက်လာကြ. . .

ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ် စသော လောင်စာဆီများ ...ပေါက်ကွဲပြန့်ကျဲကုန်သဖြင့် တစ်အိမ်လုံးကို လောင်စာဆီများ ...လောင်း၍ မီးတင်ရှို့သည်သို့. . .

မိနစ်ပိုင်းအတွင်းမှာပင် အိမ်ကြီးတစ်ခုလုံး မီးဟုန်းဟုန်း



www.burmeseclassic.com

www.burmeseclassic.com



တောက်လောင်ပြီး မီးစွယ်ညွန့်ကျိုးသွားသည့်အခါ တစ်အိမ်လုံး ကုန်းကောက်စရာမကျန်အောင် ဆုံးရှုံးလောင်ကျွမ်းသွားခဲ့ လေပြီတည်း။

ရပ်ရွာလူကြီးများ ရောက်ရှိလာချိန်မှာ သတိမေ့နေသော ဆရာရှိန်ကို ဖမ်းဆီးရမိပြီး အတွင်းပစ္စည်းတို့ ပါရှိသော မီး သေတ္တာကိုမူ အကောင်းပကတိ ပြန်လည်ရရှိခဲ့ပါ၏။

"အမယ်လေး. . . ကျွန်မ အမေ. . . ကျွန်မ အမေတို့ ကြည့်ကြပါဦး၊ ခေါ်လို့မရတော့ဘူး"

ဟူသော ဒေါ်ထိပ်ထားစု၏ အော်သံကြောင့် လူများ၏ အာရုံက ဒေါ်ခင်ပပထံ ရောက်လာသည်။ ဆရာဝန် မပါသော် လည်း တတ်ကျွမ်းသူတို့ စမ်းကြည့်၍. . .

"အသက် မရှိတော့ဘူး"

ဟု မှတ်ချက်ချလိုက်ကြတော့သည်။

ဒေါ်ခင်ပပသည် သာမန်အရေပြားပေါ်မှ ရောဂါ ရေးကြီးခွင်ကျယ်လုပ်တာ ကုသနေပြီး. . .

သူ့ကိုယ်တွင်းမှ သွေးတိုးနှင့် နှလုံးရောဂါကိုမူ လျစ်လျူ ရှုခဲ့သဖြင့်. . .

အိပ်ဆေးတွေ သောက်ထားရရာမှ အလန့်တကြား နိုး မီးတောက်များကြားမှ ပြေးလွှားခုန်ဆင်းခဲ့ရသဖြင့် ရုတ်တရက် နှလုံးရောဂါဖြင့် သေဆုံးသွားခဲ့ရရှာခြင်းသာ ဖြစ်ပါတော့ သတည်း. . .

◆ ◆ ◆





"သူ လွတ်လာရင် ဒေဝီ့ဆီကို မလိုက်ခဲ့ပါနဲ့၊ သူဟာမဆီပဲ လိုက်သွားပါလို့ ပြောလိုက်ပါမတင်"

"ဒီလိုလည်း မဟုတ်သေးပါဘူးကွယ်၊ ဒေဝီနဲ့က တရား ဝင် လင်နဲ့မယားပဲ၊ ထွန်း အချုပ်က လွတ်လာခဲ့ရင် ဒေဝီ့ဆီပဲ လိုက်လာမှာပေါ့"

"အို. . . လိုက်လာလည်း တန်ချမှာပဲ"

"ဒါက ဒေဝီတို့ လင်မယားချင်း ကိစ္စပါပဲလေ၊ မတင် ပြောရဲပါတယ်၊ ပြေဟာ ဒေဝီ့ ခင်ပွန်းဖြစ်နေတဲ့ ထွန်းကို ဘယ်နည်းနဲ့မှ လက်ခံမှာမဟုတ်ပါဘူးကွယ်"

"လက်မခံလည်း ဟောဒီလွမ်းစာခွေ သေတ္တာတော်ကြီး ကို စတ်ပြီး သေလိုက်တော့လို့ ပြောလိုက်ပါ မတင်"

"တဲ့ အထွန်းရေ. . . ဒေဝီ မှာသွားတဲ့ အတိုင်း ပြန်ပြောရ တာပါ. . .

အချုပ်မှ လွတ်လာသော ထွန်းကို မမတင်က ဆည်းပြီး ပြောပြနေခြင်းဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ပပ၏အလောင်းကို မီးသင်္ဂြိုဟ်ပြီး ခုနစ်ရက်လည် ဆွမ်းကျွေးပြီးကာမှ သားအမိနှစ်ယောက် မန္တလေးသို့ ပြန်သွား ခဲ့ကြတော့သည်။

သူတို့နှင့်အတူ အတွင်းပစ္စည်း တစ်ထုပ်၊ ဂျစ်တာ တစ်စင်းမှလွဲ၍ ဘာမှ သယ်သွားစရာမရှိတော့၍ တစ်မျိုးတော ဝန်ပေါ့နေ၏။

မတင်၏ခင်ပွန်း ကိုအေးနှင့် ဦးမောင်မောင်မြတ်၏ သစ္စာရှိတပည့်တစ်ဦးတို့က မန္တလေးအထိ လိုက်ပို့ကြသည်။

မတင်တို့တော့ ပြန်လည် လိုက်ပါမသွားကြတော့။ ... ရေကာတာမှာ အလုပ်ရ၍ ဤကယားမြေမှာပင် အခြေချ... မည်ဟု ဆုံးဖြတ်လိုက်ကြ၍ပါ။

ဒေါ်ခင်ပပ၏ ဈာပနကို ခြံတွင်း၌ပင် မဂ္ဂလာပ်ထိုး၍ ... ရသည်။

ဘာပဲဖြစ်ဖြစ် ဩဿသည်တော်တို့၏ ဒုက္ခကို မကြည့်ရ... နိုင်ကြသော ဒေသခံတို့၏ ကူညီမှုဖြင့် အသုဘကိစ္စ အား... ပြီးမြောက်နိုင်ခဲ့ကြပါ၏။

ဤရက်များအတွင်းတွင် ဒေဝီတို့ သားအမိမှာ ... သားအဖ နေသွားခဲ့ကြသော တဲအိုလေးမှာ အိပ်ကြရသည်။

ဤတွင်...

ပြေ၏ နှလုံးသားခံစားမှု ဘက်တိုက်ကြီးကို ဒေဝီရှာ... တွေ့ရှိသွားသဖြင့် ဆွေ့ဆွေ့ခုန်နေတော့သည်။

အမှန်တော့ ထွန်းအား အဘယ်မျှ ချစ်ရပါကြောင်း...





အဘယ်မျှ ကြင်နာရပါကြောင်း၊ အဘယ်မျှ လွမ်းရပါကြောင်း တွေ ပြေ ရေးဖွဲ့စဉ်ကာလက... ထွန်းသည် ဒေဝီနှင့် လက်ထပ် ...မည့်သူဟု လုံးဝမတွေးမိ မသိရှိရှာခဲ့သူပါ။

"အဲဒီလိုစကားတွေပြောပြီး သားအမိနှစ်ယောက် ပြန် သွားကြတာပဲ၊ အထွန်းရေ မင်း ဘယ်လိုလုပ်မယ် စိတ်ကူးလဲ"

ထွန်း ငြိမ်တွေနေ၏။

အမှန်တရားဘက်က ရပ်ခဲ့သည် မှန်သော်လည်း သူ၏ ...အားများကြောင့် ဦးမောင်မောင်မြတ်နှင့် အပေါင်းပါတို့ ...ထောင်ကျသွားခဲ့ရပြန်တော့လည်း ထွန်း စိတ်မကောင်းနိုင်။

"ခွင့်လွှတ်ပါတော့ ဦးလေးရယ်၊ တရားဥပဒေဆိုတာ ...ဘယ်လိုလူသားကိုမှ မညှာတာနိုင်ဘူးဆိုတာ ဦးလေး ခံယူရင်း ...ကျွန်တော့်ကို ခွင့်လွှတ်ပါတော့ဗျာ"

ထမင်းရှင်၊ ကျေးဇူးရှင်သို့ တိုင်တည်ပြီး ထွန်း ငြိမ်နေ ...၍...

"အထွန်း"

"ဗျာ"

"မင်း... ပြေ့ဆီသွားမလား"

"ဒေဝီ့ ဆီပဲ သွားမယ်"

"ဟင်"

"သူက ကျွန်တော့်ကို စာချုပ်ကြီးချုပ်ပြီး အပိုင်ဝယ်ထား ...တာလေ မမတင်ရဲ့၊ သူနဲ့သွားပြီး စာရင်းရှင်းဦးမှပေါ့"

"ရှင်းပြီးရင် ပြေ့ဆီသွားမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ရင်တော့ ပြေ့ဘဝ၊ ပြေ့ရင်ခွင်ထဲကို တစ်
တည်း တိုးဝင်ပစ်လိုက်ချင်တာပေါ့ မမတင်ရယ်၊ ဒါပေမဲ့
ဗျာ. . ."

"ဒါပေမယ့် ဘာဖြစ်သလဲ အထွန်း"

"မြင့်မြတ်လွန်းတဲ့ ပြေ့ရဲ့ မေတ္တာတရားနဲ့ ကျွန်တော်
သစ္စာမဲ့တဲ့ကောင်နဲ့ မထိုက်တန်တော့ပါဘူး မမတင်ရယ်"

"ဒီလိုလည်း ဘယ်ဟုတ်မလဲကွယ်၊ ပြေဟာ. . ."

"စိတ်ချပါ မမတင်၊ ပြေ ဘယ်မှာရှိတယ်၊ ပြေ ဘာ
နေတယ်၊ ဘာဖြစ်နေတယ် ဆိုတာတွေ ကျွန်တော် စောင့်ကြည့်
နေမှာပါဗျာ၊ အနားကပ်ခွင့်မရလည်း ပြေ့ရဲ့ဘဝ အငွေ့
တွေကို ကျွန်တော် အဝေးကနေပြီး ခံယူထိတွေ့နေမှာ
မမတင်ရယ်"

"ဒေဝီဆီသို့ လိုက်သွားမည်"

ဆိုသော်လည်း ပြေ၏ စာလေးများကို တစ်ရွက်
ထပ်စီထုပ်ပိုးပြီး စာတစ်ထုပ်ကြီးကို ရင်ဝယ်ပိုက်လျက် နှုတ်ဆက်
ထွက်ခွာသွားသော ထွန်းသည်. . .

ယနေ့ထက်တိုင်အောင် မမတင်တို့ဆီသို့ သူ တစ်ခေါက်
ပြန်ရောက်မလာတော့ပါ

ထွန်းဘဝ ဘယ်သို့ရှိသည်၊ ဘာဖြစ်သွားသည် ဆိုသည်
များကို မမတင်တို့ သိရှိနိုင်ဖို့ လက်လှမ်းမမီတော့ပါချေ။

◆ ◆ ◆





ညဥ့် ဆယ့်တစ်နာရီ

တယ်လီဖုန်း မြည်လာသည်။

အိပ်ပျော်နေကြသော အိမ်သားများ နိုးသွားမှာစိုး၍
ချက်ချင်းမြည်သည်နှင့် ပြေ ကောက်ကိုင်၍ ထူးလိုက်တော့. . .

"မသဲဖြူလား ဟင်"

"ဪ. . . မောင်မောင်"

"မအိပ်သေးဘူးထင်လို့ ဆက်လိုက်တာ၊ မအိပ်သေးပါဘူး
၊ အနှောင့်အယှက်များ ဖြစ်သွားလား"

"ဒီလောက် စိုးရိမ်စိတ်တွေများနေလည်း ဘာလို့ ဆက်ရ
တာလဲကွယ်"

သူဘက်က တစ်ချက်ငြိမ်သွားပြီးမှ. . .

"ကျွန်တော့်အတွက် အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်လွန်း
လို့ပါဗျာ"

"အရင်တုန်းက ပြောဖူးတာ မှတ်မိလား"

"ဘာလဲဟင်"

"ကျွန်တော်ကပဲ မသဲဖြူကို အမြဲအနှောင့်အယှက်ပေး
တာပဲဆို"

သူ ရယ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင် မအိပ်သေးဘူးလား"

"စာကျက်နေရတယ်လေ"

"ဩော်. . . ဟုတ်သားပဲ၊ ကော်ရက်စပေါဒါနဲ့တွေတော့ စာမေးပွဲနီးပြီနော်"

"အင်းဗျာ. . . ဘွဲ့ရပြီးသား ဖြစ်ရလောက်မယ့် အရွယ် မှာ စာပြန်ကျက်နေရတာ စိတ်ညစ်စရာပဲ"

"ပညာဆိုတာ အရွယ်မရွေး ယူသင့်ပါတယ်၊ ပြော ဟိုတုန်းက ဆယ်တန်းအောင်ခဲ့ရင် ပြန်ဖြေဖြစ်မှာပါ"

"ခုတော့လည်း မလိုတော့ပါဘူးလေနော်"

"မလိုတော့ဘူးတော့လည်း မဟုတ်ပါဘူး၊ ဒါပေမယ့်. . . ခုချိန်မှာ ပြေ ဘာကိုမှ တောင့်တ တပ်မက်တဲ့စိတ် မရှိတော့ ပါဘူး မောင်မောင်ရယ်"

"မသဲဖြူ"

"ဟင်"

"အကြောင်းစုံတွေ သိရှိပြီးလို့ မသဲဖြူ ခံစားနေရသလား သိပ်စိတ်ညစ်နေသလားဆိုပြီး ဖုန်းဆက်ကြည့်တာပါ"

"အင်း. . . ဒီအကြောင်းတွေ မောင်မောင့်ဆီက သိရ တည်းက စာရေးလို့ကို မရတော့ဘူး"

"စာရေးလို့ မရအောင် ဖြစ်တယ်ဆိုရင် စိတ်သိပ်ညစ် သွားပြီလို့ ကျွန်တော် နားလည်ရပါတယ်၊ မသဲဖြူ သိချင်တော့ ဆိုလို့ လွိုင်ကော်မှာ အခြေချနေတဲ့ မမတင်ကို ကျွန်တော် ကိုယ်တိုင် သွားစုံစမ်းမေးမြန်းပြီး ပြန်ပြောမိတာ မှားပြီလား





"မမှားပါဘူး၊ ပြေ သိချင်နေတာတွေ သိအောင် လုပ်ပေး ခဲ့လို့ မောင်မောင့်ကို ကျေးဇူးတင်ပါတယ်၊ ဒီလိုကြေကွဲမှု ဝေဒနာ တွေကို ခံစားလာခဲ့ရတာ ကြာလှပါပြီလေ"

"မသဲဖြူ"

"ဟင်"

"ကိုဝင်းထွန်းကို တွေ့ချင်နေသလားဟင်"

"မတွေ့ချင်ဘူး၊ သိချင်တာလို့ပဲ ပြောခဲ့ပြီပဲ. . . မောင်မောင်"

"မသဲဖြူ စိတ်ချမ်းသာဖို့အတွက်ဆိုရင် ဘာပဲဖြစ်ဖြစ်. . . ကျွန်တော် လုပ်ပေးချင်လှပါတယ်ဗျာ၊ ခုတော့"

"မောင်မောင် စုံစမ်းပေးတာ ကျေးဇူးတင်ပါတယ်၊ မောင်မောင့်ရဲ့ ကူညီမှုက ပြီးပြည့်စုံပါတယ်တွယ်၊ အဲဒါတွေ အတွက် ခံစားရတယ်ဆိုတာကတော့ ပြေ့ဘက်ကအပိုင်းပါ"

"ဒါပေမယ့်ဗျာ. . . မသဲဖြူရဲ့ နှုတ်ခမ်းလေးတွေ ပြုံးနေ တာပဲ ကျွန်တော်က ကြည့်ချင် မြင်ချင်ပါတယ်၊ မျက်ဝန်းမှာ မျက်ရည်တွေ ဝဲသီနေတာမျိုးကို ကျွန်တော် မမြင်ရက်ပါဘူး မသဲဖြူရယ်"

ခုလည်း မျက်ဝန်းမှာ မျက်ရည်တွေ ဝဲလို့ဆိုတာ မောင်မောင် မသိပါစေနဲ့တော့လေ၊

တိုင်းမင်းကြီးဦးလုဘော်၏ မြေး၊ မင်းကတော်ကြီး ဒေါ်ဒေါ်သုန်၏ တစ်ဦးတည်းသော အမွေဆက်ခံသူ "ကြေသဲ သန့်စင်" သည် ဝင်ဒါမီယာတိုက်ကြီးပေါ်မှနေ၍ ပြေ့တို



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းဆက်ခွင့်ရနေသော သူ့ဘဝအတွက် ပြေ ကျေနပ်ဝမ်းသာမှုဒိတာဖြစ်ရသည်အမှန်ပါ။

ပြေ့ကိုယ် ပြေကတော့ ထားပါတော့. . .

ခုချိန်မှာ ပြေ့ရင်၌ ရှုပ်ထွေးနောက်ကျိစွာ ရင်နာနေရသည်က ထွန်း. . . ထွန်းအတွက်ရယ်ပါ။

သူ့ဘဝကို စွန့်လွှတ်ခြင်း နှစ်ပိုင်းအနက် တစ်ပိုင်းက ပါဝင်ခဲ့ရသော ပြေသည်. . .

သူ့အတွက် ထွန်းဆရာဝန်မဖြစ်စေတော့ဟူသော ခံယူချက်နှင့် ထွန်း၏ခံစားချက်များကို ကြားသိရတော့. . .

ထွန်းကို ပြန်လည်၍ တွေ့ဆုံရန် သင့်မသင့် ချင့်ချိန်ရန်ပင် ပြေ မစဉ်းစားနိုင်ခင်မှာ. . .

"ပြေနဲ့ လုံးဝမဆုံတွေ့လိုပါ"

ဆိုသော ထွန်းထံမှ ပြန်ကြားချက်ကို ဦးအောင်ထွန်းနှင့်အစ်ကိုမြင့်အေးတို့မှတစ်ဆင့် ပြေ ရရှိလာခဲ့ခြင်းဖြစ်သည်။

"မသဲဖြူ"

"မသဲဖြူ"

အတွေးတို့သည် အဝေးသို့ ပျံ့လွင့်နေရာမှ မောင်မောင့်အသံကြောင့်၊ ဩော်. . . သူနဲ့ တယ်လီဖုန်း ပြောနေဆဲပါလားဟု သတိရပြန်သည်။

"ပြောလေ. . . မောင်မောင်"

"မသဲဖြူ တစ်ခုခုကို တွေးနေတယ် မဟုတ်လားဟင်"

"အင်း. . . ဟုတ်တယ်"





"ကိုဝင်းထွန်း အကြောင်းပဲပေါ့နော်"

"ဒီမှာမောင်မောင်"

"ဗျာ"

"ပြေရဲ့ ခံစားမှုအပိုင်းကို မမေးပါနဲ့၊ ဖုန်းဆက်တာဟာ …အပြောချင်လို့လဲ၊ အဲဒါပဲ ပြောပါ"

သဲမောင်မောင် လန့်သွားရပါပြီ။ တစ်ခါတစ်ခါ မကြာ…ကြာ ကြုံရတတ်သည်က ပြေမှာ ကြည့်တော့ ပျော့ပျော့နွဲ့နွဲ့…သေးနှင့်။ ပြတ်ပြတ်သားသား ပြောချလိုက်သည့် အခါမျိုးတွင် …ဘက်လူ ငြိမ်ကျသွားရအောင် သူ့စကားများက ထက်မြက်လှ…သည်။

"ပြောချင်တာကတော့ အများကြီးပါပဲလေ၊ ဒါပေမယ့် …န်းဆက်တဲ့ အကြောင်းက ပြေများ သိပ်စိတ်ပင်ပန်းနေသလား… နောက်ပြီး ကျွန်တော် ဘာကူညီရမလဲ၊ အဲဒါတွေ သိချင်…ချင်လို့ပါ"

"စိတ်ကတော့ အပင်ပန်းကြီးနဲ့ အပင်ပန်းကလေးပါပဲ၊ …ညီစရာတော့ မလိုတော့ပါဘူး၊ လှိုင်ကော်တစ်ခေါက် ပြန်ပြီး…မ်းပေးလာတဲ့အတွက် မောင်မောင်ရဲ့ ကူညီမှုဟာ ပြီးပြည့်စုံ…ပြီ၊ ဒီအတွက် ကျေးဇူးတင်ကြောင်းပဲ ထပ်ပြောရမှာပဲ"

"အဲဒါတော့ မပြောနဲ့တော့ မသဲဖြူရယ်၊ ဒီလောက်…လေး ကူညီတာကို ဒီလိုသာ ကျေးဇူးတင် စကား ပြောရမယ်…ရင် ကျွန်တော့်ကို မသဲဖြူ ကူညီခဲ့တဲ့အတွက် ကျွန်တော့်ဘဝ…ပြောင်းသွားခဲ့ရတာတွေ တွေးပြီး ကျေးဇူးတင်လိုက်တာဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားပဲ အစဉ်မပြတ် ပြောနေရမယ်ထင်ပါရဲ့နော်. . .”

“ကဲလေ. . . ဒါဆိုလည်း ကျေးဇူးကြွေးချင်း ချေလိုက်ကြပါစို့နော်”

“ကျေးဇူးအကြောင်း မသဲဖြူ မပြောနဲ့ဆိုလို့ ကျွန်တော် မပြောခဲ့ဘူးနော်၊ မသဲဖြူကလည်း မပြောနဲ့တော့ဗျာ”

“ကောင်းပါပြီတဲ့ရှင်”

“မသဲဖြူ”

“ဟင်”

“ကျွန်တော်က အားနေတဲ့ကောင်၊ မသဲဖြူက သိပ်အလုပ်များတဲ့သူပါဗျာ၊ ကျွန်တော် ဖုန်းချလိုက်ရတော့ မလားထင် အလုပ်ပျက်နေမှာစိုးလို့ပါ”

“အလုပ်ပျက်စရာ အလုပ်မှမရှိတာ၊ ပြေစာရေးလို့ တာ သုံးရက်ရှိသွားပြီ”

“ပြေတို့ အလုပ်က သိပ်ပြီး သိမ်မွေ့နက်နဲလှပါတယ် စိတ်ကူးနဲ့ ရေးဖွဲ့ရတာမို့ စိတ်မှာ အနှာတရဖြစ်သွားရင် လုပ်လို့မရတော့ဘူးပေါ့နော်”

“ဟုတ်ပါတယ် မောင်မောင်”

“ဖြစ်နိုင်မယ်ဆိုရင် မသဲဖြူရဲ့ ကြေကွဲမှု ဝေဒနာတွေ ကျွန်တော် ပြောင်းယူ ခံစားပေးချင်လှပါတယ်ဗျာ၊ တကယ် ဒါမှသာ မသဲဖြူရဲ့စာတွေကို မျှော်လင့် စောင့်စားနေကြရှာ ကျွန်တော်တို့လို စာဖတ်သူတွေဆီကို မသဲဖြူရဲ့ အနုပညာ





တွေ အမြန် ဖြန့်ဝေ ပြန့်ကျဲပေးနိုင်မှာလေ. . .”

“ကြိုးစားမှာပါ မောင်မောင်၊ ကိုယ့်ရဲ့ ခံစားမှုက တစ်ပိုင်း အနုပညာကို မညှိုးရ မနွမ်းရစေအောင် ကြိုးစားမှုက တစ်ပိုင်းပါ၊ သိပ်ချစ်ရတဲ့ ပြေ့ရဲ့ စာဖတ်သူတွေအတွက် ပြေ ကြိုးစားရေးဖွဲ့မှာပါ”

“ဒါကြောင့် လေးစားခြင်းများနဲ့ မြတ်နိုးမိပါတယ်လို့ ကျွန်တော် ပြောခဲ့ဖူးတာပေါ့ မသဲဖြူရယ်”

ပြေဘာမှမဖြေ၊ ငြိမ်နေလိုက်သည်။

“မသဲဖြူ”

“ဟင်. . .”

“ကျွန်တော် တယ်လီဖုန်း ချလိုက်ရတော့မလားဟင်”

“ဩော်. . . မောင်မောင်ရယ်၊ သူပဲဆက် သူပဲပြော၊ တဲ. . . သဘောပဲ”

“ကျွန်တော့်ကို စိတ်ဆိုးသွားပြီလားဗျာ”

“စိတ်ဆိုးရမယ့်အရွယ်မျိုးမှ မဟုတ်တော့တာမောင်မောင် ရယ်၊ ကဲ. . . ဒီမှာ၊ ပြောစရာရှိရင် ဆက်ပြော၊ မရှိရင် ဖုန်းချလိုက်တော့၊ ဒါပဲ မေးမနေနဲ့တော့”

သဲမောင်မောင်ထံမှ ရယ်သံလေး လွင့်ပျံ့လာသည်။ သူကလည်း သူ့မသဲဖြူနဲ့ ပတ်သက်လာရင် သဲသဲလှုပ်လွန်းသဖြင့် မှားသင့်တာတွေ မှားတတ်ခဲ့ဖူးသည်။

“မသဲဖြူ”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



"မသဲဖြူ"

"အမိန့်ရှိပါရှင်၊ နားဆင်လျက်ပါ"

"ဟာဗျာ. . . ဘာပြောရမှန်းတောင် မသိတော့ဘူး"

"ဒါဆိုလည်း ဘာမှမပြောနဲ့တော့"

သဲမောင်မောင်၏ ရယ်သံလွင်လွင်ကြည်ကြည်ကို ကြား လိုက်ရပြီး. . .

"ဘာပြောရမှန်း မသိတာက ပြောစရာမရှိလို့ မဟုတ် ပါဘူး၊ ပြောချင်တာတွေများလွန်းလို့ ဘယ်ကစပြောရမှန်း မသိ တာကို ပြောတာပါ"

"ဒါဆို စကားတွေကို ဦးစားပေးစနစ်နဲ့ တန်းစီ လိုက်ဦးလေ"

"မသဲဖြူ"

"ဘာလဲကွယ်၊ နားထောင်နေမှန်း သိရက်နဲ့"

"မသဲဖြူဟာ ဒီကမ္ဘာပေါ်မှာ ကျွန်တော်ရဲ့ အရင်းနှီးဆုံး သော သူပါပဲဗျာ၊ အချိန်ပေးနိုင်သလောက် ကျွန်တော်က စကား ပြောနေချင်တာ"

"ရပါတယ်၊ ပြေလည်း ဘာအလုပ်မှ လုပ်မရတော့ မောင်မောင်နဲ့ စကားပြောချင်ပါတယ်"

"ဝမ်းသာပါတယ် မသဲဖြူရယ်"

"ကိုယ့်ရှင် ဝေဒနာကို ကွယ်ဝှက်ပြီး ပြောရဆိုရတာ ပင်ပန်းလှပါတယ်လေ၊ လူဆိုတာ ရှိတာလည်း ပြောနိုင် မရှိတာ





လည်း ပြောနိုင်၊ စိတ်ထဲက သောကကိုလည်း ဖွင့်ပြောလို့ ရနိုင် တဲ့ မိတ်ဆွေရင်းနဲ့ စကားပြောရတာပဲ ကောင်းပါတယ်"

"ကျွန်တော့်ကို ဒီလိုသတိမှတ်တာ ဘယ်လိုဝမ်းသာမှန်း မသိဘူး မသဲဖြူရယ်"

"ဩော်. . . ခင်မင်ခဲ့တဲ့ နှစ်တွေလည်း ကြာခဲ့ပြီလေ"

"အေးဗျာ၊ စာထဲမှာ တရင်းတနှီးရှိပြီး တွေ့ခွင့်ရကြရင် စိမ်းများနေမလားလို့ ပထမ ထင်မိတာ"

"မောင်မောင့်စိတ်က စိမ်းနေလို့လား"

"ဘယ်စိမ်းပါ့မလဲဗျာ. . . ကျွန်တော့်ဘဝမှာ စာနဲ့ ခင်မင်ခွင့်ရတာ မသဲဖြူတစ်ယောက်တည်းလေ၊ မသဲဖြူကတော့ ကျွန်တော့်လိုလူစား အများကြီးမဟုတ်လား"

"များပေမယ့် စာထဲမှာ ခင်ရင် အပြင်မှာလည်း ခင်တာ ပါပဲ၊ မောင်မောင်တတော့ ဘဝပြဿနာပါ ဖြေရှင်းပေးရလို့ ပြီး ရင်းနှီးခဲ့ကြတာပေါ့၊ မောင်မောင်. . ."

"ဗျာ. . ."

"စာဆိုတာ စိတ်ရဲ့ ခံစားမှုလေးတွေကို ရေးဖွဲ့တာမဲလေ၊ စိတ်ထဲရှိတာ စာထဲချရေးလို့ ရေးတဲ့စာအတိုင်း စိတ်ကလည်း ခံစားရတာပဲပေါ့"

"ကျွန်တော်ကတော့ စင်အောက်က ပရိသတ်မဟုတ် သား၊ ငုံ့ကြည့်ခံရရုံမက စင်ပေါ်ကဆင်းပြီး တရင်းတနှီး. . ."

"အမယ်လေး၊ စင်ပေါ်တွေ စင်အောက်တွေ လုပ်မနေ နေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မသဲဖြူ၏ ဒီဘက်ပိုင်း ဘဝမှာ အခင်မင်ရဆုံး လူငယ် အမျိုးသားသည် သဲမောင်မောင်သာဖြစ်ပါ၏။

အပြင်မှာ ခင်ရသူတို့က အကြောင်းအမျိုးမျိုးကြောင့် ဆုံရ တာတွေ၊ ကြားခံမိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးခဲ့တာတွေချည်း ပါ။ စိတ်ထဲမှ တိုက်ရိုက်ခင်မင်ရသော သဲမောင်မောင်ကို ပိုမို၍ ရင်းနှီးခင်မင်စိတ် ရှိရုံမက. . .

သူ့ဘဝ ကိုယ်သိ၊ ကိုယ့်ဘဝ သူသိမို့ တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် ကူညီခဲ့ကြ၍ သူ့ဘက်က ဘယ်လို ရှိရှိ ပြေသည် သဲမောင်မောင်အား အရင်းနှီးဆုံးမိတ်ဆွေ တစ်ယောက်အဖြစ်နှင့် သတ်မှတ်ထားပြီးသားပါ။

"မသဲဖြူ"

"ဟင်"

"စောစောက ပြောတယ်နော်၊ လူလူချင်း ဆက်ဆံတဲ့ အပိုင်းမှာ မသဲဖြူရဲ့ ခံယူချက်က. . ."

"အင်း"

"ကိုယ့်ရင်ဝေဒနာကို ကွယ်ဝှက်ပြီး ပြောရဆိုရတာ ပင်ပန်းလှတယ်လို့နော်"

"ဟုတ်တယ်လေ"

"ကျွန်တော်လည်း ဒီအတိုင်းပါပဲ"

"အဲဒါတွေက ပြောပြီးသားတွေလေ၊ ဖြစ်မှ မဖြစ်နိုင်တာ ရှိးသားသန့်စင်တဲ့ အဖြူရောင်ခင်မင်မှုကို ဘာလို့ အရောင် ပြောင်းချင်ရတာလဲ"





"မဟုတ်သေးဘူး မသဲဖြူ၊ ကျွန်တော် ပြောချင်နေတာ တစ်မျိုးပါ၊ ဟိုတုန်းက ပြောခဲ့မိတဲ့အကြောင်းတွေက ကိုဝင်းထွန်း နဲ့ ကျွန်တော်တို့တွေ မဆုံဖြစ်ကြခင်ကလေ"

"ဟင်"

"ခု တစ်မျိုးပြောင်းသွားပါပြီ၊ မသဲဖြူ နားဆင်ချင်ဝါရဲ့ သားဗျာ"

"ပြောပါ. . . နားထောင်ချင်ပါတယ်"

"ကျွန်တော့်မှာ အကြီးမားဆုံးဆန္ဒ၊ ဖြစ်ထွန်းစေချင်လွန်း တဲ့ဆန္ဒ ရှိနေပါတယ်"

"မောင်မောင် ဘာလုပ်ချင်လို့လဲ"

"ကျွန်တော် မဟုတ်ဘူး၊ မသဲဖြူကိုပါ"

"အို. . . ဘာလဲ"

"မသဲဖြူကို သိပ်စိတ်ချမ်းသာစေချင်တယ်ဗျာ"

"ကျေးဇူးတင်ပါတယ် မောင်မောင်၊ တံကြမ္မာကိုကမှ နှတ်နှာသာမပေးတဲ့ဘဝပဲ မောင်မောင်ရယ်၊ ရှိပါစေတော့လေ"

"မဟုတ်သေးဘူး မသဲဖြူ၊ ကျွန်တော့်ရင်ထဲမှာ ရှိနေတာ တွေ အများကြီး၊ ပြောရမလားဟင်"

"ဘယ်နှခါ ခွင့်တောင်းဦးမှာလဲ"

"ဒါဆို ပြောမယ်နော်"

"အင်း"

"ကျွန်တော့်ဘဝထဲ ဝင်လာလို့ မသဲဖြူ စိတ်ချမ်းသာမယ် ဆိုရင် မသဲဖြူအတွက် ကျွန်တော် မလုပ်ပေးနိုင်တဲ့အရာဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလောကမှာ မရှိစေရပါဘူးဗျာ၊ တကယ်ပါ၊ ကျွန်တော့်ရဲ့ သ
စကားပါ၊ အသက်ပေးချစ်တယ်ဆိုတဲ့ စကားတွေဟာ အလ
တင်စားကြတာ မဟုတ်ဘူးလို့ ကိုယ်ချင်းစာတတ်ပြီ မသဲ
ရေ. . ."

"မောင်မောင်"

"ပြောပါရစေ မသဲဖြူ၊ မသဲဖြူ စိတ်ချမ်းသာမ
မျက်ရည်တွေ ခန်းခြောက်မယ်၊ ထာဝရ ပြုံးပျော်နေမ
ဆိုရင်လေ တကယ်ပြောတာပါဗျာ၊ ကျွန်တော့် အသက်
သေပေးရဲပါတယ်၊ ကျွန်တော် သိပ်ပြီး လေးစားမြတ်နိုးစွာ ချ
ပါတဲ့ မသဲဖြူရယ်"

"ပြေ့ရင်ထဲမှာ ဘယ်သူရှိနေတယ်ဆိုတာ မောင်
သိပါတယ်နော်"

"သိပါတယ်၊ ကျွန်တော့်စကား မဆုံးသေးပါ
ဆက်ပါရစေဦး"

"အင်း"

"ဒါက ကျွန်တော့်ဘဝထဲ ဝင်လာရင် ပြောတာ
တကယ်လို့ မသဲဖြူဟာ ကိုဝင်းထွန်းကို ပြန်လည်လက်တွဲ
ဘဝရဲ့အဓိပ္ပာယ် ပြည့်စုံနိုင်မယ်၊ စိတ်ချမ်းသာမယ်ဆို
လေ. . . မသဲဖြူကို ကျွန်တော်ကိုယ်တိုင် ပွေ့ယူပြီး ကိုဝင်းထွ
ရင်ခွင်ထဲ အရောက်ထည့်ပေးနိုင်တဲ့အထိ သတ္တိရှိသူပါဗျာ၊ 
မသဲဖြူ"

"နားထောင်နေပါတယ်"





"ကျွန်တော် မသဲဖြူကို နိုင်းတုလို့မရအောင် ချစ်မိနေတာ
တာ ရယူပိုင်ဆိုင်လိုစိတ် တစ်ခုတည်းနဲ့ ချစ်တာမဟုတ်ဘူး
ဆိုတာ ယုံပါတော့ မသဲဖြူရယ်"

"မသဲဖြူ ငိုနေတာကို မြင်ရရင် သေချင်အောင် စိတ်ညစ်
ဓိတယ်၊ မသဲဖြူ ပျော်နေ ပြုံးနေရအောင် ကျွန်တော့် အသက်နဲ့
ယပြီး ဆောင်ရွက်ပေးချင်တယ်၊ ဒါ. . . ကျွန်တော့် ဆန္ဒ
အကုန်ပါပဲ မသဲဖြူ"

"မောင်မောင့်မေတ္တာကို ပြေ နားလည်ပါတယ်"

"ကျွန်တော် မသဲဖြူကို သိပ်ချစ်တယ်၊ မြတ်နိုးတယ်၊ ရယူ
ိုင်ဆိုင်ချင်တယ်၊ ရင်ခွင်ထဲမှာ တစ်သက်လုံး ပိုက်ထွေးထားချင်
ယ်၊ အဲဒီလောက် ချစ်ရတဲ့ မိန်းမကို စွန့်လွှတ်ရမယ်ဆိုရင်
ျွန်တော် ဘယ်လိုနေမလဲ စဉ်းစားကြည့်ပါတော့ မသဲဖြူ
ရေ. . ."

"ဒါပေမယ့်. . . မသဲဖြူကို စွန့်လွှတ်ရလို့ ကျွန်တော့်
ရင်တွေ ကျွမ်းရပါစေ၊ ကျွန်တော် ကျေနပ်နေပါ့မယ်၊ မသဲဖြူ
ာည်သာ စိတ်ချမ်းသာမယ်ဆိုရင်ပါ"

"ဩော်. . . မောင်မောင်ရယ်"

"မသဲဖြူရဲ့ဘဝ လှပပြုံးပျော်နိုင်ပါစေ ဆိုတဲ့ ဆန္ဒက လွဲပြီး
ာခြား ဘာကိုမှ ကျွန်တော် မလိုချင်ပါဘူး မသဲဖြူရယ်၊
ျွန်တော့်ကို နားလည်ပါရဲ့လားဗျာ"

"နားလည်ပါတယ် မောင်မောင်ရယ်၊ ကျေးဇူးလည်း
ာင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မသဲဖြူ ဘာလုပ်ချင်သလဲဟင်၊ ဘာတွေဖြစ်စေချင် သလဲခင်ဗျာ"

"ခုနေတော့ ပြေကိုယ်တိုင် ဘာတွေလုပ်ပြီး ဘာ ဆုံးဖြတ်ရမှန်း မသိနိုင်အောင်ပါပဲ မောင်မောင်ရယ်"

"စိတ်အေးအေး ထားပါနော်"

"ကောင်းပါပြီ မောင်မောင်၊ ပြေ့ဘဝနဲ့ အနီးဆုံးနေရာ စေတနာတွေအပြည့်နဲ့ ကူညီဖို့ စောင့်နေရှာတဲ့ မောင်မော ဆိုတဲ့သူ ရှိနေပါတယ်လို့ ပြေအားရှိစွာ တွေးနေပါ့မယ်၊ ဘာပဲ ဆုံးဖြတ်. . . ဆုံးဖြတ် မောင်မောင် အရင်ဦး သိစေ မယ်လေ"

"မသဲဖြူရယ်"

"ပြောနေတာလည်း ကြာပြီ၊ နှုတ်ဆက်ကြစို့နော်"

"ဟုတ်ကဲ့ပါ မသဲဖြူ"

"မောင်မောင်ရဲ့ စေတနာကို ပြေ လေးစားစွာ ခံယူ တယ်၊ ဒါပဲနော်"

"ဪ. . . မသဲဖြူ"

"ဟင်"

"ရင်ဖန်းစေမယ့်အတွေးတွေ မဝင်ရစေဘဲ နှစ်ခြိုက် အိပ်ပျော်ပါစေလို့ ကျွန်တော် ဆုတောင်းပေးနေပါ့မယ်ဗျာ"

"ကောင်းပါပြီတဲ့ မောင်မောင်ရယ်၊ မင်္ဂလာညပါတွ

◆ ◆ ◆





"အစ်ကိုမြင့်အေး. . . မြင့်မြင့်မူတို့ ဘယ်ကျန်ခဲ့လဲ"

"တိရစ္ဆာန်ရုံမှာ ထားခဲ့တယ်"

"ပြန်တော့ရော"

"သူတို့ဟာသူတို့ ပြန်လာကြလိမ့်မယ်"

"ဟာ. . . ဖြစ်ပါ့မလား၊ ကြီးကြီးမြက သွားတတ် လာတတ်တာမှ မဟုတ်တာ"

"ဖြစ်ပါတယ်၊ ဘယ်အပေါက်က ထွက်ရမလဲလို့ ရှာမေးခဲ့ ပြီးရင် သုံးဘီးကားစီးပြီး ပြန်ခဲ့ကြလို့ စီစဉ်ပေးခဲ့ပြီ၊ နေပူရတဲ့ အထဲ မလျှောက်ချင်တော့ဘူး"

"သနားပါတယ်၊ အချိန်နဲ့ ချိန်းခဲ့ရောပေါ့၊ ပြေ သွားကြို ပေးမှာပေါ့"

"ရတယ်. . . နေပစေ၊ ပြန်ရောက်လာကြမှာပါ"

အိမ်မှာ ဧည့်သည်များ ရောက်နေသည်။

အစ်ကိုမြင့်အေး၏ နှမဝမ်းကွဲလေးနှစ်ယောက်နှင့် အဘွားကြီးတစ်ယောက်၊ အဘွားကြီးက ကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com



ရင်း၊ သားမိသုံးယောက်လုံး ရန်ကုန်မရောက်ဖူးကြ၍ အစ်ကို မြင့်အေး မိတ္တီလာမှအပြန်တွင် ခေါ်လာခဲ့ခြင်းဖြစ်ပါ၏။

ကြီးကြီးမြကလည်း သူ့ဆွေမျိုးများ ရောက်လာသည့် အတွက် ပျော်နေရှာသည်။ နှစ်ပေါင်းများစွာ ဝတ္တရားမပျက် အောင် အိမ်ကို အုပ်ချုပ်ပေးနေသော ကြီးကြီးမြ၏ ကျေးဇူး အစ်ကိုမြင့်အေး၏ မျက်နှာကြောင့် ပြေက ဧည့်သည်များကို အထူးဂရုစိုက်ပါသည်။

သွားလိုရာ ကားနှင့်ပို့ပေးပြီး အိမ်မှာလည်း လိုလေသေး မရှိအောင် ပြုစုထားပေးသည်။

ယနေ့ တနင်္ဂနွေနေ့ ဒရိုင်ဘာမလာ၍ သူတို့ကို မပို့နိုင် ပြေ အိပ်ရာမှ မထမီမှာပင် ထမင်းကြော်စားပြီး ထွက်သွားကြ သည်ဟု အသိန်းက ပြန်ပြောပါ၏။ သူတို့ကို ဘုရားသို့ ခပ်စောစောပို့ပေးပြီး တိရစ္ဆာန်ရုံမှာ ထားခဲ့ကြောင်း အစ်ကို မြင့်အေးက ပြောပြသည်။

"သမီးရော ပြေ"

"လာခါနီးပါပြီ၊ ရေကူးသင်တန်း သွားတယ်လေ"

"ဘယ်သူနဲ့ ပြန်လာမှာလဲ"

"ပြေ့မိတ်ဆွေ ဒေါက်တာလှထွန်းတို့ ကားနဲ့ ပြန်လာမှာ ပါ၊ ဒေါက်တာလှထွန်း ဇနီးကိုယ်တိုင် ရေကူးကန်ကို လိုက်ပို့ ပေးနေပါတယ်၊ သူ့သမီးက ဆောင်းနှင်းဝေနဲ့ သူငယ်ချင်းတွေ တနင်္ဂနွေတစ်ရက်ဘဲ သူတို့ပို့ရမှာ၊ တခြားရက်ဆို ပြေ့ကားနဲ့ သွားကြတာပါ"





"သိပ် အလိုမလိုက်နဲ့ပြေ၊ သူ ပူဆာသမျှ လုပ်ပေးမနေနဲ့ ပေါ့၊ သူ့အတွက် ငွေသိပ်ကုန်နေတာ အားနာတယ်ကွယ်"

"အစ်ကိုမြင့်အေးကလည်း . . . ပြေ့မှာ ကုန်စရာဆိုလို့ ဒီသမီးတစ်ယောက်ပဲရှိတာ၊ ပြီးတော့ ရေကူးတာ ကိုယ်ခန္ဓာ သည်း လှ၊ ကျန်းမာရေးအတွက်လည်း ကောင်းတာပေါ့"

"အင်း. . . မေ မရှိပေမယ့် သမီးဟာ ပြေ့လက်ပေါ်မှာ ကြီးရတာ ကံကောင်းပါတယ်လေ၊ ရေကူးသင်တာတောင် အခမ်းတနား၊ ပြေတို့ မေတို့ဆို ဘီလူးချောင်းထဲမှာ ဟိုယက် ဒီယက်နဲ့ ရေကူးတတ်သွားကြတာပဲ မဟုတ်လား"

ကန္တာရဝတီ၏ ပိုင်ဆိုင်မှု ရတနာဖြစ်သော ဘီလူးချောင်း အကြောင်း ပါလာ၍ ပြေ၏စိတ်တို့ ပွင့်လွင့်ရပြန်သည်။ အတိတ် ဆီမှ လှိုင်းဂယက်သည် ရင်၌ လာရောက် ရိုက်ခတ်ပြန်ပါ၏။

"ပြေ. . ."

"ဟုတ်ကဲ့"

"အကြီးတို့ သန်ဘက်ခါ ပြန်ကြတော့မယ်လေ။ နက်ဖြန် ဘော့ကန်လိုက်ပို့ရဦးမယ်၊ ပြေ ဘာမှာချင်သလဲ"

မျက်ဝန်းဝိုင်းလေးနှင့်သာ ကြည့်နေသည်။ ရုတ်တရက် ဘာမှမပြောနိုင်ဘဲ ငိုင်နေသော ပြေ့ကို ကြည့်ပြီး အစ်ကို မြင့်အေးပင် သနားသွားတော့သည်။ ~

ကြီးကြီးမြနှင့် သူ့အစ်မ ကြီးကြီးလှတို့မှာ "ဦးအောင်ထွန်း" နှင့် ဆွေရိပ်မကင်း မျိုးရိပ်မကင်းသော တစ်ရပ်တည်းသားချင်း ဆွေ ဖြစ်ခဲ့ကြရုံမက. . .



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးလှနှင့် ကြီးကြီးမြတို့၏ ညီမ၊ မနှင်းစိန်မှာ ဦးအောင်ထွန်းနှင့် အကြောင်းပါခဲ့ဖူး၍ ခင်ခင်မင်မင် ရှိကြသည်။

ကိုမြင့်အေးနှင့် ဦးအောင်ထွန်းက အစက မတွေ့ဖူး မသိဖူးခဲ့ကြ၊ ထောင်တွင်းရောက်မှ အိပ်ဆောင် တစ်ဆောင် တည်းကျ၍ စကားစပ်မိရာမှ ခင်မင်သွားကြခြင်းဖြစ်သည်။ သူ့အကြောင်း ကိုယ့်အကြောင်း ပြောပြရာမှ ကြီးကြီးမြသည် ဦးအောင်ထွန်း၏ မရီးတော်ခဲ့ဖူးသူ ဖြစ်ကြောင်း ဆက်စပ်မိသွား ကြတော့သည်။

"ပြေ. . ."

တွေးနေသော ပြေ့ကို အစ်ကိုမြင့်အေး ခေါ်လေမှ သူ မေးထားသော မေးခွန်းကို ပြေ သတိရမိသည်။ ပြေ မဖြေရ ခင်. . .

"မှာမနေပါနဲ့တော့လေ၊ ဒီအကြောင်းတွေလည်း သိပ် မတွေးနဲ့တော့. . .၊ သူနဲ့ပြေက အခြေနေချင်း သိပ်ကွာနေပြီ လေ"

ထွန်း၏ နွမ်းပါးမှုကို ရည်ညွှန်းပါ၏။ အစ်ကိုမြင့်အေး သည် ထွန်းကို ပြေ့အတွက် နာကျည်းနေဆဲ ရှိပုံရသည်။

သဲမောင်မောင် စုံစမ်းပေး၍ မမတင်မှတစ်ဆင့် သိလာခဲ့ ရသော ထွန်း၏ ခံစားမှုအပိုင်းကို အစ်ကိုမြင့်အေး မသိသေး သိအောင် ပြောပြနေဖို့လည်း မလိုအပ်ပါ။

"အစ်ကိုမြင့်အေးတို့ နက်ဖြန် သွားကြမှာပေါ့နော်"

"အေး"





ပြေသည် သက်ပြင်းကို ရှိုက်လိုက်သည်။ ဆုံးဖြတ်ချက် တစ်ရပ်ကို ခိုင်မာစွာ ချလိုက်ပြီးမှ. . .

"နက်ဖြန်ကျရင် ပြေပါ လိုက်ခဲ့မယ်"

အစ်ကိုမြင့်အေး လွန်ကဲစွာ အံ့အားသင့်သွားပုံရသည်။

"သူက ပြေ့ကို မတွေ့ချင်ဘူးလို့ ပြောလိုက်ပေမယ့် ပြေက သူ့ကို တွေ့ချင်တယ်။ မေးချင်တယ်၊ ပြောချင်တယ် အစ်ကိုမြင့်အေးရယ်၊ ပြေ ရောက်လာမယ်လို့ သူ မမျှော်လင့်တဲ့ အချိန်မှာ ရုတ်တရက် ဝင်တွေ့ပစ်လိုက်မယ်၊ သူ ဘယ်မှာ ရှောင်ခွင့်ရတော့မလဲ"

"စဉ်းစားဦး ပြေ၊ အစ်ကိုမြင့်အေးကတော့ ပြီးတာတွေ ပြီးသွားစေချင်ပြီ"

"ဘာပဲဖြစ်ဖြစ် ပြေ သူ့ကို ပြန်တွေ့ချင်သေးတယ် အစ်ကို မြင့်အေးရယ်၊ နက်ဖြန် ပြေ လိုက်ခဲ့ပါရစေ၊ မကန့်ကွက်ပါနဲ့နော်"

"ဒါတော့ ပြေ့ သဘောပဲလေ"

"ဟုတ်ကဲ့. . . ဒါဆို"

"ဒီမှာ ပြေ"

"ဟုတ်ကဲ့"

"ပြေ့မှာ လူကြီးလည်း မရှိတော့ အစ်ကိုမြင့်အေးကပဲ အစ်ကိုကြီးအရာထားပြီး ပြေ့ကို တစ်ခုပြောချင်တယ်"

"ဟုတ်ကဲ့. . . ပြောပါ အစ်ကိုမြင့်အေး"

"ပြေ. . . ဝင်းထွန်းနဲ့ မဆက်သွယ်ပါနဲ့တော့လားတွေ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ပြေ့ဆီကို မကြာခဏ လာနေတဲ့ ဟိုဆရာဝန်သားလေး မောင်မောင်ဟာ ပြေ့ကို တော်တော်ပဲ စွဲစွဲလမ်းလမ်း ဖြစ်နေရှာ ရတယ်၊ အဲဒီကောင်လေးကိုပဲ ပြေ စဉ်းစားပါ"

အစ်ကိုမြင့်အေး ပြေ့ရှေ့မှ ထသွားတော့သည်။

ခဲအိုဆိုသော်လည်း ဖခင်လို၊ အစ်ကိုကြီးလို၊ ပြေ့ပေါ်မှာ စေတနာထားရှိသူဖြစ်ကြောင်း ပြေ နားလည်ပါ၏။

မောင်မောင့်ကိုလည်း ပြေသည် လှိုက်လှဲစွာ ခင်မင်လှ ပါ. . .

သို့ပေမယ့်. . .

ပြေ့အတွက် ဘဝကို ဖျက်ပစ်လိုက်ရှာတဲ့ ထွန်း. . . ပြေ့ကို ရင်ကျွမ်းအောင် လွမ်းနေပါတယ်ဆိုတဲ့ ထွန်းကိုဖြင့် ပြန်လည်၍ တွေ့ဆုံချင်မိသည်။

ထွန်းက သူ့ဘဝထဲသို့ ပြေ့ကို အဝင်မခံပါ ဆိုသော စကားအတိုင်း ပြေကလည်း ဘဝချင်းပေါင်းစပ်ရန် အထိ ရည်ရွယ်ရန် မဟုတ်ပါ။

ဒါပေမယ့် ထွန်းရယ်. . .

နောက်ဆုံးတွေ့စဉ်က ပြေရဲ့ ရှိုင်းပြမှုတွေအတွက် တောင်းပန်ရင်း နောက်ဆုံးရဲ့ နောက်ဆုံးတွေ့ဆုံခြင်းအဖြစ်နဲ့ ဖြစ်ဖြစ် ပြေ ထွန်းကို ပြန်လည်ဆုံတွေ့ချင်ပါသေးတယ်ကွယ်

◆ ◆ ◆





လှိုင်ကော်မြို့မှ ထွန်း ထွက်သွားပြီးသည်၏ နောက်ပိုင်းမှာ ထွန်း၏အကြောင်းများကိုဖြင့် ဦးအောင်ထွန်းနှင့် အစ်ကိုမြင့်အေးတို့မှတစ်ဆင့်ပင် ပြေ သိရှိခဲ့ရပါ၏။

ထွန်းလိုက်သွားတော့ ဒေဝီတို့သားအမိက သူဖော်ကောင် လုပ်၍ ဦးမောင်မောင်မြတ် ထောင်ကျခဲ့ရသည်ဟု စွပ်စွဲ ပြောဆိုပြီး. . .

ဒေဝီသည် အမုန်းတီးဆုံးသော မျက်လုံးများဖြင့် ထွန်းကို ကြည့်နေသည့် အကြည့်မှာ လန့်ဖျား ဖျားလောက်ပါသည်။

"ဒီကလည်း ဝတ္တရားရှိလို့ လိုက်လာတာပါ၊ ဘာတို့မှ မြေရှင်းမနေချင်တော့ဘူး၊ နောတိဆုံးအနေနဲ့ နှုတ်ဆက်ပြီး ပြန်ရုံပါပဲ"

ဟု ထွန်း လှည့်ထွက်လာတော့ ဒေါ်ထိပ်ထားစုက အတင်းတားသည်။ ထွန်းက အတင်းရုန်းရင်းမှ. . .

ဩော်. . . သူတို့အရိပ်မှာခိုခဲ့၊ သူတို့ငွေ သုံးခဲ့၊ သူတို့ ကျွေးတဲ့ ထမင်းကို စားခဲ့တဲ့ငါဟာ တားနေရက်နဲ့ အော်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားဖို့ မသင့်ပါဘူးလေ. . . ဟူသော အတွေးဖြင့် ထွန်း အိမ်ပေါ်ပြန်လှည့်တက်မိသည်။

"တရားဝင်ကွာရှင်းဖို့ လက်မှတ်ထိုးခဲ့ပါ"

ဟူသော ကြေညာချက် ကြားရလေမှ. . .

"ဪ. . . ငါ့ကို နေခိုင်းတာ ဒါ့ကြောင့်ကို"

ဟု ထွန်း သဘောပေါက်ရသည်။

"ရော့. . . ငွေငါးထောင်၊ မင်းနဲ့လည်း ပြတ်ပြတ်စဲစဲ ဖြစ်ပြီနော်. . . နောက်တစ်သက်လုံး တို့နဲ့ ဘာမှလာမပတ်သတ်ပါနဲ့"

ဒေါ်ထိပ်ထားစု ကမ်းပေးသော ငွေကို ခေါင်းခါခဲ့ပြီး. . . ဘာမှ ချေပမနေတော့ပါဘဲနှင့် ထွန်း နောက်ဆုံး နှုတ်ဆက်၍ ထွက်ခွာလာခဲ့သည်မှာ ကြာခဲ့ပါပြီ။

ယခုဆို ဒေဝီလည်း ဂျိုတီအိုင်ကျောင်းဆင်း အင်ဂျင်နီယာလေးတစ်ယောက်နှင့် လက်ထပ်ပြီး ကလေးနှစ်ယောက်ပင် ရကာ အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်နေလေပြီဟု နောက်ဆုံးကြားသိရပါ၏။

ဦးမောင်မောင်မြတ်သည်မူ. . .

လွတ်ငြိမ်းချမ်းသာခွင့်ကြောင့် လျှော့ရက်ရပြီး ထောင်က လွတ်လာပါသော်လည်း စိတ်ဓာတ်ကျသော ရောဂါ၊ ကျောက်ကပ်ရောဂါတို့ကြောင့် အပြင်ရောက်ပြီး ကိုးလအကြာတွင် ဦးမောင်မောင်မြတ် ကွယ်လွန်သွားရှာတော့သည်။

ဦးမောင်မောင်မြတ်၏ နာရေးသတင်းကို ကြားသိရ





ချိန်မှာ ထွန်း နောက်ဆုံး ဂါရဝအနေနှင့် နှုတ်ဆက် တန်တော့ ချင်ပါသော်လည်း ဒေဝီခင်ပွန်းနှင့် ဒေဝီတို့ အသိုင်းအဝိုင်း အတွက် သူသည် မလိုလားအပ်ဆုံးသော လူသားတစ်ယောက် ဖြစ်နေ၍ မသွားဖြစ်တော့ပါ။

ခေတ္တမျှ ခိုနားစရာပင် နေရာမရှိ၍ ထွန်းမပြန်ချင်သော မြေ. . . ထွန်းမနေချင်သောနေရာသို့ပင် ပြန်လည် ရောက်ရှိခဲ့ရ သည်။

တကိုယ်ရည်စာ သုံးနိုင်ခြင်းနှင့် ပေးကမ်းနိုင်ခြင်းများ ရှိနိုင်သူအတွက် သွားလာနေထိုင်စရာ ပေါများလှပါသော် သည်. . .

မှီခိုသူတစ်ယောက်အဖြစ်နှင့် သွားရောက်နေထိုင်စရာ နေရာမှာမူ လူသားတို့အတွက် ရှားပါးလှချေသည်တကား။

ရှစ်တန်းနှစ်မှ ဇာတိမြေကို စွန့်ခွာထွက်လာခဲ့သဖြင့် ဆွေမိသော သူငယ်ချင်းများ၊ ဆွေမျိုးများ နေထိုင်ရာ မိတ္ထီလာသို့ ထွန်း ပြန်ဖြစ်ခဲ့သည်။

ဆေးကျောင်းသားဘဝ၊ ဆရာဝန်အဖြစ်နှင့် ရောက်လာ လျှင် ခင်မင်ရင်းနှီးချင်သူတွေ၊ ပြန်လည်တွေ့ဆုံရ၍ လှိုက်လှဲ ခမ်းသာစွာ ကြိုဆိုကြမည့်သူတွေ၊ များပြားလှမည်ဖြစ်သော် သည်. . .

ဘဝပျက်လာသော ထွန်းအတွက် ခေတ္တမျှ ခိုကိုးရန်တ ခွဲ၍ တာရှည်နေထိုင်စရာ နေရာမရှိပါလား။

"ငါ့သား အဖေနဲ့ပဲ လာနေပါ၊ ဒီလိုပဲ အလုပ်အလေး



www.burmeseclassic.com

www.burmeseclassic.com



ဘာလေး ရှာကြတာပေါ့ကွာ"

ဆိုသော ဦးအောင်ထွန်း၏ ဖိတ်ခေါ်မှုကို ထွန်း မငြင်းနိုင်တော့။ အဖေ၏ စတုတ္ထမြောက်လောက်ဖြစ်မည့် ဇနီးနှင့် ထွန်း အတူသွားနေရတော့သည်။

အမေဆုံးပြီး မိထွေးနှင့်မနေချင်၊ အဖေကလည်း မှောင်ခိုမှု တစ်ခုနှင့် ထောင်ကျနေ၍. . .

"အဖေရော အမေပါ ကွယ်လွန်ပြီ"

ဆိုသော ကြေညာချက်ဖြင့် ဦးမောင်မောင်မြတ်က ထွန်းကို ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

ထွန်း၏မိခင်သည် ဦးမောင်မောင်မြတ်၏ နှမ နှစ်ဝမ်းကွဲတော်သည်။ နှမဆုံးပြီး ကျန်ရစ်သော ကလေး ထွန်းကို စောင့်ရှောက်ဖို့ အခွင့်ကြုံလာသည်။

အလုပ်ကိစ္စနှင့် မိတ္ထီလာသို့ ဆင်းလာရင်းက စာတော်သော ထွန်းကို သနားသဖြင့် ခေါ်ယူကျောင်းထားပေးခဲ့သော ဦးမောင်မောင်မြတ်မှာ ကိစ္စပြတ်အောင် မိဘများ သေဆုံးလေပြီဟု ကြေညာခဲ့သော်လည်း ဒေါ်ထိပ်ထားစုတို့က အဖြစ်မှန်ကို သိသွားကြပါ၏။

ယခုတော့ ထွန်းမနေချင်၊ မနေလိုသော မိထွေးဖြစ်သူနှင့် အတူနေရပြန်ပါပြီ။

ထွန်းမှာ သမဝါယမတွင် စာရေးလေးလုပ်ရင်း သူ့ဝမ်းစာကို ဖြည့်တင်းရပါ၏။

ကျဉ်းမြောင်းသော အိမ်ငယ်လေးအတွင်းမှာ မနေချင်၍





ညနေတိုင်မှ ညမှောင်သည်အထိ မိတ္ထီလာတန်တော်ကြီး၏ တမံပေါ်တွင် သွားရောက်ထိုင်နေမိသည်မှာ နေ့စဉ်နှင့်အမျှပါ။

ရေကိုမြင်တော့ အေးမြသော အကြင်နာရှင် ပြေ့ကို လွမ်းသည်။

မြေကို မြင်တော့လည်း မြေကြီးဆန်စွာ သစ္စာတရားကြီးမားလှသော ပြေ့ကို နှမြောတသ အောက်မေ့လှပါ၏။

ကောင်းကင်ကိုကြည့်တော့လည်း ပြေ၏ ခွင့်လွှတ်ချက်နှာလေးက အထင်းသား. . .

ရွက်စိမ်းတွေ ရွက်ကြွေတွေကြားမှာ ချစ်တတ်လွန်းသော ပြေ၏မျက်နှာ. . .

အနစ်နာခံလွန်းသော. . . စေတနာ ထားနိုင်လွန်းသော ပြေ၏ စကားသံလေးများသည် လေထုထဲတွင် ထာဝရ ရှိနေသည်သို့ ထွန်း ကြားနေရလေသည်။

ထွန်းဘဝ၏ ဆုံးရှုံးပြီးသော အချိန်ကာလများစွာအတွင်းမှာ ပြေ့ကို တမ်းတခြင်းများဖြင့်သာ ကုန်ဆုံးခဲ့ပါ၏။

ဤ မိတ္ထီလာ နယ်မြေတဝိုက်တွင်. . .

ဦးမောင်မောင်မြတ်၏ စီးပွားရေးစခန်းချနေရာဖြစ်သည်။

ပြေ့ဖခင် ဦးလူညို အဝေးပြေးကားမောင်းရင်း ညအိပ်ရပ်နားသော ဒေသဖြစ်သည်။

သဲမောင်မောင်ဆိုသာ ကြည်သန့်စင်၏ဖခင် ဇာတိမြေသည်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခု ပြေနှင့်အတူ နေထိုင်သော အစ်ကိုမြင့်အေး
ကြီးဒေါ် ဒေါ်မြသည် မိတ္ထီလာအနီးမှ ဝမ်းတွင်းမြို့ဇာတိဖြစ်သော
သည်။

ယခု ထွန်း ပြန်လည်နေထိုင်သည်။

သို့ပါသော်လည်း တစ်ယောက်နှင့်တစ်ယောက် တစ်ဦး
နှင့်တစ်ဦး မသိကြ၊ မကျွမ်းကြ၊ မဆုံဖြစ်ကြပါ။

ထွန်းဖခင် ဦးအောင်ထွန်း နောက်ဆုံးယူထားသော
ဇနီးသည် ကုန်စိမ်းရောင်းပြီး အဖေ့ကို ကျွေးရှာသည်။

တစ်နေ့တွင် သူ့ကိုစွတစ်ခုနှင့် 'တောင်သာ' မြို့
အသွား၊ မလှိုင်နှင့် ပန်းအိုင်ကြား၌ ကားမှောက်၍ သေဆုံး
သည်။

သူ့ကိုရှာကျွေးနေသော ဇနီးသည်အတွက် ဦးအောင်
ထွန်း အတော့်ကို ယူကျုံးမရရှိလှသည်၊ စိတ်ဓာတ်ကျစ အရွယ်
လည်း ရောက်ခဲ့ပြီ။

"ဒီမှာနေလို့ အဖေ ဘာမှလည်း မလုပ်တတ်ဘူး ငါ့သား
ရန်ကုန်က အဖေ့သူငယ်ချင်း အဆက်သွယ်နဲ့ ဒညင်းတ
အုတ်စက်မှာ အလုပ်ရမယ်တဲ့၊ တို့သားအဖ ရန်ကုန်ပြောင်း
ရင် ကောင်းမလား"

"ကောင်းတယ်အဖေ၊ ကျွန်တော်လည်း ရန်ကုန်ပြော
ချင်တယ်"

သည်ညို့ဖြင့် မိတ္ထီလာမြို့မှ ရန်ကုန်ကို ပြောင်းခဲ့
သော်လည်း ရန်ကုန်မြို့တွင်းမှာ နေထိုင်နိုင်ခြင်း မရှိပါ။ ရန်





ဆိုသည်ကလည်း အိမ်တစ်ခန်းစာအတွက် ယခင်က သောင်း
ဝကာန်းရှိမှ၊ ယခု သိန်းဂဏန်းရှိမှ ကပ်နိုင်သောနေရာပါ။

အဖေ့ဇနီး မနှင်းစိန်၏ ထိခိုက်သေဆုံးမှုမှ ရရှိသော
အာမခံငွေနှင့်၊ သူကျန်ခဲ့သော ရွှေစလေးများကို ရောင်းချပြီး
သားအဖနှစ်ယောက် အင်းစိန်အနီး ဖော့ကန်မှာ ငါးထောင်တန်
တဲအိမ်လေးတစ်လုံးကို ဝယ်ယူနေထိုင်ခဲ့ကြပါသည်။

ထိုအချိန်မှစ၍ ထွန်းတွင် အလုပ်အကိုင် အတည်တကျ
မရှိတော့။

ပုဂ္ဂလိက ခေါက်ဆွဲစက်တစ်ခုမှာ ဝင်လုပ်လိုက်၊ စက်ရုံ
ရပ်နားလိုက်၊ သံပုံးစက်မှာ စာရင်းကိုင်လုပ်လိုက်၊ စာရင်း တစ်ခါ
မှား၍ အလုပ်ရှင်က ဖြုတ်လိုက်နှင့်၊ နောက်တော့ ကျဘန်း
အလုပ်ဖြင့် ထွန်း ကျင်လည်နေတော့သည်။

ဆေးကျောင်းထွက်ဖြစ်သော်လည်း ဘွဲ့ရမဟုတ်၍
အလုပ်က ရှားလေပြီ။

ထွန်းကိုယ်တိုင်လည်း ဘာကိုမှ ကြိုးစား၍ မလုပ်တော့။
ထွန်း ကြိုးစားတာ တစ်ခုပဲရှိသည်။

"ပြေ့ကို ရှာဖွေခြင်း"

သို့သော်လည်း တွေ့ဆုံဖို့မဟုတ်ပါ။

တကယ်တမ်း ပြန်လည် ရှာဖွေတွေ့ရှိရတော့ ပြေသည်
သူနှင့် အဆင့်များစွာ ကွာသောအရပ်မှာ အောင်မြင်ခြင်းများ
ဖြင့် တင့်တယ်နေလေပြီ။

မသဲဖြူဟူသော စာရေးဆရာမတစ်ယောက်၏ ဝတ္ထုကို



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ကြည့်မိရာမှ အတွေးများ၊ အရေးများနှင့် ခံစားမှုစကားလုံး များမှာ ပြေ၏အတွေးမျိုး၊ အရေးမျိုးမို့ လိုက်လံစုံစမ်းကြည့်သည့် အခါ မသဲဖြူသည် သူထင်သော သူရှာနေသော သူ၏ငယ်ချစ်ဦး ပြေ ဖြစ်ကြောင်း သိရတော့သည်။

ပြေ့အတွက် ဝမ်းသာရလွန်းလို့ စသိရသော နေ့က ထွန်း မျက်ရည်ကျရပါသေးသည်။

ပြေ့ကို တမ်းတခြင်းများဖြင့်သာ အဝေးကနေပြီး ချစ်ခြ သတင်းကို နားထောင်ပါမည်။ ပြေ့ကို သူ့အသက်နှင့်အမျှ မတွေ့လို မဆုံလိုတော့ပါဟု ထိုစဉ်တည်းက ထွန်း သန္နိဋ္ဌာန် ချထားခဲ့ပြီးပါလေပြီ။

ဤသို့ဖြင့် ပြေ့အကြောင်းများကို ထာဝရ မျက်ခြေမပြတ် အောင် ထွန်း စုံစမ်းနေခဲ့ရာမှာ ပြေ့ဘဝ အနီးတွင် သဲမောင် မောင် ဆိုသော သူတစ်ယောက် ရပ်စောင့်နေကြောင်းပါ ထွန်း သိလာရတော့သည်။

ဦးအောင်ထွန်းမှာ စိတ်ဓာတ်သာ ကျသည်။ တစ်သက် လုံး အသုံးဖြုန်းကြီးခဲ့သည့် ဉာဉ်က မလျှော့ချင်. . .

သားကလည်း အလုပ်ကိုင်မဟန်၊ သူကလည်း သာမ ကာယလုပ်သားမို့ ငွေမလောက်သဖြင့် အရက်ပုန်းချက်သော အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်တော့သည်။

ထောက်ကြန့်ဘက်မှ အရက်ပုန်းများကို မင်္ဂလာဒုံလမ်း မသယ်ဘဲ ခရေပင်လမ်းခွဲမှတစ်ဆင့် သူတို့ဖော့ကန်ကို ဖြတ်





အင်းစိန်လမ်းမှတစ်ဆင့် ရန်ကုန်ဘက်သို့ သယ်ယူလေ့ရှိခဲ့ကြ သည်။

တစ်နေ့တွင်. . .

သက်ဆိုင်ရာက ဖမ်းဆီးမိတော့ စစ်ဆေးလိုက်သည့်အခါ ဦးအောင်ထွန်းမှာ အရက်ပုန်းချက်သူ၊ သိုလှောင်သိမ်းဆည်း ထားသူ၊ ဖြန့်ဖြူးရောင်းချသူအဖြစ်နှင့် ထောင်ကျလေတော့ သည်။

ဤတွင် ကိုမြင့်အေးနှင့် တွေ့ဆုံဖို့ ဖြစ်လာခဲ့ပါ၏။

မိတ္တီလာ ဆက်ချင်း စကားစပ်မိကြရာမှ ယခု ကိုမြင့်အေး အိမ်တွင် ရှိနေသော ကြီးကြီးမြ၏ ညီမအရင်းမှာ သူ့ဇနီး ခြစ်ဖူးခဲ့သည်ဟု သိရှိခွင့်ရရုံမက. . .

သူ့သား ဝင်းထွန်းသည်. . .

စာတွေ တပွေ့ကြီးကို နေ့စဉ် ဖတ်လျက် အသက်နှင့်အမျှ တမ်းတမ်းတတ ဖြစ်နေရသော သူ့သား၏အချစ်ဦး "ပြေ" ဆိုသည့် မိန်းကလေးမှာ ကိုမြင့်အေး၏ ခယ်မလေး၊ ဝင်ငွေ ကောင်းသော စာရေးဆရာမတစ်ဦး စသည်ဖြင့် ဦးအောင်ထွန်း သိခွင့် ရလာခဲ့ရာမှ. . .

ကိုမြင့်အေးထက် အရင်စောပြီး ထောင်မှ လွတ်ခဲ့သော ဦးအောင်ထွန်းက ကိုမြင့်အေး ထောင်မှ လွတ်သည့်နေ့တ ဆီးကြိုခဲ့သည်။

"ပြေ ဆိုတာ သူလား"ဟု ဦးအောင်ထွန်း မေးဖြစ်ခဲ့သည့် သူ့သား၏အဖြစ်ကို သူ့သား မသိစေရအောင် ပြေ့အား



www.burmeseclassic.com

www.burmeseclassic.com



လာရောက်ဖွင့်ပြောမည်ဟူသော ရည်ရွယ်ချက်ဖြင့် ပြေတို့အိမ်သို့ ရောက်လာခဲ့ရာမှ ပြေက လက်မခံ၍ ပြန်ခဲ့ရသော ဦးအောင်ထွန်းပါ။

ယခုတော့...

မိတ္ထီလာမှ ဒေါ်လှ ရောက်ရှိလာသဖြင့် ကိုမြင့်အောင်ဆက်သွယ်ပေးမှုကြောင့် ကြီးကြီးလှနှင့် ကြီးကြီးမြတို့ ဦးအောင်ထွန်းနှင့် ဆုံတွေ့ရန် ဖော့ကန်သို့ သွားကြပေမည်။

တစ်မြို့တည်း တနယ်တည်းတွင် နေကြရစဉ်က မဆုံဖြစ်မပြောဖြစ်ခဲ့လေသော ဇာတ်ကြောင်းများသည်...

ယခုတော့ ပြန်လည် ဆက်နွယ် ပတ်သက်လာရမက...

ပြေ ကိုယ်တိုင်က ထွန်းနှင့် ပြန်လည်ဆုံတွေ့ရန် သွားရောက်တော့မည်ဟု ဆုံးဖြတ်လိုက်လေပြီတကား။

◆ ◆ ◆





"မေမေ... ညည့်သည်လာနေတယ်၊ ဟို ဦးမောင်မောင်ရဲ့ မေမေ ဒေါက်တာနှင်းလွှာနု...တဲ့"

"မောင်မောင်ရော ပါလား"

"မပါဘူး၊ မမချောချောလေးတစ်ယောက်ပဲ ပါတယ်"

"ဒေါက်တာ သက်ဦးလွင်ရော"

"သူတို့နှစ်ယောက်တည်း မေမေရဲ့"

"ကဲ... သမီးပဲ သွားစကားပြောထားလိုက်စမ်း၊ ညည့်သည်စားဖို့ သောက်ဖို့လေးလည်း စီစဉ်လိုက်နော်"

"ဟုတ်ကဲ့... မေမေ"

ဆောင်းနှင်းဝေ ထွက်သွားတော့မှ ပတ်ကားဘောလ်ပဲန်တို နှိပ်ပိတ်လိုက်ပြီး ပြေ စာရေးစားပွဲမှ ထရသည်။

နေ့ခင်းက ယောက်ျားနဲ့ ရန်ဖြစ်၊ ကလေးက ဖျားနေသော်လည်း ညပိုင်းတွင် ဇာတ်စင်ပေါ်၌ မိတ်ကပ်အဖွေးသားနှင့် ပြုံးပြုံးလေး ကပြနေရသော အငြိမ့်သမလေးများလိုပါပဲ၊ ပြေသည်လည်း...



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသား ဝေဒနာတွေကို အသာထားပြီး မဂ္ဂဇင်း အခန်းဆက် ဝတ္ထုရှည်အတွက် ပြေ အချိန်ကိုလုပြီး ရေးပေးနေရခြင်းပါ။ ပြေ့ဘဝ ဘယ်လိုပင် အသည်းကွဲနေရသော်လည်း ဝတ္ထုထဲမှ ဇာတ်လိုက်များ၏အဖြစ်က ပြုံးစရာ၊ ပျော်စရာ၊ ချစ်စရာ စကားလုံးလေးများစွာနှင့် အဆင်ကို ပြေလို့ပါ။

လုံးချင်းဝတ္ထုဆို နည်းနည်း နောက်ကျလည်း ကိစ္စမရှိ မဂ္ဂဇင်းကျတော့ လစဉ်ထုတ် အပြိုင်အဆိုင်မို့ နောက်ကျ၍ မဖြစ်။ ကိုယ့်ဝတ္ထုကြောင့် မဂ္ဂဇင်းအထွက်နောက်ကျရခြင်းမျိုး မဖြစ်ရလေအောင် မိမိ၏ အိပ်ချိန်များစွာကို အသုံးချပြီး ပြေ စာရေးနေရချိန်ပါ။

ဪ. . . ပြေတို့သည် စင်ပေါ်မှ အနုပညာသည်များလို ပရိသတ်ရှေ့ မထွက်ရသော်လည်း အချိန်မီ ဖတ်ရှု အပန်းတော် ပြေကြပါစေရန် ကြိုးစားရေးသားရသော ကန့်လန့်ကာနောက် ကွယ်မှ အနုပညာရှင်များပါတည်း။

ကိုယ့်ကိုယ်ကို မေ့လျော့ ပျောက်ဆုံးကာ စာထဲ၌သာ နှစ်ထားချိန်မို့ ညှိုးသည်လာသည် ဆိုတော့လည်း ပြေဖြစ် အောင်ပြင်ပြီး ထွက်လာရပါတော့သည်။

"အနှောင့်အယှက်များ ဖြစ်သွားလား၊ စာရေးနေတယ် ဆို. . ."

"ဟာ. .. ရပါတယ်၊ ပြေတို့က အမြဲရေးနေတာပဲ နားလို့ရပါတယ်"





အားနာ ပြေပါစေရန် ပြောလိုက်ရသော်လည်း ပြေ့အတွက် တကယ်အနှောင့်အယှက် ဖြစ်ရပါ၏။

ဖြစ်ကာမှ ဖြစ်စေတော့၊ လာကြရတဲ့ ဧည့်သည်ခမျာလည်း ကိုယ့်လိုပဲ အချိန်ကုန်ခံ လာရသူ၊ ခင်မင်၍ လာကြသူ၊ အကြောင်းကိစ္စကြောင့် လာရသူများဟု ပြေ စာနာစွာ နားလည်ပါသည်။

ကိုယ်မအားလို့ဆိုပြီး ကိုယ့်အတွက်သာ ကိုယ်ကြည့်တတ်သော အတ္တသမား မဖြစ်စေရပါ။ ပြေနှင့် ပတ်သက်လာသူတိုင်း စိတ်ချမ်းမြေ့ကြပါစေရှင်။

"ဒါက ဥမ္မာဦးတဲ့၊ ကိုသက် တူမအရင်းလေ"

"ဪ. . . ဟုတ်ကဲ့၊ မောင်မောင် ပြောဖူးပါတယ်၊ ဘွဲ့ရပြီးသားမို့ သူ့ကို စာပြပေးနေရတယ်တဲ့"

"ဟုတ်ပါတယ်။ ရှယ်တူလောက် ရှိပေမယ့် ဥမ္မာတ ဘွဲ့ရပြီးလို့ ဆရာမကြီး လုပ်နေရတာပါ မမပြေ"

ဥမ္မာဦးက သွက်လက်စွာ ပြောပါ၏၊ ဒေါက်တာက. . .

"ဟုတ်တယ်၊ ဟိုတုန်းကတော့ ကျောင်းထားပေးမယ့်လူ မရှိလို့ အချိန်တွေ ကုန်ခဲ့ရရှာတာ"

"ဟုတ်ကဲ့ပါ"

"ပြေရေ. . . ကြည်သန့်စင်ကတော့ အန်တီတို့ဟာ သူ့ရဲ့ ဒုတိယ ကျေးဇူးရှင်တဲ့၊ သူ့ဘဝရဲ့ ပထမ ကျေးဇူးရှင်တ ပြေတဲ့"

"ဟာ. . . မဟုတ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမပြေရဲ့၊ သူက မမပြေကို တကယ်လည်း လေးစားတယ်၊ မမပြေ ပေးလိုက်တဲ့ လက်ဆောင်စာအုပ်တွေ ဆိုရင် ဥမ္မာတို့ ခဏယူဖတ်တာတောင် မကြိုက်ဘူး၊ သူ့အသား ဖွဲ့ယူရင် ဒီလောက် စိတ်မဆိုးဘူးတဲ့၊ မသဲဖြူရဲ့ စာအုပ်စုတ်ရင် တကယ်စိတ်ဆိုးမှာတဲ့၊ အိမ်မှာ အပြတ်ကို ကြေညာနေတာ"

မောင်မောင် တစ်ယောက်ကြောင့် ပြေ စိတ်ညစ်ရပါပြီ။ မျက်နှာပူပူနှင့်ပင် ခပ်ပြုံးပြုံးလေးသာ လုပ်နေလိုက်ရပါ၏။

ဥမ္မာဦး ဆိုသော ဒေါက်တာသက်ဦးလွင်၏ တူမအရင်း လေးမှာ သွက်လက်ဖျတ်လတ်ခြင်း၊ ရဲရင့်ပြတ်သားခြင်းများ ရှိသော မိန်းကလေးစားမျိုးပါ။ နှစ်လိုဖွယ် အဆင်းရှိသော မိန်းကလေးလည်း ဖြစ်ပါ၏။

"ပြေ နာရီဝက်လောက် အချိန်ပေးနိုင်မလား"

"ဟာ. . . အန်တီနှင်းရယ်၊ ရပါတယ် ကြိုက်သလောက် နေပါရှင်၊ ဆရာဝန်တွေ ဘယ်လောက် အလုပ်များတယ်ဆိုတာ ပြေ သိပါတယ်၊ ပြေတို့ အလုပ်လို တစ်ရက် နှစ်ရက် သိမ်းထား လို့ရတဲ့ အလုပ်မျိုးမှ မဟုတ်တာ၊ ပြေ့ကို အားမနာစမ်းပါနဲ့ အချိန်ရသလောက် နေပါနော်"

ဒေါက်တာနှင်းလွှာနုနှင့်က ရင်းနှီးပြီးသားပါ။ မောင်မောင်ပဲ ဖိတ်ကြား၍ သူတို့အိမ်မှာ သမီး ဆောင်းနှင်းဆီ နှင့်အတူ ထမင်းသွားစားဖူးသည်ကစ၍ ပိုမိုရင်းနှီးလာခဲ့ကြ ခြင်းပါ။

ဥမ္မာဦးနှင့်ဖြင့် မကြုံခဲ့၊ ယနေ့မှစ၍ တွေ့ဖူးသည်။





"ကဲ. . . ဒါဆို ဥမ္မာ ကုန်းမြင့်သာယာ သွားလိုက်ဦး။ အန်တီးနှင်း ဒီမှာ ခဏစကားပြောနေခဲ့ဦးမယ်"

"အို. . . ကော်ဖီ သောက်သွားပါဦး၊ မုန့်လည်းစားပါ"

ဥမ္မာဦးက ကော်ဖီသာသောက်ပြီး မုန့်မစားတော့ဘဲ ထားသော့ ကောက်ကိုင်လျက် နှုတ်ဆက်ပြီးအိပ်တီမော်ဒယ်(လ်) အရိုလာကားကို ကျင်လည်စွာ မောင်းထွက်သွားတော့သည်။

"အေးအေးဆေးဆေးနေပါ အန်တီရယ်၊ အလည် သက်သက်ပဲ မဟုတ်လားဟင်"

"ပြေနဲ့ ဆွေးနွေးချင်စရာလေး ရှိလို့ပါ"

"ဟုတ်တဲ့၊ ပြောပါ အန်တီ"

"အန်တီ့စကားကို မကျေနပ်ခဲ့ရင်လည်း ခွင့်လွှတ်ပါ နော်. . ."

"အာ. . . အန်တီရယ်၊ တောင်းပန်နေရမယ့် လူချင်း မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ပြောပါ၊ ပြေ တတ်နိုင်တာမျိုးရှိရင် ခိုင်းပါ"

"ပြေ့ရဲ့ မောင်မောင့်အကြောင်းပါ"

"ဟုတ်ကဲ့၊ သူ ဘာဖြစ်လို့လဲဟင်"

"သူ့မှာ ပြေနဲ့ပတ်သက်တဲ့ ရောဂါက လွဲလို့ ဘာမှ တခြား မဖြစ်ပါဘူး"

"ရှင်"

"ကဲ. . . ပြေကလည်း အားတဲ့လူ မဟုတ်ဘူး၊ အန်တီ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆေးရုံပြန်ရဦးမှာ ဒါကြောင့် တဲ့တိုးပဲ ပြောပါရစေတော့ ပြေ"

"ဟုတ်ကဲ့၊ ဘာ. . . ဘာကိုပါလဲ"

"တူလေးဟာ ပြေ့ကို တကယ်ပဲ စွဲစွဲလမ်းလမ်း ချစ်နေမှာ တာ အန်တီတို့သိလို့၊ အန်တီတို့ကလည်း 'ကြိုဆို'ပါတယ်ဆို လာပြောတာပါ ပြေ"

"အို"

"အဲဒါကြောင့် ပြေ့ဘက်က စဉ်းစားပေးပါလို့ ပြေ့ကို တိုက်ရိုက်လာပြောရတာ အန်တီ့ကို ခွင့်လွှတ်ပါပြေ"

ငယ်စဉ်ဘဝ ရည်းစားစကား လိုက်ပြောခံရသည်ထက် ပင် ပိုမို၍ ပြေ ရင်ခုန်သွားရပြီ။

အိမ်ထောင်ရေး စဉ်းစားဖို့ ဦးလေးတင်တို့ ပြောစဉ်က ဆွေးနွေးခြင်းလည်းဖြစ်၊ ရင်းနှီးသူချင်းလည်းဖြစ်၍ ပြေကပင် ပြန်ပြီး လှောင်လိုက်နိုင်သေးသည်။

ယခုတော့. . .

ပြေ့ကို လူကြီးအရာမှာ ထားပြီး လာရောက်တောင်းရမ်း သည်။ တောင်းရမ်းခံရသူကလည်း ပြေကိုယ်တိုင်မို့ ပြေ့ ဣန္ဒြေပျက်လောက်အောင်ပင် တုန်လှုပ်သွားရပါ၏။

"ကြည်သန့်စင် ပြေ့ကို မြတ်နိုးပုံမျိုးဟာ ယောက်ျား တော်တော်များများမှာ မတွေ့နိုင်ပါဘူး ပြေ. . . တူလေးဟာ ဘွဲ့မရတာကလွဲရင် အန်တီတို့ရဲ့ ပိုင်ဆိုင်မှုကို သူရရှိမှာ ပြေ့အတွက် အဆင်ပြေရပါစေ့မယ်. . ."





"ဒါတွေမလိုပါဘူး အန်တီရယ်"

"ဟုတ်ပါတယ်၊ အန်တီ့ကိုလည်း အမြင်မလွဲလိုက်ပါနဲ့ နော်"

"ရှင်"

"ဩော်. . . ပြေက ပြည့်စုံပြီးသားမဟုတ်လား"

ပြေပိုင် တိုက်တွေ၊ ကားတွေ၊ လုပ်ငန်းတွေကို ရည်ညွှန်း ခြင်းပါ။

"ပြေ့ရဲ့ ပြည့်စုံခြင်းတွေကြောင့် ခုလိုလာပြီး ကမ်းလှမ်း တာမျိုး မဟုတ်ပါဘူး၊ တူလေးက အစွဲလမ်းကြီး စွဲလမ်းနေလို့ပါ၊ ပြီးတော့. . . အန်တီတို့ အနေနဲ့လည်း ပြေ့ကို သဘောတူနိုင် လို့ပါ"

ပြေ ငြိမ်သက်စွာ မျက်လွှာချထားမိသည်။

"ရန်ကုန်မှာက မိန်းကလေးတွေ စလိုက်တဲ့ခေတ် ဖြစ်နေ ပြီ ပြေရေ့. . . အန်တီတို့ ကျောင်းတက်တဲ့ခေတ်တဆို ဘယ်ဌာနက အလှဆုံးလဲ ရွေးပြီး ကွင်း(Queen)ဘွဲ့ပေးခဲ့ကြ တာ. . . ခုတော့ ယောကျ်ားလေးကို ကင်း(King)ဘွဲ့ ပေးပြီး သူတို့က လိုက်ကြိုက်နေတယ်ဆိုပါလား"

"ဒါကြောင့် တူလေးဟာ တစ်ယောက်ယောက်ကို အရွေး မှားသွားမှာ စိုးရိမ်လို့ပါ၊ အဲဒါထက်ကို သူအင်မတန်မှ မြတ်နိုးတဲ့ ပြေနဲ့ ဆုံဆည်းရစေချင်လို့ပါကွယ်"

"ဟုတ်ကဲ့၊ အန်တီရဲ့သဘောကို ပြေ နားလည်ပါတယ် အန်တီ၊ ပြေ့တစ်သက်မှာ အိမ်ထောင်ပြုဖို့ မရည်ရွယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အို. . . မဟုတ်တာ၊ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ အောင်မြင်နေတာပဲ၊ ထိုက်သင့်တဲ့ လူနဲ့တော့ လက်တွဲရမှာပေါ့၊ တစ်သက်လုံး တစ်ယောက်တည်း ဘာလို့နေမလဲ. . ."

"ပြေ့အကြောင်းနဲ့ပြေပါလေ၊ ကဲပါ အန်တီရယ်၊ တခြားစကားပဲ ပြောကြပါစို့၊ အဲဒီ ကိစ္စကိုတော့ ပြေ မောင်မောင့်ကိုပဲ အကြောင်းပြန်လိုက်ပါ့မယ်"

"ဒီအကြောင်း ပြောဖို့လာတာ ပြောစရာလေးတော့ ကုန်အောင် ပြောပါရစေဦး ပြေ"

ဆရာဝန်မမို့ ပိုပြီး ပြတ်သားလေသလားပင်။

"အန်တီ့ ယောင်းမက အင်မတန်ကိုလည်းတာ"

"ရှင်"

"ယောင်းမဆိုတာ ကိုသက်ရဲ့ ညီမအငယ်ဆုံးလေ အန်တီတို့မှာ အမွေဆက်ခံသူ မရှိဘူးဆိုပြီး သူ့သားသမီးတွေကို ပို့ထားတာ ပြေရဲ့"

"ဩော်. . . ဟုတ်ကဲ့"

"အခု တူလေးကြည်သန့်စင် ရောက်လာတော့ သူ့ကလေးတွေအားလုံး ပြန်ခေါ်သွားပေမယ့် အကြီးဆုံး ဥမ္မာကို တမင်ထားခဲ့တယ် တွေ့လား"

"ရှင်"

"ကြည်သန့်စင်နဲ့ နီးစပ်သွားလည်း သူ့သမီး စံစားရမှာဆိုပြီးတော့ပေါ့"





"ဥမ္မာက လှလည်း လှပါတယ်၊ အရည်ချင်းလည်း ရှိပုံရပါတယ် အန်တီ"

"ဒါပေမယ့် တူလေးကမှ မကြိုက်တာ၊ သူက ဒီတစ္ဆာပေါ်မှာ ပြေတစ်ယောက်တည်းပဲ သူချစ်စရာ မိန်းမ ရှိတယ်လို့ ထင်နေတာ"

"ဩော်. . . အန်တီရယ်၊ ပြေ မေးပါရစေရှင်"

"မေးပါပြေ. . . မေးပါ"

"တကယ်လို့ ဥမ္မာ့ကို မောင်မောင်ယူမယ်ဆိုရင်ရော သဘောတူမှာလား"

"မှန်တာပြောရရင် သိပ်တော့ မကြိုက်လှဘူး၊ ဒါပေမယ့် ညီမလေး သင်းသင်းတုန်းကလည်း ဒီလိုခွဲခြားမှုစိတ်တွေကြောင့် ဆုံးရှုံးခဲ့ရပြီးပြီ၊ ခုတော့ အိမ်က မာမီရော အန်တီပါ စိတ်လျှော့ကုန်ကြပါပြီ"

"ဟုတ်ကဲ့"

"သူ နှစ်သက်ရင် ကြည်ဖြူပေးမှာပါ၊ ဒါပေမယ့် ဥမ္မာကို သူ မချစ်ပါဘူး၊ ဘယ်သူ့ကိုမှလည်း သူမချစ်ဘူး၊ သူ့အကြောင်း အန်တီ သိနေပါပြီ ပြေ၊ ဒါကြောင့် တူလေး သိပ်စွဲလမ်းနေတဲ့ ပြေ့ကို လာပြီး ခွင့်ပန်နေရတာပါ"

"ဟုတ်ကဲ့ စောစောကပြောသလို သူ့ကိုပဲ အကြောင်းပြန်လိုက်ပါ့မယ် အန်တီနှင်း"

"ကောင်းပါပြီကွယ်၊ တစ်သက်လုံး ဒုက္ခရောက်လာခဲ့ရှာတဲ့ အန်တီ့တူလေးကို အန်တီ သနားလှပါတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ပြေရဲ့ အဖြေဟာ သူ စိတ်ချမ်းသာတဲ့ အဖြေပဲ ဖြစ်နိုင်ပါစေလို့ အန်တီ ဆုတောင်းနေပါ့မယ်"

ဥမ္မာ ပြန်ရောက်လာပြီး နှုတ်ဆက်ပြန်သွားကြသည့်တိုင် ပြေ ငိုင်တွေစွာ ကျန်ရစ်ဆဲပါ. . .

"အင်း. . . ရေးလက်စ ဝတ္ထုကို ပြန်လည် အကွက်ဝင် အဆက်မိအောင် ရေးသားနိုင်ဖို့အတွက် ပြေ့ရင်မှ ရှုပ်ထွေးခြင်း အပေါင်းကို တပင်တပန်းကြီး နှင်ထုတ်ပစ်ရပါဦးမည်သာ. . .

◆ ◆ ◆





"ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စကို ဘယ်တော့မှ ဝင်မပါနဲ့၊ သွား စမ်း"

မအော်စဖူး အော်လိုက်သော ဖခင်၏ ဒေါသသံကြောင့် ဆောင်းနှင်းဝေ မျက်နှာလေးငယ်၊ မျက်ရည်တွေဝဲပြီး အခန်း အတွင်းသို့ ဝင်သွားရသည်ကို ပြေ စိတ်မကောင်း. . .

ဒါပေမယ့် ပြေ ဘာမှမပြောတော့ပါ။

အစ်ကိုမြင့်အား မျက်နှာညိုးပြီး စိတ်တိုနေခြင်းမှာ ပြေ့ ဖော့ကန်ကို လိုက်ခဲ့မည်ဆို၍ပါ။

ပြေ သွားသည့်နေရာ တော်တော်များများ လိုက်နေကျမို့ ဆောင်းနှင်းဝေက ယခု သူလည်း လိုက်ရမည်အထင်နှင့် ပြင်ဆင်ထွက်လာခိုက် ဖခင်ဖြစ်သူက အော်ထုတ်လိုက်ခြင်း ဖြစ်ပေသည်။

အမှန်တော့ ဆောင်းနှင်းဝေက ဓားစာခံ။

ပြေ့ကို စိတ်တိုနေဆဲမို့၊ ဆောင်းနှင်းဝေကို အစ်ကို မြင့်အား ဖိဟောက်နေခြင်းသာ ဖြစ်ပါ၏။

ပြေ၏ ဆီဒင်ကားနှင့် မဆုံ၍ အငှားဟိုင်းလက်တ်(စ်) ကားတစ်စီးနှင့် သွားကြမည်။ အစီစဉ်က ဦးအောင်ထွန်းဆီဝင် အာလိန်ငါးဆင့်သွား၊ မင်္ဂလာဒုံဘက်မှ လှည့်ပြန်ရန်ဖြစ်သည်။ မကြာ မီက မရောက်ဖူးကြသော တောက ဆွေမျိုးများကို ထိုမြင့်အား



www.burmeseclassic.com

www.burmeseclassic.com



က ဦးဆောင်လိုက်ပို့မည့်အစီစဉ်ထဲတွင် ပြေက ကန့်လန့်ဝါနေသည်။

"ပြေ ထွန်းကို သွားတွေ့မည်"

ဟု ကြေညာစဉ်ကပင် ကိုမြင့်အေးက တားမြစ်သည်။ မရ၍ သူ မကျေနပ်။ ယခုအခါ ပြေသည် အိမ်ထောင်ဦးစီး တစ်ယောက်၊ သူ့ငွေ၊ သူ့ကား၊ သူ့အစီစဉ်များဖြင့် နေရ၍ မပြောသာသော်လည်း. . .

"ပြေသည် ထွန်းနှင့် မထိုက်တန်"

"ဆက်ဆံစရာမလိုတော့"

ဟု ခံယူထားပြီးမို့ ပြေ ယခုလို လုပ်သည်ကို နည်းနည်းလေးမှ မကျေနပ်မိ။

"သြော်. . . အစ်ကိုမြင့်အေးဟာ ငါ့ကို နှမအဖော် တစ်ယောက်လို သဘောထားလို့သာ ခုလို ခံစားနေရတာပါလေ။ သူ့စိမ်းလို စိတ်ထားခဲ့ရင် သူနဲ့ ဘာဆိုင်တာမှတ်လို့၊ အဆေ သာကြီးဆိုပြီး နေလိုက်မှာပေါ့"

"ခွင့်လွှတ်ပါ အစ်ကိုမြင့်အေးရယ်၊ အစ်ကိုမြင့်အေး သိတာက ပြေ့ကို စွန့်ပစ်သွားတယ်၊ ဒေဝီကို ယူတယ်၊ စာအေ ကျတယ်၊ ဒေဝီနဲ့ ကွဲတယ်၊ သူ့အဖေဆီမှာ ကပ်နေပြီး ကအေ ကချေ ဖြစ်နေတယ်၊ ဒါလောက်ပဲ သိကြတာပါလေ. . .

"အလယ်ပိုင်း ကဏ္ဍမှာ ထွန်း ခံစားရတာတွေကို အစ်ကို မြင့်အေးတို့ မသိပါဘူး. . .

"ရင်ကျွမ်းအောင် လွမ်းနေပါတယ်ဆိုတဲ့ ထွန်းရဲ့ အကြောင်းကိုလေ. . . လွှိုင်ကော်မှာ ရှိနေတဲ့ မဓတင်ထာ တစ်ဆင့် ပြေအားလုံး သိရှိခွင့်ရအောင် မောင်မောင် စုံစမ်းလာခဲ့ ပေးပါတယ် အစ်ကိုမြင့်အေးရယ်. . ."

ပြေ သည်သို့သည်နှယ် တစ်ယောက်တည်း စိတ်ထဲတ ပြောရင်း တွေးနေဆဲ. . .

"ပြေ လိုက်မှာဆို"

"ဟုတ်ကဲ့. . . အစ်ကိုမြင့်အေး"

"ဆိုဒင်နဲ့ပဲလိုက်ခဲ့၊ တို့ ရှေ့ကသွားနှင့်မယ်"

"နေပါစေ"

"စီးခဲ့ပါ၊ ပြီးရင် ပြန်နှင့်ပေါ့၊ အားတာလည်း မဟုတ်ဘဲနဲ့၊ ဒရိုင်ဘာလည်း ရှိသားပဲ"

ပြေက ခေါင်းခါပြီး အားလုံးရှေ့မှသွား၍ ပစ်ကပ်ကား၏ နောက်ဘက်မှ တက်သည်။

ပြေ၏ ဒရိုင်ဘာသည် ပြေထွက်လာသဖြင့် အသင့်စောင့် နေရာမှ အငှားကားပေါ် တက်သွားသဖြင့် လှမ်းကြည့်၍သာ နေသည်။ ဘာမှမမေး၊ ဒရိုင်ဘာ 'ဦးသာအေး'သည်လည်း ပြေ့ကို သမီးလေး၊ တူမလေးလို ချစ်ခင်လေးစားရှာသည်။ ပြေကလည်း စေတနာအပြည့်ဖြင့် ကူညီရုံမက လေးလေး စားစား ဆက်ဆံခဲ့သူပါ။

"ပြေ ရှေ့ကထိုင်လေ"

"ဟာ. . . မဟုတ်တာ. . . အစ်ကိုမြင့်အေး ထိုင်ပါ"

နှမ်းပါး နိမ့်ကျနေရှာသော အချစ်ဦးထံသို့ ထွေးကြီး







www.burmeseclassic.com

www.burmeseclassic.com



နှစ်စင်းနှင့်သော်လည်းကောင်း၊ ရှေ့ခန်းမှ အခန့်သားကြီးနှင့်သော်လည်းကောင်း ပြေ မသွားချင်ပါ။

"ပြေက ဝင်းထွန်းကိုတွေ့ပြီးရင် ဘာလုပ်မလို့လဲဟင်"

အစ်ကိုမြင့်အေး၏ အမေးကြောင့်၊ ပြေ ရင်ခုန် လှုပ်ရှားစွာဖြင့်. . .

"ကူညီသင့်တာလေး ကူညီရအောင်လို့ပါ"

"ကိုယ့်ဘဝက အခြေကျနေပြီပဲ ပြေ။ သူ့ဘဝနဲ့သူပဲ ရှိနေစေသင့်တယ်"

"ပြေ့ကို ခွင့်လွှတ်ပါ အစ်ကိုမြင့်အေးရယ်"

မျက်ရည်လေးဝဲဝဲနှင့် တောင်းပန်ရှာတော့လည်း ကိုမြင့်အေး ဘာမှ ဆက်မပြောရက်တော့ဘဲ လမ်းပြရန် ကား၏ ရှေ့ခန်းမှ တက်သွားတော့သည်။

နောက်ဘက်မှ ကြီးကြီးမြတို့အုပ်စု တက်လာကြသည်။ သူတို့အမြင်၌ သူဌေးမလေးဖြစ်နေသော အိမ့်ရှင် ပြေဖေ ဖော်ရွေစွာ ညှိုဝတ်မပြုပါဟု ထင်ကောင်းထင်ကြပေမည်။ မတတ်နိုင်ပါ၊ ထင်ချင်ရာသာ ထင်ကြပါတော့၊

"ထွန်းကို ပြန်တွေ့ရတော့မယ်"

ဆိုသော အသိက ပြေ၏ရင်၌ ဝေလျှင်ကြီး လှုပ်ခတ်နေပါပြီ။

အစ်ကိုမြင့်အေး မေးစဉ်က အဆင်ပြေအောင် ဖြေလိုက်ရသော်လည်း. . .

"ထွန်းကို တွေ့ပြီးရင်. . ."





ဆိုသည်၏နောက်မှာ ပြေ ဘာလုပ်ရမလဲဟု ဘာဆုံးဖြတ်ချက်မှ မရှိသေး။

ပြေ့ကို မတွေ့လိုပါ ဆိုသော ထွန်းကိုလည်း တိုယ့်ဘဝထဲသို့ ဝင်လာခဲ့ပါဟု ဖိတ်ခေါ်ရဲသော အင်အားမျိုး ပြေ့မှာ မရှိပါ။

ဒီအထိလည်း မရည်ရွယ်ပါ။

ရင်ကွဲမတတ် စွဲလမ်းတမ်းတခဲ့ဖူးသော ငယ်ချစ်ဦးထံမှ သူလည်း ပြေ့ကို ရင်ကျွမ်းအောင် လွမ်းနေရှာပါသည်ဟု သိရမှမက ဘဝကို ဖျက်ပစ်လိုက်သည်ဟုပါ ကြားရပါသဖြင့် ပြေ ငြိမ်နေနိုင်တော့။

ပြန်လည် ဆုံတွေ့ရစဉ်ကလည်း ပြေ၏ ပက်စက် ရိုင်းဖွဲ့သော စကားများကြောင့် ထွန်း အဘယ်မျှ ခံစားသွားရရှာမည် ဆိုသည်ကို တွေးလိုက်မိလျှင် ရင်၌ ကျင်သွားအောင် သနားနေမိဆဲပါ။

သီးသန့်သွားနိုင်ပါလျက် ဒီအုပ်စုနှင့် တမင်သွားခြင်းသား။ ဘာအတွက်ကြောင့် ညှိုသည်အုပ်စုကြီးနှင့် ရောနှောလိုက်ခဲ့သလဲ ဆိုသည်များကို ပြေကိုယ်တိုင် မဖြေတတ်၊ ဘာတွေလုပ်နေမိမှန်းလည်း ကိုယ့်ကိုယ်တိုင်ပင် မသိတော့သလိုပါ။

တစ်လမ်းလုံး ဘယ်သူ့ကိုမှ စကားမပြောနိုင်တော့။

ဝေဒနာ ကျွမ်းခဲ့ပြီး ငြိမ်သက်စ ရင်ကို ခံစားမှုသစ်များ ပြန်လည်ဝင်ရောက်လာတော့ ပိုမို ပြင်းထန်စွာ လှုပ်ခတ်ရသည်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကားက နှေးသွား၏။

လမ်းကျဉ်းလေးတစ်ခုထိပ်မှာ ခေါင်းဦးထိုးဆိုက်လိုက်ပြီး အစ်ကိုမြင့်အေးက ဆင်းလာ၍...

"လာကြ... ကားဝင်လို့မရဘူး။ ဒီက ဆင်းလျှောက်ရမယ်"

အားလုံး ဆင်းပြီးမှ ပြေနောက်ဆုံးက လေးကန်စွာ ဆင်းသည်။

လည်ပင်းမှ သွေးကြောလေးများပါ ခုန်တိုးနေအောင် ပြေ၏ နှလုံးခုန်နှုန်းက မြန်လှသည်။

အစ်ကိုမြင့်အေးသည် ပြေ့ကို တစ်ချက်ကြည့်ပြီးတော့ ဘာမှ မပြောတော့ဘဲ လမ်းကျဉ်းလေးထဲသို့ဝင်၍ ရှေ့မှ ဦးဆောင်သွားတော့သည်။

အောက်ခြေ၌ ရေညစ်များ ရစ်ဝိုင်းနေသော ခြေတံရှည် တဲလေးတစ်လုံး ရှိရာသို့ အစ်ကိုမြင့်အေး ဝင်သွားသည်။

ဝါးထရံများက နေစားထားသဖြင့် ဖြူဖျော့ ကြွပ်ဆတ်နေ၍ တချို့နေရာ၌ ကျိုးပွဲ့ ပေါက်ပြဲနေသည်။ ဓနိမိုးကလည်း သုံးနှစ်ခံမဟုတ်ဘဲ ခပ်ကျဲကျဲ မိုးထားသဖြင့် အရွက်များလိပ်ပြီး နေပြောက်များက တဲတွင်းသို့ ကျဆင်းနေ၏။ မိုးဆိုလျှင်လည်း ယိုလိုက်မယ့်ဖြစ်ခြင်း...

အတွင်း၌လည်း ဘာပရိဘောဂမှ မရှိ၊ ခြေရင်း၌ အိုးသုံးလုံးလျောက်နှင့် သံပန်းကန်တို့ မှောက်ထား၏။

ခေါင်းရင်း နှစ်စ မဖြုတ်သော ခြင်ထောင်က လိပ်ထွေး





ဝါးထရံအနီးမှာ တွဲလွဲတန်းလန်း ကျနေပါ၏။ ညှိုးညစ်နေသော အိပ်ရာပေါ်မှာ လူတစ်ယောက် အိပ်နေသည်။

ထွန်း မျှားလားကွယ်။

ပြေတို့ အုပ်စု၏ အသံကြောင့် အိပ်ရာမှ လူးလွန့်၍ နိုးလာသည်။

ထွန်း၏ဖခင် ဦးအောင်ထွန်းပါ။

"ဟဲ့... အို... မောင်မြင့်အေးတို့ပါလား"

သူက အိပ်ရာမှ ကြုံးထပြီး မိန်းမတစ်အုပ်ကြီးကို အသေချာ မကြည့်တော့ဘဲ၊ ဝါးတပြင်သို့ဆင်း၍ ဒန်ချိုင့်တောင်း တစ်လုံးနှင့် ရေခပ်၍ မျက်နှာသစ်၏။ ပြီးတော့ သူ့ပုဆိုးနှင့် မျက်နှာကို သုတ်လိုက်သည်။ သည်တော့မှ သူ့အမြင် ကြည်လင်သွားပုံရတော့သည်။

"အလို... အစ်မလှတို့ပါလား... ဟင်... ဟို မိန်းကလေးလည်းပါတယ်"

"ဟုတ်တယ် ဦးလေးအောင်... အကြီးတို့ အိမ်ရောက်နေတာကြာပြီ၊ လာချင်တယ်ဆိုလို့ လိုက်ပို့ရတာ..."

အစ်ကိုမြင့်အေး ဖြေကြားနေစဉ်၊ တဲလေးအတွင်းမှာ လှည့်ပတ်ရှာနေသော ပြေ၏ မျက်ဝန်းများကြောင့်...

"မောင်ဝင်းထွန်းရော ဦးလေးအောင်"

အဘိုးကြီးက ငိုင်တွေစွာ ပြေ့ကို တစ်ချက်ကြည့်လိုက်ပြီးမှ...

"မကျန်းမာတာ ကြာပါပကောကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . သူ. . . သူ. . . အခု ဘယ်မှာလဲ ဟင်"

ပြေ မနေနိုင်တော့၊ စိတ်လှုပ်ရှားမှုများဖြင့် မေးလိုက်မိသည့်အခါ. . .

"ဆေးရုံတင်ထားရတာ တစ်လလောက်ရှိရော့မယ်"

ပြေက တောင့်မတ်စွာ စိုက်ကြည့်နေ၏။ ခံစားမှုလွန်ဝေဒနာကြောင့် ပြေဘာမှ မပြောနိုင်၊ မမေးနိုင်မှန်း ကိုမြင့်အေးသိ၍. . .

"ဘယ်ဆေးရုံမှာလဲ၊ ဘာဖြစ်လို့လဲဟင်"

"အင်းစိန်ဆေးရုံမှာပဲ၊ အစာအိမ်ရောဂါတဲ့၊ ခွဲရမှာတဲ့"

"စိုးရိမ်ရသလား ဦးလေး"

သောကဖြင့် လောင်မြိုက်နေသော ပြေ့ကိုယ်စား အစ်ကိုမြင့်အေးကပင် မေးပေးပါ၍. . .

"အင်း. . . ဗိုက်မခွဲရင်တော့ စိုးရိမ်ရတယ်တဲ့၊ ခုတော့ အားရှိအောင် ထင်ပါရဲ့၊ ဆေးတွေသွင်း၊ ဆေးတွေကျွေးပြီး စောင့်ကြည့်နေလေရဲ့၊ ခက်တာက. . ."

ဦးအောင်ထွန်းက စကားရပ်လိုက်ပြီးမှ. . .

"သူတို့က ဆေးတွေဝယ်နိုင်းတာ အများကြီး၊ တစ်ခုမှ မဝယ်နိုင်ဘူးလေ၊ ခုဆို ကြက်စွပ်ပြုတ်တောင် မပို့နိုင်တာ ကြာပြီ"

"ဘယ်. . . ဘယ်တော့ ခွဲရမယ်တဲ့လဲရှင်"

"ရှေ့အပတ်မှာတဲ့"

ပြေသည် အားလုံးရှေ့မှာပင် ရုတ်ခြည်းထလိုက်ပြီး. . .





"ပြေ ပြန်နှင့်မယ် အစ်ကိုမြင့်အေး၊ ပြီးရင် ထားခဲ့လွှတ်လိုက်မယ်"

အဘွားကြီးနှစ်ယောက်နှင့် ကောင်မလေးနှစ်ယောက်တို့ ဘာမှနားမလည်၍ ဟိုလှည့်ကြည့်၊ သည်လှည့်ကြည့် လုပ်နေကြပါ၏။

"ပြေ ဆေးရုံသွားမှာ မဟုတ်လား"

"မဟုတ်ဘူး၊ အိမ်ပဲပြန်မှာ"

ပြေက ပြောပြော ဆင်းဆင်း ဆင်းသည်၊ ဘယ်သူ့ကိုမှ မနှုတ်ဆက်တော့။ အစ်ကိုမြင့်အေးကလည်း ပြန်ဆင်းလိုက်လာပြီး. . .

"ပြေ. . . စိတ်သိပ်လှုပ်ရှားပြီး ထင်တာတွေ လျှောက်မလုပ်နဲ့နော်၊ ဆေးရုံသွားချင်ရင် အစ်ကိုမြင့်အေး လိုက်ပို့ပေးပါ့မယ်"

"မဟုတ်ဘူး၊ ပြေ တကယ့်ကို အိမ်ပြန်နှင့်မှာပါ၊ အင်းစိန်မှာ တက္ကစီကားရှာပြီး ရတော့မှ. . . ဒီကားကို ပြန်လွှတ်လိုက်ပါ့မယ်. . ."

"ဖြစ်ရဲ့လားကွယ်"

"ဖြစ်ပါတယ်. . . အစ်ကိုမြင့်အေးရယ်. . . ပြေ့ကို စိတ်ချနော်"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



“ဟာ. . . မသဲဖြူ”

လှေကားအကွေ့မှ မြင်ပြီးသည်နှင့် တအံ့တသြကြီး ပြောရင်း ပြေးဆင်းလာသော သဲမောင်မောင်။

“ညည့်သည်ဆိုလို့ ဆင်းလာတာ၊ မသဲဖြူလို့ မထင်မိဘူး ဘာကိစ္စလဲဟင်၊ ကျွန်တော့်ကို ဖုန်းဆက်ခေါ် လိုက်ရောပေါ့ဗျာ”

သဲမောင်မောင်က ဝမ်းသာလှိုက်လှဲလွန်းသော အပြော များနှင့်အတူ ပြေနှင့် မျက်နှာချင်းဆိုင်ထိုင်ပြီးမှ. . .

“မျက်နှာလည်း မကောင်းပါလားဗျာ၊ မသဲဖြူရယ်. . . ဘာဖြစ်လာလို့လဲဟင်”

“မောင်မောင်”

“ဗျာ. . . မသဲဖြူ”

“ပြေလေ. . . ထွန်းကို သွားတွေ့တာ”

“ဟာ. . . ကျွန်တော့်ကို ဘာလို့ လာမခေါ် လဲ၊ တွေ့ရော တွေ့ခဲ့လားဟင်”

ပြေက ခေါင်းခါပြလိုက်သည်။

ပြေ့ မျက်ဝန်းမှာ စွန်းနေသော မျက်ရည်စများကို သဲမောင်မောင်က စိုးရိမ်တကြီး ကြည့်နေပါ၏။





သဲမောင်မောင်သည် ပြေ့ကို စင်မြင့်ပေါ်မှာတင်ပြီး တစ်သက်လုံး မြတ်နိုးစွာ ပြုစုနေချင်သည်။ အတုမဲ့ မေတ္တာ တရားတို့ဖြင့် ယုယချင်သည်၊ ပိုင်ဆိုင်ချင်သည်။

သို့ပါသော်လည်း. . .

ချမ်းမြေ့ခြင်းများဖြင့် ပြေ ပျော်ရွှင်နေမည်ဆိုလျှင် သူ့ အနေနှင့် ဘာတွေပဲ လုပ်ရ လုပ်ရ. . . သူ့ကိုယ်ခန္ဓာနှင့်ဝင် လဲလှယ်ရပါစေ၊ ပြေ့အတွက် ထာဝရ ပေးဆပ်၍သာ နေချင် ပါ၏။

“ထွန်းကို သွားတွေ့တာ”ဆိုသော ပြေ့စကား ကြားရစဉ် က သူ့၌ ဝန်တိုခြင်း မြူတမှုန်စာ မကပ်ငြိခဲ့ပါ။

“ဒါဆို မသဲဖြူ ဘာလုပ်ချင်သလဲဟင်၊ ကျွန်တော် ဘာလုပ်ပေးရမလဲ၊ ပြောပါဦး မသဲဖြူရယ်”

“မောင်မောင်”

“ဗျာ. . . မသဲဖြူ”

“ပြေ့ပေါ် စေတနာထားနိုင်လှချေလားရှင်”

“မသဲဖြူရယ်”

“ပြေ ထွန်းနဲ့ တွေ့သင့်သလား ဟင်”

သဲမောင်မောင်ငြိမ်တွေသွားသည်။ သူ့အနေနှင့် ဘယ်လို အဖြေမျိုး ပေးရမှန်းမသိ။ သိသည့်တိုင်အောင်လည်း မပြော အပ်။ မသဲဖြူသည်သာ စိတ်ချမ်းသာသလို ဆုံးဖြတ်ပါကွယ်ဟု စိတ်မှ ပြောနေမိသည်။

အမှန်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



ပြေ၏ စိတ်အလျင်သည် နွေလေရူးလို မတည်မငြိမ် ဖြစ်နေလေသည်။

ခုပဲ ထွန်းကိုသွားတွေ့ခဲ့ပြီးပြီပဲ။ ထွန်း ဆေးရုံမှာ စိုးရိမ်ဖွယ် အခြေနေရှိနေသည်ဆိုသဖြင့် ပူလောင်ပြင်းပြသောစိတ်နှင့် သဲမောင်မောင်ထံ ပြေးလာပြီးမှ မရေမရာစကားများကို မေးနေမိခြင်းပါ။

ဩော်. . . မသဲဖြူဆိုတဲ့ စာရေးဆရာမကြီးရယ်လေ။

သူ့ဝတ္ထုထဲမှာဖြင့် အကျပ်အတည်းများအတွင်းမှ ဇာတ်ကောင်များကို တနည်းနည်းဖြင့် ထွက်ပေါက်ရှာပေးတတ်သည် ချည်းပါ။

ယခုတော့. . .

သူ့အလှည့်၊ သူ့ခံစားမှု၊ သူကိုယ်တိုင်၏ အကျပ်အတည်းများဖြင့် နှလုံးသားဝေဒနာ ပြင်းထန်လာတော့ မသဲဖြူ တုံဆေး မရှိပါတော့ပါချေ။

"မသဲဖြူ"

"မောင်မောင်"

"မသဲဖြူ ဘာလုပ်ချင်သလဲ၊ ဘာလုပ်မလဲဆိုတာကို အရင်စဉ်းစားပါ"

"ပြေ ဘာဆုံးဖြတ်ရမှန်းကို မသိဘူး မောင်မောင်ရေ"

"ခုချိန် ရောက်မှတော့ လုပ်သင့်တာတွေ ဘာတွေ စဉ်းစားမနေပါနဲ့တော့လေ၊ လုပ်ချင်တာပဲ စဉ်းစားပါတော့"

"မောင်မောင်"





"ဟုတ်ကဲ့. . . မသဲဖြူ"

"သူ့ရဲ့ စိုးရိမ်ဖွယ်အခြေနေမှာ ပြေ့ကို မြင်ရရင် သိပ်ဆိုးသွားမယ်ထင်တယ်နော်၊ ခု ပြေ စဉ်းစားနေတာ၊ ယောက်ယက်ခတ် လှုပ်ရှားနေတာတွေဟာ ပြေ့အတွက် တစ်ခုမှ မပါဝါဘူး မောင်မောင်ရယ်၊ သူ့အတွက်ပါ. . . ထွန်း အတွက်ပါ"

ပြေ မျက်ရည်ဝဲတော့ သဲမောင်မောင် ရင်နင့်ရပါပြီ။

"မသဲဖြူ"

"ပြောပါ မောင်မောင်"

"ကိုဝင်းထွန်းကို မသဲဖြူ သိပ်တွေ့ချင်နေတယ် မဟုတ်လားဟင်"

"ဟုတ်တယ်၊ တွေ့ချင်တယ်ကွယ်"

"ဒါဆို ဒီလိုလုပ်ကြရအောင်"

ပြေသည် မျှော်လင့်ခြင်းကြီးစွာ သဲမောင်မောင်ကို ကြည့်နေရှာသည်။

"ကျွန်တော်နဲ့ မသဲဖြူ အင်းစိန်ဆေးရုံကို သွားကြမယ်"

"ဟင်"

"ပြီးတော့ ကျွန်တော် အရင်ဝင်တွေ့မယ်၊ ပြောသင့်တာတွေ ပြောပြပေးမယ်၊ သူ့ဆန္ဒကို မေးမယ်၊ ပြီးရင် မသဲဖြူကို လာပြောမယ်၊ မသဲဖြူက ဆေးရုံရှေ့မှာပဲ စောင့်နေပါ။ ဟိုရောက်မှပဲ အခြေနေကြည့်ပြီး လုပ်ဆောင်ကြတာပေါ့နော် မသဲဖြူ"

ပြေ၏ ခေါင်းညိတ်ဟန်က အင်အားပြည့်လှသည်။

"ဒါဆို ခုချက်ချင်းပဲ သွားကြပါစို့၊ ပြဿနာတို့ ရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပဲ ကောင်းပါတယ်၊ မသဲဖြူ ပင်ပန်းလှပါပြီဗျာ"

အကြင်နာ မျက်ဝန်းဖြင့် စိုက်ကြည့်ပြီး သဲမောင်မောင် ဖျတ်လတ်စွာ ပြေ့နားမှ ထသွားတော့သည်။

"ဩော်. . . ကိုကြည်သန့်စင်ရဲ့ ညှော်သည်ဆိုလို့ ဘယ်သူများလဲလို့၊ မမပြေပါလား"

ဥမ္မာဦးက တအံ့တသြပုံစံနှင့် ပြေ့ကို ပြောလာသည်။ သူ့အသံ၏ သရုပ်ကို ခွဲမနေနိုင်အားတော့၊ ထင်ချင်ရာ ထင်ပါစေတော့၊ ဥမ္မာသည် သဲမောင်မောင်ကို အာရုံစိုက်လွှန်းနေသော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း၊ အရေးထဲမှာပင် အထဲ ခတ်မိပါသည်။

"လာ. . . မသဲဖြူ. . . သွားကြစို့၊ မသဲဖြူကိုယ်တိုင် မောင်းလာသလား၊ ဦးလေးအေး ပါလား"

"မပါဘူး ပြေပဲ မောင်းလာတာ"

"ဒါဆို သွားကြစို့နော်. . . ပြေ သိပ်စိတ်လှုပ်ရှားနေတယ်. . . စိတ်အေးအေးထားပြီး ဘေးကထိုင် ကျွန်တော် မောင်းပေးမယ်"

"ကျေးဇူးပဲ မောင်မောင်ရယ်"

ကားတံခါးကို ဖွင့်ပေးပြီးမှ သူက ကားကို ကွေ့ပတ်၍ စတီယာရင်နောက်မှာ ထိုင်ပြီး ခြံတွင်းမှ မောင်းကွေ့ထွက်လာခဲ့၏။

ဥမ္မာဦးက လည်ဆန့်ကြည့်နေသော်လည်း သဲမောင်မောင် သည်မူ လူတစ်ယောက် သူ့ကို စောင့်ကြည့်နေသည်ဟု ထင် ထင်ပုံမရ။ တစ်ချက်မှ ပြန်လှည့်မကြည့်. . .

သဲမောင်မောင်သည် ကားမောင်းရင်းမှ အခွင့်သာတိုင်း စောင်းငဲ့ လှည့်ကြည့်ရှုမှလွဲပြီး ပြေ စကားမပြော၍ သူလည်း ဘာမှမပြောရှာ၊ ဆေးရုံရှေ့သို့သာ ရောက်လာသည်။

"နေရိပ်ထဲမှာ ရပ်ခဲ့မယ်၊ ခဏစောင့်နေနော်၊ ကျွန်တော် အရင်သွားမေးပြီး ပြန်လာပြောပါ့မယ်"

သဲမောင်မောင် ဆေးရုံဝင်းထဲ ဝင်သွားပြီး စောင့်စားနေရ ချိန်လောက် တာရှည်သော ကာလမျိုး မရှိခဲ့ဖူးသေးဟု ထင်မိ သည်။

ကြာသင့်တာထက် ပိုကြာလေ. . . စိုးရိမ်စိတ် ပိုရလေပါ။

"ဟော. . . သူလာပြီ. . . ဘုရား. . . ဘုရား. . . တောင်းသတင်း ကြားရပါစေ"

ဆေးရုံ၏ ပြင်ပသို့ ခပ်ဖွဖွလေး ပြေးထွက်လာပြီး ကား တံခါးကို ဖွင့်ပေးလျက်. . .

"လာ. . . မသဲဖြူ ကြည့်လို့ရပါပြီ"

"ဟင်. . . ထွန်း. . . ထွန်း. . . ၊ ဘယ်လိုနေလဲ ဟင်"

"လာပါလေ. . . သွားကြည့်ကြရအောင်ပါ"

"အို. . . သူ. . . သူ. . . အသက်မှ ရှိသေးရဲ့လား မောင်မောင်ရယ်. . . ပြေ မတွေ့ရဲဘူး"

"မသဲဖြူ ဒီလောက်စိတ်မပူပါနဲ့ဗျာ၊ ကိုဝင်းထွန်း အသက် ရှင်လျက်ပါ၊ ကျွန်တော်တွေ့ခဲ့ပြီးပါပြီ၊ လာပါ မသဲဖြူ"







www.burmeseclassic.com

www.burmeseclassic.com



ပြေ၏လက်မောင်းကို ဆုပ်ကိုင်တွဲယူပြီး ခေါ်လာခဲ့သည်။ သူ့အတွဲ မပါလျှင် ယိုင်လဲတော့မတတ် သောကမီးရှိန်ဟပ်နေသော ပြေကလည်း သူ ဦးဆောင်ဆွဲခေါ်ရာသို့ လိုက်ခဲ့ရပါပြီ။ ဆေးရုံခန်းထဲရောက်တော့. . .

"ဘယ်မှာလဲထွန်း"

"အဲဒါပဲလေ မသဲဖြူ"

"အို. . ."

နှာခေါင်းမှ ပိုက်တန်းလန်းက အစာအိမ်ထဲမှ အရည်များစုတ်ထုတ်ရန်နှင့်. . .

အားဆေးများ သွင်းနေသည့်ပိုက်က လက်မှာတန်းလန်း။

ပြေပင် မမှတ်မိနိုင်လောက်အောင် ဖြစ်ရလေခြင်း ထွန်းရယ်။ အရိုးနှင့် အရေကြားတွင် အသားမှ ရှိပါသေးရဲ့လားဟု ထင်ရလောက်အောင် ပိန်လှီလွန်းနေသော ထွန်း. . ."

"မောင်မောင်. . . သူ. . . သူ"

"ကောင်းကောင်းသတိမရဘူးတဲ့"

"အို. . . ပြေ. . . ပြေ ဘာလုပ်ရမလဲ မောင်မောင်ရဲ့"

ပြေသည် မေ့မေ့လျော့လျော့ဖြင့် သဲမောင်မောင်၏ လက်မောင်းကို အားကိုးတကြီး ဖက်တွယ်ပြီး မျက်နှာကိုအပ်ဖိကပ်ကွယ်ဝှက်မိခြင်းသည် ထွန်းကို မကြည့်ရက်၊ မကြည့်ရဲ

"မသဲဖြူရယ်"

ပြေ၏ လှုပ်ရှား ချောက်ချားလွန်းသော ဟန်ပန်လေးကို မမြင်ရက်တော့။





"စိတ်ငြိမ်ငြိမ်ထားပါ မသဲဖြူ။ အခြေနေဟာ အဆုံးစွန်မရောက်သေးပါဘူးတဲ့၊ ဆရာဝန်နဲ့ ကျွန်တော် တွေ့ပြီးပါပြီ"

"ပြေသိပါပြီ. . . ပြေသိပါပြီ မောင်မောင်ရယ်"

"မဟုတ်သေးဘူး မသဲဖြူ။ မဟုတ်သေးပါဘူးကွယ်၊ ဒီမှာကြည့်ပါဦး၊ မောင်မောင့်ကို ကြည့်ပါဦး မသဲဖြူ"

မျက်ရည်တွေနှင့် မော့ကြည့်လာသော သူ၏မသဲဖြူကို အဆုံးစွန်သော အကြင်နာ မျက်ဝန်းများဖြင့် ကြည့်ရင်း. . .

"အခု သူ့ကို ခွဲစိတ်ကုသတော့မှာပါ၊ သက်ဆိုင်ရာဆရာဝန်တွေကို ဝင်တွေ့မယ်၊ တန်တော့မယ်ဗျာ၊ ပြီးရင် လိုအပ်တဲ့ဆေးတွေ ဝယ်ကြမယ်၊ အထူးသူနာပြုဆရာမ ငှားပေးကြမယ်လေနော်၊ ပြီးတော့ မသဲဖြူကိုယ်တိုင် ပြုစုခွင့်၊ အနားမှာနေခွင့်ရအောင် မောင်မောင်စီစဉ်ပေးပါမယ်"

"အင်း. . . အင်းနော်၊ ဆရာကြီး သက်ဦးလွင်ဆို ကူညီနိုင်မှာ"

"ကူညီနိုင်းမယ်၊ တဲ့. . . မျက်ရည်တွေ သုတ်ပစ်ပါ၊ ငိုပါနဲ့တော့နော် မသဲဖြူ၊ မသဲဖြူ ကိုယ်တိုင် အကောင်းဆုံးပြုစုပါ၊ ကျွန်တော် အစွမ်းကုန် ကူညီပါ့မယ်ဗျာ"

ပြေသည် နှုတ်ခမ်းလေးကို ဖိကိုက်ပြီး သဲမောင်မောင်ကို မော့ကြည့်လိုက်သည်။

အတုမဲ့ စေတနာရှင်၏ မဟာအကြင်နာမျက်နှာကို မြင်ရသည်။

"ပြေ ငိုမှာကြောက်လွန်းတဲ့ မောင်မောင်ရယ်၊ ပြေ မငိုမိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ကြိုးစားပါ့မယ်၊ ဒါပေမယ့်လေ. . . ပြေ ထွန်းတို့ ပြုစုပါရစေရှင်"

စိတ်မှပြောရင်း အားတင်းစိတ်နှင့် ထွန်း ခုတင်ဘက်သို့ ပြန်လှည့်ပြီး တစ်လှမ်းချင်း တိုးသွားသည်။

ဆေးရုံကြမ်းပြင်တွင် ဖြည်းဖြည်းချင်း ခြေဖျားထောက်၍ ထိုင်ချလိုက်ပြီး ဆေးမသွင်းသော လက်ကလေးကို အုပ်စမ်း လိုက်၏။ ပိန်လှီအေးစက်နေသော ထွန်း၏ လက်ကလေးတို့ အညင်သာဆုံး ဆုပ်ကိုင်ပြီး. . .

"ထွန်း"

အသိအာရုံ လုံးဝရှိပုံမရ၊ ဘာတုံ့ပြန်မှုမှ မပြု။

"ထွန်း. . . ထွန်းနားမှာ ပြေ ရှိနေပါပြီကွယ်"

သတိရှိသည့်တိုင် တိုးညင်းလွန်းသောကြောင့် ထွန်း ကြားနိုင်မည်မထင်။

နွမ်းပါးသော ဘဝတွင် ရောဂါက ဖိစီးထားသဖြင့် ထွန်း၏မျက်နှာမှာ ကြည့်ရက်စရာမရှိတော့။ ပိန်လှီနွမ်းဖျော့စွာ ငြိမ်သက်နေသည်။

နှုတ်ခမ်းလေးများချောက်ပြီး မျက်ဝန်းတို့ ချိုင့်ဝင်နေသော်. . . တချိန်က. . .

သည်နှုတ်ခမ်းမှ စကားသံ၊ သည်မျက်ဝန်းမှ အကြည့်များ ကို ရှိုက်မက် မြတ်နိုးလွန်းစွာ ခံယူခဲ့ဖူးသော ပြေပါ။

"ထွန်းကို ပြေ သိပ်စိတ်နာခဲ့မိပါတယ်ကွယ်. . .

"ဒါပေမယ့်. . . ထွန်းဟာ ပညာလိုချင်စိတ်နဲ့ ရုတ်တရက်





ဆုံးဖြတ်မိတာသာဖြစ်တယ်. . .

"နောက်ပိုင်း ပြေ့ရဲ့ ခံစားမှုတွေ သိရတော့. . . ဘဝ ဖျက်ပေးခဲ့တဲ့အထိ ပေးလျော်ခဲ့တဲ့ ထွန်းရယ်. . .

"ထွန်း. . . ပြေ့ကို ပေးဆပ်တဲ့ လျော်ကြေးတ များလွန်း လှချေလားကွယ်. . .

"ပြေ မျက်ရည်ကြွေခဲ့တယ်၊ အသည်းနှလုံးကြေခဲ့တယ်၊ ဘဝပျောက်ခဲ့ရပါတယ်. . .

"အဲဒါတွေနဲ့ တန်မျှရုံမကဘဲ ထွန်းရဲ့ တုံ့ပြန်မှုက ပိုလွန်း နေပါပြီကွယ်"

"ထွန်း. . . ထွန်းဆိုတဲ့ ပြေ့ရဲ့ ဝယ်ချစ်ဦးရေ. . .

"ပြေလေ. . . ထွန်းကျန်းမာလာဖို့အတွက် ငွေတွေရေလို သုံးမယ်၊ ထွန်းကိုယ်ခန္ဓာအတွက် လိုအပ်လာရင်. . . အသွေးကို လှူပါ့ ပြီးတော့. . . ပြေ့ရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခုကို ခွဲခြေ ပိုင်းဝေပေးရပါစေ၊ ပြေ ကြည်ဖြူပါ့မယ် ထွန်းရယ်. . .

"ဆယ်ကျော်သက်ဘဝက 'ပညာလိုချင်တဲ့စိတ်' တစ်ခု တည်းကြောင့် ထွန်း ရုတ်တရက် ဆုံးဖြတ်လိုက်တာက လွဲလို့ ပြေ့ပေါ်မှာ ထွန်းတာဝန်ကျေပါတယ်လေ. . .၊ နှစ်ပေါင်း များစွာ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားလာရှာတဲ့ ထွန်း ရယ်. . .

"ပြေလေ. . . ထွန်းကို သနားတယ်"

"ထွန်းကို သနားလိုက်တာကွယ်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



“လက်ဆောင်ပေးတာတွေ များနေပြီ မသဲဖြူ။ မလိုပါဘူး ဘာမှ မပေးလည်း ကုသပေးနေတာ မြင်တဲ့အတိုင်းပါ”

“ဆရာရယ်. . . လက်ဆောင်လည်း မဟုတ်ရပါဘူး ကျေးဇူးတင်လွန်းလို့ ကန်တော့တာပါ။ ဆရာ့မှုရယ် မဟုတ်ပါဘူး၊ အခန်းထဲက ဆရာမလေးတွေအတွက်ရော၊ ည ဂျူတီကျတဲ့ ဆရာဝန်တွေအတွက်ပါ စားစရာ သောက်စရာ ပို့နေတာပါ။ ကုသိုလ်ယူတာပါဆရာ၊ ဒီအတွက် ခွင့်လွှတ်ပါလို့ ကျွန်မတောင်းပန်ပါတယ်”

“မတောင်းပန်ရပါဘူး၊ ဆရာက အားနာလို့ပါ”

“အားမနာပါနဲ့ ဆရာ၊ ကျွန်မရဲ့ လူနာအခြေအနေ ကောင်းလာတာပဲ ဝမ်းသာလှပါပြီရှင်”

“လူနာတိုင်းကို ဆရာတို့က ကုပေးချင်တဲ့စေတနာ ရှိတယ်၊ ကုလည်း ပေးနေပါတယ်၊ ဒါပေမယ့် တစ်ပြည်လုံး အတိုင်းအတာနဲ့ဆိုတော့ တစ်ဦးတစ်ယောက်တည်းအတွက် ဆေးဝါးက ပြည့်စုံမှုမရှိနိုင်ဘူးပေါ့လေ”





“ကျွန်မ သဘောပေါက်ပါတယ် ဆရာ”

“ခုလို လူနာရှင်က လူနာ အားရှိမယ့် အစာတွေ၊ လူနာအတွက် ဆေးရုံမှာ ပြတ်လပ်နေတဲ့ ဆေးတွေကို ဝယ်ပေးနိုင်တော့ ဆရာတို့ရဲ့ ကုသမှုဟာ မြန်မြန်အောင်မြင်နိုင်တာပေါ့”

“ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားဟာ နည်းနေပါသေးတယ် ဆရာရယ်၊ တကယ့်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်တာပါ၊ ဒါဆိုရင် ဘယ်တော့လောက် ရွှေ့လို့ရမလဲ ဆရာ”

“လာမယ့် တနင်္လာနေ့မှာ ပို့ပေးဖို့ စီစဉ်ထားပါပြီ”

“ဟုတ်ကဲ့ပါဆရာ”

“ရန်ကုန်ထဲကနေ ဒီအင်းစိန်ဆေးရုံကို တစ်နေ့နှစ်ခေါက်လာရတဲ့ ဒုက္ခကလည်း မသေးဘူးဆိုတာ ဆရာနားလည်ပါတယ်၊ ရန်ကုန်ဆေးရုံကြီးမှာ ခွဲစိတ်မယ်ဆိုတာလည်း ကောင်းပါတယ်၊ ကျွန်တော်အားလုံး စာရေးပေး စီစဉ်ပေးလိုက်မှာပါ”

သက်ဆိုင်ရာ ဆရာဝန်ကြီးကို ကျေးဇူးတင်လွန်စွာဖြင့် နှုတ်ဆက်ပြီး ပြေသည် ထွန်းရှိရာ. . . ဆေးရုံဝဒ်ထဲသို့ သွက်သက်သော ခြေလှမ်းများဖြင့် လှမ်းဝင်လာသည်။

အထူးသူနာပြု ဆရာမလေးက ပြေ့ကို ချစ်ခင်စွာ ပြုံးပြပြီး ထွန်းနား၌မှ ရှောင်ဖယ်ပေးလေ၏။

“ထွန်း. . .”

ခုတင်ပေါ်၌ နွမ်းခွေစွာ တစောင်းလှဲနေသော ထွန်း၏ မျက်နှာစာဘက်သို့ သွားပြီး တိုးညင်စွာ ခေါ်လိုက်တော့ မျက်တောင် ပွင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထွန်း နေသာတယ်နော်"

ထွန်းသည် ပြေ့ကို ငေးငေးမောမော ကြည့်နေသည်။

သူ့မျက်ဝန်းမှာ ဘာအင်အားမှမရှိ၊ အရာအားလုံးသည် ဆုံးရှုံးခြင်းအရပ်မှာ တည်ဆဲလို ထွန်းမျက်ဝန်းက ညှိုးမှိန်လွန်းလှချေသည်။

"ကြက်ပေါင်းရေ သောက်တယ် မဟုတ်လား ထွန်း ပြေကိုယ်တိုင် ပရက်ရှာကွတ်ကာနဲ့ ပေါင်းပေးလိုက်တာ. . ."

ညှိုးနေသော မျက်ဝန်းမှာ မျက်ရည်တို့ လျှံပြည့်လာသည်။ ပြေသည် သူ့ အားရှိပါစေရန် အတတ်နိုင်ဆုံး အပြုံးများကိုသာ ဆင်မြန်းထားရပါ၏။

ထွန်းရှေ့မှ ပြေသည် စိုပြည်ခြင်း၊ ရင့်ကျက်ခြင်းများဖြင့် ကျက်သရေရှိစွာ လှပနေသည်။ ငယ်စဉ်ကထက်ပင် ပို၍ လှနေသော ပြေ့ကို စိုက်ကြည့်နေသော ထွန်း၏ မျက်ဝန်းမှ မျက်ရည်တို့ စီးသွယ်ကျဆင်းလာတော့သည်။

"ထွန်းကလည်းကွယ်. . . ဘာလို့ ငိုရတာလဲ၊ ပြေ ထွန်းကို ပြုစုခွင့်ရနေပြီပဲလို့. . ."

"ပြေ. . ."

"ဟင်. . . ဘာလဲထွန်း၊ ပြောလေ"

သူက မျက်ရည်ကိုထိန်း၍ ခေါင်းကို ယမ်းခါရင်းက. . .

"ဒီနေရာနဲ့ ပြေနဲ့ မထိုက်တန်ပါဘူးကွယ်"

"ဟာ. . . ထွန်းကလည်း၊ ဘာတွေ ပြောနေတာလဲ ဒါဆေးရုံပဲဟာ"





"မဟုတ်ပါဘူး၊ ထွန်း နားမှာ ရှိနေဖို့ မထိုက်တန်ဘူးလို့ ပြောတာပါ"

"ဘာဖြစ်လို့ ဒါပဲ ထပ်ပြောနေရတာလဲ၊ ထွန်း သိပ်အားနည်းနေတယ်ကွယ်၊ စကားမပြောပါနဲ့လား"

"ပြေ. . ."

"ဘာလဲ. . . ထွန်း"

"ပြောပါရစေ. . . ပြေရယ်"

"ကဲ. . . ဒါဆို တိုးတိုးလေးပြော"

ပြေက ပြုံးပြီး ထွန်းခုတင်ဘေးမှာ ကပ်ထိုင်၍ ငုံ့ကြည့်နေမိသည်။

"ဒီလောက် သစ္စာမဲ့တဲ့၊ ဒီလောက် မိုက်မဲခဲ့တဲ့ကောင်ဟာ ပြေ့မေတ္တာနဲ့ မထိုက်တန်တော့ပါဘူးကွယ်"

"တော်ပါတော့ ထွန်းရယ်. . . တော်ပါတော့"

"ပြောပါရစေ ပြေရယ်၊ ထွန်း ပြောပါရစေ၊ အခု ပြေ ကူလို့ ထွန်း ထူထူထောင်ထောင် ဖြစ်နေပါပြီ၊ ဒါကြောင့် ပြေရဲ့ ကျေးဇူးကို ရပ်လိုက်ပါတော့၊ ပြေထွန်းဆီ မလာပါနဲ့တော့"

ထွန်းသည် သူ့မျက်ရည်ကို ပြေမြင်မှာစိုးရိမ်သည်။ သူ ပြေ့ရှေ့မှာ တကယ်ပင် မျက်ရည်မကျချင်. . .

"ထွန်းနားက ပြေ သွားပါတော့ကွယ်"

ထွန်းသည် ပြေနှင့် ဆန့်ကျင်ဘက် အရပ်သို့ မျက်နှာကို လှည့်လိုက်ပြီး. . .

"အခုချိန်မှာ ထွန်းအတွက် အလိုချင်ဆုံးဆန္ဒ တစ်ခုပဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ထွန်း သေချင်တယ်၊ ထွန်းလို အကုသိုလ်ကောင်တာ လူ့ပြည်မှာ အသက်မရှည်သင့်ဘူး၊ သေသင့်ပြီ၊ သေသင့်တာ ကြာလှပြီ"

ပြေသည် ထွန်း၏ ပခုံးစွန်းကိုကိုင်ပြီး နှစ်သိမ့်ဟန်ပြု သည်။

"ပြေ"

"ဟင်. . ."

"ထွန်းနားမှာ မနေပါနဲ့၊ ပြေသွားပါ၊ ပြေသွားပါတော့ ကွယ်"

"ဩော်. . . နှင်လှချေလား ထွန်းရယ်"

သိမ့်သိမ့်ရှိုက်နေသော ထွန်း၏ ကျောပြင်မှာ လက်တင် ပြီး. . .

"အရင်တုန်းကသာ ထွန်းနှင်လို့ ပြေ ပြေးခဲ့ရတာ၊ ခုတော့ ထွန်းနှင်ပေမယ့်လည်း ပြေ မသွားနိုင်တော့ဘူး ထွန်း၊ အခု ထွန်း ထူထူထောင်ထောင် ဖြစ်တယ်ဆိုတာဟာ ကုသခံနိုင်ဖို့ အဆင့် ရှိသေးတယ်၊ မကုသရသေးဘူး၊ ထွန်းကို ရန်ကုန်ဆေးရုံကြီးမှာ ခွဲစိတ်ရဦးမှာ၊ အဲဒါတွေ အားလုံး လုပ်ပေးမယ်။ ထွန်း ကျန်းမာ လာတဲ့အထိ ပြေ ပြုစုမယ်။ အဲဒီနောက်မှာတော့ ထွန်းအနားမှာ မရှိစေချင်တဲ့ပြေဟာ ထွန်းအနား မရှိစေရပါဘူး၊ ထွန်း စိတ်ချ"

ပြေ၏ ရှည်ရှည်လျားလျား စကားများသည် အား ကျောကျော မဟုတ်သော်လည်း နူးညံ့ပျော့ပျောင်း မနေ သင်ခန်းစာတစ်ခုကို ပြတ်ပြတ်သားသား တင်ပြနေသော





ကျောင်းဆရာမတစ်ယောက်လို တည်ငြိမ်နေသည်။

ထွန်းက ပြေ့ကို လှည့်ကြည့်လာသည်။ ထွန်း ဘာစကား မှ မပြော၍ ပြေလည်း ဘာမှမပြော။

အလုပ်များစွာလုပ်ပြီး မောမောနှင့် ပြေးလာခဲ့ရပါလျက် နှင့် ထွန်း၏စကားသံများကြောင့် ပြေ့ရင်၌ မြက်သွားမိသည်။

အကြွင်နာမျက်ဝန်းမှာ ရင့်ကျက်ခြင်းများ ရောယှက် လျက် ပြေသည် ငြိမ်သက်စွာပင် စိုက်ကြည့်နေလိုက်သည်။

"ထွန်းကို စိတ်မဆိုးပါနဲ့ ပြေရယ်၊ ပြေသာ ပြန်ပါတော့လို့ ထွန်း တောင်းပန်ပါတယ်၊ ပြေ ပြန်ပါတော့"

"ကောင်းပြီလေထွန်း၊ လိုအပ်တဲ့ ဆေးဝါးတွေ အစား အစာတွေတော့ ကုသမှု ပြီးဆုံးတဲ့အထိ တာဝန်ယူပါရစေ၊ ပြေ့ကို မလိုလားပေမယ့် ပြေ့စေတနာကိုတော့ ထွန်းလက်ခံပါ၊ ပြေသွားပါ့မယ်ထွန်း"

အတွေ့ကြုံများစွာကြောင့် ပြတ်သားခြင်းများနှင့် ရင့်ကျက်နေသော်လည်း ထွန်းကို တျှာခိုင်းထွက်ခွာလာရချိန် မှာတော့ ရင်မှာ နာကျင်ပင်ပန်းလှပါဘိ။

ဘဝအဆက်ဆက်က ထွန်းအတွက် ဝဋ်ကြွေးဆပ်စရာ ရှိလာသည်ထင်ပါ၏။

ပြေသည် ထွန်းအခန်းမှထွက်ပြီး ကားရပ်ထားရာသို့ လျှောက်လျှောက် ထွက်လာသည်။ ဆေးရုံမှာ ကြာကြာနေစည် မှ ရည်ရွယ်စိတ်ဖြင့် ဒရိုင်ဘာ ဦးအေးကိုပင် ပြန်သွားခိုင်းပြီး ကိုယ်တိုင် ကားမောင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြေသည် ကားပေါ်တက်ပြီး လေးလံသော ဝေဒနာ တစ်ရပ် ရင်မှာ သယ်ပိုးထားရသလို ခံစားရင်း ကားကိုအဖြေ ဖြည်းဖြည်းချင်း မောင်း၍ထွက်ခဲ့သည်။

မြို့ထဲမှ မင်္ဂလာဇင်းတိုက်သို့ ခဏဝင်လိုက်သေးသည် ငယ်စဉ်ကလို ခံစားမှုတွေ ရင်မှာပွေ့ပြီး အိပ်ရာထဲ ခွေမနေအား တော့။ စိတ်ဒ ဝေဒနာကတစ်ပိုင်း၊ စွမ်းဆောင်ဖွယ် ကိစ္စများ လုပ်ဆောင်ရမည့် တာဝန်က တစ်ပိုင်းပါ။

ပြေ အိမ်ကိုပြန်ရောက်တော့ တူမလေး ဆောင်းနှင်းဆေ က. . .

"မေမေ. . . ဆေးရုံက ဖုန်းဆက်တယ်၊ နှစ်ခါတော ရှိပြီ၊ မေမေ ရောက်ရောက်ချင်း ပြန်ဆက်ပါတဲ့၊ ဆရာ နော်ထူးထူးတဲ့"

အထူးသူနာပြုဆရာမလေး။

"ဘာများဖြစ်လို့ပါလိမ့်"

ဟု စိုးရိမ်ပူပန်စိတ်နှင့်အတူ ရှိနေဆဲ

"မေမေ. . . စောစောက ဆရာမလေးပဲ၊ အရေးကြီး ခဏ စကားပြောပါရစေတဲ့"

"အေး. . . အေး၊ အပြင်က ဖုန်းချလိုက်တော့ သမီး"

တယ်လီဖုန်း နှစ်လုံးတပ်ဆင်ထားသဖြင့် ပြေက သူ့ခုတင် ဘေးမှာတင်ထားသော ဖုန်းကို ကောက်ကိုင်လိုက်ပြီး. . .

"ထူးထူး. . . မမပြေပါ၊ ဘာဖြစ်လို့လဲ"

"ဟာ. . . မမ"





"ထွန်း ဘာဖြစ်လို့လဲ"

"ခုတော့ သတိပြန်ရပါပြီ၊ မမတို့ သိပ်တွေ့ချင်နေတယ် မမ"

"ဟင်. . . သတိပြန်ရပြီဆိုတော့ သတိမေ့သွားလို့လား"

"ဟုတ်ပါတယ် မမ၊ မမရဲ့နောက်ကို လိုက်တာပါ၊ မမ ကားပေါ်တက်ပြီး ထွက်သွားတော့ သူ ဆေးရုံထဲက အထင်း ပြေးထွက်လိုက်တာပါ"

"အို"

"အဲဒါ ဆေးရုံပြင်လည်းရောက်ရော တအားဝစ်လဲပြီး သတိလစ်သွားတာပါပဲ မမ"

"ဟာ. . . ခုရော. . . ခုရော၊ ဘယ်လိုနေလဲ၊ ဆရာ လာကြည့်ရဲ့လား"

"လာပါတယ် မမ၊ ဆေးလည်း ထိုးပေးပြီးပါပြီ၊ မမတို့ တွေ့ပါရစေလို့ပဲ ထပ်ခါထပ်ခါ ပြောနေပါတယ်"

"အိုကွယ်"

"အဲဒါ မမပြေ မလာရင်တော့ အစ်ကိုဝင်းထွန်းရဲ့ အခြေနေဟာ စိုးရိမ်စရာဖြစ်မယ် ထင်ပါတယ်၊ သူ့ကြည့်ရတာ တစ်ခုခုလုပ်တော့မလိုပဲ၊ အဲဒါ. . ."

"ကောင်းပြီ ထူးထူး၊ ခုပဲ လာခဲ့မယ်၊ ထွန်းကိုလည်း ပြောထားနှင့်ပါ၊ မမပြေ လာနေပါပြီလို့"

ပြေသည် ကားကို လေအလျင်နှုန်းနှင့်အမြိုင် မောင်း၍ လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရှေ့မှာ ကားကို ဖြစ်သလိုရပ်ထားခဲ့ပြီး ထွန်းရှိရာသို့ အပြေးလာခဲ့မိပါ၏။

သတင်းရပြီး၍ စောင့်မျှော်နေရှာသော ထွန်းသည်. . .

"ပြေ. . . ပြေရယ်"

"အို. . . ထွန်း"

ဆေးရုံပေါ်မှာ ဆိုသည်ကို သူ မေ့လျော့သွားပြီ ထင်သည်။ ပြေ့ခါးကို တအားကြုံးဖက်ပြီး ပြေ့ရင်ခွင်မှာ မျက်နှာအပ်လျက် ထွန်း ငိုရှိုက်လေပြီ။

ထွန်း ငိုနေပုံက မိခင်ပျောက်ရာမှ ပြန်တွေ့ရသော ကလေးငယ်တစ်ယောက်လို အားကိုးတကြီး ဖက်တွယ်ရင်း ဝမ်းပမ်းတနည်းဖြင့် ငိုနေရှာသည်။

"ဟာကွာ. . .၊ ကလေးကျနေတာပဲ ငိုပုံကလည်း။ ကဲ. . . လွှတ်စမ်းပါဦး"

သူ့လက်ကို ဖြေဖယ်လိုက်ပြီး ခုတင်ပေါ်မှာ ယှဉ်ထိုင်လိုက်ရသည်။ တခြားလူနာများကိုလည်း ကျော်ခိုင်းပြီးသားဖြစ်အောင်ပါ။

"ပြေ"

"ဟင်"

"ထွန်းလေ ပြေ့ကို ချစ်လွန်းလို့ပါ၊ ထွန်းလိုကောင်နဲ့ မတန်လွန်းဘူးဆိုပြီး ထွန်းကိုယ်ထွန်း သူရဲကောင်းကြီး လုပ်မိတာပါ ပြေရယ်"





"တကယ်တမ်း ပြေ ထွက်သွားတော့၊ အို. . . ထွန်းသော စိတ်ထဲမှာ ရူးသွပ်သွားသလိုပါပဲဗျာ၊ ပြေ့နောက်ကို ပြေးလိုက်ရာက မဟန်နိုင်တော့ဘဲ လဲကျ. . ."

"ထူးထူးပြောလို့ ပြေသိပြီးပါပြီ၊ တော်ပါတော့ ထွန်း မောနေ ပါပြီ"

"ပြေ"

"ထွန်း"

"ထွန်းကို ခွဲမသွားပါနဲ့တော့ ပြေရယ်"

ပြေ၏ လက်ကိုဆွဲယူ၍ သူ့နဖူးမှာ ကပ်ပြီး ငိုချလိုက်ပြီး. . .

"ထွန်းကို ခွဲမသွားပါနဲ့တော့နော်၊ ဒီတစ်ခါ ပြေ့ကို ထပ်ပြီး ဆုံးရှုံးရရင် ထွန်းသေမှာပါ"

"ကဲပါ ထွန်းရယ်"

"ပြေ"

ပြေ့မျက်နှာလေးကို တမ်းတမ်းတတ မော့ကြည့်လာပြီး. . .

"ထွန်း. . . ပြေ့ကို စွန့်ခွာသွားစဉ်က ပြေ ဘယ်လောက် ခံစားရမယ်ဆိုတာ ထွန်း သိပါပြီပြေ၊ ထွန်း စာနာတတ်ပါပြီ တကယ်တော့ ပြေ့ဘဝကို ဖျက်ခဲ့တာ ထွန်းပါ"

"ထွန်း"

"ပြေ"

"ပြေ့ဘဝကို ထွန်း ချေဖျက်ခဲ့တယ်ဆိုပေမယ့် ထွန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အခြေတကျဖြစ်နေရသူက မြေပါ၊ တကယ်တမ်း ဘဝဖျက်ရ သူက ထွန်းပါ"

"ဘာပဲဖြစ်ဖြစ် နှစ်ပေါင်းများစွာ ဒဏ်ရာအသီးသီးနဲ့ ရှင်သန်ခဲ့ရတဲ့ ထွန်းတို့ အချစ်ဆုံးနှစ်ယောက်ရဲ့ ဒုက္ခလမ်းတွေ ပြီးဆုံးပြီလို့ ခံယူပါရစေတော့၊ မြေ့နားမှာ ဘယ်လိုပုံစံနဲ့ပဲ နေရ နေရ ထွန်းနေပါ့မယ်"

"မြေ့ရင်ထဲမှာ ဟိုးအရင်နှစ်များစွာကအတိုင်းပါပဲ၊ မြေ့အတွက် ဘဝဖျက်ပေးခဲ့ပြီး အခုလို ထွန်း ဒုက္ခတွေ ရောက်နေရရှာတာကို မြေ သနားနေမိတာပါ"

"ဒါဆို ထွန်းနေကောင်းရင် မြေ စွန့်ပစ်မှာမဟုတ်ပါဘူးနော်"

"သွားပါ၊ သူပဲ နှင်ပြီးတော့"

တစ်ကြိမ်တစ်ခါမှ မမြင်ရဖူးသေးသော အပြုံးကို ထွန်း၏ မျက်နှာမှာ ပြန်လည်တွေ့ရှိရသည်။

"ထွန်းတို့ ငယ်ငယ်က တောင်ကွဲစေတီမှာ ဆုတောင်းခဲ့တာ ပြည့်ပါတယ် မြေရယ်၊ ထွန်းလေ မြေ့ကို တစ်သက်လုံး ချစ်နေပါရစေဆိုတဲ့အတိုင်း တစ်သက်လုံးပဲ ချစ်နေမြဲ ချစ်နေဆဲပါ"

"ကွက်လပ်တော့ ရှိဦးမှာပါ၊ ဒေဝီနဲ့ လက်ထပ်စကာလ"

"တော်ပါတော့ မြေရယ်၊ ဒီနာမည်ကို မကြားပါရစေနဲ့တော့. . . ထွန်း ကျိန်ပါ့မယ်၊ ခုချိန်ထိ "ချစ်တယ်"ဆိုတဲ့ စကားကို မြေကလွဲပြီး ဘယ်မိန်းမကိုမှ ထွန်း မပြောဖူးခဲ့ပါဘူး မြေ"





မြေသည် အကြင်နာတွေနှင့် ရွှန်းဝေနေသော အကြည့်ဖြင့် ထွန်းကိုကြည့်ပြီး သူ့ပခုံးနှစ်ဘက်ကို ကိုင်၍. . .

"ကဲ. . . ထွန်း လှဲတော့. . . အနားယူတော့၊ ထွန်း ပင်ပန်းလှပါပြီကွယ်"

ထွေးပွေ့တော့မတတ် ညင်သာစွာကိုင်၍ ထွန်းကို မြေက အိပ်ရာပေါ်မှာ လှဲစေသည်။

"ထွန်း နေကောင်းရင်လေ သိပ်အလုပ်များပါတယ်ဆိုတဲ့ မြေ့ကို အားလုံး ဝိုင်းကူပေးမယ်နော်. . . မြေ. . . နော်. . ."

"အင်းပါ. . . ထွန်းဟာ သိပ်တော်တဲ့၊ သိပ်အရည်အချင်းရှိတဲ့သူဆိုတာ မြေ အသိဆုံးပါ၊ မြေ့ကို ထွန်း ရှေ့ဆောင်ကူညီနိုင်မှာပါကွယ်. . ."

"ပြီးတော့လေ. . . မြေ ငယ်ငယ်က တင်စားခဲ့ဖူးတာ မှတ်မိလား"

"ဘာကိုလဲ"

"ထွန်းနဲ့ မြေတို့ နှစ်ယောက်ဟာ ဂန္ထဝင်တွင်မယ့် အချစ်ရှင်တွေ ဖြစ်ရစေမယ်၊ ဒါကြောင့် ထွန်းတို့ မြေတို့ရဲ့ အချစ်နဲ့ မေတ္တာကို "ကိန္နရီအချစ် ကိန္နရာမေတ္တာ"လို့ မြေ ပြောခဲ့တာလေ"

"ဘယ်မေ့ပါ့မလဲ ထွန်းရယ်"

"အဲဒီ ဒဏ္ဍာရီဆန်တဲ့ ဖွဲ့ဆိုမှုအတိုင်း ထွန်းလည်း အနှစ်ခုနစ်ရာ မပိုနိုင်ပေမယ့် မြေ့ရင်ခွင်မှာ ခုနစ်ညလောက်တော့ ပိုင်စိုးပါရစေ အချစ်ရယ်"

"ထွန်းရယ်ကွယ်. . . ပြေလည်း ထွန်းလိုပဲပေါ့"

ထွန်း၏ ပြန်လည် ပြည့်ဖြိုးစ မျက်နှာကိုကြည့်ပြီး ပြေ့လက်ဝါးနုဖြင့် ထွန်း၏နဖူးလေးကို အုပ်ကိုင်၍ အညင်သာဆုံးသော လေသံနှင့် ပြောမိသည်။

ထွန်းက သူ့မွေ့ရာအောက်ကို လှန်နေ၍ ပြေပါ ဝိုင်းပြီး ဆွဲယူပေးတော့ စက္ကူညိုနှင့် စာအိတ်ကြီးတစ်အိတ်။

"ဘာတွေလဲ ထွန်း"

"ပြေ ပေးခဲ့တဲ့ လွယ်အိတ်နဲ့ ပြေ့ရဲ့ စာတချို့ပါ"

"အို. . . ဒါတွေ ဆေးရုံသယ်လာတယ်လား"

"ထွန်းကိုယ်ထွန်း သေမယ်ထင်လို့ အဖေ့ကိုမှာပြီး ယူထားတာ"

"ဟင်"

"ပြေ့ရဲ့ အငွေ့အသက်ကလေးတွေ အနားမှာ ရှိနေတယ်လို့ ထွန်း ခံယူရင်း သေသွားချင်လို့ပါ"

ထွန်းသည် သူ့အိတ်ထဲမှ စာများကို နှိုက်ပြီး စာရွက်ငယ်လေးတစ်ရွက်ကို ထုတ်၍ ပြေ့ကို ပြသည်။

"ဒါ. . . ဒီဆေးရုံ ရောက်ပြီးမှ ထွန်း အလွတ်ရနေတဲ့ 'ဝန်ကြီးပဒေသရာဇာ'ရဲ့ 'သူဇာပျို့'ထဲက စာပိုဒ်ကလေးတစ်ပိုဒ်ကို ရေးထားတာ၊ ပြေ ဖတ်ကြည့်နော်"

ထွန်း ကမ်းပေးသော စာရွက်ငယ်လေးကို လှမ်းယူ၍ ပြေ ဖတ်ကြည့်တော့. . .





စုံဖက်တော်မူ၊ အတူတကွ

ပေါင်းနေရသော်၊ နေကြစိတ်ရှိ

အမိတခါ၊ ပြန်ပေါ်လာသို့

မေတ္တာခွေရစ်၊ ရှိသေချစ်၏။

စာဖတ်ပြီး ထွန်းကို ကြည့်လိုက်တော့။ အရာခပ်သိမ်းအတွက် အားငယ်စိုးရွံ့စွာဖြင့် ပြေ့ကို အားကိုးတကြီး ကြည့်နေရှာသော ထွန်းရယ်လေ. . .

စကားသံနှင့်မဟုတ်ဘဲ. . . သူကြည့်နေသော မျက်ဝန်းမှ တစ်ဆင့် သူ့ရင်တွင်းစကားများကို ပြောကြားနေရသည်။

"ပြေရယ်. . . ထွန်း စိတ်ထဲမှာ ပြေနဲ့ခုလို ပြန်ပြီး ဆုံခွင့်ရတာကို တကယ်ပဲ မိခင်တစ်ခါ ပြန်ပေါ်လာသလို ခံစားရပါတယ်၊ ဒါကြောင့် ငယ်ဘဝလေးအတိုင်းလည်း မပြောင်းမလဲ ချစ်တယ်၊ အားကိုးဖွယ် မိခင်တစ်ဦးလိုလည်း ရှိသေစွာ ချစ်မိတယ်၊ ပြေဟာ ထွန်းအတွက် ကြင်နာရာ၊ မြတ်နိုးရာ၊ အားကိုးရာ အကောင်းဆုံး မိန်းမမြတ်၊ နှလုံးသားနဲ့ထပ်တူ ချစ်ရပါတဲ့ အချစ်ဦး"

ပြေကလည်း မျက်ဝန်းမှတစ်ဆင့်ပင်

"ပြေ ယုံပါတယ် ထွန်း၊ ပြေ့ ရင်ထဲမှာလည်း ထွန်းကို ထင်မှတ်မှားနေတဲ့ နာကျည်းခြင်းအလွှာကို ခွာလိုက်တော့ ဟိုးအရင်တုန်းကအတိုင်း ထွန်းကို ပြေ့ရင်ထဲမှာ ထည့်ထားချင်လောက်အောင် ချစ်နေဆဲပါပဲကွယ်"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ကဲပါလေ၊ နှစ်ပေါင်းများစွာ ရင်ပန်းလာခဲ့ကြရတဲ့ မြေတို့နှစ်ယောက်ရဲ့ ရှေ့မှာ အကြွင်နာလမ်းလေး ဖြူးလို့ပါထွန်း"

"မြေ"

"ရှင်. . . ထွန်း"

"မြေ. . . မြေ"

"အို. . . ဘာလို့ ဒီလောက်ခေါ်နေတာလဲ"

"ခေါ်လို့လည်း မဝဘူး၊ ကြည့်လို့လည်း မဝဘူး၊ ချစ်လို့လည်း ဘယ်သောအခါမှ တင်းတိမ်နိုင်မှာ မဟုတ်ပါဘူးဗျာ"

"မြေ"

"ခေါ်ပြန်ပြီ"

"စောစောကလို ပျောက်သွားမှာ ကြောက်လွန်းလို့ ခေါ်နေပါရစေ၊ ကြည့်နေပါရစေနော်. . . မြေ နော်"

"ထွန်းနော်၊ လူက ကောင်းသေးတာ မဟုတ်ဘူး၊ သိပ်လည်း အဖြစ်သဲမနေနဲ့ဦး"

မြေကိုယ်တိုင် ပွဲ့ထူပြီး တိုက်ကျွေးသော ဟောလစ်တစ်ခွက်သည် ထွန်းအတွက် အာဟာရ ပြည့်လျှမ်းစွာ ချိုမြိန်လှချေသည်။

"ဪ. . . အမိတစ်ခါ၊ ပြန်ပေါ်လာသို့၊ မေတ္တာခွေရစ်ရှိသေချစ်ရပါလား မြေရယ်"

◆ ◆ ◆





"ဟင်. . . မောင်မောင်၊ အစောကြီးပါလား"

"မသဲဖြူ ဘုရားရှိခိုးနေလို့ ငြိမ်ငြိမ်လေးထိုင်စောင့်နေတာပါ"

"ဪ. . . မောင်မောင်လည်း မြေ့အတွက် ဒုက္ခတွေရောက်လှပါပြီလေ၊ မြေတစ်ယောက်တည်းလည်း သွားလို့ရနေပြီပဲ၊ မောင်မောင် ဒုက္ခခံပြီး မလိုက်ပါနဲ့တော့လား"

"ဒုက္ခလို့ ယူဆရင် ကျွန်တော်ဒီလောက် ဒုက္ခမခံပါဘူး မသဲဖြူ၊ နောက်တစ်ခု မေးချင်ပါသေးတယ်"

"မေးပါ မောင်မောင်"

"ကျွန်တော် ဖယ်ပေးရတော့မှာလား"

"ဟင်"

"ကျွန်တော် ခုလိုလိုက်နေတာ မကြိုက်လို့လား"

"ဟာ. . . မောင်မောင်တလည်း"



www.burmeseclassic.com

www.burmeseclassic.com



"တကယ် မေးတာပါ မသဲဖြူ မလိုအပ်ဘူးဆိုရင်လည်း ကျွန်တော်နေခဲ့ပါရစေတော့"

"ပြေ့ကို အထင်မလွဲပါနဲ့ မောင်မောင်ရယ်"

"ကျွန်တော့်ကို အထင်လွဲမှာစိုးလို့ပါ"

"မဟုတ်တာ၊ အထင်မလွဲပါဘူး"

"တကယ်တော့ ကျွန်တော်မလိုက်သင့်တော့ပါဘူးလေ ဒါပေမယ့် မသဲဖြူကို စိတ်မချနိုင်လွန်းလို့ပါ"

"ပြေ နားလည်ပါတယ် မောင်မောင်"

"ဆက်ပြီး နားလည်ပေးပါ မသဲဖြူ"

"ဘာကိုလဲဟင်. . . မောင်မောင်"

"ကျွန်တော် မသဲဖြူကိုချစ်တယ်၊ သိပ်ချစ်တယ်၊ ဘာနဲ့မှ နှိုင်းပြစရာ မရှိအောင် ချစ်တယ် မသဲဖြူ ဒါပေမယ့် ကိုဝင်းထွန်း တစ်စုံတစ်ခု ဖြစ်သွားပြီးတဲ့နောက် ဆိုတဲ့ မျှော်လင့်ချက်နဲ့ ကျွန်တော်လိုက်နေတာ မဟုတ်ပါဘူး၊ ကိုဝင်းထွန်းအတွက် မသဲဖြူ လှုပ်ရှားစွမ်းဆောင်ချင်သမျှ စွမ်းဆောင်နိုင်ပါစေဆိုတဲ့ တကယ့်စေတနာစစ်စစ်ကြောင့် ခုလို အဖြည့်ခံဘဝနဲ့ နောက်က လိုက်နေတာပါ"

"ဟယ်. . . မောင်မောင်ကလည်း"

သဲမောင်မောင်၏ မျက်နှာမှာ အရှက်နှင့်. . .

မျက်ဝန်းမှာ နာကျင်မှုမျက်ရည်စနှင့်. . .

"ကျွန်တော့်ရဲ့ အဖြူရောင်စေတနာဟာ ဘယ်မှာဆုံး သလဲဆိုရင်လေ. . . မသဲဖြူ"





"ဟင်"

"ကိုဝင်းထွန်းနဲ့ ကျွန်တော် လဲပေးလိုက်ချင်တယ် သိလား မသဲဖြူ"

"အို. . . မောင်မောင်ရယ်"

"တကယ် လဲပေးနိုင်ပါတယ်၊ ဒါမှ မသဲဖြူ စိတ်ချမ်းသာမှာ မဟုတ်လား၊ ကျွန်တော်က မသဲဖြူ စိတ်ချမ်းသာနေတာကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ကြည့်ချင်နေတဲ့ကောင်ပါ၊ ကျွန်တော့် ရင်ထဲက မေတ္တာတရားနဲ့ စေတနာကို မသဲဖြူ နားလည်နိုင်ပါစေ သားဗျာ၊ ကျွန်တော်သွားတော့မယ်"

"အို. . . မောင်မောင်. . . မောင်မောင် နေဦးလေ"

တားမရတော့။

သူ ကားကို မောင်းထွက်သွားလေပြီ။

"မောင်မောင် ဒုက္ခခံပြီး မလိုက်ပါနဲ့တော့လား"

ဆိုသော စကားအတွက် သူ စိတ်ဆိုးသွားလေပြီ. . .

"မောင်မောင်ရယ်၊ မောင်မောင် ထင်သလို ပြေက ဆင်တာ မဟုတ်ရပါဘူး၊ တကယ်ကို ဒုက္ခတွေများလွန်းလို့ အားနာပြီး ပြောမိတာပါ"

ယနေ့ အပူပန်ရဆုံးနေ့။

အစိုးရိမ်ရဆုံးနေ့တွင်မှ. . .

အရင်းနီးဆုံး၊ အခင်မင်ရဆုံး၊ အားကိုးရဆုံး မောင်မောင် က ပြေ အထင်လွဲနေသည်ဟု သူက အထင်လွဲသွားခြင်းပါ။

တကယ်တော့ သူ့ကို ပြေ အထင်မလွဲပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ အတုမဲ့စေတနာကို အားနာစိတ်နှင့် ပြောမိပြောရာ ပြောမိလိုက်ခြင်းသာပါ။

ပြေသည် ယနေ့မနက် အစောကြီးထပြီး ထွန်းအတွက် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးများ ပူဇော်ရင်း ဆုတောင်းပေးနေမိသည်။

ယနေ့ ရန်ကုန်ဆေးရုံကြီးတွင် ထွန်းကို ခွဲစိတ်ကုသမည့်နေ့။

ဤနေ့တွင်မှ မောင်မောင်နှင့် ပြဿနာတက်ရသည့်အတွက် ပြေ စိတ်မကောင်းနိုင်တော့။

တယ်လီဖုန်း နံပါတ် ငါးလုံး လှည့်ပြီး

"ကြည်သန့်စင် ရှိပါသလား"

"အပြင်ထွက်သွားပြီ၊ ဘယ်သူလဲ"

"ပြေပါ. . . ဥမ္မာလား"

"သြော်. . . ဟုတ်တယ်၊ မမပြေဆီ သွားတာပဲ၊ မရောက်သေးဘူးလား"

"ရောက်ပြီးမှ ပြန်သွားလို့ ပြန်ဆက်ကြည့်တာပါ"

"ဒါဆို သူ ဘယ်သွားတယ်ဆိုတာ မမပြေက ပိုသိမှာပေါ့၊ ဥမ္မာတို့က ဘေးလူပါ"

"ဒါဆို ဒါပဲလေ၊ ကျေးဇူးပါပဲ ဥမ္မာ"

အရေးထဲ ဥမ္မာက ယိနေသေးသည်။ ချေပ မနေတော့ပါ။ ဥမ္မာဦးသည် မောင်မောင့်ကို အသေအလဲ စိတ်ဝင်စားနေသော်လည်း မောင်မောင်က သူနှင့် ဆန့်ကျင်စွာ အနေထိုင်





တည်ကြည်လွန်းသူပါ။

"စိတ်ညစ်ရင် ဟောဒီနေရာလေးမှာ ကျွန်တော်လာလာထိုင်နေတာ"

ကန်တော်ကြီးစောင်း တစ်နေရာ ကရဝိတ်နှင့် တန်ဆောင်ကြီး ဟိုတယ်ကြားမှ အပန်းဖြေစခန်းငယ်လေးတစ်ခုကို သူ လက်ညှိုးညွှန်၍ ပြခဲ့ဖူးသည်။

အချိန်က စောလွန်းသဖြင့် ဒရိုင်ဘာ မလာသေး၍ ပြေ ကိုယ်တိုင် ကန်တော်ကြီးစောင်းသို့ မောင်းချလာခဲ့သည်။

"ဟာ. . . ဟိုမှာ"

ထင်သည့်အတိုင်း တပ်အပ်တွေ့ပါ၏။ သူ၏ ကော်ရိုလာကား ရပ်ထားသောနေရာသို့ ကားကို တကျွိကျွိ မြည်သွားအောင် အားကွေ့ချလိုက်ပြီး ယှဉ်ရပ်ထားခဲ့သည်။

ကားသံကြောင့် ရေပြင်ကို မျက်နှာမူလျက် မြက်ခင်းပြင်ပေါ်မှာ ထိုင်နေသော သဲမောင်မောင်က ပြေးထလာပြီး. . .

"ဘာဖြစ်လို့လဲ. . . ဟင် မသဲဖြူ၊ ဘာဖြစ်လို့ ဒီကို လိုက်လာတာလဲ"

"မောင်မောင် စိတ်ဆိုးသွားလို့ပါ"

"ဟာ. . ."

"ပြေ စိတ်ပူပန်နေချိန်မို့ ပြောမှားမိရင် ခွင့်လွှတ်ပေးပါ မောင်မောင်ရယ်၊ ပြီးတော့ မောင်မောင် သိပ်ပင်ပန်းနေလို့ အကယ့်စေတနာနဲ့ ပြောမိတာပါ၊ မောင်မောင့်ကို တောင်းပန်ဖို့ ပြေ လိုက်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မသဲဖြူရယ်ဗျာ"

သူက ပြေ့ကား၏ ဘေးတံခါးကို ဖွင့်ပြီး ပြေနှင့် ယှဉ်ပြိုင် ဝင်ထိုင်လာ၍. . .

"အိမ်တောင် ဖုန်းဆက်သေးတယ်၊ မလာဘူးဆိုတာနဲ့ ဒီကို လိုက်လာခဲ့တာ။ မောင်မောင် စိတ်ဆိုးတာကို ပြေ မခံယူ ပါရစေနဲ့ကွယ်၊ ပြေ တောင်းပန်ပါ့မယ်နော်"

"မသဲဖြူရယ်. . . ဖြစ်မှ ဖြစ်ရလေဗျာ၊ ဒီလောက် အရေး ကြီးတဲ့ နေ့မှာမှ. . ."

"ထွန်းနဲ့ ခုလို ပြန်တွေ့ဖြစ်အောင်၊ ထွန်းဘ၀ အစဆုံး သိရအောင် ကူညီခဲ့တဲ့ တစ်ယောက်တည်းသော ကျေးဇူးရှင်ဟာ မောင်မောင်ပါ။ ဒါတင် မကဘူး ပြေ မောင်မောင့်ကို သိပ်ခင် တယ်၊ အားလည်းကိုးတယ်၊ ထွန်းတလွဲရင် အရင်းနှီးဆုံး ယောကျ်ားသားတစ်ယောက်ပါပဲ၊ ပြီးတော့. . ."

"တော်ပါတော့ မသဲဖြူရယ်၊ တော်ပါတော့ဗျာ၊ ကျွန်တော် စိတ်မကောင်း ဖြစ်သွားရတာနဲ့ မတန်မျှအောင် မသဲဖြူ တောင်းပန်နေတယ်နော်၊ စိတ်မဆိုးပါဘူးဗျာ၊ ဒီလောက်လေး ပြောတာ မပြောနဲ့၊ ကျွန်တော့်ရဲ့ ကိုယ်ခန္ဓာနဲ့ အသည်းနှလုံးတို့ နာကျင်ပင်ပန်းအောင် လုပ်စေဦး. . . ကျွန်တော် မသဲဖြူတို့ စိတ်မဆိုးရက်ဘူး၊ ခွင့်လွှတ်နိုင်ခြင်းဆိုတဲ့ အရာများစွာဟာ ကြီးမားမွန်မြတ်တဲ့ ချစ်ခြင်းမေတ္တာမှာ အကျုံးဝင်ပါတယ် မသဲဖြူရယ်၊ ကဲ. . . သွားကြပါစို့၊ ကျွန်တော်တို့ ကိုဝင်းထွန်းဆီ သွားကြပါစို့နော် မသဲဖြူ"





ကားရှိရာသို့ ပြန်ထွက်အံ့ဆဲဆဲ၊ သဲမောင်မောင်၏ လက်ကို ပြေက လှမ်းဆွဲထားလိုက်ပြီး. . .

"မောင်မောင့်ကို ပြေ ပြောစရာရှိတယ်"

"ဘာများလဲ မသဲဖြူရယ်၊ ကိုဝင်းထွန်း မျှော်နေရော့မယ်"

"ခဏလေးပါ မောင်မောင်၊ ပြေ ပြောပါရစေ"

"ကဲ. . . ပြောပါ"

"မောင်မောင်ရဲ့ မေတ္တာတရားလောက် နက်ရှိုင်းတဲ့ မေတ္တာမျိုး ပြေ့တစ်သက်မှာ ဘယ်သောအခါမှ တွေ့ရတော့မှာ မဟုတ်ပါဘူး၊ ဘယ်သူမှ မထားရှိနိုင်တဲ့ "မေတ္တာသစ်" တစ်ရပ် ကို မောင်မောင်က အစဦး မွေးဖွားခဲ့တာပါ"

"ဗျာ"

"မောင်မောင်ဟာ ပြေ့ကို သိပ်ချစ်တယ်၊ ပြေက ထွန်းကို သိပ်ချစ်တယ်၊ ဒီတြိဂံအချစ်မှာ မောင်မောင်ဟာ ထွန်းကို ကြည်ဖြူနိုင်စရာ အကြောင်းမရှိပါဘူး။

"ဒါပေမယ့်. . . ပြေ သိချင်တဲ့ ထွန်းအကြောင်းကို အသေးစိတ် စုံစမ်းပေးခဲ့တယ်၊ မချွင်းမချန် ပြန်ပြောပြခဲ့လို့ ပြေ ခုလို ထွန်းကို စိတ်ပြန်လည်ခဲ့ရတာပါ။ ဒီကိစ္စမှာ မောင်မောင်ဟာ တွယ်ကွယ်ဝှက်ဝှက်ပြောခဲ့ရင် ပြေ ထွန်းကို စိတ်နာဆဲပဲရှိမှာ ပါ. . .

"ခုတော့. . . ဘယ်ယောကျ်ားမှ မထားနိုင်တဲ့ အမြင့်မြတ် ဆုံး စိတ်ထားတွေနဲ့ ပြေ့ကို ပြောပြခဲ့တယ်၊ ပြီးတော့ ထွန်းကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့နိုင်အောင် အစွမ်းကုန် ကူသယ်နိုင်အောင် အစစ ကူညီပေးခဲ့တဲ့ မောင်မောင်ရယ်၊ ပြေလေ. . . ”

“ဟင်”

“မောင်မောင့်ကို ချစ်ပါတယ်”

“ဟာ. . . မသဲဖြူ”

“ဒါပေမယ့် တပ်မက်ခြင်းနဲ့ ဖွဲ့စည်းထားတဲ့ ချစ်ခြင်းမေတ္တာ အမျိုးအစား မဟုတ်ပါဘူး မောင်မောင်၊ လူ့လောကကြီးထဲက မိန်းမနဲ့ ယောကျ်ားဆိုတဲ့ ဆန့်ကျင်ဘက် လူသားနှစ်ယောက်မှာ တကျော့ပါမှ အချစ်ဖြစ်ရရောတဲ့လားကွယ်၊ အင်မတန်မှ သန့်စင်ဖြူလွင်တဲ့ အချစ်နဲ့ ပြေ မောင်မောင့်ကို လေးစားစွာ ချစ်မိပါတယ်. . .

“ဒါပေမယ့် ထွန်းကြောင့် ညစ်နွမ်းခဲ့ပြီးသား ပြေ့ဘဝကို မအပ်နှံနိုင်သလို မောင်မောင့်ကိုလည်း ဘယ်သောအခါမှ မပိုင်ဆိုင်လိုပါဘူးရှင်. . .

“ရင်ထဲမှာ ကြေကွဲနေတဲ့ နှလုံးသားဒဏ်ရာဟောင်းကြီးနဲ့ တပတ်နွမ်းခဲ့ရတဲ့ ပြေဟာ မောင်မောင်နဲ့ မထိုက်တန်ပါဘူး တကယ်တမ်း ဘဝချင်း လဲလှယ်ရမယ့် ချစ်သူဟာ ထွန်းပါ ဒါပေမယ့် စောစောက ပြေ ပြောခဲ့သလို မောင်မောင့်ကို ပြေ သန့်သန့်စင်စင် ရိုးရိုးသားသားနဲ့ ချစ်ပါတယ်၊ ပြေ့ မေတ္တာကို မောင်မောင် နားလည်ပါရဲ့လားကွယ်”

စမ်းရေယဉ်လို ဘာအရောင်မှ မပါသော မေတ္တာနှင့် အေးငြိမ်းစွာ ကြည့်နေသော ပြေ၏ မျက်ဝန်းလေးကို သဲမောင် စိုက်ကြည့်နေမိသည်။

“ပြေ့ကို နားလည်စွာ ခွင့်လွှတ်ပေးပါလို့လည်း ပြေ လှိုက်လှဲစွာ တောင်းပန်ပါရစေရှင်”

“မြင်သာပြီး ဝင်လာလို့မရတဲ့ ဘဝနှစ်ခု၊ မှန်နံရံခြားနေတဲ့ ကျွန်တော်တို့နှစ်ယောက်ရဲ့ ကြားမှာ “မကျေနပ်ခြင်း” “ခွင့်မလွှတ်နိုင်ခြင်း” ဆိုတဲ့အရာတွေ ဘယ်သောအခါမှ ပုံရိပ် မထင်စေရပါဘူး မသဲဖြူ”

“ဟုတ်ပါတယ်၊ မောင်မောင်၊ ဟုတ်ပါတယ်ကွယ်”

“မသဲဖြူ. . . ကျွန်တော့်ကို ချစ်တယ်နော်၊ ဒါပေမယ့် မသဲဖြူရဲ့ဘဝကို ပေးဆပ်လိုခြင်း မရှိ၊ ကျွန်တော့်ဘဝကိုလည်း မသဲဖြူ ပိုင်ဆိုင်လိုခြင်း မရှိတဲ့ မသဲဖြူရဲ့ ရင်ထဲက အဖြူရောင် ‘မေတ္တာသစ်’ တစ်ရပ်ကို ကျွန်တော် မြင်သာလို့ နားလည်ရပါပြီဗျာ. . . ”

“မောင်မောင်ရယ်”

“ကဲ. . . သွားကြပါစို့ မသဲဖြူရယ်၊ ကိုဝင်းထွန်း မျှော်လှရော့မယ်”

ဆောင်းနှင်းငွေ့ပါသော နံနက်ဦး လေပြည်ညင်းသည် ကန်တော်ကြီးအနီးမှ ပြေတို့နှစ်ဦးထံသို့ ထိတွေ့ တိုးဝင်လာသည်။

ပြေနှင့် မောင်မောင်သည်. . .

သူ တင်စားခဲ့သည့်အတိုင်း၊ မြင်သာပေမယ့် ဝင်လာလို့မရသော ဘဝနှစ်ခု၏ သရုပ်အဖြစ်နှင့် တစ်ယောက်ကို







www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စင်းစီ ရှေ့နောက်ယှဉ်၍ မောင်းလာနေကြသည်။

သဲမောင်မောင်သည် မသဲဖြူအတွက်. . .

မသဲဖြူဆိုသော ပြေသည် ထွန်းအတွက်. . .

စိုးရိမ်ပူပန်ရခြင်း ဝေဒနာတွေ ရင်မှာ ပြည့်လျှံစွာဖြင့်. . .

သူတို့နှစ်ဦးသာ နားလည်ကြသော မေတ္တာသစ်များကို တစ်ယောက်မှ တစ်ဦးအတွက် သယ်ပိုးလျက်. . .

ထွန်းရှိရာသို့. . .

◆ ◆ ◆





"နောက်ကျလိုက်တာ ပြေရယ်၊ ထွန်း. . . မျှော်နေတာ ကြာလှပြီ"

"ထွန်းရယ်. . ."

ထွန်း လက်ကလေးကို ဆွဲယူပြီး ပါးမှာ အပ်ထားလိုက်သည်။ နှုတ်က ဘာမှမပြောမိ။

"ပြေ"

"ထွန်း"

"အခု ခွဲစိတ်ကုသမှု မအောင်မြင်ခဲ့ရင်လည်း ထွန်း သေပျော်ပါတယ် ပြေရယ်"

"ဟာ. . . မဟုတ်တာ၊ ထွန်းကလည်း"

"ဟုတ်ပါတယ် ပြေရယ်၊ ပြေနဲ့ ခုလို တစ်မိနစ်လေး နေခွင့်ရလည်း ထွန်း ကျေနပ်ပြီးသားပါ၊ ထွန်း မမျှော်လင့်ရဲတဲ့ ဆန္ဒတွေ ပြည့်ခဲ့ပါပြီ"

"ဘာလဲ ထွန်း"

"ပြေ ထွန်းကို ခွင့်လွှတ်တယ်၊ ပြီးတော့. . . အရင်တုန်းက အကြင်နာမျိုးလေးတွေ ထွန်း ပြန်ရတယ်ကွယ်"

"ထွန်းရယ်"

"ထွန်းသာ မမိုက်ခဲ့ရင် ပြေရဲ့ အကြင်နာရင်ခွင်မှာ တစ်သက်လုံး အေးမြနေရမှာ၊ ခုတော့. . . ခုတော့. . ."



www.burmeseclassic.com

www.burmeseclassic.com



"အို. . . ထွန်း. . . ဘာလို့ စိတ်မကောင်းစရာတွေ ပြန်ပြောနေရတာလဲကွယ်၊ ပြီးတော့. . . တစ်ညလုံး အစာမစား ရ၊ ရေမသောက်ရနဲ့ ထွန်း သိပ်ပင်ပန်းနေချိန်ပါ"

"ပင်ပန်းပါစေပြေရယ်၊ ပြေ တစ်သက်လုံး ရင်ပန်းရတာ တွေနဲ့ မတန်မှုသေးပါဘူး"

"ဒါတွေ မပြောပါနဲ့တော့ နော်. . . နော်. . . ထွန်း. . . ထွန်းကျန်းမာလာဖို့ ပြေ မနက်က ဘုရားအကြာကြီး ရှိခိုး ဆုတောင်းပြီးမှ လာခဲ့တာ၊ ထွန်း ကျန်းမာမှာပါ၊ စကား သိပ်မပြောနဲ့ နော်တွယ်"

ထွန်းက ခေါင်းညိတ်ပြီး ပြေ့လက်တလေးကို သူ့လက် နှစ်ဘက်နှင့် ဆုပ်ကိုင်ပွေ့ပိုက်ထားသည်။

အင်းစိန်ဆေးရုံမှ ဆရာဝန်များနှင့် ညှိနှိုင်းပြီး ရန်ကုန် ဆေးရုံကြီးသို့ ပြောင်းရွှေ့ယူခဲ့သည်။ သဲမောင်မောင်ကိုယ်တိုင် အစစ ကူညီခဲ့၍ သူတို့နှစ်ဦးလည်း နားလည်စွာ ခင်မင်နေကြ ပါပြီ။

အခန်းအုပ် ဆရာဝန်ကြီးများထံ အပ်နှံ၍ တစ်နေ့ ငါးဆယ်တန် အခန်းမှာထားလျက် နေ့ည သူနာပြုဆရာမ များကိုပါ ပြေက ငှားပေးခဲ့ရုံမက. . .

တစ်နေကုန် ပြေကိုယ်တိုင် ထိုင်စောင့်ပြီး ပြုစုခဲ့၍ ခွဲစိတ် ကုသမှုကို ခံယူနိုင်သော အဆင့်ထိ တိုးတက်လာခဲ့ပါ၏။

"ဗိုက်ကို ဖွင့်ကြည့်မှပဲ အခြေနေကို ပိုသိရမှာပါ၊ သူ့ အတွက်သာ ဆုတောင်းပေးပေါ့၊ သူ့ကံပဲ ကျန်တော့တယ်လေ"





ခွဲစိတ်ကု ဆရာဝန်ကြီး၏ မှတ်ချက်ပါ။

ယနေ့ ထွန်း၏ အစာအိမ်ရောဂါကို ခွဲစိတ်ကုသပါတော့ မည်၊ ထွန်းမှာ အဖြူရောင် ခွဲခန်းဝတ်စုံနှင့် အသင့်ရှိနေပြီ၊ စောစောခွဲပေးမည်ဆိုသော်လည်း လာမခေါ်သေးပါ။

နွမ်းညှိုးသော မျက်နှာမှ မျှော်လင့်ခြင်း မျက်ဝန်းများဖြင့် ပြေ့ကိုသာ အစဉ်တစိုက် လိုက်ကြည့်နေရှာသည့် ထွန်း. . .

ပြေ သူ့ဘေးနားမှနေ၍ ပြုစုပေးသမျှကို ခံယူရင်းက ထာဝရ မျက်ရည်တွေဝဲနေတတ်သော ထွန်း. . .

"ပြေနဲ့ ပြန်လည်တွေ့ခွင့်ရစက ဆေးရုံပေါ်မှာ ထွန်းကိုယ် ထွန်း သတ်တောင် သေတော့မလို့. . .

"ခုတော့ ပြေရယ်၊ ထွန်းသေရမှာ ကြောက်လာပြီ. . .

"ထွန်းမသေပါရစေနဲ့၊ ပြေနဲ့ တစ်ခါ ထပ်မခွဲပါရစေနဲ့ တော့"

"ထွန်းကို မသေအောင် လုပ်ပေးပါနော် ပြေ"

"ထွန်း မသေချင်ဘူး၊ ပြေနဲ့ နေခွင့် ရပါရစေဦး ချစ်ရယ်"

ဟူသော စကားများကို လွန်ခဲ့သည့်တစ်ပတ်မှစ၍ ထွန်း မကြာခဏ ပြောတတ်ရှာပါ၏။ ပြောလေတိုင်းလည်း ပြေ့လက် ကို ကိုင်လျက် စိုက်ကြည့်နေသော သူ့မျက်ဝန်းမှာ မျက်ရည်တွေ လျှံလျက်ပါ။

ခုလို ပြန်လည်ဆုံဆည်းခွင့် ရရှိပြီးကာမှ အပြီးတိုင် ခွဲခွာ ကြရမည့်အဖြစ်မျိုးကို အချစ်ဆုံးနှစ်ဦးလုံးက မတွေးရဲကြ တော့. . .



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ဖွယ်အခြေနေနှင့် နာမကျန်းစွာ အိပ်ရာထဲ လဲနေသော ထွန်းက ပြေ့အတွက် စိုးရိမ်လှပါကြောင်းတွေသာ အားယူကာ ခဏခဏ တဖွဖွပြောနေတတ်ရှာသည်။

သူ ကျန်းမာလာလျှင် ပြေ့ကို ညှဉ်းပန်းခဲ့သမျှ ဆယ်ဆမက အစားထိုးပြုစုယုယလိုက်မည်။ ပြေ့အလုပ်တွေကို ဘယ်လိုကူညီလိုက်မည်ဆိုသော အားမာန်စကားလေးများ ပြောရင်း အားတက်နေတတ်ရှာသော ထွန်း။

ယနေ့သည် ထွန်း၏အသက်ကို ကယ်တင်နိုင်ခြင်း ရှိ မရှိ အဆုံးဖြတ်ပေးမည့်နေ့သို့ ရောက်ရှိခဲ့ပါပြီ။

"ပြေ"

"ဟင်. . . ဘာလဲထွန်း"

"ထွန်း ကျန်းမာလာရင်လေ"

"အင်း"

"လှိုင်ကော်ကို ပြန်သွားကြရအောင်နော်"

"သွားမယ်ထွန်း၊ သွားကြမှာပေါ့"

"ဘီလူးချောင်း နံဘေးက ငယ်ငယ်တုန်းက နေရာဟောင်းလေးတွေမှာ ပြေနဲ့အတူ ပြန်နေပါရစေကွယ်"

"ထွန်းရယ်"

"ထွန်းရဲ့ မိုက်မဲမှုကြောင့် ကြေကွဲခဲ့ရတဲ့ ထွန်းနဲ့ ပြေ့အတွက် ဘဝသစ်တွေ တစ်ဖန် မွေးဖွားခွင့် ရနိုင်ပါစေသားကွယ်"

"ထွန်းရယ်. . . ဖြေ့ကတော့ ဘဝသစ်ကို မမွေးဖွားချင်ဘူး၊ သိပ်ချစ်ခဲ့ကြတဲ့ ပြေတို့ရဲ့ ငယ်ဘဝဟောင်းလေးတိုင်းပဲ ပြန်ရချင်တယ်"

"ဟုတ်တယ်၊ ပြေပြောတာ ပိုပြီး သဘာဝကျပါတယ်၊ ဒီမှာပြေ"

"ထွန်းရယ်. . . မောလှရော့မယ်ကွယ်"

"ပြေ"

"ထွန်း"

"ကန္တာရဝတီရဲ့ စမ်းချောင်းလေးဘေးမှာ စတင်ခဲ့တဲ့ ထွန်းနဲ့ ပြေတို့ရဲ့အချစ်ကို ကိန္နရီအချစ်-ကိန္နရီမေတ္တာလို့ တင်စားခဲ့ကြတဲ့အတိုင်း ကိန္နရာရဲ့ မေတ္တာမျိုးနဲ့ တစ်သက်လုံး ချစ်နေခွင့်ရရှိနိုင်အောင် ပြေ ဆုတောင်းပေးပါနော်"

ပြေက ထွန်း၏လက်ကို ဆုပ်ကိုင်ပြီး မသိမသာလေး ငုံ့နမ်းလိုက်သည်။

ထွန်းကို သယ်ဆောင်မည့် လှည်းနာတင် တွန်းလှည်း ရောက်လာခဲ့ပါပြီ။

ခွဲစိတ်ခန်းတွင်းသို့ ဝင်ခါနီးမှာ. . .

"ထွန်း သေရမှာ မကြောက်ပါဘူးကွယ်၊ ပြေနဲ့ ခွဲရမှာပဲ ကြောက်လှတယ်၊ ပြေ ဆုတောင်းပေးနေပါနော်"

ပြေ ခေါင်းညိတ်ပြလိုက်ရသည်။ ရင်ထဲမှာတော့ ပြောစရာတွေက အပြည့်အသိပ်ပါ။

ပြေ့ကို လှမ်းကြည့်ရင်း ဝင်သွားရရှာသော ထွန်းမျက်နှာမှာ မျက်ရည်တွေဝဲလို့ပါ။






www.burmeseclassic.com

www.burmeseclassic.com



"ထွန်းရယ်"

"ထွန်း မသေရဘူး... ထွန်း မသေရဘူး"

"ဆရာဝန်ကြီးတို့ရယ်... ကျွန်မချစ်သူရဲ့ အသက်ကို ကယ်ပေးကြပါရှင်..."

ပြေသည် စိတ်မှ တိုင်တည်ရင်း မျက်နှာကို လက်ဝါးနှင့် အုပ်ပြီး ထိုင်ချလိုက်တော့ ပြေ့ လက်ခုပ်ထဲမှာ မျက်ရည်တို့က အပြည့်။

"မသဲဖြူရယ်... ခဏလေး နားလိုက်ပါဗျာ... လာပါနော်..."

သဲမောင်မောင်က တွဲယူပြီး သက်သက်သာသာ ထိုင်စေသည်။

"ကျွန်တော်ရဲ့ သစ္စာစကားပါ မသဲဖြူရယ်၊ ကျွန်တော် ကိုဝင်းထွန်းနဲ့ လဲလို့ရရင် တကယ်ပဲ လဲပေးပါတယ်ဗျာ၊ ကျွန်တော်ဆိုရင် သေသွားတောင် ဒီလောက် လွမ်းကိုလှဲ့စွာ ငိုနေမယ့်သူ မကျန်ရစ်ဘူးလေ"

"တော်ပါတော့ မောင်မောင်ရယ်၊ ကိုယ်ဘဝနဲ့ကိုယ်၊ သူ့ဘဝနဲ့သူပဲ၊ ဒီအကြောင်းတွေ မပြောဘဲနေကြတာ အကောင်းဆုံးပါပဲလေ"

"ဟုတ်ကဲ့ပါ မသဲဖြူ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ပြေ ကျေနပ်စွာ ခေါင်းညိတ်ပြလိုက်ရသည်။

ပြေတို့ ငြိမ်သက်စွာ စောင့်ဆိုင်းနေကြရပါ၏။

စိုးရိမ်ပူပန်ရခြင်း ဝေဒနာသည် ပြေ၏ နှလုံးအိမ်ကို





ဖောက်ခွဲတော့မတတ်။

စောင့်စားရသောကာလက ကြာရှည်လေ၊ ပြေ၏ ပူပန်ခြင်းက အရှိန်အဟုန်က ပိုပြီး ပြင်းပြရလေပါ၏။ အကြာကြီး ကြာပြီးကာမှ...

"ဟော... ထွက်လာပါပြီ မသဲဖြူ"

"ဟင်... ထွန်း... ထွန်းကို ခွဲပြီးပြီ"

ပြေသည် ထွန်းကို သယ်ဆောင်လာသော ခုတင်ဘေးမှ ပြေးလိုက်လာရင်း ထွန်းကို ကြည့်တော့ မေ့မြောလျက်...

"အခြေနေ... အခြေနေ ဘယ်လိုလဲဟင်၊ ဆရာမ"

"ဆရာဝန် ပြောပါလိမ့်မယ်၊ ထွက်လာပါလိမ့်မယ်"

ပြေသည် ထွန်းနောက်သို့ ဆက်လိုက်ရမလား။ အခန်းဝမှ ဆရာဝန်ကြီးကို စောင့်ရမလား ဆိုသော ဝေခွဲမရစိတ်ဖြင့် ယောက်ယက်ခတ်နေမိသည်။

မေ့မြောနေသော အချစ်ဦး၏ မျက်နှာကို အတိုင်းအဆ မရှိသော အကြင်နာများဖြင့် ငုံ့ကြည့်ပြီး ခွဲစိတ်ခန်းဝသို့ ပြန်ပြေးလာခဲ့သည်။

"ဟာ... ဆရာ"

အစိမ်းရောင် ဝတ်ရုံကြီးနှင့် ထွန်းကို ခွဲစိတ်သည့် ဆရာဝန်ကြီး...

ပြေ အခေါက်ခေါက် အခါခါ သွားထား၍ ပြေ့ကို မှတ်မိနေလေပြီ၊ ပြေ့ကို ပြုံးကြည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"အခြေနေ သိပ်ကောင်းတယ်၊ စိတ်မပူနဲ့တော့"

"အို. . . တ. . . တကယ်လား ဆရာရယ်"

"အစာအိမ် နည်းနည်း ဖြတ်ထုတ်လိုက်ရတယ်၊ ခွဲစိတ်တာ အောင်မြင်လို့ လုံးဝ စိတ်ချရပြီ၊ မသေနိုင်တော့ဘူး၊ ကဲ. . . ဝမ်းသာတော့၊ အနားမှာသာ သွားပြုစုချေ"

အောင်မြင်သော အပြုံးနှင့်အတူ အခန်းတွင်းသို့ ပြန်ဝင်သွားသော ဆရာဝန်ကြီးကို ကြောင်၍ ကြည့်နေပြီးမှ. . .

"ထွန်း မသေတော့ဘူး"

"ထွန်း မသေတော့ဘူးတဲ့"

"အို. . . ဝမ်းသာစရာ ကောင်းလိုက်တာ၊ ငါ့ဘဝမှာ ဒီထက် ပြည့်စုံတာ၊ ဒီထက် ပျော်ရွှင်စရာကောင်းတာ ဘာရှိတော့မှာလဲ"

ထွန်း. . . ထွန်း. . . ပြေရဲ့ အချစ်ဦးရယ်. . .

ပြေနဲ့ ထွန်းနဲ့လေ. . .

ပြေသည် ဝမ်းသာမှုလွန်ကဲနေ၍ စိတ်မှ အတွေးတို့နှင့်အတူ ထွန်းရှိရာသို့ ပြေးလိုက် သွားတော့သည်။

သူ့နောက်မှာ သဲမောင်မောင် ရှိနေကြောင်း သူ သတိမရတော့. . .

သဲမောင်မောင် ပြုံးလိုက်သည်။

ပြေ့ထက်သာလွန်စွာ ပြုံးလိုက်မိပါသည်။

"ငါ လိုချင့်တာ ဒါပဲလေ"

"သူ ပြုံးနေတာ၊ ပျော်နေတာကို မြင်ခွင့်ရချင်တာ ငါ့ရဲ့





အဆုံးစွန် ဆန္ဒပဲ မဟုတ်လား ကြည်သန့်စင်"

ကိုယ့်ကိုယ်ကို ဆုံးမစိတ်နှင့် အားပေးရင်း ဆေးရုံလှေကားထစ်များမှတစ်ဆင့် ဖြည်းညင်းစွာ ဆင်းလာရတော့သည်။

"မသဲဖြူကို အခုတစ်ခါ ကျောခိုင်းခွဲခွာလာရခြင်းဟာ ရာသက်ပန် စွန့်လွှတ်ခွဲခွာလာရခြင်းလို့ မောင်မောင် သိထားနားလည်လိုက်ပါပြီ မသဲဖြူရယ်"

"မောင်မောင်ရဲ့ အပြန်လမ်းမှာ ခုလို မျက်ရည်တွေဝေသွား၊ ကြွေသွားရတာကို အချစ်ရဆုံး မသဲဖြူ ဘယ်သောအခါမှ မသိစေရပါဘူးဗျာ"

◆ ◆ ◆

ပြီးပါပြီ

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

၁၉၈၄-ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၃ ရက်။



www.burmeseclassic.com